
# နွေတမာန်

## ဖူးစာပွေလီ




ဆုပြည့်စုံထွန်းစာပေမှ
၂၀၁၁ခုနှစ်၊ မေလတွင် ထုတ်ဝေသည်။





# အပိုင်း – ၁

( ၁ )

**ပဥ္စလက်ဆရာကြီး**

## ဗန္ဓက

**မျက်လှည့်ပဒေသာပြပွဲ**

မျက်လှည့်ပြပွဲ၏ဆိုင်းဘုတ်မှာ အလျားခြောက်ပေ၊ အနံသုံးပေ မျှသာဖြစ်သည်။ ဗနိုင်းစဖြင့်ရိုက်နှိပ်ထားကာ ပြပွဲကျင်းပသောခန်းမထိပ် နံရံတွင်ချိတ်ထားလေ့ရှိသည်။

ဆရာဗန္ဓကသည် သူ၏မျက်လှည့်ပညာပြပွဲများကို စင်ပေါ်တွင် ပြသခြင်းမပြုပါ။ ပွဲကြည့်ပရိသတ်နှင့်တစ်တန်းတည်း ကြမ်းတစ်ပြေး တည်းပြသတတ်လေသည်။

ထို့ကြောင့် ဆရာဗန္ဓက,က သူ့ပြပွဲများကို ဘုရားပွဲ၊ ရာသီပွဲများတွင် ရုံသွင်းပြသခြင်းမျိုးမပြုလုပ်ပါပေ။

ဟိုတယ်တစ်ခု၏ခန်းမ၊ သို့မဟုတ် စည်းဝေးခန်းမလိုအခန်းမျိုး ကိုသီးသန့်ငှားရမ်းကာ ကြိုတင်ကြေငြာ၊ လက်မှတ်ကြိုရောင်းပြီး ပြုလုပ် တတ်လေသည်။

ပရိသတ်အရေအတွက်ကိုလည်း ကန့်သတ်ထားသည်။ တစ်ပွဲ လျှင် ပရိသတ်ငါးဆယ်ကိုသာကြည့်ခွင့်ပြုသည်။

ပရိသတ်များသည် မျက်လှည့်ပြပွဲကို တကူးတကအချိန်ပေး ကြည့်ရှုရသော်လည်း ပြပွဲအဆင်အပြင်ကိုမူ ရိုးရိုးသာမန်သာတွေ့ရမည် ဖြစ်သည်။

ပြပွဲထိပ်တွင် ချိတ်ဆွဲထားသော ခြောက်ပေသုံးပေအရွယ်ဗနိုင်းဆိုင်းဘုတ်တစ်ခု၊ ခန်းမထိပ်တွင် အံဆွဲများ၊ အကန့်များ **မပါသော** ရိုးရိုးရှင်းရှင်းစားပွဲတစ်လုံးတို့သာဖြစ်သည်။

ကြည့်ရှုသူပရိသတ်အတွက် ကုလားထိုင်အလုံးငါးဆယ်ကို ဂငယ်ပုံသဏ္ဍာန်ဝိုင်းဖွဲ့ချထားပေးသည်။ ပရိသတ်များ ပြပွဲကို အနီးကပ် ရှင်းလင်းစွာတွေ့မြင်နိုင်ရန်အတွက်ဖြစ်ပါသည်။

ဆရာဗန္ဓကသည် ပရိသတ်စိတ်ကြေနပ်မှုရအောင် သူ၏ ပဥ္စလက်ပညာဖြင့် ဖမ်းစားနိုင်လေသည်။

ဆရာဗန္ဓကဘေးတွင် လိုအပ်သမျှကူညီရန် စောထီးဆိုသည့် အသက်နှစ်ဆယ်အရွယ် ကရင်အမျိုးသားလူငယ်လေးတစ်ဦးသာ တပည့်အဖြစ်ပါဝင်လေသည်။

♛♛♛♛♛

( ၂ )

တကယ်တော့ ...မျက်လှည့်ဟု အမည်ခံထားသော်လည်း ဆရာဗန္ဓက၏ပြပွဲများမှာ မျက်လှည့်ချည်းသက်သက်မဟုတ်ပါ။

မျက်လှည့်ဆိုသည်က ... ပရိသတ်၏မျက်စိကို လှည့်စားခြင်းမျှသာဖြစ်သည်။ ပရိသတ်အမြင်ကို လှည့်ဖျားခြင်းမျှသာဖြစ်သည်။

ဆရာဗန္ဓက၏ ပြကွက်များမှာ သမားရိုးကျ မျက်လှည့်ပြကွက်များပါသလို သာမန်မျက်လှည့်ဆရာများ မတတ်စွမ်းနိုင်သော ပြကွက်များလည်း ပါပါသေးသည်။

ဆရာဗန္ဓက,က ပရိသတ်စုံသောအချိန်တွင် စားပွဲပေါ်သို့ ကြက်ဥတစ်လုံးကိုချလိုက်သည်။ ကြက်ဥပေါ်ကို ကြိမ်ဖြင့်ပြုလုပ်ထားသော ခြင်းလေးတစ်ခုဖြင့်ဖုံးအုပ်လိုက်သည်။ ပရိသတ်က ကြက်ဥမှ ..ကြက်အကောင်ပေါက်ကလေးဖြစ်လာမည့်ပြကွက်ဟု မျှော်လင့်နေကြသည်။

ဆရာဗန္ဓက,က သုံးမိနစ်မျှမန်းမှုတ်ကာ ကြိမ်ခြင်းလေးကို ဆွဲမ,ပြလိုက်သည်။

ကြိမ်ခြင်းအောက်မှ ပါးပြင်းထောင်နေသောမြွေဟောက်တစ်ကောင်ထွက်ပေါ်လာပါသည်။

လက်ခုပ်သံများ တဖြောင်းဖြောင်းပေါ်ထွက်လာလေ၏။

\+ + + + +



ဆရာဗန္ဓက,က ..စားပွဲပေါ်သို့ သံဖြင့်ပြုလုပ်ထားသော လှောင်ချိုင့်တစ်ခုကို ဦးစွာတင်လိုက်၏။ လှောင်ချိုင့်ထဲတွင်တော့ ဖားတစ်ကောင်။ ထို့နောက် ..ဆရာဗန္ဓကသည် လှောင်ချိုင့်ထဲသို့ မြွေတစ်ကောင်ကို ထည့်လိုက်ပြန်လေသည်။ မြွေနှင့်ဖားက ကမ္ဘာ့ရန်။ ဖားသည် မြွေ၏အစာ။ သဘာဝအတိုင်း မြွေသည် ဖားကို ရစ်ပတ်ဝါးမြို စားသောက်ရန် ကြိုးစားလေသည်။

ဖားကလေးက ကျဉ်းမြောင်းသောလှောင်ချိုင့်ထဲတွင် ဟိုခုန်သည်ခုန်ပြေးကာ မြွေ၏အန္တရာယ်မှ ရှောင်ရှားနေသည်။ မြွေကလည်း ဖားကို အမျိုးမျိုးလှည့်ပတ်ကာ ဖမ်းစားဖို့ကြံစည်နေသည်။ မြွေက လှောင်ချိုင့်ကျဉ်းကျဉ်းလေးထဲမှာ ဖားကို အချိန်မရွေးဖမ်းဆီးနိုင်သည်ကိုသိပြီး ဇိမ်ပြေနပြေဖြင့် လှည့်ပတ်ကစားနေခြင်းဖြစ်လေသည်။

ဆရာဗန္ဓက,က မြွေနှင့်ဖားရှိနေသောလှောင်ချိုင့်ကို အနီရောင်ပိတ်စကြီးဖြင့် လုံခြုံအောင်လွှားလိုက်လေသည်။

လှောင်ချိုင့်သည် အဝတ်စအနီရောင်အောက်တွင် သွက်သွက်ခါအောင်လှုပ်ယမ်းနေသည်။ ဖားကလေးသည် မြွေ၏ဝါးမြိုစားသောက်ခြင်းကိုခံလိုက်ရလေပြီလား။ ဘာကြောင့် ဤမျှ ရုန်းရင်းဆန်ခတ်ဖြစ်နေရပါသနည်း။

ကြည့်နေသူပရိသတ်များမှာ ရင်တထိတ်ထိတ် အသည်းတဖိုဖိုဖြစ်နေရလေပြီ။

ဆရာဗန္ဓက,က "အပ်ချလောင်း ..အပ်ချလောင်း .." ဟု နှုတ်မှရေရွတ်ကာ ပိတ်စအနီကို ဖယ်ရှားလိုက်လေသည်။

ထိုအခါ ..ငြိမ်းချမ်းရေး၏အမှတ်အသားဖြစ်သော ချိုးဖြူငှက်ကလေးတစ်ကောင်ကို စားပွဲပေါ်တွင် တွေ့လိုက်ရလေ၏။ ချိုးဖြူငှက်ကလေးသည်လည်တိုင်ကိုမော့၍ အတောင်ပံတဖျတ်ဖျတ်ခါလိုက်ရင်း ပရိသတ်ကြားထဲသို့ ဝဲလှည့်ပျံသန်းနေလေသည်။

ကမ္ဘာရန်ဖက်အသွင်အပြင်မှ ငြိမ်းချမ်းရေးလက္ခဏာသို့ ပြောင်းလဲသွားသောပြကွက်ကိုကြည့်ကာ ..ပရိသတ်ထံမှ လက်ခုပ်သံများက သောသောညံအောင် ပေါ်ထွက်လာလေတော့သည်။

\+ + + + +

ဆရာဇန္ဒက,က တပည့်ကလေးစောထီးကို တစ်စုံတစ်ခုယူလာ ရန် အမူအရာပြလိုက်သည်။ စောထီးက ကြွေရေသုတ်ရေနွေးကရား လေးကိုယူလာကာ ဆရာဇန္ဒကလက်ထဲသို့ထည့်ပေးလိုက်လေသည်။

ဆရာဇန္ဒကသည် ရေနွေးကရားလေးကို စားပွဲအလည်တည့် တည့်တွင် တင်လိုက်သည်။ ထို့နောက် စောစောကပိတ်စအနီကြီးဖြင့် ပင် ကြွေရေသုတ်ရေနွေးကရားလေးပေါ်သို့ အုပ်လိုက်လေ၏။

ဆရာဇန္ဒကသည် ပရိသတ်များရှေ့တွင်ဦးညွှတ်ရင်း သူ၏ ညာဖက်လက်ကို ခါချလိုက်သည့်အခါ အင်္ကျီလက်ရှည်အတွင်းမှ တူတစ် လက်ထွက်ကျလာလေသည်။ ကြမ်းပြင်ပေါ်သို့ သံဖြင့်ပြုလုပ်ထားပြီး သစ်သားရိုးတပ်တူတစ်ချောင်းကျသွားသံမြည်ဟည်းသွားလေသည်။

တပည့်လေးစောထီးသည် အမြန်ပြေးလာကာ တူကိုကြမ်းပြင် ပေါ်မှကောက်ယူ၍ ဆရာဇန္ဒကလက်ထဲသို့ထည့်ပေးလိုက်သည်။

ဆရာဇန္ဒက,က တူကို လက်ကိုင်မှသေချာကိုင်ကာ အဝတ်စ အနီကြီးဖုံးအုပ်ထားသည့်ကြွေကရားလေးဆီသို့ရွယ်လိုက်လေသည်။ ကြွေ ကရားလေးသည် အဝတ်စအနီအောက်တွင် ဖုကြွလျှက် ကရား၏ရုပ် လုံးသဏ္ဍာန်ပေါ်လွင်နေပေသည်။

ဆရာဇန္ဒကသည် ကြွေကရားလေးဆီသို့ တူဖြင့်ထုချလိုက် လေ၏။ ကြွေကရားကွဲရှသံက ထင်ထင်ရှားရှားပေါ်ထွက်လာလေသည်။ ဆရာဇန္ဒက,က ကြွေကရားလေးတစ်စစီ မှုံ့မှုံ့ညက်ညက်ကြေသွားစေ ရန် တူဖြင့်အဆက်မပြတ်ထုလျှက်ရှိလေသည်။

ထို့နောက် ‚ အနီရောင်ပိုးသားစကြီးကိုစုစည်းကာ စားပွဲ ပေါ်မှ ကောက်ယူလိုက်သည်။ အနီရောင်ပိုးသားစထဲတွင် ကြွေကရား အကွဲများပါလာသည့်အသံကို ‘‘တချွင်ချွင် တချွမ်ချွမ်’’ဖြင့် ပရိသတ်များ ကြားလိုက်ရလေသည်။

ဆရာဇန္ဒကသည် ပိုးသားအတွင်းမှကြွေကရားအကွဲစများကို လှုပ်ခါချလိုက်သည်။

ကြမ်းပြင်ပေါ်သို့ ကြွေကရားအကွဲစများ ကျမလာပါ။

ကျလာသောအရာကား သက်ရှိယုန်ဖြူလေးတစ်ကောင်သာ ဖြစ်ပါသည်။

ပရိသတ်သည် အံ့သြလွန်းသောကြောင့် တဒင်္ဂမျှ မှင်တက်



တိတ်ဆိတ်နေသေးသည်။ ခဏကြာမှပင် လက်ခုပ်သံများ ဆူဆူညံအောင် ပေါ်ထွက်လာတော့၏။

အဆိုပါပြကွက်များကား မျက်လှည့်ဆရာတိုင်း မျက်လှည့်ပွဲ တိုင်းတွင်ကြုံဆုံမြင်တွေ့နိုင်သောပြကွက်များသာဖြစ်လေသည်။

ဤအဆင့်မှာ ‚ ဆရာဇန္ဒက၏ ထူးခြားသောမျက်လှည့် ပညာအတွက် အခြေခံအဆင့်သာရှိပါသေးသည်။

ဆရာဇန္ဒကသည် ပွဲကြည့်ပရိသတ်များကိုယ်တိုင် ပူးပေါင်းပါဝင် သောပြကွက်များကိုလည်း ပြသတတ်ပါသေးသည်။

♛♛♛♛♛

( ၃ )

ပွဲကြည့်ပရိသတ်ထဲမှ အမျိုးသားတစ်ဦးသည် ဆရာဇန္ဒက၏ ပြကွက်တစ်ခုကို နှစ်သက်သဘောကျကာ လက်ခုပ်လက်ဝါးတီးလိုက် သည်။

ထိုစဉ် ‚ သူ၏အင်္ကျီအိတ်ကပ်ထဲမှ လှုပ်လှုပ်ရွရွဖြင့် ရုန်း ကန်နေသည့်လှုပ်ရှားမှုကို ခံစားလိုက်ရသည့်အတွက် ထိုလူက အောက် သို့ငုံ့ကြည့်လိုက်သည်။

‘‘အလို ‚ အမလေး ‚’’

ထိုလူက အလန့်တကြားအော်လိုက်လေသည်။ သူ့အော်သံ ကြောင့် ပရိသတ်၏အကြည့်များက ထိုလူ့ထံသို့ရောက်သွားကြလေ၏။

ထိုအခါ ‚ ထိုလူ့ထံမှ ထူးဆန်းသောမြင်ကွင်းကို လူအားလုံး တွေ့မြင်လိုက်ရလေတော့သည်။

ထိုလူ၏အင်္ကျီအိတ်ကပ်ထဲမှ မြွေတစ်ကောင်၏ဦးခေါင်းမှာ ပြူ ထွက်နေလေသည်။

မြွေသည်ကြည့်နေရင်းမှာပင် အိတ်ကပ်ထဲမှ လျှောဆင်းလာ သည်။

‘‘မကြောက်ပါနဲ့၊ မကြောက်ပါနဲ့၊ ဆရာလာပါပြီ’’

ဆရာဇန္ဒက,က ပြောရင်း ထိုသူ့အနားသို့လျှောက်သွားလေ သည်။

ထိုသူ့အိတ်ကပ်ထဲမှလျှောဆင်းလာနေသောမြွေကို သူ့လက်ဖဝါး ထဲတွင် ဖမ်းယူလိုက်သည်။

ဆရာဇန္ဒကလက်ထဲသို့ မြွေရောက်သွားသည်နှင့် မြွေသည် ပန်းစည်းတစ်စည်းအသွင်ပြောင်းလဲသွားလေသည်။

ဆရာဗန္ဓက,က ပန်းစည်းကို စားပွဲပေါ်၌ချထားလိုက်လေ၏။

ပန်းစည်းသည် အောက်ခံအထိမ်းအကွပ်အမှီအတွယ်မရှိပဲ စားပွဲပေါ်၌ တည့်တည့်မတ်မတ်တည်နေလေတော့သည်။

လက်ခုပ်သံများ သောသောညံသွားကြ၏။

\+ \+ \+ \+ \+

လက်ခုပ်သံများဖြင့် မဆုံးသေးမီ မိန်းကလေးတစ်ယောက်၏ စူးစူးဝါးဝါးအော်သံထွက်ပေါ်လာလေသည်။

ထိုမိန်းကလေးက သူ့ဘေးမှအမျိုးသမီးကြီးတစ်ယောက်၏ ဆံထုံးဆီသို့လက်ညှိုးထိုးပြကာ အော်နေခြင်းဖြစ်သည်။ လူအားလုံး အကြည့်များက မိန်းကလေးလက်ညှိုးညွှန်ပြရာသို့ရောက်သွားကြသည်။

ထိုအခါ ႉမိန်းကလေး၏ဘေးမှအမျိုးသမီးကြီး၏ဆံထုံး ထဲမှ ခေါင်းကလေးပြူတစ်ပြူတစ်ထွက်ကာနေသော ကြွက်ဖြူလေးတစ်ကောင်ကိုမြင်လိုက်ကြရလေ၏။

''အန်တီ့ဆံထုံးထဲမှာ ကြွက်တစ်ကောင်''

မိန်းကလေးပြောလိုက်သည့်စကားအဆုံးမှာပင် ကြွက်ဖြူလေး ထံမှ တကျွီကျွီအော်မြည်သံထွက်ပေါ်လာလေသည်။

သူမ၏ခေါင်းပေါ်တွင်ကြွက်တစ်ကောင်ရောက်နေကြောင်းသိလိုက်ရသောအမျိုးသမီးကြီးမှာ အလန့်တကြားအော်လိုက်လေသည်။

''မစိုးရိမ်ပါနဲ့၊ ကြွက်ဆိုတာ ကြောင်ကိုကြောက်ရစမြဲပဲ၊ သူ့ကို နှိမ်နင်းဖို့ ကြောင်တစ်ကောင်လွှတ်ပေးရမှာပေါ့''

ဆရာဗန္ဓက,က ပြောပြောဆိုဆို သူ၏အင်္ကျီရင်ပတ်ကြားထဲသို့ လက်နှိုက်လိုက်သည့်အခါ လက်ထဲတွင် ကြောင်တစ်ကောင်ပါလာလေ သည်။

ဆရာဗန္ဓက,က ကြောင်ကို အမျိုးသမီးကြီး၏ခေါင်းပေါ်သို့ ပစ်တင်လိုက်သည်။

ကြောင်သည် လေထဲမှာပင် ကြွက်ဖြူလေးကို လက်သည်းများ ကြားတွင် ညှပ်ယူလိုက်ကာ အမျိုးသမီးကြီး၏ခေါင်းပေါ်မှကျော်လွှားသွား လိုက်သည်။

ကြောင်လက်သည်းကြားတွင် ႉကြွက်ဖြူလေးပါသွားသည့် မြင်ကွင်းသည် အမျိုးသမီးကြီး၏ နောက်ကျောဖက်အရောက်တွင် ဖျတ်ကနဲပျောက်သွားလေတော့သည်။

အမှန်စင်စစ် ႉအထက်ပါပြကွက်များမှာ ပဥ္စလက်ဆရာကြီး ဗန္ဓကအတွက် အရိုးစင်းဆုံးသောပြကွက်များသာဖြစ်ပေသည်။ ပွဲအစ ပိုင်းတွင် ထိုသို့သောပြကွက်များကိုကြည့်ရသောပရိသတ်သည် ဆရာ ဗန္ဓကကို အထူးပင် အထင်အမြင်ကြီးသွားကြမြဲဖြစ်လေသည်။

သို့ရာတွင် ႉပွဲပြသချိန်တစ်ဝက်ကျိုး၍ ပြကွက်အသစ်များ ထပ်မံပြသသည့်အခါတွင်ကား ရှေ့ပိုင်းတွင်ပြခဲ့သော ပြကွက်များကို အလွန်တရာရိုးစင်းသောပြကွက်များအဖြစ် ပရိသတ်က ထင်မြင်လိုက် မိကြပြန်သည်။

အကြောင်းမှာ ႉပွဲချိန်နောက်ပိုင်းတွင်ပြသသောပြကွက် များက ပိုမို၍ ရင်သတ်ရှုမောအံ့သြဖွယ်ကောင်းသောကြောင့်ဖြစ်ပါသည်။

♛♛♛♛♛

( ၄ )

မျက်လှည့်ပွဲ၏နောက်ဆုံးပိုင်းတွင် ပြသတတ်သော ပြကွက်များ ကား ႉစိတ်ညှို့ပညာပြကွက်များပင်ဖြစ်လေသည်။

စိတ်ညှို့ပြကွက်ကို ဆရာဗန္ဓကသည် သူ၏တပည့်စောထီးဖြင့် ဦးစွာပြသတတ်လေသည်။

''စိတ်ညှို့ပညာပြကွက်တစ်ကွက်ကို ကျွန်တော့်ရဲ့တပည့်လေး နဲ့ဦးစွာပြသမှာဖြစ်ပါတယ်၊ ကျွန်တော့်ရဲ့တပည့်လေးစောထီးကို အိပ်မွေ့ ချပြီး မြေပြင်ကနေ အထက်ကိုမြောက်တက်သွားအောင် စိတ်ညှို့အမိန့် ပေးမှာဖြစ်ပါတယ်၊ စိတ်ညှို့ပြကွက်ကို ကျွန်တော့်ရဲ့လက်ရင်းတပည့်နဲ့ ဦးစွာပြသတာ အကြောင်းရှိပါတယ်၊ စိတ်ညှို့စေခိုင်းခံရခြင်းဟာ အပြင် ပန်းကကြည့်ရင် စိတ်နှလုံးတုန်လှုပ်ဖွယ်ကောင်းလှပါတယ်၊ ဒါ့ကြောင့် ပရိသတ်များထဲက ဖိတ်ခေါ်ခြင်းမပြုသေးပဲ နမူနာအဖြစ် ဦးစွာပြသ တာဖြစ်ပါတယ်၊ ကျွန်တော့်တပည့်လေးနဲ့ စိတ်ညှို့အိပ်မွေ့ချတဲ့ပြကွက်ကို စိတ်ဝင်စားရင်တော့ ဆက်လက်ပြသမယ့်ပြကွက်များအတွက် ပရိသတ် ထဲက စိတ်ပါဝင်စားသူများကိုယ်တိုင်ပါဝင်ပြီး စိတ်ညှို့ခံ စမ်းသပ်နိုင် ပါတယ်ခင်ဗျား၊ ကဲ– ပြောနေကြာတယ်၊ စိတ်ညှို့အိပ်မွေ့ချပြီး အမိန့်ပေး စေခိုင်းတယ်ဆိုတာ ဘယ်လိုမျိုးလဲသိရအောင် ႉတပည့်ရေ ႉ ဆရာတို့ရဲ့ စိတ်ညှို့ပြကွက်ကို စကြစို့ဟေ့ ႉ''

စောထီးက ပရိသတ်ရှေ့မှောက်သို့ထွက်လာသည်။

ဆရာဗန္ဓက,က လက်ဟန်ဖြင့်ပြလိုက်ရာ ‌. စောထီးသည် စားပွဲပေါ်တွင် ပက်လက်လှန်၍လှဲချလိုက်လေသည်။

ဆရာဗန္ဓက,က စောထီး၏ဦးခေါင်းမှခြေဖျားအဆုံး လက်ဖြင့် သပ်ကာ နှုတ်မှလည်း ပရိသတ်ကြားအောင် တတွတ်တွတ်ပြောနေလေ သည်။

''မင်းဟာ အခုအချိန်ကစပြီး အိပ်ပျော်သွားရမယ်၊ နှစ်နှစ် ချိုက်ချိုက်အိပ်ပျော်သွားရမယ်၊ အိပ်ပျော်ပြီးနောက်ပိုင်း ဆရာခိုင်းစေ သမျှအမိန့်ကိုနာခံရမယ်၊ ဆရာက အိပ်ရာကနိုးစေမှ မင်းနိုးထရမယ်၊ ကဲ– အိပ်တော့ . အိပ်တော့ . အိပ်ပေတော့ .''

ဆရာဗန္ဓက,က စောထီးကိုယ်ပေါ်မှ လက်ဖြင့်သပ်၍သပ်၍ ထိုစကားများကိုပင် သုံးကြိမ်သုံးခါတိတိ ပြောဆိုပြီးသည့်အခါ၌ စောထီးသည် နှစ်နှစ်ချိုက်ချိုက်အိပ်ပျော်သွားလေတော့သည်။

ထို့နောက် ဆရာဗန္ဓက,က ဆက်လက်အမိန့်ပေးလေသည်။

''မင်း အိပ်ပျော်သွားပြီ၊ မင်းကိုယ်ခန္ဓာဟာ ကြောင်တစ်ကောင် ထက်ပေါ့ပါးသွားပြီ၊ ဝါဂွမ်းဖတ်တစ်ခုလို ပေါ့ပါးသွားပြီ၊ မမြင်ရတဲ့ လေ ထုလို ပေါ့ပါးသွားပြီ၊ ဒါကြောင့်မင်းဟာ မင်းကိုယ်ခန္ဓာကို လေထဲမှာ မြောက်တက်လာအောင် လုပ်ဆောင်နိုင်ပြီ၊ မြောက်တက်လာစမ်း၊ မြောက် တက်လာစမ်း၊ မင်းခန္ဓာကိုယ် လေထဲမှာမြောက်တက်လာစမ်း''

ဆရာဗန္ဓက အထပ်ထပ်ပြောကြားလိုက်သည့်အခါ စောထီး ၏ခန္ဓာကိုယ်သည် စားပွဲပေါ်မှ အနည်းငယ်မြောက်တက်လာလေသည်။

''ဟယ် .''

ပရိသတ်ထဲမှ ရင်သတ်ရှုမောသောအသံများ ထွက်ပေါ်လာ လေ၏။ လူတစ်ယောက်၏ခန္ဓာကိုယ်သည် အထောက်အကူ အပင့်အမ မပါပဲ လေထဲဝဲနေဖို့ဆိုသည်မှာ မဖြစ်နိုင်သောအရာပင်မဟုတ်ပါလား။

မဖြစ်နိုင်သောအရာကို မျက်လှည့်ပွဲကြည့်ပရိသတ်များ မျက် ဝါးထင်ထင်မြင်တွေ့လိုက်ရလေပြီ။

ဆရာဗန္ဓက,က ဆက်လက်အမိန့်ပေးနေလေသည်။

''ဟုတ်ပြီ ဟုတ်ပြီ မြောက်တက်စမ်း၊ မြောက်တက်စမ်း၊ လေထဲမှာ ဝါဂွမ်းဆိုင်တစ်ခုလို ပေါ့ပေါ့ပါးပါးနဲ့မြောက်တက်လာလိုက် စမ်း''

ဆရာဗန္ဓက၏အမိန့်အတိုင်း စောထီး၏ခန္ဓာကိုယ်မှာ လေထဲ တွင် တစတစမြောက်တက်လာလျှက်ရှိလေသည်။

အစပိုင်းတွင် ကြွသည်ဆိုရုံလေး၊ ထို့နောက် . တစ်လက်မ၊ နှစ်လက်မ။ ထိုမှ . တစ်ပေ၊ နှစ်ပေ။

စောထီးသည် စားပွဲနှင့်လုံးလုံးကင်းလွတ်ကာ လေဟာနယ် ထဲ၌ ပက်လက်အနေအထားဖြင့် တဖြည်းဖြည်းမြောက်တက်လျှက်ရှိ လေပြီ။

ပရိသတ်သည် အံ့အားသင့်စွာ ငေးစိုက်ကြည့်လျှက်ရှိသည်။

မျက်လှည့်ပွဲပီပီ စောထီးခန္ဓာကိုယ်ကို မမြင်ရသောကြိုးများ ဖြင့်ဆိုင်းထားလေသလား။ တွေးသူက တွေးမိလေသည်။

မည်သို့ဆိုစေ . ပရိသတ်မျက်မြင်၌ စောထီးဆိုသောလူသား တစ်ဦးသည် မည်သည့်အမှီအတွယ်မျှမပါပဲ လေထဲတွင် မြောက်တက်ဝဲပျံ နေသည်ကတော့ အမှန်ပါပင်။

လေထဲတွင် မြောက်တက်လျှက် တည်ငြိမ်စွာရပ်တည်နေခြင်း လည်းမဟုတ်။ ဆရာဗန္ဓကအမိန့်ပေးသည့်အတိုင်း အထက်ဖက်သို့ တစ တစထိုးတက်လျှက်ရှိလေသည်။

နောက်ဆုံး၌ စောထီး၏ခန္ဓာကိုယ်သည် အဆောက်အအုံ၏ မျက်နှာကျက်ကိုထိမိသည်အထိ မြောက်တက်လျှက်ရှိလေသည်။ ပက် လက်ဖြစ်နေသော စောထူးခန္ဓာကိုယ်မှာ ဝမ်းဗိုက်၊ ခြေဖျား၊ မျက်နှာ တို့သည် မျက်နှာကျက်နှင့် သွားရောက်ထိအပ်မိသည်အထိ မြောက်တက် လျှက်ရှိပေပြီ။

ဆရာဗန္ဓက,က ထပ်မံ၍ အမိန့်ပေးလိုက်သည်။

''စောထီး . ဆင်းခဲ့တော့၊ ပြန်ဆင်းခဲ့တော့၊ မင်းခန္ဓာကိုယ် ကို အောက်ကိုပြန်နိမ့်ပြီးဆင်းခဲ့တော့''

ဆရာဗန္ဓကအမိန့်ပေးလိုက်သည်နှင့် မျက်နှာကျက်နှင့်ထိပြီး တန့်နေသောစောထီးကိုယ်မှာ အောက်ဖက်သို့ တရွေ့ရွေ့နိမ့်ဆင်းလာ လေသည်။ အပေါ်သို့တက်သွားသည့်နှုန်းအတိုင်း အောက်သို့ တဖြည်း ဖြည်းပြန်ကျလာခြင်းဖြစ်ပေ၏။

နောက်ဆုံးတွင် စားပွဲနှင့်ထိကာ စားပွဲပေါ်တွင် ပက်လက်လှန် ရက်အနေအထားအတိုင်းပြန်ဖြစ်သွားသည်။

ဆရာဗန္ဓက,က အိပ်မွေ့ချစဉ်ကအတိုင်း စောထီးကိုယ်ပေါ် တွင် သူ့လက်နှစ်ဖက်ကို အထက်အောက်ဝဲကာ အမိန့်ပေးလိုက်ပြန်၏။

''ထတော့ . ထတော့ . မင်းပြန်ထတော့၊ အိပ်နေရာက

ပြန်နိုးပေတော့''

အမိန့်ပေးသံဆုံးသည်နှင့် စောထီးသည် ဟင်းကနဲသက်ပြင်းချလိုက်ကာ မျက်လုံးများကိုဖွင့်ကြည့်လိုက်သည်။ ထထိုင်လိုက်သည်။

ထို့နောက် စားပွဲပေါ်မှဆင်းကာ ပရိသတ်ကို ဦးညွှတ်အရိုအသေပေးလိုက်လေသည်။

\+ + + + +

''စိတ်ညို့ပညာပြကွက်ရဲ့နမူနာကတော့ ဒီမျှပါပဲခင်ဗျား၊ ပရိသတ်ထဲက စိတ်ညို့ခံစမ်းသပ်လိုသူများရှိပါက ဖိတ်ခေါ်ပါတယ်၊ ကျွန်တော့်တပည့်လေးစောထီးရဲ့ စိတ်ညို့ခံအတွေ့အကြုံကို သိချင်ပါရင်လည်း မေးမြန်းနိုင်ပါတယ်''

ဆရာဗန္ဓက,က ပရိသတ်ကိုပန်ကြားလိုက်လေသည်။

အသက်အစိတ်အရွယ်မိန်းကလေးတစ်ယောက်က ပရိသတ်ထဲမှထရပ်လိုက်သည်။ ပြပွဲရှေ့ကို လျှောက်ထွက်လာသည်။

''ကျွန်မစိတ်ညို့ခံချင်ပါတယ်ဆရာကြီး၊ ကျွန်မကို သူနဲ့မတူတဲ့တခြားနည်းတစ်ခုနဲ့စိတ်ညို့ပေးပါ''

''မိန်းကလေး မင်းအနေနဲ့ ဆရာ့ရဲ့ပညာကိုစမ်းသပ်ရုံသက်သက်စိတ်ညို့ခံမယ်ဆိုရင်တော့ အောင်မြင်ဖို့ခဲယဉ်းလိမ့်မယ်၊ မင်းအနေ နဲ့ ဆရာ့ကိုရော ဆရာ့ပညာကိုပါ ယုံကြည်ထားဖို့လိုတယ်၊ ဆရာ့ကို လည်း လေးစားသမှုရှိဖို့လိုတယ်၊ ဒါမှသာ စိတ်ညို့ခံလုပ်ရပ်ဟာ အောင် မြင်မှာကွဲ့''

''ကျွန်မ ဆရာကြီးရဲ့စိတ်ညို့ပညာကိုရော ရှေ့ပိုင်းမှာပြခဲ့တဲ့ မျက်လှည့်ပညာတွေအားလုံးကိုပါ ယုံကြည်လို့ ကိုယ်တိုင်အစမ်းသပ်ခံကြည့်ချင်တာပါ၊ ဆရာကြီးကိုလည်း လေးစားပါတယ်ဆရာကြီး''

''ဒါဖြင့်ကောင်းပြီ၊ မင်းကမိန်းကလေးဖြစ်နေတော့ ကာကြွေပျက်ယွင်းမယ့်ပုံစံမျိုးနဲ့မင်းကိုစမ်းသပ်လို့ မကောင်းပေဘူး၊ သည်တော့ ကာ မင်းကိုမတ်တပ်ရက်ပုံစံအတိုင်း စိတ်ညို့ပေးမယ်၊ ကဲ– ဆရာနဲ့ မျက်နှာချင်းဆိုင်အနေအထားဖြစ်အောင်လှည့်ပေတော့''

မိန်းကလေးက ဆရာဗန္ဓကနှင့်မျက်နှာချင်းဆိုင်ဖြစ်အောင်လှည့်လိုက်သည်။

''မိန်းကလေး ..ဆရာ့မျက်လုံးထဲကိုကြည့် ..ကြည့်၊ ဆရာ့ကိုကြည့်၊ မင်းဟာ ဆရာအမိန့်ပေးသမျှနာခံရမယ်၊ ဆရာပြော သလိုလုပ်ရမယ်၊ မိန်းကလေး မင်းအိပ်ချင်လာပြီ၊ မင်းအိပ်ချင်လာပြီ၊ မင်းအိပ်တော့၊ အိပ်တော့၊ အိပ်လိုက်တော့ ..''

အစမ်းသပ်ခံမိန်းကလေးသည် တဖြည်းဖြည်း မျက်ကြောများစင်းလာကာ မတ်တပ်ရပ်လျှက်မှပင် အိပ်ပျော်သွားလေသည်။

ထို့နောက် ဆရာဗန္ဓကဆက်လက်အမိန့်ပေးသောစကားများ မှာ မိန်းကလေးကြားလောက်ရုံသာရှိပေတော့သည်။ ပွဲကြည့်ပရိသတ် သည် ဆရာဗန္ဓကပြောသောစကားများကို ပီပြင်စွာ မကြားရတော့ပေ။

ပရိသတ်အဖို့ သူတို့မြင်ကွင်းရှေ့တွင်ဖြစ်လာသောအပြောင်းအလဲကိုသာ မြင်တွေ့ရလေတော့၏။ ပြောင်းလဲလာသောအဖြစ်အပျက်မှာလည်း အံ့သြဖွယ်ကောင်းလှပေသည်။

အစမ်းသပ်ခံမိန်းကလေးသည် မတ်တပ်ကြီးအိပ်ပျော်နေလျှက် မှ ခြေထောက်များသည် ကြမ်းပြင်မှကြွတက်လာလေသည်။ တဖြည်း ဖြည်းဖြင့် ကြမ်းပြင်မှတစ်ပေခန့်အထိပင် ကြွတက်လာခဲ့လေသည်။ လေထဲတွင်တွဲလောင်းကြီးမတ်တပ်ရက်လျှက်ရှိနေပြီ။

စောထီးနှင့်စိတ်ညို့ပြစဉ်က မမြင်ရသောကြိုးများဖြင့်ဆိုင်းထားခြင်းဖြစ်လိမ့်မည်ဟု သံသယဝင်ခဲ့ကြသောပရိသတ်သည် ယခုအခါတွင် မူ သံသယရှင်းသွားကြလေပြီ။ အစမ်းသပ်ခံမိန်းကလေးမှာ ပရိသတ်ထဲမှတစ်ယောက်သာဖြစ်သည်။ ဆရာဗန္ဓကနှင့်ကြိုတင်ဇာတ်တိုက်ထားသူတစ်ဦးမဟုတ်ပါ။

ပရိသတ်သည် အံ့သြစွာကြည့်နေစဉ်မှာပင် ပိုမိုထူးဆန်းသောမြင်ကွင်းကိုမြင်တွေ့လိုက်ရလေ၏။

ဆရာဗန္ဓက,က တစ်စုံတစ်ခုကိုရေရွတ်ပြောဆိုလိုက်သည်။

စကားဆုံးသည်နှင့် အစမ်းသပ်ခံမိန်းကလေး၏ခန္ဓာကိုယ်သည် တစ်ပတ်လည်သွားလေသည်။ ဆရာဗန္ဓကနှင့်မျက်နှာချင်းဆိုင်နေရာမှ မတ်တပ်ရပ်လျှက်အနေအထားအတိုင်း လည်သွားခြင်းဖြစ်သည်။

ထို့နောက် ..နောက်တစ်ဖန် တစ်ပတ်ထပ်လည်ပြန်သည်။

လူတစ်ယောက်ကို လေထဲတွင်မတ်တပ်ရပ်နေရင်းမှ တစ်ပတ်ပြီးတစ်ပတ်လည်နေသောပြကွက်ကို ပွဲကြည့်ပရိသတ်သည် မျက်တောင်မခတ်၊ အသက်မရှူပဲ ငေးကြည့်နေမိကြလေ၏။

မိန်းကလေး၏လည်ပတ်မှုမှာ တစတစမြန်ဆန်လာလေသည်။

တဖြည်းဖြည်းဖြင့် မြန်ဆန်လာရာ ပန်ကာဒလက်များလည်ပတ်နှုန်းအထိ ပင်မြန်ဆန်လာခဲ့လေ၏။

ထို့နောက်တွင်တော့ ..မွှတ်နေအောင်လည်ပတ်နေသော မိန်းကလေးကို ရုပ်လုံးပီပြင်စွာပင်မမြင်ရတော့ပေ။

အစမ်းသပ်ခံမိန်းကလေး၏လည်ပတ်မှုမှာ မြန်ဆန်လွန်းသောကြောင့် ရိပ်ကနဲ ရိပ်ကနဲသာ မြင်ရပေတော့၏။

ထိုမြင်ကွင်းကို သုံးမိနစ်မျှ ပရိသတ်များမြင်တွေ့လိုက်ရလေ သည်။

ဆရာဗန္ဓက,က ညာဖက်လက်ကိုဆန့်တန်းကာ နှုတ်မှတဖွဖွ ရေရွတ်လိုက်ပြန်သည်။

မိန်းကလေး၏လည်ပတ်မှုမှာ တစစဖြင့် နှေးကွေးသွားလေ၏။ နောက်ဆုံးတွင် လည်ပတ်မှုရပ်သွားသည်။

ဆရာဗန္ဓကနှင့်မျက်နှာချင်းဆိုင်အနေအထားအတိုင်း ရပ်တန့်သွားခြင်းဖြစ်လေသည်။

မိန်းကလေးမှာ အိပ်မောကျနေဆဲပင်ဖြစ်သည်။

ဆရာဗန္ဓက,က မိန်းကလေးကိုနှိုးလိုက်သည်။

''ထတော့..ထတော့..မိန်းကလေး၊ မင်းပြန်ထတော့၊ အိပ်နေရာက ပြန်နိုးပေတော့''

အမိန့်ပေးသံဆုံးသည်နှင့် မိန်းကလေးသည် ဟင်းကနဲသက်ပြင်းချလိုက်ကာ မျက်လုံးများကိုဖွင့်ကြည့်လိုက်လေသည်။

''မင်း အိပ်မောကျနေတုံးမှာ ဘာတွေလုပ်ခဲ့သလဲဆိုတာ သတိရသလားမိန်းကလေး''

ဆရာဗန္ဓက,က ပရိသတ်အားလုံးကြားအောင် မေးလိုက်ခြင်းဖြစ်လေသည်။

''ဟုတ်ကဲ့၊ ကျွန်မသတိရပါတယ်ဆရာကြီး၊ ကျွန်မတစ်ကိုယ်လုံးဟာ ဆရာကြီးအမိန့်ပေးလိုက်တဲ့အတိုင်း မွှတ်နေအောင်လည်နေခဲ့တယ်လေ၊ ကျွန်မခြေထောက်တွေဟာ ကြမ်းပြင်နဲ့မထိဘူး၊ ကြမ်းပြင်ပေါ်က ကြွတက်ပြီး ကျွန်မဟာ လေထဲမှာ အပတ်ပေါင်းများစွာလည်ပတ်နေခဲ့ပါတယ်ဆရာကြီး''

ဆရာဗန္ဓကသည် ပရိသတ်ဖက်သို့မျက်နှာလှည့်လိုက်လေ၏။

''ကိုင်း– ဒီမိန်းကလေးရဲ့အတွေ့အကြုံတွေကို မေးမြန်းချင်ပါ က မေးမြန်းနိုင်ပါတယ်၊ ကျုပ်ကိုလည်း ခေတ္တအနားယူဖို့ခွင့်ပြုစေချင် ပါတယ်၊ အားလပ်ချိန်ဆိုပါတော့၊ ပြီးရင် အိပ်မွေ့ချအစမ်းသပ်ခံလိုသူ များကို မတူညီတဲ့ပြကွက်များနဲ့ အိပ်မွေ့ချပေးပြီး ဖျော်ဖြေပါဦးမယ်၊ ကျေးဇူးတင်ပါတယ်ခင်ဗျား''

\+ + + + +

ပရိသတ်အချို့က အစမ်းသပ်ခံမိန်းကလေးရှိရာသို့ ဝိုင်းလာကြလေသည်။

''ဆရာကြီးအိပ်မွေ့ချလိုက်တဲ့အချိန်မှာ တကယ်အိပ်မောကျသွားတာလား''

''အိပ်မောကျနေတဲ့အချိန်မှာဖြစ်တဲ့အဖြစ်တွေကို ဘာဖြစ်လို့ မှတ်မိနေရတာလဲ''

''မင်းခန္ဓာကိုယ်ကြီး လေထဲမှာလွင့်မျောနေချိန်မှာ မင်းမကြောက်ဘူးလား''

''မင်းကို တစ်ယောက်ယောက်ကချီပွေ့ပြီး လိုသလိုလုပ်ဆောင်နေတာမျိုးမဖြစ်နိုင်ဘူးလား''

မိန်းကလေးကိုမေးမြန်းလိုက်သောမေးခွန်းများက စုံလင်လှပေတော့သည်။

''ကျွန်မစိတ်ညို့ခံနေစဉ်မှာ ဆရာကြီးကိုပဲ ကျွန်မတစ်ကိုယ်လုံးပုံအပ်ထားခဲ့ပါတယ်၊ ဆရာကြီးကိုပဲ ယုံကြည်စိတ်ချစွာနဲ့ ဆရာကြီးအမိန့်အတိုင်းလိုက်နာခဲ့ပါတယ်၊ အဲဒီယုံကြည်ချက်ကြောင့်ပဲ ကျွန်မဟာ ဆရာကြီးစိတ်ညို့အိပ်မွေ့ချပြီး အမိန့်ပေးတဲ့အတိုင်း အလွယ်တကူဖြစ်မြောက်သွားတယ်လို့ ယုံကြည်ပါတယ်ရှင်''

အစမ်းသပ်ခံမိန်းကလေးက မေးခွန်းများအားလုံးကို စုပေါင်းဖြေဆိုလိုက်လေသည်။

♛♛♛♛♛

## ( ၅ )

မျက်လှည့်ပွဲ၏ဒုတိယပိုင်းစတင်ပေပြီ။

ဆရာဗန္ဒက,က စိတ်ညို့ခံစမ်းသပ်မည့်သူကို ပရိသတ်ထဲမှ ဖိတ်ခေါ်လိုက်ရာ လူငယ်တစ်ဦးထွက်လာလေသည်။

''ကျွန်တော်စိတ်ညို့ခံပါမယ်ဆရာကြီး''

ထိုသူမှာ **ရဲလင်းထွဋ်**ဆိုသောလူငယ်လေးဖြစ်ပေသည်။

ရဲလင်းထွဋ်သည် ဆရာဗန္ဒက၏မျက်လှည့်ပြပွဲများကိုကြည့်ခဲ့ဖူးသည်မှာ သုံးကြိမ်ရှိပါပြီ။ စိတ်ညို့ပြကွက်များကိုလည်း ပွဲတိုင်းတွင် မြင်တွေ့ခဲ့၍ အလွတ်ရနေပြီးဖြစ်သည်။ သို့သော် ..ကိုယ်တိုင်တော့ တစ်ကြိမ်တစ်ခါမျှ စိတ်ညို့မခံဖူးသေးချေ။

ရဲလင်းထွဋ်က မျက်လှည့်ပညာကိုဝါသနာပါ၍ မျက်လှည့်ပွဲများကိုမလွတ်တမ်းကြည့်ရှုရာမှ ဆရာဗန္ဒက၏ပွဲကိုစွဲလမ်းသွားကာ တတိယအကြိမ်မြောက်ကြည့်ရှုခြင်းပင်ဖြစ်လေသည်။ သူသည် အခါအခွင့်သင့် ပါက ဆရာဗန္ဒကထံတွင် တပည့်ခံပြီး မျက်လှည့်ပညာသင်ယူရန်အထိ စိတ်ကူးထားသူဖြစ်ပါသည်။

တတိယအကြိမ်မြောက်ကြည့်ရှုဖြစ်သည့် ဤပွဲမှာတော့ .. ရဲလင်းထွဋ်က ဆရာကြီးနှင့်ရင်းနှီးမှုရစေရန် ကိုယ်တိုင်စိတ်ညို့ခံဖို့ ဆုံးဖြတ်လိုက်ခြင်းပင်ဖြစ်လေသည်။

ဆရာဗန္ဒကသည် သူ၏ပဥ္စလက်ပြပွဲကို ညှော်သည်ငါးဆယ်အထိ သာဖိတ်ကြားပြသမြဲဖြစ်ရာ ရဲလင်းထွဋ်ကို ယခင်ပွဲများတွင် ကြည့်ရှုခဲ့ဖူးသည့်ပရိသတ်တစ်ဦးဖြစ်ကြောင်း မှတ်မိလိုက်လေသည်။

ဆရာဗန္ဒက၏စိတ်ညို့အိပ်မွေ့ချပြကွက် စတင်ပေပြီ။

ဆရာဗန္ဒက,က ရဲလင်းထွဋ်ကိုအိပ်မွေ့ချရာတွင် ရှေ့ကမိန်းကလေးကို အိပ်မွေ့ချခဲ့သည့်ပုံစံအတိုင်း မတ်တပ်ရပ်ရက်သားမှ စိတ်ညို့ ကာ အိပ်ပျော်သွားအောင် အိပ်မွေ့ချလိုက်၏။

ရဲလင်းထွဋ် မတ်တပ်ရပ်ရက်အနေအထားမှပင် အိပ်ပျော်သွားလေသည်။ ဆရာဗန္ဒက၏အမိန့်များက အိပ်မောကျနေသောရဲလင်းထွဋ်၏မသိစိတ်တွင်လွှမ်းမိုးသွားလေသည်။

ရဲလင်းထွဋ်၏ခန္ဓာကိုယ်သည် ကြမ်းပြင်မှတစ်ပေခန့်အထိ မြောက်တက်လာသည်။

ထို့နောက် နာရီလက်တံလည်ပတ်ပုံအတိုင်း လကျာ်ရစ်ပုံစံဖြင့် ဖြည်းညင်းစွာစတင်လည်ပတ်လေသည်။ တဖြည်းဖြည်းဖြင့်မြန်ဆန်လာ သည်။

ဆရာဗန္ဒကသည် ရဲလင်းထွဋ်ကိုစိုက်ကြည့်ကာ အာရုံပြုလျက် မပြတ်အမိန့်ပေးနေသည်။

ရဲလင်းထွဋ်၏ခန္ဓာကိုယ်သည် လည်ပတ်နေရာမှ ဘေးဖက်သို့ တဖြည်းဖြည်းရွေ့သွားလေသည်။ သူ၏ခန္ဓာကိုယ်သည် ကြမ်းပြင်မှကင်းလွတ်ကာ လည်ပတ်ရင်း ပွဲကြည့်ပရိသတ်အတွင်း လှည့်လည်သွားလာလျက်ရှိလေသည်။

ထိုအတွင်း၌ ဆရာဗန္ဒကသည်လည်း ရဲလင်းထွဋ်နှင့်မနီးမဝေးတွင် လိုက်ပါလာလျက်ရှိပေသည်။

ငါးမိနစ်မျှလှည့်လည်ပြီးသည်တွင် ဆရာဗန္ဒက,က ရဲလင်းထွဋ်ကို ပွဲခင်းထိပ်ဆီသို့ ပြန်လည်ခေါ်ဆောင်လာခဲ့သည်။ သူသည် ရဲလင်းထွဋ်ခန္ဓာကိုယ်ကို မပြတ်စိုက်ကြည့်ရင်းမှ အာရုံပြုအမိန့်ပေးနေခြင်းဖြစ် သည်။

ပြခန်းထိပ်သို့အရောက်တွင် ဆရာဗန္ဒက,က ရဲလင်းထွဋ်၏ လည်ပတ်မှုကိုရပ်တန့်စေကာ အိပ်စက်နေရာမှ ပြန်လည်နှိုးလိုက်လေ သည်။

ရဲလင်းထွဋ်သည် မတ်တပ်ရက်လျှက်အနေအထားအတိုင်း ပြန်လည်နိုးထလာလေ၏။ သူက တစ်ချက်သန်းဝေရင်း အခန်းပတ်လည်ကို လှည့်ကြည့်လိုက်သည်။

ထို့နောက် ..ရဲလင်းထွဋ်သည် သူ့ကိုသူမဟန်နိုင်ပဲ ကြမ်းပြင် ပေါ် ပုံလဲကျသွားလေတော့၏။

''ဟယ် ..''

''အို ..''

''ဟင် ..''

ပွဲကြည့်ပရိသတ်ထဲမှ အာမေဋိတ်သံများထွက်ပေါ်လာလေ၏။

''မစိုးရိမ်ကြပါနဲ့၊ အိပ်မောကျနေရက်က အခန်းတစ်ခန်းလုံးကိုလှည့်ပတ်သွားလိုက်ရလို့ ခြေကုန်လက်ပန်းကျသွားတာပါ''

ဆရာဗန္ဒက,က အားလုံးကြားအောင်ပြောလိုက်လေသည်။

ဆရာဗန္ဒက၏တပည့်လေး စောထီးက ပြေးထွက်လာကာ ကြမ်းပြင်ပေါ်လဲကျနေသောရဲလင်းထွဋ်ကို ပခုံးမှပွေ့ကာ သတိပြန်လည်

အောင်ပြုစုပေးနေလေသည်။

ရဲလင်းထွဋ်သည် ခဏချင်းမှာပင် သတိပြန်လည်လာလေ၏။

သူက စောထီးရင်ခွင်ထဲမှထလိုက်သည်။

ဆရာကြီးကို ဦးညွှတ်အရိုအသေပေးလိုက်သည်။

ထို့နောက် ‚ ပွဲကြည့်ပရိသတ်ဖက်သို့လှည့်၍ အရိုအသေပေးလိုက်ပြန်လေသည်။

''ဆရာကြီးခင်ဗျား၊ ဆရာကြီးရဲ့ပဥ္စလက်ပညာကို ကျွန်တော် အကြွင်းမဲ့ယုံကြည်သွားပါပြီ၊ ဆရာကြီးကိုလည်း ရှေးကထက်ပိုပြီး လေးစားမိပါတယ်၊ ကျွန်တော့်ကို ဆရာကြီးရဲ့တပည့်အဖြစ်သတ်မှတ်ပြီး ဆရာကြီးရဲ့ပညာများကို သင်ယူခွင့်ပေးပါခင်ဗျား''

ရဲလင်းထွဋ်က အလေးအနက်ပြောကြားလိုက်လေသည်။

ထိုစဉ် ‚ ပရိသတ်ထဲမှလူတစ်ဦး ရှေ့သို့ထွက်လာကာ ဆရာဗန္ဓကအား မေးခွန်းတစ်ခုမေးလိုက်လေသည်။

''ဆရာဗန္ဓကခင်ဗျား ‚ ဆရာရဲ့ စိတ်ညှို့ပဥ္စလက်ပြကွက် ဟာ ရင်သတ်ရှုမောအံ့သြဖွယ်ကောင်းလှပါတယ်၊ ကျွန်တော် မေးခွန်း တစ်ခု မေးပါရစေခင်ဗျား''

''မေးပါမိတ်ဆွေ''

''ဆရာ့ရဲ့စိတ်ညှို့အိပ်မွေ့ချပြကွက်များကို ကျွန်တော်တို့ တဝကြီးကြည့်ခဲ့ရပြီးပါပြီ၊ ကျွန်တော်မေးချင်တာက ဆရာ့ရဲ့အမိန့်အတိုင်း လုပ်ဆောင်နေရတဲ့စိတ်ညှို့ခံသူဟာ သူ့အလိုလို စိတ်ညှို့ခံရာက ရုန်း ထွက်ပြီး နိုးထလာလို့ရပါသလား၊ ဆရာကိုယ်တိုင် သူ့ကိုအိပ်မွေ့ချရာ မှ နိုးထလာအောင်ပြန်နှိုးပေးမှ နိုးလာနိုင်တာလား၊ သိပါရစေ''

''မိတ်ဆွေ၊ အိပ်မွေ့ချခံသူဟာ ကျုပ်ရဲ့အမိန့်သြဇာအောက်မှာ လုံးလုံးတည်ရှိနေပါတယ်၊ သူအိပ်မောကျနေသမျှ ကျုပ်ရဲ့အမိန့်သြဇာ အတိုင်း လုပ်ဆောင်ရပါတယ်၊ သူ့ကို ကျုပ်ကိုယ်တိုင်ပြန်မနှိုးသမျှ နိုးထလာမှာမဟုတ်ပါဘူး''

ဆရာဗန္ဓက,က ဖြေဆိုလိုက်လေသည်။

နောက်ထပ်ညှော်သည်တစ်ယောက်က မေးခွန်းတစ်ခုမေးလိုက်ပြန်လေ၏။

''ဆရာ့ရဲ့စိတ်ညှို့ပြကွက်ဟာ လူကိုအိပ်မောကျစေပြီး လေထဲ မှာ ချာန်ကြွသလိုလွင့်မျောနေတဲ့ပြကွက်မျိုးပဲ ပြလို့ရသလားခင်ဗျ၊ တခြား ပြကွက်များကိုရော စိတ်ညှို့ပြီး ပြသနိုင်ပါသေးသလား''

''ကျုပ်ပြခဲ့တဲ့ ယခုပြကွက်များအားလုံးဟာ မျက်လှည့်သက်သက်မဟုတ်ဘူးဆိုတာ အားလုံးသဘောပေါက်ကြမှာပါ၊ မျက်စိကို လှည့်စားရုံသက်သက်လုပ်ထားတဲ့အစီအစဉ်တွေမဟုတ်ပါဘူး၊ ဒါကို ရှင်းစေ ချင်လို့ ကျုပ်က ပရိသတ်ထဲက အစမ်းသပ်ခံမယ့်သူများကိုဖိတ်ခေါ်ပြီး ပြသခြင်းလည်းဖြစ်ပါတယ်၊ ကျုပ်ရဲ့ပြကွက်များဟာ ရှေးဟောင်း မှော် ပဥ္စလက်ကျမ်းများထဲက နည်းနမူနာယူပြီး တင်ဆက်ခြင်းဖြစ်ပါတယ်၊ လူကိုသဘာဝထက်လွန်ကဲအောင်အမိန့်ပေးရတာမို့ ခက်ခဲသလို နက်နဲလှတဲ့ပညာရပ်လည်းဖြစ်ပါတယ် ‚

''လတ်တလောမှာ ကျုပ်အနေနဲ့ လူကို လေထဲဝဲစေတဲ့ စိတ်ညှို့နည်းတစ်မျိုးကိုသာ အမိန့်ပေးနိုင်ပါသေးတယ်၊ ရှေးဟောင်းပဥ္စလက်ကျမ်းကြီးကို လေ့လာနေဆဲဖြစ်ပါတယ်၊ ကျမ်းထဲမှာပါဝင်တဲ့ပညာရပ်များဟာ များစွာကျယ်ဝန်းလှပါတယ်၊ အခုတော့ လေ့လာနေဆဲမို့ မိတ်ဆွေတို့ မြင်ရတဲ့ပြကွက်များနဲ့သာ ဖျော်ဖြေတင်ဆက်နိုင်ပါသေးတယ် ‚

''ပဥ္စလက်ကျမ်းကြီးကိုဆက်လက်လေ့လာဆည်းပူးပြီးရင်တော့ ဒါ့ထက်ဆန်းကြယ်တဲ့ပြကွက်တစ်ခုကို ပြသနိုင်မှာဖြစ်ပါတယ်၊ အဲဒါက တော့ စိတ်ညှို့အိပ်မွေ့ချပြီး လူရဲ့ခန္ဓာကိုယ်ကို ပျောက်ကွယ်သွားအောင် ပြသမယ့် **ကိုယ်ပျောက်ပြကွက်**ပဲဖြစ်ပါတယ် ‚

''ရှေ့လာမယ့်ပြပွဲများမှာ ကိုယ်ပျောက်ပြကွက်ကိုပြသသွားနိုင်ဖို့ ကျုပ်အနေနဲ့ကြိုးစားနေတယ်ဆိုတာကို ကြေငြာရင်းနဲ့ အသိပေးလိုက်ပါ ရစေ ‚

**''မကြာမီမှာ ‚ ကျုပ်–ဆရာဗန္ဓကရဲ့ပဥ္စလက်ပြပွဲများမှာ လူကို ကိုယ်ပျောက်အောင် စိတ်ညှို့စေနိုင်းတဲ့ပြကွက်ကို ထည့်သွင်း ပြသသွားမှာဖြစ်ကြောင်း ကြေငြာလိုက်ပါတယ်ခင်ဗျား''**

♛♛♛♛♛

# အပိုင်း - ၂

## ( ၁ )

ရဲလင်းထွဋ်၏နေအိမ်။

ရဲလင်းထွဋ်နေသောအိမ်မှာ ကျယ်ဝန်းသောခြံကျယ်ကြီးထဲတွင် အိမ်ရှင်များနေသောနှစ်ထပ်တိုက်ကြီး၏ နောက်ဖက်ခပ်ကျကျ၌ဆောက်ထားသော တစ်ထပ်တိုက်ကလေးတစ်လုံးဖြစ်ပါသည်။

အိမ်ရှင်များက တက္ကသိုလ်နှင့်နီးသည့်အတွက် တစ်ထပ်တိုက်ကလေးကို ကျောင်းသားများအားငှားရမ်းရန်ရည်ရွယ်၍ဆောက်ထားခြင်းဖြစ်သည်။ ငွေကြေးတတ်နိုင်ပြီး သီးသီးသန့်သန့်နေလိုသော ကျောင်းသား (သို့မဟုတ်)ကျောင်းသူလေးယောက်ကို ငှားရမ်းရန်ရည်ရွယ်ဆောက်လုပ်ထားသောတိုက်ကလေးဖြစ်သည်။

ရဲလင်းထွဋ်၏ဆရာဖြစ်သောကုမ္ပဏီပိုင်ရှင်က အိမ်ရှင်များနှင့် ရင်းနှီးသည့်အတွက် ကျောင်းသားများကိုမငှားစေပဲ ရဲလင်းထွဋ်တစ်ယောက်တည်းနေစေရန် ငှားပေးထားခြင်းဖြစ်သည်။

ရဲလင်းထွဋ်အလုပ်လုပ်သောကုမ္ပဏီမှာ နိုင်ငံခြားနှင့်ကုန်သွယ်မှုလုပ်သောကုမ္ပဏီဖြစ်သည်။ ကုမ္ပဏီမှာ လုပ်ငန်းများအောင်မြင်သဖြင့် အတော်အတန်ကြွယ်ဝချမ်းသာသည်။ ဝန်ထမ်းများကိုလည်း လစာကောင်းကောင်းပေးနိုင်သည်။

ရဲလင်းထွဋ်သည် ကုမ္ပဏီပိုင်ရှင်လည်းဖြစ်၊ ကုမ္ပဏီ၏ဥက္ကဋ္ဌလည်းဖြစ်သူ ဦးသက်နောင်၏ ကိုယ်ရေးအတွင်းရေးမှူးတစ်ယောက်ဖြစ်ပါသည်။ ဦးသက်နောင်က သူ၏စက္ကထရီရဲလင်းထွဋ်ကို အိမ်လခလေးယောက်စာပေး၍ ငှားပေးထားခြင်းဖြစ်သည်။

အိမ်ကလေးမှာ ခြံဝင်းကျယ်ကြီးထဲတွင် နောက်ဖက်ခပ်ကျကျ၌ရှိနေ၍ တိတ်တိတ်ဆိတ်ဆိတ်နှင့်သီးသီးသန့်သန့်လေးဖြစ်နေသည်။

ယနေ့သည် ‌တနင်္ဂနွေနေ့ဖြစ်ပါသည်။

ရဲလင်းထွဋ်ရုံးအားရက်ဖြစ်သည်။

နံနက်စောစောကပင် ‌ပဥ္စလက်ဆရာကြီးဗန္ဓက ရဲလင်းထွဋ်အိမ်သို့ရောက်နေလေသည်။ ဆရာဗန္ဓကအဖို့ ရဲလင်းထွဋ်နေအိမ်သို့ ယခုလာရောက်ခြင်းမှာ ဒုတိယအကြိမ်ဖြစ်သည်။ ယခင်အပတ်တနင်္ဂနွေနေ့ကလည်း ဆရာဗန္ဓကရောက်ခဲ့ပြီးဖြစ်သည်။

ရဲလင်းထွဋ်သည် မျက်လှည့်ပညာကိုဝါသနာပါ၍ ဆရာဗန္ဓက၏ အဆင့်မြင့်သောမျက်လှည့်ပညာများကိုသဘောကျပြီး ဆရာဗန္ဓကမျက်လှည့်ပွဲများကိုလိုက်ကြည့်ခဲ့ရာ သုံးကြိမ်ကြည့်ပြီးနောက်တွင် ဆရာဗန္ဓကအား ဝင်၍မိတ်ဆွေဖွဲ့ခဲ့သည်။

ဆရာဗန္ဓကကလည်း သုံးကြိမ်တိုင်တိုင် သူ့မျက်လှည့်ပွဲကိုကြည့်သည့်ပရိသတ်ဖြစ်ရုံမက ‌ကိုယ်တိုင် စိတ်ညို့အစမ်းသပ်ခံခဲ့သည့် ရဲလင်းထွဋ်ကိုမှတ်မိနေလေသည်။ ဆရာဗန္ဓကအနေဖြင့် စောထီးကိုတပည့်အဖြစ် နောက်မှလိုက်ပါကူညီစေသော်လည်း စောထီးမှာ ပညာဉာဏ်ထက်မြက်သူတစ်ဦးမဟုတ်၍ အရာရာအားမကိုးရပေ။ ရဲလင်းထွဋ်က သူ့ထံတပည့်ခံ၍ ပညာသင်ပေးရန်မိတ်ဖွဲ့လာသည့်အခါတွင် ရဲလင်းထွဋ်လိုပညာတတ်တစ်ယောက်က မျက်လှည့်ပညာကိုစိတ်ဝင်စားသည့်အတွက်အားတက်မိလေ၏။

“မျက်လှည့်ပညာကို လူတော်တော်များများက အပျင်းပြေကြည့်စရာ ကြည့်ချင်ပွဲတစ်ခုလိုပဲ သဘောထားကြတာများတယ်၊ မျက်လှည့်ပညာကို ကိုယ်တိုင်တတ်မြောက်ချင်တဲ့လူ၊ လေ့လာချင်တဲ့လူမျိုးက မရှိသလောက်ပဲ၊ ကြာရင် ပညာတွေ တိမ်မြုပ်ပျောက်ကွယ်သွားမှာတောင်စိုးရတယ်မောင်လင်းထွဋ်၊ မောင်လင်းထွဋ်က မျက်လှည့်ပညာကို ဝါသနာထုံတယ်၊ လေ့လာချင်တယ်ဆိုတော့ ဆရာကြီးသိပ်ဝမ်းသာတယ်ကွယ်”

ဆရာဗန္ဓက,က ထိုအတိုင်းပြောခဲ့သည်။

မျက်လှည့်ပညာ၏နက်နဲကျယ်ဝန်းပုံကိုလည်း ပြောပြခဲ့သည်။

“စိတ်ညို့တာဟာ မျက်လှည့်ပညာထဲမှာ ပါသလားဆရာကြီး”

“စိတ်ညို့ပညာဟာ မျက်လှည့်ပညာထက် အများကြီး နက်နဲသိမ်မွေ့တာပေါ့ကွယ်၊ မျက်လှည့်ဆိုတာက လက်ရဲ့သွက်လက်မှု၊ ကြည့်တဲ့ပရိသတ်ကိုလှည့်စားနိုင်မှုအပေါ်မှာမူတည်တယ်၊ ဆိုလိုတာက မျက်လှည့်ဆိုတာ မျက်စိကိုလှည့်စားတာပဲ၊ ဒီတော့ ပရိသတ်ကို ပိပိရိရိ လိမ်နိုင်လေ မျက်လှည့်ရဲ့တန်ဖိုးတက်လေပဲ၊ အဲ ‌စိတ်ညို့ပညာကို မျက်လှည့်ပွဲမှာ ရောပြလို့ စိတ်ညို့ပညာရပ်ကို မျက်လှည့်နဲ့တစ်တန်းတည်း

ထားရင် မှားလိမ့်မယ်၊ လူတစ်ယောက်ရဲ့စိတ်ကို ကိုယ့်ဖက်ပါအောင် ညို့ယူတဲ့ပညာရပ်ဟာ ပိုပြီး ခက်ခဲနက်နဲသိမ်မွေ့တာပေါ့ကွယ်''

''ကျွန်တော်လည်း အဲဒီလိုပဲယူဆပါတယ်ဆရာကြီး၊ ကျွန်တော်ကိုယ်တိုင်ဆရာကြီးရဲ့စိတ်ညို့အိပ်မွေ့ချတာကို ခံရဖူးလို့ စိတ်ညို့ပညာ ဟာ မျက်လှည့်ထက်နက်နဲတယ်ဆိုတာ ခံစားမိပါတယ်၊ ပြီးတော့ . ဆရာကြီးဟာ ကျွန်တော်တို့စိတ်ညို့ခံသူများကို အရင်ကမသိဘူး၊ စိတ်ညို့ ခံသူတွေကို ဆရာကြီးက လူပရိသတ်ရှေ့မှာ ပြပွဲတစ်ခုပြလို့ရအောင် ညှိနှိုင်းထားတာမဟုတ်ဘူးဆိုတာ သေချာနေတယ်လေ၊ ကျွန်တော်ကိုယ်တိုင်စိတ်ညို့ခံဖူးလို့သိနေတယ်''

''ဒါပေါ့ကွယ်၊ ဆရာကြီးအနေနဲ့ စိတ်ညို့ပညာရပ်ကို သီးခြားပွဲတစ်ပွဲလုပ်ပြီးတော့ကို ပြဖို့သင့်တာပါ၊ မျက်လှည့်နဲ့ရောပြ ခြင်းအားဖြင့် မျက်လှည့်အဆင့်သာရှိတဲ့ ကြည့်ချင်ပွဲတစ်မျိုးလို့ထင်သွားကြရင်တောင် စိတ်ညို့ပညာရဲ့နက်နဲမှုကို ပေါ့အောင်လုပ်သလိုဖြစ်နေတယ်ကွဲ့''

''ဒါဖြင့် . ဆရာကြီးက စိတ်ညို့ပညာရပ်ကိုချည်းသက်သက် ဘာဖြစ်လို့မပြတာလဲဆရာကြီး''

''အခြေအနေအရပ်ရပ်ကြောင့်ပေါ့ကွယ်၊ အခြေအနေကြောင့် စိတ်ညို့ပညာကို မျက်လှည့်နဲ့ရောပြီးပြနေရတာပဲ၊ တကယ်တော့ ပညာရပ်နှစ်ခုရဲ့နက်နဲမှုဟာ ကွာခြားလှပါတယ်''

''ဆရာကြီးအနေနဲ့လည်း စိတ်ညို့ပညာအတွက် လေ့လာဆည်းပူးရတာနဲ့ မျက်လှည့်ပညာကို လေ့လာဆည်းပူးရတာဟာ ကွာခြားမှုရှိမှာပေါ့နော်ဆရာ''

''ရှိပြီကောကွယ် မျက်လှည့်ပညာကို စိတ်ဝင်စားတဲ့ဘယ်သူ မဆို တတ်ကျွမ်းဖို့လွယ်ကူပါတယ်၊ သူက စည်းစံနစ်တကျလုပ်တတ်ရင် တတ်ကျွမ်းနိုင်တဲ့ပညာမျိုးကိုး၊ စိတ်ညို့ပညာဆိုတာကတော့ .''

ဆရာကြီးသည် ပြောရင်းမှ ခေတ္တဆိုင်းငံ့ကာ ငေးမောသွားလေသည်။ ပြီးမှ ဆက်ပြော၏။

''စိတ်ညို့ပညာကို နိုင်နိုင်နင်းနင်းတတ်မြောက်ဖို့အတွက် ဆရာကြီးဟာ အသက်သုံးဆယ်အရွယ်ကတည်းက အပတ်တကုပ်အားထုတ်ခဲ့တာပေါ့၊ အခု ဆရာကြီးအသက်ဟာ ခြောက်ဆယ်ကျော်နေပြီ၊ ဆရာကြီး လူတွေကိုပြသနေတဲ့ အိပ်မွေ့ချပြီး ခန္ဓာကိုယ်လေထဲမြောက်တက်စေတဲ့နည်းဟာ အိပ်မွေ့ချအမိန့်ပေးစေခိုင်းတဲ့ပညာရပ်ထဲမှာ အခြေခံအကျဆုံးအဆင့်ပဲရှိသေးတယ်မောင်လင်းထွဋ်ရ''

''ဗျာ– ဒါဆို စိတ်ညို့ပညာဟာ တော်တော်ကျယ်ပြန့်တာပဲနော် ဆရာကြီး၊ အခုပြနေတဲ့ပြကွက်တွေက အခြေခံအဆင့်ဆိုတော့ ဒါ့ထက်မြင့်တဲ့ပညာတွေက ဘယ်လိုပညာမျိုးတွေများလဲဆရာကြီး''

''အများကြီးပါပဲကွယ်၊ ဒါ့ထက်တစ်ဆင့်မြှင့်လိုက်ရင် လူကို စိတ်ညို့ပြီး လေထဲမှာပျံသန်းစေဖို့ စေခိုင်းလို့ရတယ်ကွဲ့''

''ဗျာ– အခု ဆရာကြီးပြနေတဲ့ပြကွက်ကလည်း လူကို လေထဲမှာဝဲနေအောင်လုပ်တဲ့ပြကွက်ပဲလေ''

''မတူဘူးကွဲ့၊ နောက်တစ်ဆင့်မှာ လူကိုလေထဲဝဲစေတာက ငှက်တွေလိုပျံသန်းစေတာကိုပြောတာ မောင်လင်းထွဋ်ရဲ့၊ အခုပြနေတဲ့ပြကွက်က လူကို မိန်းမောနေအောင် အိပ်ပျော်နေအောင်လုပ်ပြီးမှ လေထဲမှာကြွတက်ရုံတက်စေတဲ့နည်းလေ''

''ငှက်လို လေထဲပျံနိုင်အောင် စိတ်ညို့လို့ရတယ်၊ ဟုတ်လား ဆရာကြီး''

''ဒါပေါ့ကွယ်''

''ဆရာကြီး အဲဒီပြကွက်ကိုတော့ ဘာဖြစ်လို့မပြတာလဲဟင်''

''ဆရာကြီးကိုယ်တိုင်မနိုင်နင်းသေးလို့ပေါ့ကွယ်''

''ဟင် .''

''ဟုတ်တယ်၊ လူကိုစိတ်ညို့ပြီး သဘာဝနဲ့ဆန့်ကျင်အောင်လုပ်ဆောင်ဖို့အမိန့်ပေးရတဲ့အလုပ်ဟာ ဘယ်လောက်ခက်ခဲမယ်ဆိုတာ မောင်လင်းထွဋ်စဉ်းစားကြည့်လေ''

''ဟုတ်ပါတယ်ဆရာကြီး၊ ခက်ခဲမယ်ဆိုတာတော့ အမှန်ပါပဲ၊ ကျွန်တော်က စိတ်ညို့ပြီး လေထဲဝဲအောင်လုပ်နိုင်လို့ တခြားအဆင့်တွေကိုလည်း ဆရာကြီးလုပ်ပြနိုင်မယ်ထင်လို့မေးမိတာပါ''

''ဆရာကြီးဟာ **လောကီစိတ်ညို့ပညာကျမ်းကြီး**ကို ရသေ့ကြီးတစ်ပါးဆီက ရခဲ့တယ်၊ ကျမ်းစာအုပ်ဟာ ရှေးခေတ် စိတ်ပညာရှင်များ စုပေါင်းရေးသားထားတဲ့ကျမ်းကြီးပဲ၊ ပုံနှိပ်ထားတဲ့ကျမ်းမဟုတ်ဘူး ကွဲ့၊ စိတ်ပညာရှင်ဆိုသူများထဲမှာ ထွက်ရပ်ပေါက်သွားတဲ့ပုဂ္ဂိုလ်ထူးကြီးတွေလည်းပါတယ်၊ သူတို့ဟာ တစ်ယောက်ကို ပညာရပ်တစ်မျိုးစီ အဲဒီ

ကျမ်းစာအုပ်ကြီးထဲမှာ ရေးထည့်ခဲ့ကြတာဖြစ်တယ်၊ လိပ်ပြာလွင့်နည်း၊ မြေလျှိုးမိုးပျံနည်းတွေတောင် ပါတယ်ကွယ့်''

''တော်တော်ထူးခြားတဲ့ကျမ်းကြီးပေါ့နော်''

''ထူးခြားပြီလားကွယ်၊ စိတ်ကိုနိုင်နင်းတဲ့ ပညာရှင်ပုဂ္ဂိုလ်ကြီး ရှစ်ဦးဟာ အဲဒီစာအုပ်ကြီးထဲမှာ မိမိနိုင်နင်းတတ်ကျွမ်းတဲ့ပညာရပ်များ ကို မချွင်းမချန်ရေးသားမှတ်တမ်းတင်ထားခဲ့တာပဲ၊ ဒီလိုနဲ့ စာအုပ်ကြီး ဟာ ပုဂ္ဂိုလ်ထူးရှစ်ဦးစုပေါင်းရေးသားခဲ့တဲ့ လောကီပညာကျမ်းကြီးတစ် အုပ်ဖြစ်နေတော့တာပေါ့ကွယ်၊ ပိုပြီးထူးခြားတာက ပညာရှိကြီးတွေဟာ စာအုပ်ထဲမှာ သူတို့ရဲ့လက်ရေးနဲ့ကိုယ်တိုင်ရေးထည့်ခဲ့တာမို့ ကျမ်းစာအုပ် ကြီးဟာ မိတ္တူမရှိဘူး၊ လောကကြီးမှာ တစ်အုပ်တည်းသောလက်ရေးမူ ကျမ်းစာအုပ်ကြီးဖြစ်နေတာပဲ''

''တော်တော်လည်းတန်ဖိုးရှိမှာပေါ့ဆရာကြီး''

''ရှိပြီလား၊ ဆရာကြီးဟာ ကျမ်းကြီးကိုထိမ်းသိမ်းထားတဲ့ ရသေ့သူတော်စင်ကြီးဆီမှာ ငါးနှစ်ငါးမိုး တပည့်ခံပညာသင်ပြီး ခြေဆုပ် လက်နယ်ပြုစုပေးလို့ ရသေ့ကြီးက ဆရာကြီးကိုစွန့်ကြဲလိုက်တာပဲကွဲ့''

''ဒါဖြင့် ဆရာကြီးပြောတာ သိပ်မှန်တာပေါ့ဆရာ၊ ဒီလို အတုမရှိ တန်ဖိုးကြီးမားတဲ့ကျမ်းထဲကပညာတွေကို မျက်လှည့်နဲ့ ရော ပြနေရတာဟာ စိတ်ညို့ပညာကို သေးသိမ်အောင်လုပ်ရာကျတယ်ဆိုတာ ဟုတ်တာပဲနော်ဆရာကြီး''

''အေး ဆရာကြီးပြတဲ့ပြကွက်ဟာ အဲဒီကျမ်းထဲက အလွယ် ကူဆုံးပညာရပ်တစ်ခုပါပဲမောင်လင်းထွဋ်၊ အဲဒီအခြေခံပညာကိုပဲ တတ် ကျွမ်းအောင် နှစ်ပေါင်းသုံးဆယ် ကြိုးစားခဲ့ရတယ်ဆိုတော့ ပညာရပ် ဘယ်လောက်နက်နဲတယ်ဆိုတာ စဉ်းစားကြည့်ပေတော့''

''ကျန်တဲ့အဆင့်မြင့်ပညာရပ်တွေကိုရော၊ ဆရာကြီးလေ့လာ မကြည့်ဘူးလားဟင်၊ လက်တွေ့ရော စမ်းသပ်မကြည့်ဘူးလား၊ ဘယ်လို ပညာရပ်တွေပါသေးသလဲဆရာကြီး''

ရဲလင်းထွဋ်က ''လောကီစိတ်ညို့ပညာကျမ်းကြီး''ကို စိတ်ပါ ဝင်စားလွန်း၍ သိလိုသမျှကို တစ်ဆက်တည်း မေးလိုက်မိလေသည်။

''လေ့လာပါတယ်၊ လက်တွေ့စမ်းသပ်ဖို့တော့ စမ်းသပ်ခံမယ့် သူပီပီပြင်ပြင်မရှိလို့ ခုထိမစမ်းသပ်နိုင်သေးပါဘူးကွယ်''

''ဗျာ ''

ရဲလင်းထွဋ်က ဆရာကြီး၏အဖြေစကားကိုနားထောင်ကာ ဇဝေဇဝါဖြစ်သွားလေသည်။

''ဆရာကြီးရဲ့တပည့်လေး မောင်စောထီးဟာ ''

''မောင်စောထီးဟာ တပည့်အဆင့်ပဲရှိတဲ့ သာမန်လူငယ်တစ် ယောက်ပါပဲမောင်လင်းထွဋ်၊ ဆိုလိုတာက မောင်စောထီးကို အစမ်းသပ် ခံပစ္စည်းတစ်ခုထက်ပိုပြီး အသုံးပြုလို့မရဘူး၊ အဆင့်မြင့်တဲ့စိတ်ညို့ပညာ ရပ်တွေမှာ အစမ်းသပ်ခံသူရဲ့ အကူအညီကိုလိုတယ်ကွဲ့''

''ဩော်''

''ဆရာကြီးဆိုလိုတာက စမ်းသပ်ခံသူကိုယ်တိုင် အရုပ်ကြီးလို စမ်းသပ်ခံနေလို့မဖြစ်ဘူး၊ သူကိုယ်တိုင်က စိတ်ပါဝင်စားပြီး အကူအညီ ပေးဖို့လိုတယ်ကွဲ့၊ မောင်စောထီးကို အဲဒီလိုအားကိုးလို့မရလို့ မစမ်းသပ် နိုင်ခဲ့တာပါပဲကွယ်''

''ဒါဖြင့် ကျွန်တော်နဲ့စမ်းသပ်မယ်ဆိုရင်ကော ဆရာကြီး''

''ရနိုင်တာပေါ့ကွယ်''

''ဒါဖြင့် ကျွန်တော့်ကို စိတ်ညို့ပြီး ကိုယ်ပျောက်အောင်စမ်းသပ် ပေးပါဆရာကြီး''

''မောင်လင်းထွဋ် သေချာစဉ်းစားဖို့လိုတယ်နော်''

''ကျွန်တော်စဉ်းစားပြီးပါပြီ၊ ကျွန်တော်ဆရာကြီးကိုယုံပါတယ်၊ ဆရာကြီးစိတ်ညို့တာကိုလည်း ကျွန်တော်ခံဖူးတာပဲ၊ အခု ကျွန်တော် စိတ်ညို့ခံချင်တယ်ဆိုတာက ဆရာကြီးအတွက်ပါ ပညာတိုးအောင် အစမ်းသပ်ခံပေးတဲ့သဘောပါဆရာကြီး''

ယင်းသို့ဖြင့် ဆရာဗန္ဓုကသည် တနင်္ဂနွေရုံးပိတ်ရက်တွင် ရဲလင်းထွဋ်နေထိုင်ရာအိမ်သို့ ရောက်ရှိလာခြင်းဖြစ်လေသည်။

\+ + + + +

ဆရာဗန္ဓုက,က ထွက်ရပ်ပေါက်ပုဂ္ဂိုလ်ရှစ်ဦးရေးသားထားသော လောကီစိတ်ညို့ပညာကျမ်းကြီးကို ယူလာကာ ရဲလင်းထွဋ်ကိုပြခဲ့သည်။ ကျမ်းကြီးကား စိတ်ပညာရှင်ထွက်ရပ်ပေါက်ပုဂ္ဂိုလ်ကြီးများ ကိုယ်တိုင် လက်ရေးဖြင့်ရေးသားထားသောပညာရပ်များကို စုချုပ်ထားသည့် ကျမ်း စာအုပ်ကြီးဖြစ်လေသည်။

ထွက်ရပ်ပေါက်ပုဂ္ဂိုလ်(၈)ဦး၏

ကျင့်စဉ်များကိုစုစည်းထားသည့်

**လောကီစိတ်ညို့ပညာကျမ်းကြီး**

**ရသေ့ကြီးဦးဂမ္ဘီ**

**စမ်းကြီးအိုင်တောရ**

**မဟာမြိုင်တော**

ကျမ်းစာအုပ်ကြီး၏မျက်နှာဖုံးတွင် ရေးသားထားသောစာသားများဖြစ်ပါသည်။

ရဲလင်းထွဋ်က စာအုပ်ကြီးကို လှန်ကြည့်လိုက်သည်။

တစ်ဦးစီရေးသားထားသောပညာရပ်များကိုစုချုပ်ထားခြင်းဖြစ်သဖြင့် စာရွက်အမျိုးအစား၊ အတိုအရှည်မညီမညာဖြစ်နေသည်။ လက်ရေးကလည်း အမျိုးမျိုးဖြစ်နေလေ၏။

ထူးခြားသည်ကား ရေးသားထားသောစာအားလုံးကို ရဲလင်းထွဋ်မဖတ်တတ်ခြင်းပင်ဖြစ်လေသည်။

''ဘယ်လိုဘာသာနဲ့ရေးသားထားတာလဲဆရာကြီး၊ ကျွန်တော်တော့ဖတ်လို့မရပါဘူး၊ ပါဠိလိုရေးထားတာလားခင်ဗျာ''

''ပါဠိလိုရေးထားတာမဟုတ်ဘူးကွဲ့၊ ပါဠိဘာသာထက် ရှေးကျတဲ့ဘာသာတွေနဲ့ရေးထားတာ၊ သက္ကဋ္ဌဘာသာနဲ့ရေးထားတာတွေလည်းပါတယ်၊ ရှေးက ကသည်းလူမျိုးတွေသုံးတဲ့ဘာသာစကားနဲ့ရေးထားတာတွေလည်းပါတယ်''

''ဒါတွေကို ဆရာကြီးအကုန်လုံးဖတ်တတ်သလားခင်ဗျာ''

''ဘာသာရပ်တွေကိုလေ့လာရတာချည်းပဲ ငါးနှစ်ကြာခဲ့တယ် မောင်လင်းထွဋ်''

''ဪ် .''

''အဲဒါကြောင့် လောကီစိတ်ညို့ပညာကျမ်းကြီးဟာ ခက်ခဲသလောက် နက်နဲရှုပ်ထွေးတယ်လို့ ပြောတာပေါ့ကွယ်''

''ဟုတ်ကဲ့ဆရာကြီး''

''ကဲ– ကဲ– ကိုယ်ပျောက်အောင်စိတ်ညို့တဲ့ပညာရပ်ကိုတော့ ဆရာကြီးအနေနဲ့ ဒါပထမဆုံးစမ်းသပ်တာပဲ၊ လာဟေ့– မောင်လင်းထွဋ် ဆရာကြီးတို့ ဘုရားစင်ရှေ့ကိုသွားကြစို့''

ဆရာကြီးက ဘုရားစင်ရှေ့တွင် ရဲလင်းထွဋ်အား ဘုရားကိုဦးချခိုင်းကာ သရဏဂုံဆောက်တည်စေသည်။ ရဲလင်းထွဋ်စိတ်များ ငြိမ်သွားအောင် ပြုလုပ်ပေးသည်။

ထို့နောက် လိုအပ်သောမန်းမှုတ်မှုများပြုလုပ်ကာ ရဲလင်းထွဋ်ကိုကိုယ်ပျောက်အောင် စိတ်ညို့ခဲ့ပါသည်။

သို့သော် ထိုနေ့က တစ်နေ့လုံးကြိုးစားသော်လည်း ရဲလင်းထွဋ်၏ကိုယ်သည် ပျောက်မသွားခဲ့ပါ။ စမ်းသပ်မှုမအောင်မြင်ခဲ့ပါချေ။

♛♛♛♛♛

( ၂ )

ယခုအပတ် တနင်္ဂနွေနေ့သည် ကိုယ်ပျောက်စမ်းသပ်မှုကို ဒုတိယအကြိမ်မြောက်စမ်းသပ်သည့်နေ့ဖြစ်ပါသည်။

မနက်စောစောကတည်းက ဆရာကြီးရောက်လာသည်။ ဘုရားစင်ရှေ့တွင်ထိုင်ကာ လိုအပ်သောပြင်ဆင်မှုများပြုလုပ်သည်။ ပုတီးစိတ်၊ တရားထိုင်သည်။

ရဲလင်းထွဋ်ကိုလည်း စိတ်တည်ငြိမ်မှုရစေရန် ပုတီးစိတ်ခိုင်းထား၏။

ထို့နောက် ဆရာကြီးက ရဲလင်းထွဋ်ကို သူ့ရှေ့တွင်ထိုင်စေကာ အိပ်မွေ့ချလေတော့သည်။

ရဲလင်းထွဋ် အိပ်ပျော်သလိုဖြစ်သွားသည်။ မကြာခဏအိပ်မွေ့ချခံရဖူး၍ တကယ်တန်းအိပ်မပျော်ပဲ ဆရာကြီးအမိန့်ကိုနာခံရန် မိန်းမူးမေ့မျောနေရုံမျှ ရီဝေဝေဖြင့်အိပ်ပျော်ရုံအနေအထားကို ရဲလင်းထွဋ်က ခံစားသိရှိနေပြီးဖြစ်သည်။

ဆရာဗန္ဓက,က ကျမ်းစာအုပ်ပါအတိုင်း လိုအပ်သောမန်းမှုတ်မှုများကိုပြုလုပ်လေသည်။

သို့သော် .နာရီဝက်ခန့်ကြာအောင် မန်းမှုတ်သော်လည်း ရဲလင်းထွဋ်၏ကိုယ်မှာ ပျောက်မသွားပါပေ။

ရဲလင်းထွဋ်ကိုယ်တိုင်ပင် အိပ်မွေ့ချခံနေရက်တန်းလန်းမှ စမ်းသပ်မှုမအောင်မြင်တာကို သိနေသည်။

လူကိုမြေပြင်မှကြွတက်စေသည့်စမ်းသပ်မှုတွင် စမ်းသပ်မှုအောင်မြင်ခါနီးတိုင်း ရိပ်ကနဲ မေ့ကနဲဖြစ်ပြီး တစ်ကိုယ်လုံးပေါ့ပါးသွားတတ်သည့်ခံစားမှုကို ရဲလင်းထွဋ်မှတ်မိနေသည်။ ယခု ထိုသို့မခံစားရ၊ အိပ်မွေ့ချခံထားရလို့သာ မူးရီဝေဝေဖြစ်နေသည်။

ဆရာဗန္ဓကကိုယ်တိုင်လည်း စမ်းသပ်မှုမအောင်မြင်သဖြင့် စိတ်ပျက်လက်ပျက်ဖြစ်သွားလေသည်။ ရဲလင်းထွဋ်ကို အိပ်မွေ့ချထားရာမှ ပြန်ပြီးနှိုးလိုက်သည်။

''ဂျူး– စိတ်မောစရာပဲမောင်လင်းထွဋ်ရေ၊ ဆရာကြီးကိုယ်တိုင် သမာဓိအား လိုနေသေးတယ်ထင်ပါရဲ့ကွယ်''

''ဟုတ်ကဲ့ဆရာကြီး''

''နားကြဦးစို့၊ ထမင်းစားပြီးမှ ဆက်ပြီးကြိုးစားကြည့်သေးတာပေါ့ကွာ''

ဆရာဗန္ဓကနှင့်ရဲလင်းထွဋ်တို့ အိမ်မှထွက်ခဲ့ကြပြီး လမ်းထိပ်ဈေးတန်းမှထမင်းဆိုင်တွင် နေ့လည်စာထမင်းသွားစားကြလေသည်။

\+ + + + +

ထမင်းစားအပြီးတွင် စမ်းသပ်မှုကိုဆက်လုပ်ကြသည်။

ရဲလင်းထွဋ်သည် မကြာမကြာ မေ့ကနဲဖြစ်သွားပြီး ခန္ဓာကိုယ်တစ်ခုလုံးပေါ့ပါးသွားသလိုခံစားရမိသည်။ ထိုခံစားမှုမှာ လူကိုမြေပေါ်မှကြွတက်ပြီး လည်ပတ်အောင်စိတ်ညွှန်ခံတိုင်း အောင်မြင်ခါနီးတွင် ခံစားရသောခံစားမှုမျိုးဖြစ်ပါသည်။

စမ်းသပ်မှုအောင်မြင်တော့မည်ဟုထင်သော်လည်း ရဲလင်းထွဋ်ကိုယ်မှာ ပျောက်မသွားပါ။

အကြိမ်ကြိမ်စမ်းသပ်ပြီးနောက် ဆရာဗန္ဓက,က စိတ်ပျက်စွာ ဖြင့်စမ်းသပ်မှုကိုရပ်နားလိုက်သည်။

''ဆရာကြီးကိုယ်တိုင် လိုနေသေးလို့ဖြစ်မယ်မောင်လင်းထွဋ်၊ ဆရာကြီးတို့လက်လျှော့လိုက်ကြစို့ကွယ်''

ဆရာဗန္ဓက,က စိတ်ပျက်စွာပြောလိုက်လေသည်။

''ကျွန်တော်တို့ ဆက်ပြီးမစမ်းသပ်တော့ဘူးလားဆရာကြီး''

''ဒီတစ်ပတ်အတွက်တော့ တော်ပြီကွယ်၊ နောက်တစ်ပတ်ကျ ဆက်ပြီးကြိုးစားကြည့်တာပေါ့၊ ဆရာကြီးတော့ အာရုံတွေထိုင်းမှိုင်းသွားပြီ''

''ဟုတ်ကဲ့ဆရာကြီး''

''ညနေစောင်းပြီ၊ ဆရာကြီးလည်းပြန်ဦးမယ်၊ ဟောဒီ လောကီပညာကျမ်းကြီးကို မောင်လင်းထွဋ်အိမ်ကဘုရားစင်ပေါ်မှာပဲ ထားခဲ့ဦးမယ်နော်''

''ဟုတ်ကဲ့ဆရာကြီး''

ရဲလင်းထွဋ်နှင့်ဆရာဗန္ဓကတို့ အိမ်ရှေ့သို့ထွက်ခဲ့ကြသည်။ ဆရာဗန္ဓကကို တက်စီငှားပေးရမည်ဖြစ်သည်။

အိမ်ရှေ့တွင် အငှားကားရပ်စောင့်နေစဉ် ရဲလင်းထွဋ် မိုက်ကနဲ

ဖြစ်သွားသည်။ ခံစားလိုက်ရပုံက စိတ်ညို့စမ်းသပ်မှုအောင်မြင်ခါနီးတွင် ခံစားရပုံမျိုးဖြစ်သည်။

ရဲလင်းထွဋ်က ဆရာကြီးကိုပြောမည်ကြံလိုက်သော်လည်း အပေါက်ဝကိုရောက်နေပြီ။ ဆရာကြီးက တစ်ဖက်မှလာနေသော တက်စီကားတစ်စီးကို လက်ပြတားနေပြီမို့ ဘာမျှမပြောဖြစ်တော့ပေ။

တက်စီက သူတို့ရှေ့တွင်ရပ်လိုက်သည်။

ဆရာကြီးက သွားမည့်နေရာ၊ ဈေးနှုန်းတို့ကိုပြောဆိုပြီး ကားပေါ်တက်လိုက်သည်။

ထိုစဉ်မှာပင် ရဲလင်းထွဋ်ကိုယ်သည် လေထဲမြောက်တက်သွားသလိုခံစားလိုက်ရပြန်၏။ တကယ်တော့ ဘာမျှဖြစ်မသွားပါ။ စိတ်ထဲက ခံစားမိလိုက်ရုံသာဖြစ်သည်။

ဆရာကြီးက ကားထဲမှသူ့ကိုလက်လှမ်းပြကာ -

''သွားမယ်မောင်လင်းထွဋ်ရေ -ရှေ့အပတ်ကျမှ ဆရာကြီး တို့ဆုံသေးတာပေါ့''

ဆရာကြီးစကားဆုံးသည်နှင့် တက်စီက ဝူးကနဲမောင်းထွက်သွားလေသည်။

ကားမောင်းထွက်သွားသည်နှင့် ကားမှဟပ်လိုက်သောလေအရှိန်ဖြင့် သူ့တစ်ကိုယ်လုံးသည် နောက်ဖက်သို့လွင့်စင်သွားလေတော့သည်။

ရဲလင်းထွဋ်အံ့အားသင့်သွားသည်။ ကားမှဟပ်လိုက်သော လေအရှိန်မှာ ပြင်းလှသည်မဟုတ်ပါပဲ သူ့တစ်ကိုယ်လုံး ဘာကြောင့်လွင့်စင်သွားပါလိမ့်။

သူသည် တကယ်ပဲ ဆယ်ပေလောက်အကွာအဝေးအထိ လွင့်စင်သွားခြင်းဖြစ်လေသည်။

သူက သတိရကာ သူ့ကိုယ်သူငုံ့ကြည့်လိုက်သည်။

ဘာမှမမြင်ရ။ သူ့ခန္ဓာကိုယ်ကို သူပြန်မမြင်ရပေ။

ရဲလင်းထွဋ်က သူ့ညာဖက်လက်ကိုမြှောက်၍ကြည့်လိုက်သည်။ သူ့လက်ကိုလည်း သူမမြင်ရပါ။

ဘုရားရေ -သူ ကိုယ်ပျောက်သွားပါပြီကော။ ဆရာဗန္ဓက ကိုယ်ပျောက်အောင်စိတ်ညို့မန်းမှုတ်ခဲ့ခြင်း၏ရလဒ်ကို ယခုမှရလိုက်ခြင်းဖြစ်တော့သည်။

ဟုတ်ပါသည်။ သူသည် သူ့ပတ်ဝန်းကျင်မှအရာအားလုံးကို မြင်နေရသော်လည်း သူ့ကိုယ်သူတော့ မမြင်ရတော့ပါ။ သူ့ခြေလက်များ၊ သူ့အဝတ်အစားများ အားလုံးကို ဘာဆိုဘာမျှမမြင်ရတော့ခြင်းဖြစ်သည်။ သူ့ခန္ဓာကိုယ်သည်လည်း သစ်ရွက်ကလေးတစ်ရွက်လို ပေါ့ပါးလျက်ရှိလေသည်။

ရဲလင်းထွဋ်က ဆရာကြီးစီးသွားသောတက်စီကားဆီသို့လှမ်းကြည့်လိုက်သည်။

ကားကလေး လျှင်မြန်စွာဖြင့်ထွက်ခွာသွားပေပြီ။

''ဆရာကြီး -ဆရာကြီး -''

ရဲလင်းထွဋ်က သူ့အဖြစ်ကိုအသိပေးရန် ဆရာကြီးကိုလှမ်းအော်ခေါ်လိုက်ခြင်းပင်ဖြစ်ပါသည်။

သို့သော် -

သူ့နှုတ်မှအသံထွက်အော်လိုက်သော်လည်း ဘာသံမျှထွက်မလာပါ။

''ဟာ -''

သူက ယူကြုံးမရစွာရေရွတ်လိုက်သည်။

ကိုယ်ပျောက်သွားခြင်းနှင့်အတူ သူ့အသံသည်လည်း ပျောက်သွားပါပြီကော။

ရဲလင်းထွဋ်က ဆရာကြီးစီးသွားသောကားနောက်သို့ အလျှင်အမြန်ပြေးလိုက်လေတော့သည်။

♛♛♛♛♛

## ( ၃ )

ဆရာဗန္ဓကငှားစီးလာသောကားပေါ်မှဒရိုင်ဘာသည် နောက်ကြည့်မှန်မှတစ်ဆင့် ‧ကျန်ရစ်ခဲ့သောရဲလင်းထွန်း၏ဖြစ်ပုံကို မြင်လိုက်ရလေသည်။

ဒရိုင်ဘာသည် နောက်ကြည့်မှန်ထဲတွင်ပုံရိပ်ထင်နေရာမှ ရုတ်တရက်ပျောက်သွားသောလူငယ့်အဖြစ်ကိုမြင်လိုက်ရကာ အံ့အားသင့်သွားလေသည်။ ဒရိုင်ဘာက နောက်ဖက်ကို ပြန်လှည့်ကြည့်လိုက်သည်။ လူငယ်သည် အမှန်ပင် ပျောက်ကွယ်သွားခြင်းဖြစ်၏။ ပတ်ဝန်းကျင် ဆယ်ပေပတ်လည်ခန့်မှာ အကွယ်အကာမရှိရှင်းလင်းနေသည်။ လူငယ်သည် တစ်စုံတစ်ခုနောက်သို့ ဝင်ရောက်ပျောက်ကွယ်သွားခြင်းမဟုတ်တာသေချာပါသည်။ မြင်နေရရာမှ ဖြတ်ကနဲပျောက်သွားခြင်းမျိုးဖြစ်ပါသည်။

ဒရိုင်ဘာက ဆရာဗန္ဓကဖက်သို့လှည့်ကာ သူမြင်ရပုံကို ပြောပြလိုက်သည်။

‘‘ဆရာ့ကိုလိုက်ပို့တဲ့ကောင်လေး ကျွန်တော့်မျက်စိအောက်မှာဖြတ်ကနဲပျောက်သွားတယ်ဆရာ’’

‘‘ဘာ–’’

‘‘တော်တော်တော့ထူးဆန်းတာပဲ၊ သူ အိမ်ထဲပြန်ဝင်သွားတာလည်းမဟုတ်ဘူး၊ လမ်းတစ်ဖက်ကိုကူးသွားတာလည်း မဟုတ်ဘူး၊ ရပ်နေရင်းက ပျောက်သွားတာ’’

‘‘ရပ်– ရပ်– မင်းကားကိုရပ်လိုက်’’

‘‘ဗျာ–’’

‘‘မင်း အမြင်မှားတာမဟုတ်ဘူး၊ သူ တကယ်ကိုယ်ပျောက်သွားတာကွ’’

‘‘ဗျာ–’’

ဆရာဗန္ဓက, ဒရိုင်ဘာကိုပြောရင်း နောက်ကိုပြန်လှည့်ကြည့်လိုက်သည်။

ရပ်ကျန်ခဲ့သောနေရာတွင် ရဲလင်းထွန်းကိုမမြင်ရတော့ပါ။

‘‘အဲဒါကိုယ်ပျောက်သွားတာကွ၊ တောက်– အစွမ်းအစက ခုမှပြတော့တာကိုး၊ မောင်ရင် ‧မင်းကားကို နောက်ပြန်လှည့်လိုက်ပါ၊ မြန်မြန် ‧မြန်မြန် ‧သိပ်အရေးကြီးတယ်မောင်’’

ဆရာဗန္ဓက,က အလောတကြီးပြောလိုက်သည့်အတွက် ဒရိုင်ဘာက ဂယ်ကွေ့ကွေ့ကာ ကားကိုပြန်လှည့်လိုက်လေသည်။

ထိုစဉ် ‧သူတို့ကားနောက်မှ အမြန်မောင်းလာသောကားကြီးတစ်စီးကို နှစ်ယောက်လုံးသတိမထားမိလိုက်ပါ။

ဆရာဗန္ဓက,ကလည်း အလောတကြီးဖြစ်နေသည်။ ဒရိုင်ဘာကလည်း ကိုယ်ပျောက်သွားတယ်ဆိုတဲ့အဖြစ်ကို တအံ့တဩဖြင့် အရမ်းသိချင်နေသည်။

နောက်မှပါလာသောကားကို ဂရုမထားမိပဲ ဂယ်ကွေ့အမြန်ကွေ့ချလိုက်ရာ အငှားကား၏ခေါင်းပိုင်းသည် နောက်မှပါလာသောကားကြီးနှင့်ခေါင်းချင်းဆိုင်ပေးသလိုဖြစ်သွားသည်။

ကားကြီးကလည်း တက်စီကားကို ရုတ်တရက်ကွေ့လိုက်မည်ဟုထင်မည်မဟုတ်ချေ။ တက်စီကလည်း အချက်ပြမီးမဖွင့်ပဲ ကွေ့လိုက်ခြင်းဖြစ်သည်။

ကားနှစ်စီး ပြင်းထန်စွာ ခေါင်းချင်းဆိုင်တိုက်လိုက်မိသည့် အသံက ပတ်ဝန်းကျင်တစ်ခုလုံးကို ဟိန်းထွက်သွားလေသည်။

တက်စီကားလေးသည် လမ်းတစ်ဖက်ခြမ်းအထိလွင့်ထွက်သွား ကာ ခေါင်းပိုင်းတစ်ခုလုံး မွမွကြေသွားလေတော့သည်။

ကားခေါင်းခန်းထဲမှ ဒရိုင်ဘာနှင့်ဆရာဗန္ဓကမှာလည်း ‧

ကားတိုက်မှုဖြစ်ရာသို့ပြေးလာသောလူများသည် ကြေမွနေသောတက်စီကား၏ဦးခေါင်းပိုင်းဆီမှစီးကျလာကာ လမ်းပေါ်တွင်အိုင်ထွန်းသွားသောသွေးကွက်ကြီးကို ထိတ်လန့်စဖွယ်မြင်တွေ့လိုက်ရလေတော့သည်။

♛♛♛♛♛

( ၄ )

သူသည် သူ့ကိုယ်သူကိုယ်ပျောက်သွားမှန်းသိလိုက်ရချိန်တွင် ဆရာဗန္ဓကပါသွားသည့်ကားကို လှမ်းအော်၍တားလိုက်လေသည်။ သို့သော် ကိုယ်ပျောက်သွားခြင်းနှင့်အတူ သူ့ထံမှ အသံသည်လည်း ပျောက်ကွယ်သွားသည်ကိုသိလိုက်ရလေသည်။

သူ့ထံမှ ဘာသံမျှထွက်ပေါ်မလာတော့ပါ။

သို့သော် သူသည် ဆရာဗန္ဓကပါသွားသောတက်စီကားနောက် သို့ ပြေးလိုက်ခဲ့လေသည်။ သူ့ကိုယ်သည် ပေါ့ပါးစွာ ရွေ့လျားသွားလေ၏။

ချက်ချင်းပင် သူသည် ကားကိုလိုက်မီသွားလေသည်။

သို့ရာတွင် တက်စီကားလေးသည် ရုတ်တရက် ဂ,ငယ်ကွေ့ ကွေ့ချလိုက်လေ၏။

တက်စီနှင့်နောက်မှပါလာသောကားကြီးတို့ ရှောင်ချိန်မရလိုက် ပဲ ပြင်းထန်စွာတိုက်မိသွားလေသည်။

သူက အလန့်တကြားဟစ်အော်လိုက်သည်။ သူ့အော်သံက ထွက်ပေါ်မလာပါ။

ကားနှစ်စီးတိုက်မိသည့်မြင်ကွင်းကိုမြင်လိုက်ရသော လူများ၏ စူးစူးဝါးဝါးအော်ဟစ်သံများသာ ပတ်ဝန်းကျင်တွင်ဖုံးလွှမ်းသွားလေ၏။

ကားတိုက်မှုဖြစ်ရာသို့လူများပြေးလာကြသည်။

သူသည်လည်း ဆရာကြီးပါသွားသောကားလေးဆီသို့ပြေးသွား လိုက်ရာ သူ့ကိုယ်သည် လျင်မြန်စွာရွေ့လျားရင်း အများထက်ဦးစွာ ရောက်သွားလေ၏။

သူက ကားထဲတွင်ညပ်ပိတ်မိနေသောဆရာကြီးကိုဆွဲထုတ်ရန် ကြိုးစားမိသေးသည်။

ထိုအခါမှပင် သူသည် အရာဝတ္ထုပစ္စည်းများကို ကိုင်တွယ်၍ မရနိုင်တော့မှန်း သိလိုက်ရပြန်လေ၏။

အခင်းဖြစ်ပွားရာနေရာသို့ ယာဉ်ထိန်းရဲများရောက်လာသည်။

ရဲလင်းထွဋ်သည် နှုတ်မှတစာစာအော်ရင်း အဖြစ်အပျက်ကို ရှင်းပြကာ အကူအညီတောင်းနေမိသည်။

''ကျွန်တော့်ဆရာကြီးကို ကယ်ပါဗျာ၊ ကျွန်တော့်ဆရာကြီးကို ကားထဲကဆွဲထုတ်ပေးကြပါ၊ ဆရာကြီးသေလို့မဖြစ်ဘူး၊ ဆရာကြီးကို ကယ်ကြပါဗျာ''

ရဲလင်းထွဋ်ပြောဆိုသောစကားများသည် အသံအဖြစ်ထွက်ပေါ် မလာပါ။ ကိုယ်ပျောက်နေသောသူ့ကို မည်သူမကမျှလည်း မမြင်။ သူပြော သောစကားတွေကိုလည်း ဘယ်သူမျှမကြား။

သူသည် သွေးရူးသွေးတန်းဖြင့် ကားအောက်တွင်ပိမိနေသော ဆရာဗန္ဓကကို ဆွဲထုတ်ဖို့ကြိုးစားပြန်သေးသည်။ သူ့လက်များက မည် သည့်အရာကိုမျှ ထိတွေ့ကိုင်တွယ်လို့မရပါပေ။

သူသည် ဆရာကြီး၏အစွမ်းဖြင့် ကိုယ်ပျောက်ခဲ့ပြီ။ ကိုယ်ပျောက် ရုံမက အသံပါပျောက်ကွယ်သွားခဲ့ပြီ။ သူ့ခန္ဓာကိုယ်ကို မည်သူကမျှ ထိတွေ့ကိုင်တွယ်လို့မရသလို သူကလည်း မည်သည့်အရာကိုမျှ ထိတွေ့ ကိုင်တွယ်လို့မရတော့ပါပေ။

သူသည် လူတစ်ယောက်အဖြစ်တော့ အသက်ရှင်ရပ်တည်လျက် ရှိသေးသည်။ အသက်ရှူလျက်ပင်ရှိသေးသည်။ သို့သော် ကိုယ်ပျောက် လူသားတစ်ယောက်ဖြစ်ခဲ့ပြီ။

သူ၏ကိုယ်ပျောက်ဘဝကို သာမန်လူအတိုင်းပြန်ဖြစ်အောင် စွမ်း ဆောင်ပေးနိုင်သူမှာ ဆရာဗန္ဓကတစ်ယောက်တည်းသာဖြစ်ပါသည်။ ဆရာဗန္ဓကသာ သေသွားခဲ့လျှင် .

''ဆရာကြီး .ဆရာကြီး .ဆရာကြီးမသေပါနဲ့ဦးဗျာ၊ ဆရာကြီး မသေပါစေနဲ့၊ ကယ်ကြပါ၊ ကယ်ကြပါ၊ ဆရာကြီးကိုကယ်ကြပါ၊ ဆရာကြီး သေလို့မဖြစ်ဘူး''

ရဲလင်းထွဋ်က အခင်းဖြစ်ပွားရာတွင် ဝိုင်းဝန်းရောက်ရှိလာ သည့်တာဝန်ရှိသူများကိုတိုင်တည်ရင်း အော်ဟစ်ပြောဆိုလိုက်သည်။

ကားတိုက်မှုဖြစ်သည့်နေရာသို့ လူနာတင်ကားတစ်စီးရောက် လာသည်။ ရဲများရောက်လာသည်။ ကြက်ခြေနီတပ်ဖွဲ့ဝင်များရောက်လာ သည်။

ရဲလင်းထွဋ်သည် ကားတိုက်မှုအတွက် အလုပ်ရှုပ်ဗျာများနေ သော တာဝန်ရှိသူများထံ လှည့်ပတ်သွားလာရင်း နှုတ်မှ တတွတ်တွတ် ဖြင့် အကူအညီတောင်းနေမိလေသည်။

သူ့ကိုဘယ်သူကမျှမမြင်ပါ။ သူပြောသည့်စကားများကို ဘယ်သူ

ကမျှမကြားပါ။

\+ + + + +

သူသည် ဆရာဗန္ဓကနှင့်ဒရိုင်ဘာကိုတင်ဆောင်သွားသည့် လူနာတင်ကားဖြင့် ဆေးရုံအထိလိုက်ပါလာခဲ့သည်။

ဆေးရုံတွင် ဆရာဗန္ဓကနှင့်ဒရိုင်ဘာအလောင်းများကို စစ်ဆေးပြီး ရင်ခွဲရုံသို့ပို့လိုက်သည်။

ရဲလင်းထွဋ်သည် ရင်ခွဲရုံထဲတွင် ဆရာ့အလောင်းဘေး၌ ဝမ်းနည်းကြေကွဲစွာဖြင့်ကျန်နေရစ်ခဲ့လေသည်။

ရင်ခွဲရုံတံခါးကိုပိတ်သွားပြီ။

မှောင်ပိန်းနေသောရင်ခွဲရုံထဲတွင် အလောင်းများနှင့်အတူ သူတစ်ယောက်တည်းသာကျန်ခဲ့လေသည်။ အသက်ရှင်လျက်ရှိနေသောသူ့ ကို မည်သူကမျှတော့ မမြင်နိုင်ပေ။

သူ ဘာဆက်လုပ်ရမည်နည်း။

ယခုအချိန်တွင် သူ ကိုယ်ပျောက်နေပြီ။

ကိုယ်ပျောက်နေ၍ သူ့ကိုဘယ်သူကမျှမမြင်နိုင်သော်လည်း သူကတော့ အားလုံးကိုမြင်နေသိနေကြားနေရပါသေးသည်။

သို့သော် သူသည် သူ့အဖြစ်ကိုလူသိအောင် အသံထွက်၍ပြောနိုင်စွမ်းမရှိတော့ပါ။ ကိုယ်ပျောက်ခြင်းနှင့်အတူ သူ့အသံသည်လည်း ပျောက်ကွယ်သွားခဲ့လေပြီ။

ပြီးတော့ သူသည် ကိုယ်ပျောက်နေသောခန္ဓာကိုယ်ဖြင့် မည်သည့်အရာကိုမျှလည်း ထိတွေ့ကိုင်တွယ်လို့မရတော့ပါ။

သူက အကူအညီရလိုရငြား ရဲများ၊ ဆရာဝန်များ၊ ဆေးရုံဝန်ထမ်းများကိုထိတွေ့ကာ သူ့အကြောင်းကိုပြောပြဖို့ကြိုးစားသေးသော် လည်း သူတို့ထိပြောဆိုသည်ကို မည်သူကမျှခံစားသိရှိခြင်းမရှိကြပေ။ သူသည် ''လေ''သဖွယ် တကယ်ရှိသော်လည်း မမြင်ရနိုင်သော အရာဝတ္ထုတစ်ခုအဖြစ်သို့ရောက်ခဲ့ရပေပြီ။

သူ ကိုယ်ပျောက်ဘဝရောက်သွားကြောင်းကို ဆရာဗန္ဓက သိရှိသွားမည်မဟုတ်ပေ။ ဆရာဗန္ဓက၏စမ်းသပ်မှုအောင်မြင်ခဲ့ကြောင်းကို သူ့ဆရာကိုယ်တိုင်သိသွားမည်မဟုတ်ပါ။

ဆရာဗန္ဓက၏စိတ်ညို့၍ကိုယ်ပျောက်အောင်စမ်းသပ်ခြင်းမှာ အောင်မြင်ခဲ့ပါပြီ။

သူကတော့ ကိုယ်ပျောက်ဘဝဖြင့် လူမသိသူမသိ တစ်ကိုယ်တည်းကျန်ရစ်ခဲ့ရပြီ။

သူ၏ကိုယ်ပျောက်အဖြစ်ကို ပြန်လည်ဖြေဆေးပေးနိုင်သူမှာ ဤကမ္ဘာပေါ်၌ ဆရာဗန္ဓကတစ်ဦးတည်းသာရှိပါသည်။

ယခု ဆရာဗန္ဓကကွယ်လွန်သွားပြီဆိုတော့ .

သူ့ကို ကိုယ်ပျောက်နေသောအဖြစ်က လွတ်ကင်းအောင် စွမ်းဆောင်ပေးမည့်သူ မရှိတော့ပါ။

သူ့ဘဝ ရှေ့ကိုဘယ်လိုဆက်ရတော့မည်နည်း။

ရဲလင်းထွဋ်သည် ဆရာဗန္ဓက၏ရုပ်ပျက်ဆင်းပျက်ဖြစ်နေသောအလောင်းကိုဖက်၍ ငိုလိုက်မိလေတော့သည်။

''ဆရာ . ဆရာ . ကျွန်တော့်ဘဝ ဘယ်လိုရှေ့ဆက်ရ တော့မှာလဲဆရာရယ်၊ ကျွန်တော်ကိုယ်ပျောက်နေတာကို ဘယ်သူက ပြန်ပြီးပေါ်အောင်လုပ်ပေးနိုင်တော့မှာလဲ၊ ကျွန်တော့်ကို ကိုယ်ပျောက်ဘဝနဲ့ဒုက္ခရောက်အောင်ထားခဲ့တာလားဆရာ၊ ကျွန်တော်ဘယ်လိုဆက်နေရမှာလဲ၊ ဘယ်လိုဆက်ရှင်သန်ရမှာလဲ၊ ကျွန်တော့်ကိုကယ်ပါဦးဆရာ၊ ကျွန်တော့်ကိုကယ်ပါဦးဆရာရယ်''

သူကကြေကြေကွဲကွဲပင် အော်ဟစ်ငိုယိုလိုက်လေသည်။

သူ့ငိုသံကို အသက်ဝိညာဉ်ကင်းမဲ့နေသော ဆရာဗန္ဓကမကြားနိုင်သလို၊ အသက်ရှိသောလူများကလည်း ကြားနိုင်မည်မဟုတ်ပါ။ ပြီးတော့ ကိုယ်ပျောက်ဘဝရောက်နေသောသူ့အဖြစ်ကိုလည်း ဘယ်သူကမျှ သိမည်မဟုတ်ပါပေ။

ရဲလင်းထွဋ်ဘဝ ဘယ်လိုရှေ့ဆက်ရပါတော့မည်လဲ။

♛ ♛ ♛ ♛ ♛

# အပိုင်း – ၃

## ( ၁ )

ကျေးငှက်ကလေးများ တေးဆိုသံကို **မြတ်လေးငုံ** ကြားနေရ သည်။ ဟိုးခပ်ဝေးဝေးစမ်းချောင်းလေးဆီမှ စမ်းရေစီးသံကိုလည်း မြတ်လေးငုံကြားနေရပါသည်။ သစ်ပင်ပေါ်က ရှဉ့်ကလေးတွေအော်မြည်သံ၊ ပြေးလွှားသံများကလည်း မြတ်လေးငုံနားထဲတွင် ရှင်သန်နေပေသည်။

မြတ်လေးငုံက ဆန်ကွဲများထည့်ထားသောဗန်းကလေးကိုကိုင် ရင်း အိမ်ထဲမှထွက်လာသည်။

မြတ်လေးငုံအိမ်ထဲမှထွက်လာသည်ကိုမြင်သည်နှင့် ခြံထဲမှ ကျေးငှက်သာရကာပေါင်းစုံ၏အော်မြည်သံများက ပွဲတင်ထပ်သွားလေတော့ သည်။

မြတ်လေးငုံက ပထမဦးစွာ ပိတောက်ပင်ကြီးအောက်သို့သွား သည်။ ဗန်းထဲမှဆန်ကွဲများကို တစ်ဆုပ်ပြီးတစ်ဆုပ် ပိတောက်ပင်အောက် တွင်ကြဲချလိုက်သည်။

စာကလေးတစ်အုပ်ပျံဝဲလာကာ မြတ်လေးငုံကြဲချလိုက်သော ဆန်ကွဲများကိုသူ့ထက်ငါဦးလုယက်ကောက်စားကြလေသည်။

မြတ်လေးငုံက လက်ပံပင်ကြီးအောက်သို့လာခဲ့ပြန်လေသည်။ ဆန်ကွဲများကို ကြဲချလိုက်သည့်အခါ လက်ပံပင်ပေါ်မှ ဆက်ရက်တစ် အုပ်သည် ဆူညံစွာပျံဝဲဆင်းချလာပြီး ဆန်ကွဲများကို အလုအယက် ကောက်စားကြပြန်လေ၏။

ထို့နောက် မြတ်လေးငုံက ခြံစည်းရိုးအစပ်အထိရောက်အောင် သွားလိုက်သည်။ ခြံစည်းရိုးဘေးရောက်မရောက်ကို ခြံစည်းရိုးကို လက်နှင့်ထိသည်အထိ စမ်းသပ်ကြည့်လိုက်လေ၏။ ခြံစည်းရိုးကိုစမ်းသပ်မိ မှပင် ဗန်းထဲတွင်ကျန်သောဆန်ကွဲများကို ခြံစည်းရိုးတလျှောက် ကြဲချလိုက်ပြန်လေသည်။

ခဏချင်းပင် ကျီးကန်းတစ်အုပ်ရောက်လာကာ ဆန်ကွဲများကို ကောက်ယူစားသောက်ကြလေ၏။

မြတ်လေးငုံ မနက်တိုင်းအစာကျွေးနေကျမို့ ကျေးငှက်တွေက လည်း သူတို့နေရာသူတို့သိနေကြကာ ကိုယ့်အုပ်စုနှင့်ကိုယ် စားသောက် နေကြခြင်းဖြစ်လေ၏။



မြတ်လေးငုံက ငှက်စာဆန်ကွဲများကုန်သွားသောဗန်းကလေးကို ကိုင်ကာ ပိတောက်ပင်ကြီးအောက်မှာ ပတ်ရိုက်ထားသည့် သစ်သားခုံ တန်းလေးတွင် ထိုင်နေလိုက်သည်။ ငှက်ကလေးများအစာစားနေသည့် အသံကို နားထောင်ရင်း ငှက်ကလေးများကိုမြင်ယောင်ကာ စိတ်ကြည် နူးနေမိလေတော့သည်။

ဒါသည်ပင် မနက်တိုင်း မြတ်လေးငုံပြုနေကျဝတ္တရား၊ မြတ် လေးငုံ၏လုပ်ရိုးလုပ်စဉ်အလုပ်ဖြစ်ပါ၏။

မြတ်လေးငုံက အိမ်နံရံတွင်ထောင်ထားသောတံမျက်စည်းကို ယူကာ ပိတောက်ပင်အောက်တွင်လှဲကျင်းနေလိုက်သည်။

မကြာခင် ခြံထဲကအလုပ်သမားတန်းလျားဆီက အိမ်ရှင်မအချို့ အိပ်ရာမှထလာသံ၊ ကလေးများကို အိပ်ရာမှနှိုးသံများကိုကြားရလေသည်။ အသံကြားရုံဖြင့် သည်မြင်ကွင်းတွေကို မြတ်လေးငုံမျက်စိထဲမှာ မြင်ယောင် နေမိပြီးဖြစ်ပါသည်။ တစ်ခြံလုံး၏လှုပ်ရှားမှုများက လွန်ခဲ့သောသုံးနှစ် အထက်ကတည်းက သည်အတိုင်းပဲမဟုတ်ပါလား။

မကြာခင်မှာ ခြံထဲကမီးသွေးဖိုတွင်အလုပ်လုပ်သည့် အလုပ် သမားများရောက်လာကြတော့မည်။

ပြီးတော့ မြတ်လေးငုံသည် မကြာမီ အိမ်ရှေ့လမ်းကလေးမှ ကျောင်းသားလေးများဖြတ်သွားသည့်အသံကိုကြားရတော့မည်ကိုလည်း သိနေသည်။ မြတ်လေးငုံတို့ခြံကြီးနှင့်မလှမ်းမကမ်းတွင် ရွာ၏တစ်ခုတည်း သောကျောင်းဖြစ်သည့် မူလတန်းကျောင်းကလေးရှိသည်မဟုတ်ပါလား။

ကျောင်းကလေးမှာ မြတ်လေးငုံငယ်စဉ်ကတက်ရောက်ခဲ့သော ကျောင်းကလေးပင်ဖြစ်ပါသည်။

မြတ်လေးငုံတို့တစ်ခြံလုံးနှင့် စမ်းကြီးအိုင်တစ်ရွာလုံးမှာ မြတ်လေးငုံငယ်စဉ်ကအတိုင်း တစ်နေ့တာကို ပုံမှန်လည်ပတ်နေမြဲသာ ဖြစ်လေသည်။

မြတ်လေးငုံသည် စမ်းကြီးအိုင်တစ်ရွာလုံး၏တစ်နေ့တာလည် ပတ်လှုပ်ရှားပုံများကို မှတ်မိမြင်ယောင်ဆဲဖြစ်ပါသည်။

စမ်းကြီးအိုင်ရွာသာမကပါ။ စမ်းကြီးအိုင်ရွာရှိသည့် မဟာမြိုင်

တောတစ်ခွင်လုံး၏ရှုခင်းမြင်ကွင်းများကိုလည်း မြင်ယောင်တွေးတောတတ်နေပါသည်။

ယခုလိုရာသီဆိုလျှင် မဟာမြိုင်တောကြီးထဲ၌ ရှိသမျှသစ်ပင်တို့သည် မြေပြင်ကိုနေပြောက်မထိုးနိုင်အောင် စိမ်းညို့ဝေဆာနေပေရော့မည်။ သစ်ပင်မြင့်ကြီးများဆီမှာလည်း သစ်ခွပန်း၊ သဇင်ပန်းများ လှိုင်လှိုင်ဝေအောင်ရှိနေပေရော့မည်။

မွေးကတည်းက မဟာမြိုင်တောတွင်းတစ်နေရာမှ စမ်းကြီးအိုင်ရွာတွင်နေလာခဲ့သောမြတ်လေးငုံသည် မဟာမြိုင်တောတစ်ခွင်၏ရာသီအလိုက်အပြောင်းအလဲများကို အလွတ်ရမှတ်မိနေဆဲဖြစ်ပါသည်။ အတွေးမျက်စိထဲမှာလည်း မြင်ယောင်ထင်ယောင်ရှိနေဆဲဖြစ်ပါသည်။

ဥသြငှက်ကလေးတွေအော်မြည်သံကြားလျှင် နွေရောက်ပြီဆို တာသိရုံမက ရွက်ဟောင်းတွေကြွေကျသံကိုပါ နားထဲမှာကြားလာရသည်။

အနောက်တောင်လေ၏ အေးမြသောအထိအတွေ့ကိုခံစားရသည်နှင့် မိုးကျတော့မယ်ဆိုတာကို သိမှတ်နိုင်ရုံမက ပျံလွှားငှက်ကလေးတွေအုပ်ဖွဲ့ပျံသန်းကာ အသိုက်ပြောင်းကြသည်ကိုလည်း မြတ်လေးငုံနားဖြင့်ကြားရတတ်ပါသည်။

သုံးနှစ်တာကာလအတွင်းမှာ အလိုအလျောက် မြတ်လေးငုံသင်ကြားတတ်မြောက်ခဲ့သည့် သဘာဝအသိများပင်ဖြစ်ပါသည်။

မြတ်လေးငုံသည် မျက်စိနှစ်ကွင်းကိုအားမကိုးပဲ အကြားအာရုံဖြင့်သာ အရာရာကိုသိရှိနားလည်နေနိုင်သည်မှာ သုံးနှစ်ကြာမြင့်ခဲ့ပေ ပြီ။

အဘယ်ကြောင့်ဆိုသော် မြတ်လေးငုံသည် အကြားအာရုံတစ်ခုတည်းကိုသာအားကိုးနေရသည့် အမြင်အာရုံချို့တဲ့နေသူတစ်ဦးဖြစ်နေ၍ပါပေ။

မြတ်လေးငုံသည် မျက်မမြင်မိန်းကလေးတစ်ယောက်ဖြစ်ပါ၏။

\+ + + + +

အမြင်အာရုံချို့တဲ့သည့်ဝေဒနာကို မြတ်လေးငုံခံစားခဲ့ရတာ သုံးနှစ်တင်းတင်းပြည့်ခဲ့ပြီ။

တကယ်တန်းကျတော့ မြတ်လေးငုံဘဝမှာ သုံးနှစ်၏ရှေ့ပိုင်းကာလကပင် မလှပခဲ့ရှာပါ။ မျက်မမြင်ဘဝမရောက်မီကလည်း မြတ်လေးငုံမှာ မိဘမဲ့ဘဝဖြင့် ရှင်သန်ခဲ့ရသောမိန်းမငယ်တစ်ယောက်ဖြစ်လေသည်။

ဖခင်ဖြစ်သူဦးအောင်မောင်းကွယ်လွန်ချိန်မှစ၍ မြတ်လေးငုံ၏မလှပသောဘဝအစပြုခဲ့ရလေသည်။

မြတ်လေးငုံ၏ဖခင်ဦးအောင်မောင်းမှာ ရိုးမတောတစ်ခွင်တွင်ကျော်ကြားလှသော မုဆိုးကြီးတစ်ဦးဖြစ်ခဲ့ပါ၏။ ဦးအောင်မောင်းခေတ်ကောင်းစဉ်ကာလက မုဆိုးအဖြစ် ကောင်းကောင်းကြီးအသက်မွေးဝမ်းကျောင်းခွင့်ရခဲ့ပေသည်။ အိမ်တွင် ဦးအောင်မောင်းတောထဲမှပစ်လာသောတောကောင်များ၏ အရေခွံများ၊ အရိုးခေါင်းများဖြင့်ပြည့်နှက်နေသည်ဟုဆိုသည်။ မြို့အရပ်မှအလိုရှိသော ရှားပါးသည့်တိရစ္ဆာန်အရိုးအရေများ၊ အဆီများကို မြို့အရပ်ကနေ ဦးအောင်မောင်းဆီတကူးတကလှမ်းမှာရသည်တဲ့။

ဒါတွေက မြတ်လေးငုံလူမှန်းမသိတတ်ခင်ကအဖြစ်တွေမို့ ကြီးတော်ကြီးပြောပြသလောက် မြတ်လေးငုံသိရခြင်းဖြစ်သည်။

မြတ်လေးငုံအဖေဦးအောင်မောင်းသည် တစ်သက်လုံး မုဆိုးအဖြစ်အသက်မွေးခဲ့ပေသည်။ သို့သော် ''မြွေအလမ္မာယ်ဆရာ မြွေနှင့်သေရသည်''ဆိုသလို ဦးအောင်မောင်းသည် တောပစ်ထွက်ရင်း ကျားတစ်ကောင်၏လက်ချက်ဖြင့် အသက်စွန့်ခဲ့ရပေသည်။

တကယ်တော့ ဦးအောင်မောင်း ညံ့ဖျင်းသဖြင့် ကျားစာဖြစ်ရခြင်းမဟုတ်ပါ။ ထိုအခေါက်က မြို့မှလာသောအပျော်တမ်းတောပစ်အဖွဲ့ကိုလမ်းပြအဖြစ်လိုက်ပို့ရင်း မြို့သားအပျော်တမ်းမုဆိုးကို ဝင်ရောက်ကယ်တင်ရာမှ ဦးအောင်မောင်းကိုယ်တိုင် ကျားစာဖြစ်ခဲ့ရခြင်းပင်ဖြစ်ပါ သည်။

မြို့မှ အပျော်တမ်းတောပစ်လိုသောအဖွဲ့များ ရွာကိုမကြာခဏရောက်လာတတ်သည်။ သည်နယ်တဝိုက်တွင် နှံ့စပ်ကျွမ်းကျင်သည့် ဦးအောင်မောင်းသည် ညော့သည်မုဆိုးများအတွက် လမ်းပြဖြစ်ခဲ့လေသည်။ ညော့သည်မုဆိုးများက ဦးအောင်မောင်းကို အခကြေးငွေကောင်းကောင်းပေးကာ ငှားရမ်းတတ်သည်။ ဦးအောင်မောင်းကလည်း အပျော်တမ်းတောပစ်လိုသူများကို မည်သည့်သားကောင်မျိုးပစ်လိုသည်ကို မေးမြန်း ကာ တောကောင်အလိုက်ကျက်စားတတ်သည့်နေရာများသို့ လိုက်လံပို့ဆောင်ပေးတတ်၏။ မကျွမ်းကျင်သော ခေတ္တမုဆိုးဘွဲ့ခံသူများကို တောပစ်နည်းလည်း သင်ပြပေးတတ်၏။

တောကောင်တွေ့လျှင် သူကမပစ်ပဲ ညော့သည်ကိုဦးစားပေး၍

ပစ်ခိုင်းတတ်သည်။ ဦးအောင်မောင်းမှာ ညော့်ဝတ်ကျေပွန်သောမုဆိုး လမ်းပြတစ်ယောက်ဖြစ်လေသည်။

ထိုအခါက်ကတော့ ကျားကိုမှပစ်ချင်သည်ဆိုသော မြို့သား မုဆိုးလက်သင်များကို ကျားရှိသောတောနက်သို့လိုက်ပို့ခဲ့ရာ ကျားကိုလည်းတွေ့ရသည်။ ပစ်ခွင့်လည်းကြုံခဲ့သည်။ ကျားသေကိုလည်း ရွာအထိအပါသယ်လာနိုင်ခဲ့ပါသည်။

သို့သော် ဦးအောင်မောင်းကတော့ ရွာကိုပြန်ပါမလာတော့ပါ။

မုဆိုးပါးမဝသောမြို့သားသည် ကျားကိုသေနတ်ဖြင့်ပစ်ခတ်သော်လည်း အန္တရာယ်ကို ဘယ်လိုရှောင်တိမ်းရမည်ကို မသိရှာပါ။ လေညာအရပ်မှနေ၍ ကျားကိုပစ်မိသည်ကပင် အမှားဖြစ်ခဲ့သည်။ ကျားသည် လူနံ့ရကာ သူ့ကိုပစ်သောလူကို ရန်မူရန်လှည့်လာတော့သည်။ ကျားကိုချက်ကောင်းလည်း မပစ်မိချေ။ ကျားနှင့်ရင်ဆိုင်တိုး၍ ဘာလုပ်ရမှန်းမသိဖြစ်နေသောမြို့သားမုဆိုးကို ဦးအောင်မောင်းကဝင်လုံးကာ ကမူအောက်သို့တွန်းချလိုက်သည်။ သူကကျားကိုပစ်ဖို့ဟန်ပြင်သည်။ သို့သော် မြို့သားကိုကယ်တင်နေချိန်တွင် ကျားသည်အနားရောက်လာကာ ဦးအောင်မောင်းကိုရန်မူလိုက်တော့သည်။ ဦးအောင်မောင်းအဖို့ သေနတ်မောင်းတင်ချိန်ပင်မရလိုက်တော့ချေ။

♛♛♛♛♛

( ၂ )

ထိုအဖြစ်အပျက်များဖြစ်ပျက်စဉ်က မြတ်လေးငုံအသက်သုံးနှစ်ပဲရှိသေးသည်။ ဒေါ်ကြီးပြန်ပြောပြ၍သာ သိရခြင်းဖြစ်ပါသည်။ မြတ်လေးငုံ အဖေ့ကိုမမှတ်မိတော့ပါ။

"အဲဒီတုန်းက မြို့ကလာတဲ့မုဆိုးတွေက တောင်းပန်လိုက်တာ လေ၊ သူတို့ကြောင့်ဖြစ်ရတာပါဆိုပြီး လျော်ကြေးတွေလည်း ပေးသွားရှာ တယ်၊ မောင်အောင်မောင်းအသက်ကယ်ပေးခဲ့တဲ့သူငယ်လေးဟာဆိုရင် ငိုတောင်ငိုရှာတယ်၊ နင့်အမေမယဉ်ကြည်ကိုလည်း တောင်းပန်လိုက်တာ၊ မယဉ်ကြည်ကတော့ ဖြစ်ပြီးမှစိတ်မကောင်းဖြစ်ရုံကလွဲပြီး အပြစ်မဆိုရှာပါဘူး၊ လူကလည်း မိန်းမအေးမဟုတ်လား"

မြတ်လေးငုံ၏မိခင်ဒေါ်ယဉ်ကြည်မှာ ဤအကြောင်းများကိုပြော



ပြနေသည့်ဒေါ်ကြီးဒေါ်ဆယ်မိ၏ညီမအရင်းဖြစ်ပါသည်။

"မှတ်မိသေးတယ်၊ နင့်အဖေအသက်ကယ်ပေးခဲ့တဲ့မြို့သားမုဆိုးလေးနာမည်က **မောင်စောနောင်**တဲ့၊ သူလည်းတော်တော်နောင်တရသွားရှာတယ်၊ သူတို့တောထဲကိုမဝင်ခင် ရသေ့ကြီးကိုတွေ့သေးတာတဲ့"

ရသေ့ကြီးဆိုသည်မှာ ရိုးမတောင်ကြောတစ်ခုလုံးရှိရွာစဉ်ကကိုးကွယ်ကြသော သူတော်စင်ရသေ့ကြီးဖြစ်ပါသည်။ ရသေ့ကြီးသည် တောထဲတွင်တောရဆောက်တည်ရင်း တရားအားထုတ်နေသူဖြစ်သည်။ ရှေးက ဘိုးဘေးဘီဘင်များအပြောအရ ရသေ့ကြီးသည် သူတို့ငယ်စဉ် ကပင် တောထဲ၌ရှိခဲ့သည်။ တောထဲတွင်လှည့်လည်သီတင်းသုံးနေသည်ဟုဆိုခဲ့လေသည်။

ထိုစကားကိုထောက်လျှင် ရသေ့ကြီးအသက်မှာ တစ်ရာကျော်ပြီဟုမှန်းဆရမလိုဖြစ်နေသည်။ တစ်ရာမက ၁၅၀ခန့်ပင်ရှိလောက်ပါပြီ။ သို့သော် ရသေ့ကြီးကိုဖူးတွေ့ရသည့်အခါတိုင်း သည်ရုပ်သည်ရေသည်အရွယ်အတိုင်းပင်တွေ့ရတတ်ပေ၏။

ရသေ့ကြီးသည် နှစ်စဉ် **သီတင်းကျွတ်လဆန်းတစ်ရက်နေ့ တိုင်း** စမ်းကြီးအိုင်ရွာသို့ရောက်လာတတ်၏။ ဆွမ်းခံရန်လာရောက်ခြင်းဖြစ်လေသည်။ ရသေ့ကြီးကိုယ်တိုင်ဆွမ်းခံထွက်ချိန်မှလွဲ၍ ရသေ့ကြီးကိုမတွေ့ရတတ်ပေ။

တစ်ခါတစ်ရံတွင် ရသေ့ကြီးသည် မမျှော်လင့်ပဲ ရွာတစ်ရွာသို့ရုတ်တရက်ရောက်လာတတ်ကာ သဘာဝဘေးအန္တရာယ်များကို သတိပေးတတ်လေသည်။ မုန်တိုင်းကျတော့မည်၊ မိုးသည်းထန်တော့မည်၊ တောင်ပြိုတော့မည် စသည့်သတိပေးချက်များကို မဖြစ်မီတစ်ရက်ကြိုတင်၍လာရောက်သတိပေးတတ်သည်။ လိုအပ်လျှင် ရွာမှထွက်ခွာရန်၊ ရှောင်တိမ်းရန်တို့ကို သတိပေးတတ်သည်။ ရသေ့ကြီးသတိပေးသည့်အတိုင်း လည်း သဘာဝဘေးအန္တရာယ်များသည် ကျရောက်လာတတ်ပါ၏။

ထိုဖြစ်ရပ်များကြောင့် မဟာမြိုင်တောဝန်းကျင်မှ ရွာသူရွာသားများသည် ကြည်ညိုစိတ်ဖြစ်ပြီး ရသေ့ကြီးကိုလှူတန်းရန်နှင့် ရသေ့ကြီးထံမှဩဝါဒများခံယူရန် ရသေ့ကြီးသီတင်းသုံးရာကျောင်းသင်္ခမ်းကို ရှာဖွေကြသည့်အခါ မည်သို့မျှရှာလို့မတွေ့ကြပြန်ပေ။

ကံကောင်းထောက်မသူတစ်ဦးတစ်လေသာ ရသေ့ကြီး၏

ကျောင်းသင်္ချိုင်းရှိရာသို့မျက်စိလည်လမ်းမှားကာ ရောက်ရှိသွားတတ်ပေသည်။ ထိုအခါများတွင် ရသေ့ကြီးက ထိုသူကို ရွာအပြန်လမ်းအား လမ်းညွှန်ပြသပေးလိုက်ရာ ရွာကိုချောချောမောမောပြန်ရောက်လာတတ်ပေ၏။ ထိုသူကပင် ရသေ့ကြီး၏ကျောင်းသင်္ချိုင်းရှိရာကိုမှတ်သားကာ ပြန်လည်ရှာဖွေသည့်အခါတွင်မူကား မည်သို့ရှာရှာမတွေ့ရပြန်တော့ပေ။

ထို့ကြောင့် ရွာသူရွာသားများသည် ရသေ့ကြီးအားလှူတန်းလိုသော်လည်း ရသေ့ကြီးကိုယ်တိုင် ရွာစဉ်လှည့်ဆွမ်းခံသည့်အခါမှသာ ဖူးတွေ့လှူတန်းနိုင်ကြပေ၏။

ရသေ့ကြီးကား နှစ်ပေါင်းများစွာကြာကတည်းကပင် ရိုးမတောခြေတပိုက်၌ရှိနေခဲ့သည်။ တစ်နှစ်တစ်ခါရွာစဉ်လှည့်ဆွမ်းခံမှသာ ရသေ့ကြီးကိုဖူးတွေ့ရသည်။ ဘေးအန္တရာယ်ဆိုးများကျရောက်မည့်အခါများတွင်တော့ ရသေ့ကြီးသည် ဘွားကနဲပေါ်လာကာ သတိပေးတတ်ပြန်၏။

စကားအပိုမပြောပဲ လိုအပ်သည်ကိုသာမိန့်ကြားတတ်ခြင်း ကြောင့် ရသေ့ကြီး၏ဘွဲ့အမည်မှာ ဦးဂမ္ဘီဟုသိရလေသည်။

ကြာတော့ ရွာသူရွာသားများသည် ထူးဆန်းသောရသေ့ကြီးကို ပုထုဇဉ်လူသားစစ်စစ်ဟု မထင်မှတ်ကြတော့ပေ။ တောစောင့်နတ် တောင်စောင့်နတ်တစ်ပါးက ရသေ့ယောင်ဆောင်ကာ နယ်တစ်ကြောတွင် ကာကွယ်စောင့်ရှောက်မှုပေးနေသည်ဟု ယုံကြည်လျှက်ရှိကြပေတော့သည်။

တောလိုက်ခရီးအသွားလမ်းတွင် ရသေ့ကြီးနှင့်ဆုံဆည်းခဲ့သေးကြောင်း ဧည့်သည်များကပြန်ပြောပြသည့်အခါ ရွာသားများအံ့သြသွားကြသည်။

“ရသေ့ကြီးကိုတွေ့ခဲ့ရတယ်၊ ဟုတ်စ၊ ဘယ်လိုတွေ့တာတုံး၊ ပြောပြပါဦး၊ ဒီရသေ့ကြီးဟာ ထူးခြားတဲ့သူတော်စင်ကြီးဖြစ်တယ်၊ မမျှော်လင့်ပဲဖူးတွေ့ရတာဟာ အလွန်ကံကောင်းတာပဲ၊ ဒါနဲ့များ မောင်အောင်မောင်းဟာ ဘာကြောင့် ကြမ္မာဆိုးနဲ့တိုးရပါလိမ့်မလဲ”

ဒေါ်ဆယ်မိယောကျာ်းဦးစံမြင့်က ရသေ့ကြီးအကြောင်းကို အသေးစိတ်ပြောပြလိုက်လေသည်။

ဧည့်သည်သုံးဦးသည် တစ်ယောက်မျက်နှာတစ်ယောက်ကြည့် ကာ တွေဝေငေးမောနေကြသည်။

“ဒါဖြင့် ရသေ့ကြီးတောင်ကုန်းပေါ်မှာ ကျွန်တော်တို့ကိုရပ်စောင့်နေတာ အန္တရာယ်ကိုကြိုသိလို့ သတိပေးတာဖြစ်မှာပေါ့နော်”

ဦးအောင်မောင်းကယ်တင်လိုက်သောကြောင့် အသက်ဘေးမှ လွတ်လာသူကိုစောနောင်က ပြောလိုက်သည်။

“ဟင် .ရသေ့ကြီးက ခင်ဗျားတို့ကိုကြိုပြီးသတိပေးခဲ့ တယ်ပေါ့”

“ဟုတ်ပါတယ်အစ်ကိုကြီး၊ ကျွန်တော်တို့ကရသေ့ကြီးအကြောင်းကိုသိမထားတော့ ရသေ့ကြီးသတိပေးစကားကို တန်ဖိုးမထားမိပါဘူး၊ ကျွန်တော်တို့ ဒီကထွက်သွားပြီး ကျားရှိတယ်ဆိုတဲ့တောနက်ထဲအရောက်မှာ တောထဲမဝင်ခင် ရသေ့ကြီးတစ်ပါးကို တောင်ကုန်းမှာရပ်နေတာ တွေ့ရပါတယ်၊ ရသေ့ကြီးကိုမြင်တာနဲ့ အစ်ကိုကြီးကိုအောင်မောင်းဟာ ရသေ့ကြီးကိုဖူးတွေ့ရတာ ထူးခြားတဲ့အကြောင်း ကျွန်တော်တို့ဖက်ကို လှည့်ပြောလိုက်ပါတယ်၊ ပြီးတော့ ရသေ့ကြီးကိုသွားပြီးဦးချပါတယ်၊ ကျွန်တော်တို့လည်း ကိုအောင်မောင်းကန်တော့သလို ရသေ့ကြီးကို ကန်တော့လိုက်ကြပါတယ်”

“ရသေ့ကြီးက စကားတစ်ခွန်းပဲပြောလိုက်ပါတယ်၊ အစ်ကိုကြီးကိုအောင်မောင်းကို ရည်ရွယ်ပြီးပြောလိုက်တာပါ၊ မောင်ရင်တဲ့ . မောင်ရင်ဟာ စမ်းကြီးအိုင်ရွာက ရွာသားမဟုတ်လားတဲ့၊ တောထဲကို ကျားပစ်ဖို့လာတာဆိုရင် ဒီနေရာကလှည့်ပြန်ပါတဲ့၊ မပြန်ရင် ရွာအပြန် မှာ လူလေးယောက်လာတာ သုံးယောက်ပဲပြန်ခွင့်ရလိမ့်မယ်တဲ့”

“အို .”

“ဟင် .ဒါနဲ့များ မောင်အောင်မောင်းက ရသေ့ကြီးမိန့်ကြားတဲ့အတိုင်းလှည့်မပြန်ခဲ့ဘူးလားကွယ်”

“ရသေ့ကြီးက အဲဒီစကားတစ်ခွန်းပဲမိန့်ပြီး တောထဲကိုလှည့်ထွက်သွားလိုက်တာ ခဏလေးနဲ့ပျောက်သွားပါတယ်၊ ကိုအောင်မောင်း က ရသေ့ကြီးမိန့်တဲ့စကားဟာ မှန်တတ်တဲ့အကြောင်းပြောပြီး ကျွန်တော် တို့ကို တောထဲဆက်မသွားဖို့ အကြံပေးခဲ့ပါသေးတယ်၊ ဒါပေမယ့် .”

ကိုစောနောင်တို့သုံးယောက်မှာ ရသေ့ကြီးစကားများကိုမယုံကြည်ခဲ့ချေ။ ရသေ့ကြီးအကြောင်းကိုလည်း မကြားဖူး၊ ကြိုတင်နိမိတ်ဖတ်ပြောကြားသည့်စကားများကိုလည်း ခေတ်လူငယ်များပီပီ အယုံအကြည်မရှိခဲ့ပေ။

ကိုအောင်မောင်းက တောထဲဆက်မသွားစေချင်သော်လည်း သူ့မှာ

ငွေကြေးဖြင့်ငှားရမ်းခံထားရသူဖြစ်၍ ငှားထားသူများ၏ဆန္ဒကို လွန်ဆန်ဖို့ခက်နေလေသည်။

''ကျွန်တော်တို့နယ်မှာတော့ ရသေ့ကြီးရဲ့စကားများကို မြေဝယ်မကျယုံကြည်ကြပါတယ်ခင်ဗျာ၊ သို့သော် ကိုယ့်ဆရာတို့က ကျားပစ်ရမှကြေနပ်မယ်ဆိုရင်လည်း ကျွန်တော်လိုက်ပို့ရုံပါပဲ၊ တကယ်လို့များ ရသေ့ကြီးမိန့်ခဲ့သလို အန္တရာယ်နဲ့ကြုံခဲ့ပြီး အပြန်မှာ တစ်ယောက်ယောက် တောထဲမှာကျန်နေရစ်မယ်ဆိုရင် ကျွန်တော့်ကိုအပြစ်မဆိုပါနဲ့ဗျာ၊ ကျွန်တော့်တာဝန်ကျေအောင် ကျွန်တော်လိုက်ပို့ပေးပါ့မယ်''

''အစ်ကိုကြီးကိုအောင်မောင်းဟာ သူ့တာဝန်ကျေအောင် ကျွန်တော်တို့ကို တောထဲထိပို့ပေးခဲ့ပါတယ်၊ သားကောင်ကိုလည်း ရှာပေးခဲ့ပါတယ်၊ နောက်ဆုံး ကျွန်တော့်အပေါ်မှာရန်မူလာတဲ့ တောကောင်ရဲ့ အန္တရာယ်ကနေ အသက်စွန့်ပြီးကယ်ပေးခဲ့ပါတယ်ဗျာ၊ ကျွန်တော့်မှာ ကိုအောင်မောင်းပေးခဲ့တဲ့အသက်ပဲရှိပါတော့တယ်၊ ကိုအောင်မောင်းဆန္ဒအတိုင်း ရသေ့ကြီးစကားကိုမနာခံမိတာ ကျွန်တော်တို့အမှားပါ၊ ကျွန်တော်တောင်းပန်ပါတယ်''

ကိုစောနောင်ဆိုသူက မျက်ရည်များစီးကျရင်းတောင်းပန်ရှာပေသည်။

နောက်ဆုံးတော့ သူ့ကိုအသက်ကယ်တင်ခဲ့သည့်အတွက်ရော၊ လမ်းပြအဖြစ်ဆောင်ရွက်စဉ်အသက်သေဆုံးသည့်အတွက်ပါ လျော်ကြေးအဖြစ် ငွေအတော်များများ ပေးလျော်သွားခဲ့ပါသည်။

ထိုအချိန်မှစ၍ မြတ်လေးငုံသည် အဖမဲ့ဘဝဖြင့်ကြီးပြင်းခဲ့ရခြင်းဖြစ်တော့သည်။ ဖခင်ဖြစ်သူ မုဆိုးကြီးဦးအောင်မောင်းကွယ်လွန်ချိန်တွင် မြတ်လေးငုံအသက်က သုံးနှစ်ပဲရှိပါသေးသည်။

ဖခင်ဆုံးပြီးနောက် မြတ်လေးငုံနှင့်မိခင်ဒေါ်ယဉ်ကြည်တို့မှာ ဒေါ်ယဉ်ကြည့်အစ်မကြီး ဒေါ်ဆယ်မိတို့လင်မယားထံတွင် မှီခိုနေခဲ့ရပေ သည်။ ဒေါ်ဆယ်မိနှင့်ခင်ပွန်းဦးစံမြင့်တို့က သားသမီးမမွေးဖွား၍ မြတ် လေးငုံလေးကို သမီးရင်းပမာချစ်ခင်ခဲ့ခြင်းသည်ပင် မြတ်လေးငုံအတွက် ကံကောင်းခြင်းဖြစ်ခဲ့တော့သည်။

အဘယ်ကြောင့်ဆိုသော် မြတ်လေးငုံမိခင်ဒေါ်ယဉ်ကြည်သည် လင်သားဆုံးပါးပြီး သုံးနှစ်ခန့်အကြာမှာပင် ငှက်ဖျားရောဂါဖြင့်ကွယ်လွန်သွားခြင်းကြောင့်ဖြစ်ပါသည်။

မိခင်ကွယ်လွန်တော့ မြတ်လေးငုံအသက်ခြောက်နှစ်။

မြတ်လေးငုံသည် ကြီးတော်လင်မယားကိုပင် မိခင်ဖခင်လုပ်၍ ကြီးပြင်းနေထိုင်ခဲ့ရလေသည်။

♛♛♛♛♛

## ( ၃ )

ဦးစံမြင့်နှင့်ဒေါ်ဆယ်မိမှာ ရွာတွင် မီးသွေးလုပ်ငန်းလုပ်ကိုင်ကြသည်။ ချောင်ချောင်လည်လည်ရှိကြသည်။ သုံးကေကျယ်ဝန်းသောခြံကျယ်ကြီးထဲတွင် နှစ်ထပ်ပျဉ်ထောင်အိမ်ကြီးဆောက်ထားပြီးနေသည်။ မီးသွေးလုပ်ငန်းကိုလည်း ခြံထဲမှာပင်လုပ်ပါသည်။

ခြံထဲ၌ မီးသွေးဖိုအလုပ်သမားမိသားစုများ၏တဲကလေးများလည်းရှိသည်။

မြတ်လေးငုံသည် ကြီးတော်နှင့်ဦးကြီး၏အရိပ်အာဝါသအောက် တွင် လုံခြုံနွေးထွေးစွာပင်ကြီးပြင်းခဲ့ရပါ၏။

ရွာတွင် မူလတန်းကျောင်းသာရှိ၍ လေးတန်းအောင်ပြီးနောက် လေးမိုင်ဝေးသောရွာကြီးမှာ အလယ်တန်းကျောင်းဆက်တက်ရသည်။ ခုနစ်တန်းအောင်သည့်နှစ်တွင် ဒေါ်ဆယ်မိက မြတ်လေးငုံကိုကျောင်းဆက်မထားပဲ ကျောင်းထုတ်ပစ်လိုက်လေ၏။

ဒေါ်ဆယ်မိသဘောထားက မိန်းကလေးတစ်ယောက်အဖို့ ခုနစ်တန်းအောင်ပညာလောက်တတ်လျှင် သူတို့ရွာလိုနေရာမှာလုံလောက်ပြီလို့တွက်သည်။ သူတို့ရဲ့မီးသွေးဖိုလုပ်ငန်းကြီးကို တစ်ချိန်တွင် မြတ်လေးငုံသာဦးဆောင်ရမည်မဟုတ်ပါလား။ မီးသွေးလုပ်ငန်းနှင့်ပတ်သက်သည့်စာရင်းအင်းလောက်ကို တွက်တတ်ချက်တတ်လျှင်တော်ပြီပေါ့။

ဒေါ်ဆယ်မိအဖို့ တူမလေးကို ဝေးလံသောမြို့ကျောင်းအထိ ခွဲပြီးဆက်မထားလိုပေ။

သည်လိုနှင့် အသက်ဆယ့်သုံးနှစ် ခုနစ်တန်းအောင်ချိန်မှာပင် မြတ်လေးငုံ ကျောင်းပညာရေးနှင့်ခွဲခွာခဲ့ရပေ၏။ ကြီးတော်ကြီး၏ မီးသွေးဖိုလုပ်ငန်းမှာ ဝင်ကူခဲ့လေသည်။

ဝင်ကူသည်ဆိုရာမှာ ကြမ်းတမ်းသောအလုပ်များကိုလုပ်ရခြင်း မဟုတ်။ အလုပ်သမားများအတွက် လုပ်ခတွက်ချက်ပေးရခြင်း၊ ထုတ်ပေးရခြင်း၊ မြို့သို့ပို့သည့်မီးသွေးများကို စာရင်းဇယားစံနစ်တကျဖြစ်အောင်စီမံပေးရခြင်းမျိုးသာဖြစ်သည်။

မြတ်လေးငုံသည် စမ်းကြီးအိုင်ရွာမှာ လုံခြုံနွေးထွေးစွာပင် မပူမပင်မကြောင့်မကျနေထိုင်ခဲ့ရပါ၏။

မြတ်လေးငုံအတွက် ကံကြမ္မာဆိုးရောက်ရှိလာခြင်းမှာ လွန်ခဲ့သည့်သုံးနှစ်၊ သူမအသက်၁၅နှစ်အရွယ်တွင်ဖြစ်လေသည်။

\+ + + + +

မီးသွေးဖိုလုပ်ငန်းအတွက် လိုအပ်သောထင်းများကို တောထဲမှရှာဖွေခုတ်ယူရပါသည်။ အစိုးရသစ်တောကြိုးဝိုင်းနှင့်ကင်းလွတ်သောလုပ်ပိုင်ခွင့်ပြုထားသည့်တောထဲမှသစ်ပင်များကိုသာ အကန့်အသတ်ဖြင့်ခုတ်လှဲခွင့်ရခြင်းဖြစ်သည်။

ဦးစံမြင့်နှင့်ဒေါ်ဆယ်မိတို့သည် တရားဝင်လုပ်ပိုင်ခွင့်ရသည် ထက်ပို၍အခွင့်အရေးယူခြင်းမျိုးမရှိချေ။ မိမိတို့လုပ်ပိုင်ခွင့်ရှိသည့် အကွက်ထဲမှသစ်ပင်များကိုသာ တနိုင်တပိုင်ခုတ်ယူပြီး မီးသွေးဖုတ်ရောင်းချအသက်မွေးခဲ့သည်။

ထိုနေ့က တောသိပ်မနက်သောနေရာမှ အလိုလိုလဲကျနေသောသစ်ပုပ်ပင်ကြီးကို နှစ်ပိုင်းခုတ်ဖြတ်ကာသယ်ခဲ့ကြသည်။ သစ်ပင်ကြီးကကြီးလွန်း၍ တစ်နေ့တစ်ပိုင်းသယ်ရသည်။ ကျွဲများဖြင့်ခက်ခဲစွာဆွဲယူ၍သယ်ခဲ့ရခြင်းဖြစ်သည်။

သစ်ပုပ်ပင်ကြီးကို အလုပ်သမားများ၊ ကျွဲများဖြင့် နှစ်ရက်သယ်ယူခဲ့ပြီးနောက်တစ်နေ့တွင် မီးသွေးဖုတ်ရန်ပြင်ဆင်ကြပါသည်။

နံနက်ဦးအချိန် မနက်ရနာရီခန့်ဖြစ်ပါသည်။

ဦးစွာ သစ်ပင်ကြီး၏အရင်းပိုင်းကို မီးသွေးဖိုထဲထည့်ကာ မီးမြှိုက်ကြသည်။

လုပ်နေကျအလုပ်ပင်ဖြစ်သည်။ ပင်ပန်းသော်လည်း ကျွမ်းကျင်ပြီးသားအလုပ်ဖြစ်၍ အလုပ်သမားများအတွက် ဘာမျှမခက်ခဲပါ။

အလုပ်သမားကြီးလေးယောက်က မီးသွေးဖိုထဲတွင် အလုပ်လုပ်နေသည်။ မီးသွေးဖိုနှင့်နီးသောတဲအိမ်နှစ်လုံးမှ အိမ်ရှင်မများက တဲရှေ့တွင် ထမင်းအိုးတည်နေကြသည်။ ခြံထဲမှကလေးသုံးဦးက မီးသွေးဖိုနှင့်သိပ်မလှမ်းသောသစ်ချပင်ကြီးအောက်တွင် ဖယ်ခုတ်တမ်းကစားနေကြ၏။

ဦးစံမြင့်နှင့်ဒေါ်ဆယ်မိက သူတို့၏နှစ်ထပ်ပျဉ်ထောင်အိမ်ကြီးထဲတွင်ရှိနေပါသည်။ ဦးစံမြင့်က ဒေါ်ဆယ်မိကြော်ပေးသောထမင်းကြော်ကို စားရင်း ရေနွေးကြမ်းသောက်နေသည်။ ဒေါ်ဆယ်မိက မနက်စာချက်ပြုတ်ရန်ပြင်ဆင်နေပါ၏။

ထိုအချိန်တွင် မြတ်လေးငုံသည် မီးသွေးဖိုနှင့်ကိုက်ငါးဆယ်ခန့်ကွာသော ပိတောက်ပင်ကြီးအောက်တွင်ရောက်နေသည်။ ပိတောက်ပင်ကိုပတ်ဝိုင်း၍ သစ်သားဖြင့်ကွပ်ပျစ်ကလေးတစ်ခုရိုက်ထားသည်။ ထိုနေရာမှာ ဦးစံမြင့်အလုပ်လုပ်သည့်နေရာဖြစ်သည်။ ကွပ်ပျစ်ကလေးပေါ်တွင်ခုံပုလေးတစ်လုံးချထားသည်။ ဦးစံမြင့် စာရင်းဇယားများပြုလုပ်ရာတွင်ပိတောက်ပင်အောက်၌ အေးအေးဆေးဆေးပြုလုပ်နေကျဖြစ်သည်။ ထိုနေရာလေးက တစ်ခြံလုံးကိုလည်းမြင်နေရသည်။ အလုပ်သမားများကိုလည်းမြင်နေရသည်။ မီးသွေးဖိုနှင့်လည်း မလှမ်းမကမ်းမို့ လုပ်ငန်းကိုလှမ်းပြီးကြီးကြပ်နိုင်သည်။

ထိုမနက်က မြတ်လေးငုံသည် ဦးစံမြင့်အလုပ်လုပ်သည့်နေရာတွင်ထိုင်ရင်း မြို့သို့ပို့ရမည့်မီးသွေးအိတ်များကိုစာရင်းလုပ်နေခဲ့ပါသည်။ မြို့မှဖောက်သည်ဆိုင်များကိုပေးပို့ရမည့်မီးသွေးအိတ်အရေအတွက်ကိုဖောက်သည်တစ်ဦးချင်းအတွက်ပြုလုပ်ပေးနေခြင်းဖြစ်သည်။ မြို့သို့မီးသွေးပို့ရာတွင် နွားလှည်းငှား၍ပို့ရပါသည်။ ဘယ်ဆိုင်ကိုဘယ်နှအိတ်ပို့ရမယ်ဆိုတာ လှည်းသမားများကိုပေးလိုက်နိုင်ရန် အချိန်မီစာရင်းလုပ်နေခြင်းဖြစ်သည်။

တစ်ခြံလုံးမှာ ဆော့ကစားနေသောကလေးများအသံမှလွဲ၍ တိတ်ဆိတ်နေလေသည်။ ပိတောက်ပင်ကြီးအောက်မှာ ချကျွေးထားသည့်ဆန်ကွဲများကို စာကလေးတစ်အုပ်က စားလျှက်ရှိသည်။ ပိတောက်ပင်ပေါ်တွင် ရှဉ့်ကလေးများပြေးလွှားနေသည်။

တစ်ခြံလုံးမှာ နေ့စဉ်ရှိနေကျအနေအထားအတိုင်းပင် ရှိနေ၏။

ထိုစဉ် ▬မီးသွေးဖိုဆီမှ ကျယ်လောင်သောအသံကြီးကို ရုတ်တရက်ကြားလိုက်ရခြင်းနှင့်အတူ ▬

\+ + + + +

“အုန်း–”ကနဲပေါက်ကွဲသံကြီးက ကျယ်လောင်စွာထွက်ပေါ်လာသည်။

မီးသွေးဖိုအတွင်းမှ မီးခိုးလုံးကြီးအူတက်လာပြီး ချက်ချင်းမှာ ပင်မီးသွေးဖိုကိုမီးစွဲသွားလေသည်။

ပေါက်ကွဲသံနှင့်အတူ မီးသွေးဖိုမှ သစ်သားအပိုင်းအစများ၊ အမိုးအပိုင်းအစများ လွင့်စင်ထွက်ကုန်သည်။ မီးတောက်ကြီးတစ်ခုလုံး က မီးသွေးဖိုကိုဝါးမြိုပစ်လိုက်ကာ မီးသွေးဖိုမှ ပေါက်ကွဲလွင့်စင်လာသော အပိုင်းအစများကလည်း ပတ်ဝန်းကျင်အနှံ့ကိုထိမှန်ကုန်လေသည်။

ထမင်းချက်နေသောမိန်းမနှစ်ယောက်၏ အထိတ်တလန့်အော် သံ၊ ဆော့ကစားနေသောကလေးများထဲမှ ငိုယိုလိုက်သံများကို ခဏသာ ကြားလိုက်ရသည်။

မြတ်လေးငုံသည် ပေါက်ကွဲသံကြားကြားချင်း မီးသွေးဖိုရှိရာဖက်သို့လှည့်ကြည့်လိုက်လေသည်။ မီးသွေးဖိုမီးလောင်နေတာကိုမြင်လိုက်ရသည်။ မီးသွေးဖိုဆီမှလွင့်စင်ထွက်လာသောအပိုင်းအစများနှင့်အတူ လင်းလက်သောအရောင်တစ်ခုက သူမ၏မျက်လုံးကိုစူးသွားစေသည်။ ချက်ချင်းမှာပင် မျက်လုံးနှစ်ဖက်ဆီသို့ မည်သည့်အရာမှန်းမသိထိမှန် ကာ မျက်လုံးများကျိန်းစပ်သွားလေသည်။

မြတ်လေးငုံစူးစူးဝါးဝါးအော်လိုက်မိလေသည်။

ဘာတွေဖြစ်နေမှန်း မသိလိုက်ခင်မှာပင် မြတ်လေးငုံသည် လက်နှစ်ဖက်ဖြင့်မျက်နှာကိုအုပ်ရင်းမှ သတိလစ်လဲကျသွားလေသည်။

♛♛♛♛♛



( ၄ )

နိဂုံးချုပ်လိုက်တော့ မီးသွေးဖိုထဲမှာအလုပ်လုပ်နေသော အလုပ်သမားကြီးလေးယောက်လုံး အသက်ဆုံးရှုံးသွားလေသည်။

မီးသွေးဖိုဘေးကအိမ်ကလေးများရှေ့တွင် ထမင်းချက်နေသော မိန်းမနှစ်ယောက်လည်း သေဆုံးသွားသည်။ ဆော့ကစားနေသော ကလေးလေးယောက်လည်း သေဆုံးခဲ့လေသည်။

ထိုသူများမှာ မီးသွေးဖိုနှင့်မဝေးလံလှသောကြောင့် ပေါက်ကွဲမှုအရှိန်ဖြင့် ထိမှန်ကာသေဆုံးခဲ့ကြခြင်းဖြစ်လေသည်။

မီးသွေးဖိုအတွင်းက အလုပ်သမားကြီးလေးယောက်ကတော့ မီးလောင်ခံရ၍ သူတို့ကိုယ်တိုင် မီးသွေးတုံး မီးသွေးခဲများအဖြစ်သို့ ပြောင်းသွားကြလေသည်။

အနီးအနားမှသက်ရှိလူသားများထဲတွင် အသက်ရှင်ကျန်ရစ်သူဆို၍ မြတ်လေးငုံတစ်ဦးတည်းသာရှိလေသည်။

ပေါက်ကွဲသံကြီးကိုကြားလိုက်ရသည်နှင့်တပြိုင်တည်း တစ်ခြံလုံးရှိလူအားလုံးပြေးထွက်လာကြလေသည်။ ရွာထဲမှ ရွာသူရွာသားများ လည်းပြေးလာကြသည်။

ဦးစံမြင့်မှာ မီးသွေးဖိုအနီးသို့ အရင်ဦးဆုံးရောက်လာသူဖြစ်ပြီး သူရောက်လာချိန်တွင် မီးသွေးဖိုတစ်ခုလုံး မီးလောင်နေပေပြီ။ အနီးရှိ အလုပ်သမားတဲအိမ်လေးများကိုလည်း မီးစွဲနေပေပြီ။

ပိတောက်ပင်အောက်မှသစ်သားခုံလေးပေါ်တွင် သတိလစ်မေ့မျောနေသောမြတ်လေးငုံကိုတွေ့ရသည်။ မြတ်လေးငုံမျက်နှာပေါ်တွင် သွေးများစီးကျနေသည်။

အဖြစ်အပျက်မှာ လျှင်မြန်လွန်းလှ၍ ဘာကြောင့်ဘယ်လိုဖြစ်သွားမှန်း စဉ်းစားလို့ပင်မရလိုက်ကြပါ။

လောင်နေသောမီးများကို ဝိုင်း၍ငြိမ်းသတ်ကြရသည်။

သတိလစ်မေ့မျောနေသောမြတ်လေးငုံကို အိမ်ထဲခေါ်သွားကာ ပြုစုရလေသည်။

အဖြစ်အပျက်အားလုံးကိုမြင်လိုက်ရသူမှာမြတ်လေးငုံသာဖြစ် သည်။ မြတ်လေးငုံသာလျှင် ပြန်ပြောနိုင်ပေလိမ့်မည်။

သို့သော် ့သတိပြန်ရလာချိန်တွင် မြတ်လေးငုံ မျက်စိမမြင်ရပါလေတော့။

မြတ်လေးငုံလည်း ဘာဖြစ်လို့ဖြစ်မှန်းမသိ။ ဘာမျှပြန်မပြောပြတတ်ခဲ့ချေ။

♛♛♛♛♛

( ၅ )

မီးလောင်သွားသောသဲလွန်စများကိုရှာဖွေတွေ့ရှိမှပင် ဖြစ်နိုင်ချေရှိသောကောက်ချက်ကို ချနိုင်ခဲ့ကြပေတော့၏။

ဒါကလည်း ရွာမှာ ရှေးမီနောက်မီပုဂ္ဂိုလ်ကြီးများရှိနေသောကြောင့်ဖြစ်ပါသည်။

မီးသွေးလုပ်ရန်ယူဆောင်လာသောသစ်ပုပ်ပင်ကြီးရှိရာနေရာ သည်တောင်ကုန်းအကွယ်တွင်ရှိသည်။ ဂျပန်ခေတ်က ထိုနေရာတွင် ဂျပန်တပ်များစခန်းချဖူးသည်။ တပ်စခန်းချရန် ရေမြေဒေသသင့်လျော်သည့်အတွက် ဂျပန်စစ်တပ်တစ်တပ်သည် တောင်ကုန်းလေးအခြေမှ သစ်ပုပ်ပင်ကြီးဘေးတွင် တပ်စခန်းချခဲ့ဖူးပါသည်။

အင်္ဂလိပ်များပြန်ဝင်လာ၍ ဂျပန်များ မြန်မာ့မြေပေါ်မှဆုတ်ခွာသွားချိန်အထိ ထိုနေရာတွင် ဂျပန်စစ်တပ်တစ်တပ် တပ်စွဲထားခဲ့လေ သည်။

ဖြစ်နိုင်သည်မှာ ဂျပန်တို့သည် သစ်ပုပ်ပင်ကြီး၏သစ်ခေါင်းထဲ တွင် လက်နက်များသိုလှောင်ထားခဲ့လိမ့်မည်။ တပ်ဆုပ်ပြေးရချိန်တွင် လက်နက်ခဲယမ်းများကို သစ်ခေါင်းထဲ၌ သည်အတိုင်းထားရှိခဲ့လိမ့်မည်။

နှစ်ပေါင်းများစွာကြာလာသည့်အချိန်တွင် သစ်ပုပ်ပင်၏သစ်ခေါင်းမှာပြန်ပိတ်သွားပြီး လက်နက်ခဲယမ်းများလည်း သည်အတိုင်းရှိနေခဲ့ခြင်းဖြစ်ပေမည်။

ဦးစံမြင့်တို့က သူ့အလိုအလျောက်လဲကျသွားသောသစ်ပုပ်ပင်ကြီးကို အပိုင်းနှစ်ပိုင်းပိုင်းကာ သယ်ခဲ့ကြသည်။ အရင်းပိုင်းကို ဦးစွာမီးသွေးဖုတ်ခဲ့သည်။ သစ်ခေါင်းမှာ အရင်းပိုင်းတွင်ရှိ၍ မီးသွေးဖုတ်ရန်မီးမြှိုက်ရင်းမှ ကျည်ဆံကဲ့သို့သောခဲယမ်းများ မီးကြောင့်ပေါက်ကွဲခဲ့ခြင်းဖြစ်ပေမည်။

နောက်ပိုင်းတွင် မီးသွေးဖိုတဝိုက်တွင်တွေ့ရှိရသော ကျည်ဆံခွံအပိုင်းအစများကိုထောက်၍ ထိုအထင်အမြင်မှာ မှန်ကန်ကြောင်းအတည်ပြုနိုင်ခဲ့လေသည်။

ထို့ပြင် သစ်ပုပ်ပင်ကြီးရှိခဲ့ရာ အနီးတဝိုက်ကို တူးဆွကြည့်ခဲ့ ရာ ကျည်ဆံမျိုးစုံထည့်ထားသော သံသေတ္တာနှစ်လုံး ထပ်မံတွေ့ရှိခဲ့ခြင်း ကရွာလူကြီးများအထင်အမြင်ကို ထောက်ခံပေးလိုက်သကဲ့သို့ဖြစ်သွား ခဲ့လေ၏။

စစ်၏အနိဋ္ဌာရုံကား နှစ်ပေါင်းငါးဆယ်ကျော်ကြာသည့်တိုင်ထင်ဟပ်၍ မကောင်းကျိုးပေးဆဲပါတကား။

ကျည်ဆံများပေါက်ကွဲမှုကြောင့် လူဆယ်ဦးတစ်ပြိုင်တည်းအသက်ဆုံးရှုံးခဲ့ရုံမက မြတ်လေးငုံသည် မျက်မမြင်ဘဝသို့ရောက်ခဲ့ရ လေပြီ။

သည်လိုနှင့် အဒေါ်ကိုအားကိုးနေရရှာသည့် မိဘမဲ့မြတ်လေးငုံလေးမှာ အသက်၁၅နှစ်အရွယ်တွင် မျက်စိကွယ်ခဲ့ရလေသည်။

မြို့နှင့်အလှမ်းကွာလွန်းပါ၍ ထိထိရောက်ရောက် ဆေးမကုသနိုင်ခဲ့ပါ။ ရွာနှင့်လက်လှမ်းမီရာ တိုင်းရင်းဆေးဆရာ၊ ဗိန္ဒောဆရာ၊ အထက်လမ်းဆရာများလည်း မတတ်နိုင်ခဲ့။

မြတ်လေးငုံသည် မျက်မမြင်ဘဝဖြင့် ဘဝကိုအရှုံးပေးကာ အမှောင်ထုထဲတွင်နေထိုင်ခဲ့သည်မှာ သုံးနှစ်ရှိခဲ့ပါလေပြီ။

♛♛♛♛♛

( ၆ )

''အငုံ''

အတွေးဖြင့်ငေးနေမိသောမြတ်လေးငုံသည် အသံကြားမှပင် အနီးတွင်လူရောက်နေမှန်း သတိပြုမိလိုက်သည်။

''ဪ. ဆရာ''

ဆရာကိုသက်ပိုင်အသံကို ချက်ချင်းမှတ်မိကာ မြတ်လေးငုံက ကိုသက်ပိုင်ရှိရာဖက်သို့ မျက်နှာလှည့်ရင်းပြန်ထူးလိုက်သည်။

''ဘာတွေများတွေးနေသလဲအငုံရယ်၊ ရော့– ဟောဒီမှာ အငုံ့အတွက် စံပယ်ကုံးကလေး''

ကိုသက်ပိုင်လက်လှမ်းလိုက်သည်ကိုသိ၍ မြတ်လေးငုံက အလိုက်သင့် လက်ခံယူလိုက်သည်။ စံပယ်ကုံးလေးဆီမှမွှေးရနံ့က မြတ်လေးငုံနှာဝသို့ပြန့်လွင့်လာလေသည်။

''စံပယ်ပန်းတွေက ကုံးပြီးသားလေးပါလားဆရာ''

''တပည့်မလေးတစ်ယောက်က ယူလာတာလေ၊ လမ်းမှာတွင်

သူ့လက်ထဲကတောင်းယူလိုက်ပြီး အင့်အတွက်ယူလာတာ''

''ကြံကြံဖန်ဖန်ဆရာရယ် - ဒီကလေးမကလည်း ဆရာကို ပန်းပေးတာ စံပယ်ကုံးပေးရတယ်လို့''

''ကျွန်တော်က သူတို့ပေးတဲ့ပန်းတွေကို ကျောက်သင်ပုန်းပေါင်ပေါ်မှာ ထိုးထိုးထားတတ်တော့ အဆင်သင့်ချိတ်လို့ရအောင်ဆိုပြီး ပန်းကုံးလုပ်ယူလာတာထင်ပါရဲ့အငုံရယ်''

''ဆရာ့တပည့်တွေပေးတဲ့ပန်းတွေကို အင့်ဆီယူယူလာတော့ တပည့်တွေက မကြေမနပ်ဖြစ်နေပါ့မယ်ဆရာရဲ့''

''မဖြစ်ပါဘူးအငုံ၊ ကျွန်တော်အင့်ကို ပန်းပေးနေကျဆိုတာသိ တော့ သူတို့က အငုံ့ကိုပေးဖို့ပန်းကို ကျောင်းမရောက်ခင်ကတည်းက ကျွန်တော့်လက်ထဲလာထည့်ပေးတတ်တာ ထုံးစံတောင်ဖြစ်နေပါပြီ''

''အို့''

ဆရာကိုသက်ပိုင်သည် ကျောင်းအသွားတွင် အငုံတို့ခြံထဲဝင် လာကာ အင့်အတွက် ပန်းတစ်မျိုးမျိုးယူလာပေးတတ်တာ ထုံးစံဖြစ်နေ ပါပြီ။

''ဆရာပေးတဲ့ပန်းကုံးလေးကို အငုံဘုရားမှာတင်ပါ့မယ်ဆရာ''

''မဟုတ်တာ၊ ဘုရားတင်ဖို့ပန်းက တောထဲသွားပြီးချိုးရင် လို သလောက်ရပါတယ်အငုံ၊ ဒီရွာမှာ မြို့အရပ်လို ပန်းကိုဝယ်စရာမှမလို ပဲ၊ စံပယ်ကုံးလေးကို အငုံပန်စေချင်လို့ပါ၊ အခုပဲ ပန်လိုက်ပါလားအငုံ''

''ဆရာရယ် - မျက်မမြင်နဲ့ပန်းနဲ့ မလိုက်ဖက်ပါဘူးဆရာ၊ ဘုရားကိုသာတင်ပါရစေ''

''အငုံရယ် ကိုယ့်ကိုကိုယ်မျက်မမြင်လို့မသုံးပါနဲ့ကွယ်၊ ဆရာ စိတ်မကောင်းဘူး''

''ပန်းပန်ပေမယ့် ကိုယ်ပန်တဲ့ပန်းက ကိုယ်နဲ့လိုက်မလိုက် မြင် ရနိုင်တာမှမဟုတ်ပဲဆရာ၊ အင့်အတွက် ပန်းပန်ရတာ ဘာမျှအဓိပ္ပါယ် မရှိပါဘူးရှင်''

''အငုံ - မိန်းကလေးတစ်ယောက်ရဲ့အလှဟာ ကိုယ်တိုင် ဂုဏ်ယူဖို့ဖြစ်သလို ကြည့်တဲ့သူကိုလည်း စိတ်ချမ်းသာအောင်ဖန်တီးပေး ပါတယ်ကွယ်၊ အငုံပန်းပန်ရင်လှပါတယ်၊ အငုံပန်းပန်လို့လှတဲ့အလှကို ဘေးကလူတွေမြင်ရလို့စိတ်ချမ်းသာရတော့လည်း ပန်းဆိုတာ ပန်သင့် ပါတယ်လေ''

''ဩော်. ဆရာရယ်''

မြတ်လေးငုံက ဘာမျှပြန်မပြောတော့ပဲ ဆရာကိုသက်ပိုင်အလို ကျ ပန်းကုံးလေးကို ခေါင်းထက်တွင် ခွေ၍တင်လိုက်လေသည်။

''အငုံရယ်.''

ဆရာကိုသက်ပိုင်က ပြီးစလွယ်တင်ထားလိုက်သည့်တိုင် စံပယ် ပန်းကုံးလေးနှင့်လိုက်ဖက်နေသော မြတ်လေးငုံအလှကိုကြည့်ရင်း မချင့် မရဲရေရွတ်လိုက်လေ၏။

''အငုံအမြင်အာရုံချို့တဲ့နေတာကို မြင်ရတာ ဆရာ့ရင်ထဲမှာ ကြာလေမချိလေပဲအငုံ၊ အင့်ဝေဒနာဟာ မွေးရာပါမှမဟုတ်ပဲ၊ ကုရင် ပျောက်နိုင်ပါတယ်လေ၊ ဒီတစ်ခေါက် ဆရာမြို့ပြန်ရင် မြို့မှာလိုက်ပြလှည့် ပါအငုံ၊ အားလုံးအတွက်ဆရာတာဝန်ယူပါတယ်''

''အင့်အတွက်ဒုက္ခမရှာပါနဲ့ဆရာ၊ မြို့ကိုတစ်ခေါက်တက်ဖို့ဆို တာ မလွယ်ပါဘူး၊ ဆရာ့မိဘမောင်နှမတွေကရှိပါသေးတယ်၊ ခုခေတ် မှာ ကုဖို့သဖို့ကုန်ကျစရိတ်ကလည်း မနည်းပါဘူးဆရာရယ်''

''ဆရာက အင့်ရဲ့ပြီးပြည့်စုံတဲ့ဘဝကိုမြင်ချင်လို့ပါကွယ်၊ အင့် ဘဝတစ်ခုလုံးကို ဆရာတာဝန်ယူပါရစေလို့ တောင်းဆိုထားပြီးသားပဲ၊ ဘဲ့နဲ့လဲအငုံ၊ ဆရာပြောထားတဲ့စကားတွေကိုရော စဉ်းစားပြီးပလား''

''အို့ ဆရာရယ်''

မြတ်လေးငုံက မမြင်ရပါပဲနှင့် ရှက်စိတ်မွှန်သွားကာ ခေါင်းကို ငုံ့ထားလိုက်မိလေသည်။

ဆရာကိုသက်ပိုင်သည် မြတ်လေးငုံဘဝတစ်ခုလုံးကို တာဝန် ယူပါရစေ၊ လက်ထပ်ယူပါရစေဟု တောင်းဆိုထားသူတစ်ယောက်ဖြစ် လေ၏။ မြတ်လေးငုံကိုသာမကပါ ... မြတ်လေးငုံ၏ကြီးတော်ကြီး ဒေါ်ဆယ်မိနှင့်ဘကြီးဖြစ်သူဦးစံမြင့်တို့ထံမှာပါ ဖွင့်ဟတောင်းဆိုထား သူဖြစ်ပါသည်။

အဒေါ်ဖြစ်သူက အင့်သဘောကို မေးမြန်းကတည်းကပင် မြတ်လေးငုံသည် သူမသဘောထားကို အပြီးအပြတ်ပြောကြားထားပြီး ဖြစ်ပါ၏။

''ဆရာက အင့်ကိုချစ်တယ်ဆိုတာ အငုံယုံပါတယ် ဒေါ်ကြီး၊

ဒါပေမယ့် အဲဒီအချစ်ဟာ ဘယ်လောက်ထိခိုင်မြဲနိုင်မှာလဲဒေါ်ကြီးရယ်၊ အငုံဟာမျက်မမြင်ပါ၊ အိမ်ထောင်သည်တစ်ယောက်ဖြစ်လာရင် မျက်မမြင်တစ်ယောက်က အိမ်ထောင်တာဝန်ကျေပွန်အောင် ဘယ်လိုထမ်းဆောင်နိုင်မှာတဲ့လဲ၊ အဲဒီအခါကျမှ မျက်မမြင်မကိုငြိုငြင်လာရင် နှစ်ဖက်စလုံးစိတ်ဆင်းရဲရမှာပါဒေါ်ကြီးရယ်၊ မဖြစ်ပါဘူး၊ အငုံဒီအတိုင်းပဲနေပါရစေ၊ ပြီးတော့ ․အငုံ ဆရာ့ကိုမမြင်ဖူးဘူးလေ၊ အငုံမမြင်ဖူးတဲ့ယောကျ်ားတစ်ယောက်ကို ဘယ်လိုလုပ်ပြီးချစ်လို့ရမှာလဲဒေါ်ကြီးရယ်''

ဆရာကိုသက်ပိုင်သည် မြတ်လေးငုံမျက်မမြင်ဘဝရောက်ပြီးတစ်နှစ်ကြာမှ ရွာကျောင်းကလေးသို့ရောက်ရှိလာသူဖြစ်ပါသည်။

မြတ်လေးငုံ ဆရာကိုသက်ပိုင်ကို မမြင်ဖူးပါ။ မမြင်ဖူးတဲ့ယောကျ်ားတစ်ယောက်ကို မြတ်လေးငုံဘယ်လိုချစ်လို့ရမှာလဲလေ။

မြတ်လေးငုံ၏ထိုသဘောထားများကို ဒေါ်ကြီးဒေါ်ဆယ်မိမှ တစ်ဆင့်ဆရာကိုသက်ပိုင်ပြန်ကြားသိပြီးဖြစ်ပါသည်။ ဒေါ်ကြီးကလည်းအငုံ့သဘောထားများမှာ သဘာဝကျပါ၍ဆက်မတိုက်တွန်းတော့ပါ။

တကယ်တော့လည်း အိမ်ထောင်တစ်ခုရယ်လို့ဖြစ်လာရင် နှစ်ဖက်ဆွေမျိုးမိဘများပါ ပါဝင်လာကြမည်မဟုတ်ပါလား။ ကိုသက်ပိုင်၏မိဘများသည် မိမိတို့သား ပညာတတ်ကျောင်းဆရာတစ်ယောက်ကို ကျေးရွာဇနပုဒ်က မျက်မမြင်မိန်းကလေးတစ်ယောက်နှင့် သဘောတူနိုင်ပါ့မည်လား။

မြတ်လေးငုံဖက်က ငြင်းပယ်လိုက်သော်လည်း ဆရာကိုသက်ပိုင်က အားမလျှော့သေးပေ။ မြတ်လေးငုံအချစ်ကိုရရန် ကြိုးစားနေဆဲပင်ရှိပါသေးသည်။

''ဆရာ့အတွက် စဉ်းစားပေးပါအငုံ၊ ဆရာ ဒီရွာမှာမြဲနေတာအငုံ့ကြောင့်ပါ၊ ဆရာ့မေတ္တာကိုယုံပါကွယ်''

''ဆရာရယ်․''

\+ + + + +

ကျောင်းတက်ချိန်တိုင်လို့ ဆရာကိုသက်ပိုင်နှုတ်ဆက်ထွက်ခွာသွားသည်အထိ မြတ်လေးငုံငိုင်တွေလျှက်ကျန်ခဲ့လေသည်။

လွန်ခဲ့သောနှစ်နှစ်က ရွာမူလတန်းကျောင်းကို မူလတန်းပြဆရာအဖြစ်ရောက်လာခဲ့သောကိုသက်ပိုင်။ ကိုသက်ပိုင်ရောက်လာချိန်တွင် မြတ်လေးငုံမျက်မမြင်ဘဝရောက်ခဲ့တာ တစ်နှစ်ကြာမြင့်ခဲ့ပေပြီ။

ရွာလူကြီးများဖြစ်သော ဦးစံမြင့်၊ဒေါ်ဆယ်မိတို့အိမ်ကိုဝင်ထွက်ရင်းမှ မြတ်လေးငုံကို ကိုသက်ပိုင်ရင်းနှီးခွင့်ရခဲ့သည်။ မကြာလှသောအချိန်တွင် သူ့မေတ္တာကို မြတ်လေးငုံကိုလည်း ဖွင့်ဟကာ၊ မြတ်လေးငုံ၏အုပ်ထိမ်းသူများဖြစ်သော ဦးစံမြင့်နှင့်ဒေါ်ဆယ်မိကိုလည်း ဖွင့်ပြောခဲ့လေသည်။

မြတ်လေးငုံအဖို့တော့ ကိုသက်ပိုင်ဆိုသူကို မမြင်ဖူးသော်ငြားသူ၏အကြင်နာစေတနာများကို ခံစားနားလည်ရပေသည်။

သို့သော်․ဆရာ့ကိုပြန်ချစ်ဖို့ဆိုတာကတော့․

ဆရာရယ် ․အငုံမမြင်ဖူးတဲ့လူတစ်ယောက်အပေါ်မှာ အငုံ့ရဲ့အချစ်စိတ်တွေဖြစ်ပေါ်မလာနိုင်တာကိုတော့ ခွင့်လွှတ်ပါဆရာ။ အငုံ့ကိုခွင့်လွှတ်ပါတော့ရှင်․

♛♛♛♛♛

# အပိုင်း – ၄

## ( ၁ )

''သစ္စာ ထုတ်ကုန်သွင်းကုန်လုပ်ငန်းကုမ္ပဏီ''ပိုင်ရှင် - **ဦးစောနောင်**တစ်ယောက် စိတ်ရှုပ်ထွေးဗျာများနေရလေသည်။

ယနေ့သည် တနင်္လာနေ့ဖြစ်သည့်အားလျော်စွာ ရက်သတ္တပတ်တစ်ပတ်၏ပထမဆုံးရုံးဖွင့်ရက်ဖြစ်ပါ၍ အလုပ်များပြားသောနေ့ဖြစ်ပါ သည်။ လုပ်စရာအလုပ်တွေလည်း တစ်ပုံတစ်ပင်ရှိနေပါသည်။

ဦးစောနောင်ကိုယ်တိုင် နိုင်ငံခြားသို့သစ်ပို့ရန်ကိစ္စအတွက် သံရုံးသို့သွားရောက်တွေ့ဆုံညှိနှိုင်းဖို့ ရှိနေသည်။ နိုင်ငံခြားသို့ အီးမေးလ် များ၊ ဖက်စ်များပို့ဖို့ကိစ္စလည်း ရှိသေးသည်။ ဖိတ်ထားသောအစည်း အဝေးကနှစ်ခု။ လူမှုရေးစေတနာ့ဝန်ထမ်းကိစ္စများမို့ အစည်းအဝေး များကို ဦးစောနောင်ကိုယ်တိုင် မတက်ရောက်တော့ပါ။

တပည့်ဖြစ်သူ ကိုယ်ရေးအရာရှိ ရဲလင်းထွဋ်ကိုသာ စေလွှတ်ရန် စီစဥ်ထားပါ၏။

ရဲလင်းထွဋ်သည် စက္ကထရီတစ်ယောက်ဖြစ်သည့်အားလျော်စွာ ကုမ္ပဏီအတွက် တာဝန်တွေရှိနေသည်။ အားကိုးရသည့်ဝန်ထမ်းတစ်ယောက်လည်းဖြစ်သည်။ လုပ်ငန်းကျွမ်းကျင်သူတစ်ဦးလည်းဖြစ်ပါ၏။

သို့ရာတွင် ယနေ့ ရုံးတက်ချိန်လွန်ပြီး မနက်ဆယ်နာရီထိုးသည်အထိ ရဲလင်းထွဋ်ရောက်မလာသည့်အတွက် ဦးစောနောင်မှာ သံရုံးကိုသွားရမည့်ကိစ္စကို စိတ်မဖြောင့်ဖြစ်နေရလေသည်။

ရဲလင်းထွဋ်သည် မည်သည့်အခါမျှ ယခုလို ရုံးနောက်မကျဖူး ပါ။ ရုံးတက်ချိန်မှာ ကိုးနာရီဖြစ်သော်လည်း ရှစ်နာရီခွဲကတည်းက ရုံးကို ရောက်နှင့်နေသူဖြစ်သည်။ လုပ်စရာအလုပ်များကို အဆင်သင့်ပြင်ဆင်ပေးထားတတ်သည်။ ကုမ္ပဏီပိုင်ရှင်ဦးစောနောင် တစ်နေ့တာသွားလာလုပ်ဆောင်ရမည့်လုပ်ငန်းများကိုလည်း အချိန်ဇယားဖြင့် အတိအကျဆွဲပေးထားတတ်သူဖြစ်ပါသည်။ သည်လိုတာဝန်ကျေပွန်လို့လည်း ရဲလင်းထွဋ် ကို စက္ကထရီရာထူးပေးကာ ခန့်အပ်ထားခြင်းဖြစ်ပါ၏။

ဒီနေ့မှပင် ထူးထူးခြားခြား ရဲလင်းထွဋ်ရုံးနောက်ကျနေသည်။

ပထမဆုံး အကြိမ်ရုံးနောက်ကျခြင်းဖြစ်သည့်အတွက် ဦးစောနောင်က ရဲလင်းထွဋ်ကိုအပြစ်မမြင်မိသေးပါ။ လုပ်စရာအလုပ်တွေ တစ်ပုံတစ်ခေါင်းရှိနေတာကို ရဲလင်းထွဋ်လည်းသိသည်။ ကိစ္စတစ်ခုခုရှိလို့ နောက်ကျနေတာပဲဖြစ်ပါလိမ့်မည်။

သံရုံးကိုသွားဖို့အချိန်ကျတော့ ဦးစောနောင်သည် မန်နေဂျာကို ခေါ်ကာ မှာစရာရှိသည်များကိုမှာထားရင်း သံရုံးကိုထွက်ခဲ့လေသည်။

သံရုံးမှာ တစ်နာရီကျော်ကျော်ကြာသွား၏။

ရုံးကိုပြန်ရောက်တော့ ရဲလင်းထွဋ်ရောက်မလာသေးကြောင်း သိရသည်။

''ဖုန်းရောမဆက်ဘူးလား''

မန်နေဂျာကိုမေးလိုက်သည်။

''ဖုန်းလည်းမဆက်ဘူးဘော့စ်''

''ဒီကောင်ဘာဖြစ်ပါလိမ့်မလဲ၊ နယ်ကသူ့အမေများတစ်ခုခုဖြစ် လို့ ပြန်သွားတာလား၊ ဒါဆိုရင်လည်း ကျွန်တော့်ဆီအကြောင်းမကြားပဲ ပြန်မှာမဟုတ်ပါဘူး''

''ဟုတ်တယ်ဘော့စ်၊ ရဲလင်းထွဋ် ဒီလိုတစ်ခါမှနောက်မကျဖူး ပါဘူး''

''ကျွန်တော်သူနေတဲ့အဆောင်ကို ဖုန်းဆက်ကြည့်လိုက်ပါဦး မယ်လေ''

ဦးစောနောင်က သူကိုယ်တိုင်ငှားပေးထားသော ရဲလင်းထွဋ် နေသည့်အိမ်ကလေးမှအိမ်ရှင်ကို ဖုန်းဆက်မေးလိုက်လေသည်။

ထိုအခါမှ ပို၍အသိရခက်သောအကြောင်းများကိုကြားသိလိုက် ရလေတော့သည်။

''ရဲလင်းထွဋ် မနေ့ကညနေကတည်းက ပြန်မလာပါဘူးဦးစောနောင်၊ ထူးခြားတာက အိမ်တံခါးကိုလည်း ပိတ်မထားဘူး၊ ညပိုင်းကျ မှ သူနေတဲ့အိမ်ကလေးက တံခါးတွေပွင့်နေလို့သွားကြည့်တော့ ရဲလင်းထွဋ်ကိုမတွေ့ရဘူး၊ တစ်နေရာရာသွားတယ်ဆိုရင် တံခါးပိတ်သွားရမှာ ပေါ့၊ သူထွက်သွားတာကိုလည်း ကျွန်တော်တို့သတိမထားလိုက်မိဘူး ဦးစောနောင်''

အိမ်ရှင်၏အဖြေစကားကြောင့် ဦးစောနောင်အတွေးရခက်သွား

လေသည်။

''သူ့အိမ်တံခါးကို ကျွန်တော်တို့ပိတ်ပေးထားလိုက်တယ်၊ ကျွန်တော်က ဦးစောနောင်ဆီကိုတောင်ဖုန်းဆက်ပြီး မေးမလို့ပါ''

''ခုအချိန်ထိ ရုံးကိုရောက်မလာဘူးဗျာ''

ဦးစောနောင်သည် စိတ်ပူကာ ဆေးရုံဆေးခန်းများနှင့် အရေးပေါ်ဌာနများသို့ တယ်လီဖုန်းများကိုလှမ်းဆက်ကာ စုံစမ်းခိုင်းလိုက်လေသည်။

အကြောင်းမထူးပါပေ။ ရဲလင်းထွဋ်သတင်းကိုစုံစမ်းလို့မရ။

''ရဲလင်းထွဋ် ဘာဖြစ်ပါလိမ့်မလဲ၊ နယ်က သူ့အမေဆီ လှမ်းပြီးစုံစမ်းဖို့ပဲရှိတော့တယ်''

ရဲလင်းထွဋ်ပျောက်နေခြင်းကို ဦးစောနောင် အံ့သြမဆုံးနိုင်အောင်ရှိနေရသည်။ တကယ်တော့ ရဲလင်းထွဋ်သည် အလုပ်ကြိုးစား သော၊ တာဝန်ကျေသော ဝန်ထမ်းတစ်ဦးမဟုတ်ပါလား။ အလုပ်တာဝန်ကိုပျက်ကွက်တတ်သူမဟုတ်။

ရဲလင်းထွဋ်ဘယ်ရောက်နေပါလိမ့်။

♛♛♛♛♛

( ၂ )

အမှန်တကယ်တော့ ရဲလင်းထွဋ်သည် ဦးစောနောင်အနားမှာ ရှိနေပါသည်။

မနေ့ကညနေကတည်းကပင် ဦးစောနောင်အနီးတွင် ရဲလင်းထွဋ်ရောက်နေခဲ့ခြင်းဖြစ်၏။

ရဲလင်းထွဋ်သည် ကိုယ်ပျောက်သွားပြီးနောက်ပိုင်း ဆရာဗန္ဓကနှင့်ဒရိုင်ဘာတို့ကိုတင်ဆောင်သွားသည့် လူနာတင်ကားဖြင့်လိုက်ပါသွားခဲ့ရာ ဆေးရုံရေခဲတိုက်ထဲအထိရောက်သွားခဲ့လေသည်။ ဆရာဗန္ဓကအလောင်းကိုကြည့်ကာ ယူကြုံးမရရှိုက်ငိုရင်းမှ မိမိအဖို့ သည်လိုငိုနေလို့ ဘာမျှမထူးတော့မှန်းကို သိလာသည်။

သည်လိုနှင့် ရင်ခွဲရုံထဲမှထွက်ရန်ပြင်လေသည်။ ထိုအခါ အပြင်မှတံခါးများကိုပိတ်ထားသည့်အတွက် ရင်ခွဲရုံအပြင်ကိုထွက်လို့မရတော့မှန်းသိလိုက်ရလေသည်။

သူသည် ကိုယ်ပျောက်နေ၍အကောင်းအထည်မရှိတော့သော် လည်း အပြင်သို့အလိုအလျောက်ထိုးထွက်သွားလို့လည်း ရမနေပါ။ လေ ထဲတွင် ဝေ့ဝဲသွားလို့လည်း မရ။ သွားလိုရာသို့ခြေထောက်ဖြင့်ပင် လျှောက်၍သွားမှပင် ရောက်ပါသည်။

ပြီးတော့ .အကောင်အထည်မရှိတော့သောသူ့ခန္ဓာကိုယ်ဖြင့် မည်သည့်အရာကိုမျှ ထိတွေ့လို့လည်း မရတော့ပေ။

သူက ရေခဲတိုက်တံခါးကိုတွန်းဖွင့်ရန်ကြိုးစားသော်လည်း တံခါးကိုထိကိုင်လို့မရပဲရှိနေသည်။ အကောင်အထည်အတည်တကျမရှိလို့ အကြိုအကြားမှ ထိုးထွက်သွားလို့ရလိုရငြားကြိုးစားကြည့်သော်လည်း အချည်းအနှီးပင်။

သူသည် မြင်တွေ့သမျှအရာများကို ကိုင်တွယ်ကြည့်သေးသည်။ ဘယ်အရာကိုမျှ ကိုင်တွယ်လို့မရတော့ပါ။

အသံလည်းထွက်လို့မရတော့ပါ။

သူ့ကိုယ်သူ သေပြီးလို့များ ဝိညာဉ်ဘဝရောက်သွားလေသလားလို့တွေးမိပြန်၏။ အဲဒီလိုလည်း မဟုတ်။ သူသည်မသေသေးပါ။ ဆရာဗန္ဓကအစွမ်းဖြင့် ကိုယ်ပျောက်နေခြင်းသာဖြစ်ပါသည်။ ကိုယ်ပျောက်နေသောသူ့ကိုယ်သူတော့ မြင်နေရသေးသည်။ ပတ်ဝန်းကျင်က အဖြစ်အပျက်တွေ၊ လူတွေကိုလည်း ပကတိအတိုင်းမြင်နေရသေးသည်။ အသံတွေကိုလည်း ကြားနေရသေးသည်။

သူကိုယ်တိုင်သာလျှင် အရာဝတ္ထုများကိုထိတွေ့ကိုင်တွယ်မရတော့ခြင်းနှင့် အသံထွက်အောင်လုပ်လို့မရတော့ခြင်းသာဖြစ်လေသည်။

ရဲလင်းထွဋ်သည် ရေခဲတိုက်ထဲတွင် အလောင်းများကြားမှာ လျှောက်သွားရင်းမှ အပြင်သို့ထွက်ရန် အကြံရကြပ်လျှက်ရှိခဲ့သည်။

ကံအားလျော်စွာပင် ညစာနာရီလောက်တွင် အလောင်းတစ်လောင်းသွင်းလာသည့်အတွက် ရေခဲတိုက်တံခါးပွင့်သွားလေ၏။ သူသည် ပွင့်သွားသောတံခါးမှတစ်ဆင့် အပြင်သို့ပြေးထွက်ခဲ့လေသည်။

ရေခဲတိုက်ထဲကတော့လွတ်မြောက်လာပြီ။

သူဘယ်ကိုသွားမလဲ။ ဘာဆက်လုပ်ရမလဲ။

ရဲလင်းထွဋ်က သူ့ဆရာအလုပ်ရှင်ဦးစောနောင်အိမ်သို့သွားရန် ဆုံးဖြတ်လိုက်သည်။ ဦးစောနောင်ကတော့ သူ့ကို တစ်နည်းတစ်ဖုံကယ်တင်နိုင်လိမ့်မည်ဟုမျှော်လင့်မိသောကြောင့်ဖြစ်သည်။

ဦးစောနောင်အိမ်ကိုသွားရာတွင်လည်း သာမန်လူများသွားသ လို ဘတ်စ်ကားဂိတ်အထိရောက်အောင်သွား၊ ဘတ်စ်ကားကိုစောင့်စီး ကာ သွားရပါသည်။ သူ့ကိုလူမမြင်၍ ကားခမပေးရတာပဲရှိသည်။

ဦးစောနောင်အိမ်ကိုရောက်တော့ ညကိုးနာရီရှိနေပြီ။ မှန်ပြတင်းပေါက်မှတစ်ဆင့် ဦးစောနောင်တို့မိသားစု တဗီကြည့်နေကြသည်ကိုမြင် သည်။

သူအော်ခေါ်ကြည့်သော်လည်း သူ့ဆီက ဘာသံမျှထွက်မလာပါ။

သူက တံခါးကိုခေါက်ကြည့်ပြန်သော်လည်း သူ့လက်များသည် တံခါးဘောင်ကိုထိတွေ့လို့မရပဲရှိနေသည်။ သူရှိနေကြောင်းကို ဘေးလူသိအောင် မည်သို့မျှလုပ်လို့မရတော့သောအဖြစ်ပါလား။

ညကိုးနာရီခွဲတွင် ဦးစောနောင်၏သား ရှစ်တန်းကျောင်းသား လေး ဇေယျာနောင် ကျူရှင်ကပြန်လာသည်။ ထိုအခါမှ ဇေယျာနောင်နောက်မှလိုက်ပြီး အိမ်ထဲသို့ဝင်နိုင်ခဲ့လေသည်။

အိမ်ထဲသို့အရောက်တွင် သူက ဦးစောနောင်ကို အသိပေးရန် အမျိုးမျိုးကြိုးစားခဲ့ပါသေး၏။

ညှော်ခန်းထဲက ပြက္ခဒိန်လို၊ ပန်းအိုးလို၊ ဆေးလိပ်ခွက်လို ပစ္စည်းအသေးအမွှားလေးများကို ရိုက်ပုတ်ပြီး အာရုံစူးစိုက်လာအောင်လုပ်ကြည့်သည်။ သို့သော် ့သူသည် မည်သည့်အရာကိုမျှ ထိတွေ့လို့မရ။ သူက လှုပ်ရှားအောင် တွန်းကန်ရိုက်ပုတ်သည့်တိုင် ထိုအရာများက နည်းနည်းလေးမျှပင် လှုပ်ခတ်မသွားပါပေ။

ဇေယျာနောင့်အခန်းထဲဝင်၍ ဗလာစာအုပ်ထဲတွင်စာရေးပြဖို့ ကြိုးစားကြည့်သေးသည်။ ဘောပင်ကိုသူကိုင်လို့မရပါ။

ရဲလင်းထွဋ်သည် စိတ်ပျက်လက်ပျက်ဖြင့် ဇေယျာနောင့်ကုတင်ပေါ်ပစ်လှဲလိုက်သည်။ ထိုအခါ ့အံ့ညက်သောဆိုဖာမွေ့ရာကြီးသည် သူတက်အိပ်လိုက်သည့်အတွက် မည်သို့မျှထူးခြားမသွားတာကိုတွေ့လိုက်ရပြန်သည်။ သူ့ခန္ဓာကိုယ်မှာ အလေးချိန်မရှိတော့သည်မို့ မွေ့ရာမှာ ခွက်ဝင်မသွားခြင်းဖြစ်ပါသည်။

ဇေယျာနောင်သည်လည်း သူ့အခန်းထဲမှာလူတစ်ယောက်ရှိနေတာကို မသိရှာချေ။

စာကျက်အပြီး အိပ်ရာဝင်ရန် ဇေယျာနောင်က ကုတင်ပေါ်တက်အိပ်လိုက်သည့်အခါ တစ်ယောက်အိပ်ကုတင်ပေါ်၌ ဇေယျာနောင့် ခန္ဓာကိုယ်သည် သူ့ခန္ဓာကိုယ်ပေါ်သို့ထပ်ကျလာသည်ကို တွေ့လိုက်ရလေသည်။ သူ မည်သို့မျှ မခံစားလိုက်ရ။ ဇေယျာနောင်တက်ဖိလိုက်သည့် အတွက် သူသည် မွှန်းကြပ်သွားခြင်း၊ ပိပြားသွားခြင်းမျိုးလည်း မဖြစ် ခဲ့ချေ။

သို့သော် ့ဇေယျာနောင်တက်ဖိထားသည့်အတွက် သူသည် ထလို့မရတော့ချေ။ ဇေယျာနောင့်ကိုလည်း တွန်းထုတ်လို့မရ။ သည်လိုနှင့်သူသည် ဇေယျာနောင့်ကုတင်ပေါ်တွင် ဇေယျာနောင်နှင့်အတူထပ်ရက်အိပ်ရင်း မိုးလင်းခဲ့ရသည်။

မောမောပန်းပန်းနှင့် ရဲလင်းထွဋ် မိုးလင်းသည်အထိအိပ်ပျော်သွားခဲ့ပါသည်။ သည်လိုဆိုတော့ သူသည် လူတစ်ယောက်အဖြစ်ရှိနေသေးသည်ပဲ။

မနက်မိုးလင်းတော့ ရဲလင်းထွဋ်သည် ဦးစောနောင်အိမ်ထဲတွင် လျှောက်သွားနေခဲ့သည်။ အိမ်သားများ မနက်စာမုန့်ပဲသားရေစာစားနေကြသည်ကိုမြင်သော်လည်း သူကတော့ ဆာလောင်မလာခဲ့ပါ။ ခန္ဓာကိုယ်ပျောက်ဆုံးနေသောသူ့အစာအိမ်သည် အစာရေစာကို တောင့်တမှုမရှိတော့တာကိုသတိပြုမိသည်။ သည်တော့မှ ကိုယ်ပျောက်ချိန်ကစပြီး သူ သည် ရေလေးတစ်ခွက်ပင်မဆာလောင်ခဲ့တာကို သတိပြုမိတော့၏။

ရဲလင်းထွဋ်သည် ကိုယ်ပျောက်ပြီးနောက်ပိုင်း အစာလည်းမစား၊ စားချင်စိတ်လည်းမရှိ၊ အိမ်သာလည်းမတက်၊ အညစ်အကြေးစွန့်ချင်စိတ်များလည်းပေါ်မလာ။ သူ့ခန္ဓာကိုယ်မှာပျောက်ဆုံးသွားခြင်းနှင့်အတူ ခန္ဓာကိုယ်အတွက် ဝန်ဆောင်မှုများအားလုံးကိုလည်း လုပ်ဆောင်ရန် မလိုအပ်တော့ကြောင်းသိလာရလေသည်။

နောက်ပိုင်းတွင် သူ့ခန္ဓာကိုယ်က ချွေးမထွက်တော့တာ၊ ပြင်ပရာသီဥတု၏ရိုက်ခတ်မှုကို မခံရတော့တာတွေကို သူသတိပြုမိလာခဲ့ပါ သည်။

ရဲလင်းထွဋ်သည် ဦးစောနောင်အလုပ်သွားရန်ပြင်ဆင်နေချိန် တွင် ရုံးသို့လိုက်ပါရန်အတွက် ဦးစောနောင်ဘေးတွင်ကပ်နေခဲ့သည်။

ဦးစောနောင်ကားဖြင့် ရုံးသို့ထွက်လာချိန်တွင် ့ဦးစောနောင်ကားတံခါးကိုအဖွင့်မှာ ကားထဲသို့အလျင်အမြန်ဝင်ထိုင်လိုက်သည်။

ရုံးမှာ သူရောက်မလာသေးသည့်အတွက် ဦးစောနောင်မျှော်နေတာတွေ၊ သံရုံးကိုသွားဖို့စိတ်မဖြောင့်ဖြစ်နေတာတွေကို သူမြင်တွေ့နေရပါသည်။

ဦးစောနောင်သံရုံးကိုထွက်သွားတော့ သူလုပ်စရာရှိသည့်အလုပ်များကိုလုပ်ရန် ကျန်နေခဲ့သည်။ သို့ရာတွင် ဘာကိုမျှထိတွေ့ကိုင်တွယ်လို့မရတော့သောရဲလင်းထွဋ်သည် သူ့အလုပ်များကိုလည်း လုပ်လို့မရတော့ပေ။

ကွန်ပြူတာခလုတ်များကိုလည်း ထိတွေ့လို့မရ။ စာရွက်များ၊ ဘောပင်များကိုလည်းကိုင်တွယ်လို့မရဖြင့် သူ့မှာအခက်တွေ့နေရလေ၏။

ဦးစောနောင်တာဝန်ပေးခဲ့၍ မန်နေဂျာက အီးမေးလ်များပို့ ရန် စာရေးလေးနှစ်ဦးကိုတစ်ဆင့်ခိုင်းလိုက်သည်။

အီးမေးလ်ပို့သည့်အလုပ်မှာ ရဲလင်းထွဋ်လုပ်နေကျအလုပ်သာဖြစ်သည်။ စာရေးလေးနှစ်ယောက်သည် အီးမေးလ်ကို ကျွမ်းကျွမ်းကျင်ကျင်မပို့တတ်ကြပါ။ မန်နေဂျာခိုင်းလို့လုပ်နေကြရသော်လည်း စမ်းတဝါးဝါးဖြင့် မပြီးနိုင်မစီးနိုင်ဖြစ်နေသည်။

ထိုမြင်ကွင်းကို သူတို့အနားမှာရှိနေသည့်ရဲလင်းထွဋ်က မြင်နေရသည်။ စာရေးလေးတွေလုပ်တာအချိုးမကျတာကို သူက ဘေးကနေပြောပြနေမိသေး၏။ သို့ရာတွင် သူ့ကို ဘယ်သူမျှမမြင်နိုင်သည့်နည်းတူ သူပြောတာကိုလည်း ဘယ်သူမျှမကြားကြပါချေ။

ဦးစောနောင်သံရုံးကပြန်လာတော့ သူရောက်မရောက် ထပ်မေးသေးသည်။

မရောက်သေးတာသိရတော့ သူနေသည့်အိမ်က အိမ်ရှင်ထံ ဖုန်းလှမ်းဆက်တာကိုလည်း သူ မြင်နေကြားနေရပါသည်။

ပြီးတော့ ဆေးရုံဆေးခန်းတွေမှာ လူခွဲပြီးစုံစမ်းခိုင်းတာကို မြင်နေရသည်။ သူ့ဆရာက သူ့အပေါ်မှာ သံယောဇဉ်ထားတာကိုတွေ့ရလို့ ရဲလင်းထွဋ်ကြည်နူးရပါသည်။ ရဲလင်းထွဋ်သည် သူ့ဖြစ်ရပ်ကို ပြောပြချင်သော်လည်း ပြောခွင့်မသာခဲ့ချေ။

သူ ဘယ်လိုဆက်လုပ်ရမှာပါလိမ့်။

\+ + + + +

ယခုလည်း ဆရာက နယ်ရှိသူ့အမေဆီကိုဖုန်းဆက်မေးဖို့ စီစဉ်နေပြန်သည်။

သူတို့မြို့မှာ အော်တိုဖုန်းရသောမြို့မဟုတ်ပါ။ နယ်မြို့ကလေးသာဖြစ်ပါသည်။ အိတ်ချိန်းရုံးမှတစ်ဆင့်ခေါ်ရသည်။

ဦးစောနောင်က ရုံးဆင်းချိန်လွန်သည်အထိ နယ်မှဖုန်းကိုထိုင်စောင့်နေလေသည်။

ရုံးခန်းထဲတွင် ရဲလင်းထွဋ်နှင့်ဦးစောနောင်နှစ်ယောက်တည်းသာရှိနေ၏။

ညနေငါးနာရီခွဲတော့ နယ်ကိုခေါ်ထားသောဖုန်းက ပြန်ဝင်လာသည်။

“တစ်အိမ်ကျော်က ဒေါ်လှယဉ်နဲ့စကားပြောချင်လို့ပါခင်ဗျာ၊ တဆိတ်ခေါ်ပေးပါ၊ ကျွန်တော် ရန်ကုန်က ရဲလင်းထွဋ်အလုပ်လုပ်တဲ့ ကုမ္ပဏီက ပိုင်ရှင်ဦးစောနောင်လို့ပြောပေးပါ”

ရဲလင်းထွဋ်တို့နယ်အိမ်တွင် ဖုန်းမရှိပါ။ လမ်းထိပ်လက်ဖက်ရည်ဆိုင်မှတစ်ဆင့်ခေါ်ခိုင်းရခြင်းဖြစ်သည်။

ဦးစောနောင်က လက်ဖက်ရည်ဆိုင်မှဖုန်းကိုင်သူကိုပြောလိုက် သည်။ နယ်အိမ်ကိုဖုန်းဆက်လျှင် လက်ဖက်ရည်ဆိုင်မှတစ်ဆင့်ခေါ်ခိုင်း ရတာထုံးစံဖြစ်ပါ၏။

ခဏနေတော့ ဖုန်းခွက်ထဲမှ ရဲလင်းထွဋ်မိခင်ဒေါ်လှယဉ်၏အသံထွက်ပေါ်လာသည်။

ရဲလင်းထွဋ်သည် ဖုန်းအနီးသို့တိုးကပ်ကာ အမေ့အသံကိုနားထောင်လိုက်သည်။ ဦးစောနောင်ဖုန်းခေါ်သည်ဆို၍ အမေ့အသံက စိုးရိမ်သံများပေါက်နေသည်။

“ဟယ်လို ကျွန်မမလှယဉ်ပါဆရာ၊ ပြောပါဆရာ”

“အစ်မကြီး၊ ကျွန်တော်စောနောင်ပါ၊ ရဲလင်းထွဋ်အကြောင်း မေးချင်လို့”

“ရှင် ရဲလင်းထွဋ် . သား သားဘာဖြစ်လို့လဲဆရာ”

“ရဲလင်းထွဋ် ဒီနေ့အလုပ်ကိုရောက်မလာဘူးအစ်မကြီး၊ အဲဒါမြို့ကိုများပြန်သွားသလားလို့ ကျွန်တော်ဖုန်းဆက်မေးကြည့်တာပါ၊ အစ်မကြီးဆီများပြန်ရောက်နေသလားလို့”

“ဟင့်အင်း ပြန်မလာပါဘူး၊ ပြန်လာစရာအကြောင်းလည်း မရှိဘူးဆရာ၊ ပြီးခဲ့တဲ့သောကြာနေ့ကပဲ သားက ကျွန်မကို ဘဏ်ကနေငွေလွှဲပေးလိုက်ပါသေးတယ်၊ သူပြန်လာစရာမရှိပါဘူး၊ ကျွန်မပဲ ရန်ကုန်ကိုဆင်းလာဖို့စီစဉ်နေတာဆရာ”

"ဒုက္ခပဲ. ရဲလင်းထွဋ်ရှတစ်ခါမှ ဒီလိုအလုပ်မပျက်ဖူးဘူးအစ်မ ကြီး၊ အမြဲတမ်းရုံးစောစောရောက်ပြီး နောက်ကျမှပြန်တတ်တဲ့ကလေး ပါ၊ အလုပ်ကိုလည်း ကြိုးစားတယ်၊ ဒီနေ့ တစ်နေ့လုံး ရုံးကိုရောက်မလာ လို့ ကျွန်တော်လည်း အစဉ်းစားရကြပ်နေတာ"

"နေထိုင်မကောင်းလို့များ မလာနိုင်တာလားဆရာရယ်"

"ကျွန်တော် သူနေတဲ့အိမ်ကိုဖုန်းဆက်မေးပြီးပြီ၊ မနေ့က ညနေကတည်းက သူ့အိမ်တံခါးတွေကိုလည်း မပိတ်ပဲ ထားခဲ့တာတဲ့၊ လူက ပြန်မလာဘူး၊ အိမ်တံခါးတွေမပိတ်ပဲ အပြင်ထွက်သွားပြီးပြန်မလာဘူး လို့ပြောတယ်အစ်မကြီး"

"ဒုက္ခပါပဲဆရာရယ်. သားလေး. တစ်ခုခုများ."

"အဲဒါတော့ မစိုးရိမ်ပါနဲ့အစ်မကြီး၊ ကျွန်တော်ဆေးရုံဆေးခန်း တွေစုံအောင်စုံစမ်းပြီးပါပြီ၊ အက်ဆီးဒင့်ဖြစ်တာမျိုး မဖြစ်နိုင်ပါဘူး"

"ဒါဆို. လူဆိုးသူဆိုးတွေက"

"အစ်မကြီး ဒါလောက်မစိုးရိမ်ပါနဲ့ဗျာ၊ ရဲလင်းထွဋ်မှာရန်သူ မရှိပါဘူး၊ ကျွန်တော်လည်း အစ်မကြီးဆီအကျိုးအကြောင်းမေးပြီးတာနဲ့ သူနေတဲ့အိမ်ကိုဝင်ကြည့်မလို့ပါ"

"လုပ်ပါဦးဆရာ၊ ကျွန်မဖြင့်စိတ်မဖြောင့်တော့ဘူး၊ ကျွန်မကို အကြောင်းပြန်ပါဦး၊ ကျွန်မ ညဂနာရီလောက် ဆရာ့ဆီဖုန်းခေါ်ကြည့်ပါ မယ်"

"ကောင်းပြီလေ၊ ကျွန်တော့်ဟဲန်းဖုန်းကိုပြန်ခေါ်ပါအစ်မကြီး၊ နံပါတ်သိတယ်မဟုတ်လား"

"ဟုတ်ကဲ့ဆရာ"

ဒေါ်လှယဉ်နှင့်ဖုန်းပြောပြီးသည်နှင့် ဦးစောနောင်က ရုံးမှပြန် ရန်ပြင်သည်။

ရဲလင်းထွဋ်သည် ရုံးတံခါးမပိတ်မီ ဦးစောနောင်နှင့်အတူထွက် ရန်ပြင်ထားလိုက်သည်။ နို့မဟုတ်ပါက ရုံးခန်းထဲတွင် သူတစ်ယောက် တည်း ပိတ်ကျန်ခဲ့နိုင်သည်မဟုတ်ပါလား။

ဦးစောနောင်အပြန်တွင် ဦးစောနောင်ကားထဲတွင် ဦးစောနောင် နှင့်အတူလိုက်လာခဲ့လေသည်။

\+ + + + +



ဦးစောနောင် အိမ်ကိုတန်းမပြန်သေးပဲ သူနေတဲ့အိမ်ကိုဝင်စုံစမ်း မယ်ဆိုတာကို သူ့အမေဆီဖုန်းဆက်ပြောထား၍ ရဲလင်းထွဋ်သိနေသည်။

ရဲလင်းထွဋ်အဖို့ ရှေ့ဆက်လှုပ်ရှားရမည့်အစီအစဉ်များအတွက် အပြင်းအထန်စဉ်းစားရလေပြီ။

သူသည် ယခု ကိုယ်ပျောက်လူသားတစ်ယောက်ဖြစ်နေပြီ။ သူ့ကိုဘယ်သူကမျှ မမြင်နိုင်တော့သလို၊ ဘယ်သူကမျှလည်း သူ့ပြောစကားများကို မကြားနိုင်တော့ပါ။ သူသည် လူ့လောကနှင့်ကင်းကွာသော အထီးကျန်သီးခြားလူသားတစ်ယောက်ဖြစ်နေခဲ့လေပြီ။

ဒီလိုပုံစံနှင့် သူ မည်မျှကြာအောင် အသက်ဆက်ရှင်နေနိုင်မည်နည်း။ ယခုဆိုလျှင် သူသည် အစားလည်းမစား၊ ရေကိုပင်မသောက်ပဲ နေခဲ့သည်မှာ ၂၄နာရီကျော်ခဲ့ပြီ။ ခန္ဓာကိုယ်က ဖောက်ပြန်ယိုယွင်းမှု မရှိသေးသော်လည်း ကြာလျှင် တစ်ခုခုဖြစ်လာတော့မှာ သေချာလှပါ၏။

သူ့အတွက် ဒီဘဝကလွတ်မြောက်အောင်လုပ်ပေးနိုင်တဲ့သူကို ရှာမှဖြစ်တော့မည်။

သူ့ကိုကယ်တင်နိုင်သူတစ်ဦးသာရှိတာကို ရဲလင်းထွဋ်အာရုံထဲ မှာ ပြန်သတိရလာသည်။ ကယ်တင်နိုင်သူ ထိုတစ်ဦးကား မဟာမြိုင် တောထဲတွင်သီတင်းသုံးနေထိုင်သည်ဆိုသော "ရသေ့ကြီး"ပင်ဖြစ်ပါ၏။

ဆရာဗန္ဓက,က သူ့ကို စိတ်ညို့ပညာနှင့်မျက်လှည့်ပညာများ ရသေ့ကြီးကသင်ပေးခဲ့ကြောင်းပြောခဲ့ဖူးသည်။ ဆရာဗန္ဓက၏လက်စွဲ စိတ်ညို့ပညာကျမ်းကြီးကိုလည်း ရသေ့ကြီးကပင် စွန့်ကြဲခဲ့ကြောင်း ပြောခဲ့ဖူးပေသည်။

သည်လိုဆိုလျှင် . သူ၏ပြဿနာကို ဖြေရှင်းပေးနိုင်သူမှာ ရသေ့ကြီးသာလျှင်ဖြစ်ပေလိမ့်မည်။

ဆရာဗန္ဓကထားရစ်ခဲ့သောစိတ်ညို့ကျမ်းကြီးသည် သူ့အိမ်၏ ဘုရားစင်ပေါ်မှာကျန်နေရစ်ခဲ့တာကို သတိရမိ၏။

စိတ်ညို့ကျမ်းကြီး၏အဖုံးတွင် မဟာမြိုင်တောတွင်းမှ ရသေ့ကြီး သီတင်းသုံးသည့်နေရာကိုရေးမှတ်ထားတာ သတိပြုမိသည်။

သည်ပုံအတိုင်းဆိုလျှင်ဖြင့် သူသည် ကျမ်းကြီးအဖုံးပေါ်မှလိပ်စာ ကိုသိအောင်မှတ်သားထားဖို့လိုပါသည်။ ကိုယ်ပျောက်နေသောဘဝဝယ် ကိုယ့်အိမ်ထဲကိုယ်ဝင်ဖို့ပင် မလွယ်ကူတော့တာကို သူသိထားပြီ။ ဦးစော

နောင် သူ့အိမ်ထဲဝင်ပြီးစုံစမ်းတုန်းမှာ ဦးစောနောင်နှင့်အတူ လိုက်ဝင်ပြီး ဘုရားစင်ပေါ်ရှိ ကျမ်းကြီးထဲကလိပ်စာကို မှတ်သားနိုင်မှုဖြစ်ပေလိမ့်မည်။

ရဲလင်းထွဋ်မှုစဉ်းစားလို့မဆုံးခင်မှာပင် ဦးစောနောင်၏ကားလေး က ရဲလင်းထွဋ်နေထိုင်ခဲ့ရာခြံရှေ့သို့ရောက်ရှိပြီး ခြံထဲသို့ ကားကိုချိုး ဝင်လိုက်လေ၏။

♛♛♛♛♛

( ၃ )

ဦးစောနောင်က အိမ်ရှင်များနှင့်တွေ့ဆုံပြီး သူပျောက်နေသည့် ကိစ္စကိုမေးမြန်းလေသည်။

''ညကမှ မောင်ရဲလင်းအိမ်ဖက်က မီးလည်းမဖွင့်ဘူး၊ မှောင် နေလို့သွားကြည့်တော့ တံခါးတွေလည်း ပိတ်မထားပဲ ပွင့်နေတာတွေ့ရ တယ်ဦးစောနောင်၊ ဒါနဲ့ ကျွန်တော်တို့ပဲတံခါးတွေပိတ်ပေးခဲ့လိုက်ရတယ်၊ တံခါးမကြီးကိုတော့ ကျွန်တော်တို့အိမ်ကသော့နဲ့ပဲ ခတ်ထားလိုက်တယ်၊ ညသြနာရီအထိစောင့်ကြည့်ပေမယ့် မောင်ရဲလင်းရောက်မလာဘူး၊ မနက် အထိလည်း ပြန်မလာလို့ ကျွန်တော်လည်း ဦးစောနောင်ဆီဖုန်းဆက်မေး မလို့ပါပဲ၊ ဦးစောနောင်ဖုန်းကအရင်ဝင်လာမှ ရုံးကိုလည်း ရောကမလာ မှန်းသိရတာပါ''

အိမ်ရှင်ဦးတင်မောင်ဆိုသူက ရှင်းပြနေသည်။

''ကျွန်တော် အိမ်ကလေးကိုသွားကြည့်ပါရစေ၊ သဲလွန်စတစ်ခု ခုများ တွေ့မလားလို့ပါ''

''သွားကြည့်တာပေါ့ဦးစောနောင်''

ဦးစောနောင်နှင့်ဦးတင်မောင်နောက်မှ ရဲလင်းထွဋ်လိုက်ပါလာ ခဲ့သည်။

လူကြီးနှစ်ယောက်က သူ့အကြောင်းတွေကို ပြောလာကြ၏။ ဦးတင်မောင်က ရဲလင်းထွဋ် ညပိုင်းအပြင်ထွက်ခဲကြောင်း၊ ထွက်လျှင် လည်း ညကိုးနာရီထက်နောက်ကျလေ့မရှိကြောင်း၊ အနေအထိုင်အေး ဆေးပြီး အသောက်အစားကင်းတဲ့လူငယ်တစ်ယောက်ဖြစ်ကြောင်းပြော လာသည်။ ဦးစောနောင်ကလည်း ရုံးတွင် ရဲလင်းထွဋ်မှာတာဝန်ကျေ၍ ကုမ္ပဏီအတွက် အားကိုးရတဲ့ဝန်ထမ်းကောင်းတစ်ယောက်ဖြစ်ကြောင်း ပြန်ပြောသည်။

ရဲလင်းထွဋ်ကတော့ သူ့အကြောင်းတွေပြောနေတာကို နား ထောင်ရင်းမှ လူကြီးနှစ်ယောက်နောက်က လိုက်ပါလာလေသည်။

အိမ်လေးရှေ့အရောက်တွင် ဦးတင်မောင်က အိမ်တံခါးကိုခတ် ထားသည့်သော့ကိုဖွင့်လိုက်သည်။

တံခါးပွင့်သွားသည်နှင့် ရဲလင်းထွဋ်သည် လူကြီးနှစ်ယောက်ကို ကျော်ကာ အိမ်ထဲသို့ဦးအောင်ဝင်လိုက်လေသည်။

သူသည် ဘုရားစင်ရှိရာသို့သွားကာ ဆရာဗန္ဓကထားခဲ့သည့် ကျမ်းစာအုပ်ကြီးကိုကြည့်လိုက်လေသည်။ ကျမ်းစာအုပ်ကြီးကား ထားခဲ့ သည့်အတိုင်း နေရာမယွင်းရှိနေပေ၏။

ကျမ်းစာအုပ်မျက်နှာဖုံးပေါ်တွင်ရေးထားသော စာများကို သူ ဖတ်ကြည့်လိုက်သည်။

ထွက်ရပ်ပေါက်ပုဂ္ဂိုလ်(၈)ဦး၏

ကျင့်စဉ်များကိုစုစည်းထားသည့်

**လောကီစိတ်ညှို့ပညာကျမ်းကြီး**

**ရသေ့ကြီးဦးဂမ္ဘီ**

**စမ်းကြီးအိုင်တောရ**

**မဟာမြိုင်တော**

ရဲလင်းထွဋ်က စာအုပ်အဖုံးပေါ်တွင်ရေးထားသော ရသေ့ကြီး ၏ဘွဲ့အမည်၊ မဟာမြိုင်တောအတွင်းက စမ်းကြီးအိုင်တောရစသည်တို့ ကို အလွတ်ရအောင် သုံးလေးခေါက်ပြန်ဖတ်ရင်းရွတ်ကြည့်လိုက်သည်။

လိပ်စာကို အလွတ်ရမှ ဘုရားထိုင်ကန်တော့ကာ ဘုရားစင်ရှေ့ မှခွာခဲ့လေသည်။

ဦးတင်မောင်နှင့်ဦးစောနောင်က သူ့အိမ်ခန်း၊ ရေချိုးခန်းများ မကျန်လျှောက်ကြည့်ရင်း သဲလွန်စရှာဖွေနေကြလေသည်။ ဒါတွေကို ရဲလင်းထွဋ်မှုစိတ်မဝင်စားတော့ပါ။

သူကိုယ်ပျောက်နေကြောင်းကိုသိနိုင်ဖို့ အိမ်ထဲမှာ ဘာသဲလွန်စမှုရှိမည်မဟုတ်ပါ။

သူ့ဆန္ဒက မဟာမြိုင်တောထဲက ရသေ့ကြီးဦးဂမ္ဘီဆီသို့ စောနိုင်သမျှ စောစောရောက်အောင်သွားဖို့သာဖြစ်သည်။

သူသည် ဦးတင်မောင်တံခါးပြန်မပိတ်ခင် အိမ်ထဲက အရင်ဦးအောင်ထွက်လိုက်သည်။

သူ အချိန်ဆိုင်းမနေတော့ပါ။

မဟာမြိုင်တောကိုအရောက် သွားပါတော့မည်။

အိမ်ကလေးကိုနောက်ကျောခိုင်းကာ ကိုယ်ပျောက်လူသားရဲလင်းထွန်းသည် မဟာမြိုင်တောရှိရာသို့သွားရောက်ရန် ထွက်ခွာလာခဲ့လေတော့၏။

♛♛♛♛♛



# အပိုင်း – ၅

## ( ၁ )

မြတ်လေးငုံသည် နေ့စဉ်လုပ်နေကျဝတ္တရားအတိုင်း ဆန်ကွဲများထည့်ထားသောဗန်းကလေးကိုကိုင်ကာ အိမ်ထဲမှထွက်လာသည်။

ဦးစွာ ပိတောက်ပင်အောက်တွင် စာကလေးများအတွက် ဆန်ကွဲများကိုကြဲချလိုက်သည်။

စာကလေးတစ်အုပ်ပျံဝဲလာကာ မြတ်လေးငုံကြဲချလိုက်သောဆန်ကွဲများကိုသူ့ထက်ငါဦးလုယက်ကောက်စားကြလေသည်။

မြတ်လေးငုံက လက်ပံပင်ကြီးအောက်သို့လာခဲ့ပြန်လေသည်။ ဆန်ကွဲများကို ကြဲချလိုက်သည့်အခါ လက်ပံပင်ပေါ်မှ ဆက်ရက်တစ်အုပ်သည် ဆူညံစွာပျံဝဲဆင်းချလာပြီး ဆန်ကွဲများကို အလုအယက်ကောက်စားကြပြန်လေ၏။

ထို့နောက် မြတ်လေးငုံက ခြံစည်းရိုးအစပ်အထိရောက်အောင်သွားလိုက်သည်။ ခြံစည်းရိုးဘေးရောက်မရောက်ကို ခြံစည်းရိုးကို လက်နှင့်ထိသည်အထိ စမ်းသပ်ကြည့်လိုက်လေ၏။ ခြံစည်းရိုးကိုစမ်းသပ်မိ မှပင်ဗန်းထဲတွင်ကျန်သောဆန်ကွဲများကို ခြံစည်းရိုးတလျှောက် ကြဲချလိုက်ပြန်လေသည်။

ခဏချင်းပင် ကျီးကန်းတစ်အုပ်ရောက်လာကာ ဆန်ကွဲများကိုကောက်ယူစားသောက်ကြလေ၏။

မြတ်လေးငုံ မနက်တိုင်းအစာကျွေးနေကျမို့ ကျေးငှက်တွေက လည်းသူတို့နေရာသူတို့သိနေကြကာ ကိုယ့်အုပ်စုနှင့်ကိုယ် စားသောက်နေကြခြင်းဖြစ်လေ၏။

မြတ်လေးငုံက ငှက်စာဆန်ကွဲများကုန်သွားသောဗန်းကလေးကိုကိုင်ကာ ပိတောက်ပင်ကြီးအောက်မှာ ပတ်ရိုက်ထားသည့် သစ်သားခုံတန်းလေးတွင် ထိုင်နေလိုက်သည်။ ငှက်ကလေးများအစာစားနေသည့်အသံကို နားထောင်ရင်း ငှက်ကလေးများကိုမြင်ယောင်ကာ စိတ်ကြည်နူးနေမိလေတော့သည်။

မြတ်လေးငုံက ပိတောက်ပင်အောက်မှ သစ်သားခုံကလေးဆီ ပြန်လာရင်း ထိုင်လိုက်သည်။

သူမသည် ငှက်ကလေးများတစာစာမြည်သံ၊ သစ်ရွက်များ လှုပ်ခတ်သံများကိုနားထောင်ရင်း နံနက်ခင်းတွင် ကြည်နူးချမ်းမြေ့နေ မိသည်။

မြတ်လေးငုံက ပတ်ဝန်းကျင်ကိုမမြင်ရနိုင်ပါသော်လည်း သူမ၏ ဦးခေါင်းကို ဘယ်ညာယိမ်းနွဲ့ကာ ပတ်ဝန်းကျင်တစ်ခုလုံးကို အာရုံဖြန့် ကျက်ကြည့်မိသည်။

ထိုစဉ် . သူမ၏အမြင်အာရုံထဲသို့ တစ်စုံတစ်ခုဝင်ရောက်လာ သည့်အတွက် မြတ်လေးငုံက ထိုနေရာကို နောက်တစ်ဖန်ပြန်၍ လှမ်းကြည့်လိုက်လေသည်။

ထိုအခါ ခြံတံခါးပေါက်၏အပြင်ဖက်တွင် မတ်တပ်ရပ်ရင်း အိမ်ထဲသို့ မျှော်ကြည့်နေသောလူရွယ်တစ်ယောက်ကို မြင်လိုက်ရလေသည်။ ထိုလူရွယ်သည် ခြံတံခါးကိုလက်ဖြင့်ဆုပ်ကိုင်ကာ ခြံထဲသို့မျှော်ကြည့် နေခြင်းပင်ဖြစ်လေ၏။

မြတ်လေးငုံသူ့ကိုကြည့်လိုက်သည်တွင် လူရွယ်က ပါးစပ် လှုပ်ကာ တစ်စုံတစ်ခုပြောလိုက်ပုံရသည်။

သို့သော် . အသံကို မြတ်လေးငုံမကြားလိုက်မိပါ။ အလှမ်း ဝေးသည့်အတွက် မကြားလိုက်ခြင်းဖြစ်ပါလိမ့်မည်။

မြတ်လေးငုံက အိမ်အတွင်းဖက်သို့လှည့်၍အော်လိုက်လေသည်။

''ဒေါ်ကြီး . ဒေါ်ကြီးရေ . ခြံရှေ့မှာဧည့်သည်တစ်ယောက် ရောက်နေတယ်''

အော်လိုက်မိပြီးမှ မြတ်လေးငုံသည် ကိုယ့်အဖြစ်ကိုယ် အံ့အား သင့်သွားမိလေသည်။

***ငါဟာ မျက်စိမှမမြင်ရပဲ။ မျက်စိမမြင်တာ သုံးနှစ်ရှိပြီ။ ခြံရှေ့မှာရပ်နေတဲ့လူကို ငါ ဘာလို့မြင်ရတာလဲ။***

မြတ်လေးငုံက သေချာအောင် ခြံရှေ့တံခါးပေါက်သို့ပြန်ကြည့် လိုက်သည်။

ထိုအခါ အခုနကမြင်ခဲ့ရသောလူရွယ်ကို ယခုလည်း မြင်နေရ ဆဲဖြစ်ကြောင်းတွေ့လိုက်ရလေသည်။

ဘုရားရေ. ငါ့မျက်လုံးတွေ သူ့အလိုလိုပြန်မြင်သွားပြီလား။





မြတ်လေးငုံက ဘေးပတ်ဝန်းကျင်ကို ပတ်ချာလှည့်ကာ ကြည့် လိုက်သည်။ ဘာမျှမမြင်ရပါ။ ပတ်ဝန်းကျင်တစ်ခုလုံး ပိန်းပိတ်အမှောင်၊ ခြံတံခါးအပြင်ဖက်မှလူရွယ်ကိုသာ မြင်နေရခြင်းဖြစ်သည်။

**ရပ်နေသောလူရွယ်ရယ်၊ သူကိုင်ထားသော ခြံဝင်းတံခါးရယ်ကို ကွက်ကွက်ကလေး မြင်နေ ရခြင်းဖြစ်သည်။ အခြားသော အရာဝတ္ထုများကို မမြင်ရပါ။**

ဘယ်လိုဖြစ်တာပါလိမ့်။

ထိုအချိန်တွင် . မြတ်လေးငုံအော်သံကြောင့် ဒေါ်ဆယ်မိ မီးဖိုထဲမှထွက်လာလေ၏။

''အငုံ. သမီး. ဧည့်သည်ရောက်တယ်လို့ အော်လိုက် သလား''

''ဟုတ်ကဲ့ဒေါ်ကြီး၊ ဟောဟိုမှာလေ .''

မြတ်လေးငုံက တံခါးပေါက်ဆီလက်ညှိုးညွှန်ကာ ပြောလိုက် သည်။ တံခါးဝတွင်ရပ်နေသောလူရွယ်ကို မြတ်လေးငုံယခုထိမြင်နေရ ဆဲ။

''အို . ဘာတွေပြောနေတာလဲမြတ်လေးငုံ၊ သမီးကမျက်စိမှ မမြင်ရပဲ၊ သမီးပြတဲ့နေရာမှာ ဘယ်သူမျှမရှိပါဘူးကွယ်''

ဒေါ်ဆယ်မိပြောလိုက်သည်မှာ သဘာဝကျပါသည်။ လူရွယ်ကို သူမ မြင်နေရခြင်းမှာ မဖြစ်နိုင်သောဖြစ်ရပ်ဖြစ်သည်။ သို့သော် . မြတ်လေးငုံမျက်စိထဲတွင် ယခုထိ လူရွယ်၏ပုံက ပျောက်မသွားသေးပေ။ တံခါးကိုကိုင်ကာ ရပ်လျှက်အနေအထားအတိုင်း မြင်နေရဆဲဖြစ်ပါသည်။

''ဟုတ်ပါတယ်ဒေါ်ကြီး၊ သမီးမြင်ရတယ်ဆိုတာ မဖြစ်နိုင်ပါဘူး၊ ဒါပေမယ့် သမီး သူ့ကို အခုထိမြင်နေရတုံးပဲဒေါ်ကြီး၊ လူတစ်ယောက်၊ သူ . ခြံတံခါးဝမှာ ရပ်နေတယ်၊ ဟော . သူ ဒေါ်ကြီးကို တစ်ခုခု လှမ်းပြောနေတယ်ဒေါ်ကြီး''

''ဘုရား . ဘုရား .''

ဒေါ်ဆယ်မိက ဘုရားတလိုက်သည်။

''ဘာတွေပြောနေတာလဲမြတ်လေးငုံ၊ ထင်ရာမြင်ရာတွေ လျှောက်မပြောစမ်းနဲ့ကွယ်၊ ညီးက မြင်ရတယ်ဆိုတာ ဘယ်လိုဖြစ်နိုင် မှာတုံး၊ ညီးပြတဲ့နေရာမှာလည်း ဘယ်သူမျှမရှိဘူး''

''သမီးမညာပါဘူးဒေါ်ကြီးရယ်၊ သမီးမြင်ရလို့ မြင်ရတယ် ပြော

တာပါ''

အဖြစ်အပျက်ကို မြတ်လေးငုံကိုယ်တိုင်လည်း အံ့သြနေမိ၏။ ယခုစကားပြောနေစဉ်တလျှောက်လုံးလည်း တံခါးတစ်ဖက်တွင်ရပ်နေသည့်လူရွယ်ကိုမြင်နေရဆဲဖြစ်သည်။

သို့သော် ဒေါ်ဆယ်မိနှင့်စကားပြောနေရာမှာမူ ဒေါ်ဆယ်မိကို မြတ်လေးငုံမမြင်ရပါ။ သူမအမြင်မှာ ထိုလူရွယ်တစ်ယောက်တည်းကို ဘာလို့မြင်နေရတာပါလိမ့်။

ထိုစဉ်မှာပင် ဆရာကိုသက်ပိုင်သည် ကျောင်းသွားရင်းဝင်နေကျအတိုင်း မြတ်လေးငုံတို့ခြံဝင်းထဲသို့ ဝင်လာလေသည်။

ဆရာကိုသက်ပိုင်ရောက်လာသည်ကို မြတ်လေးငုံမမြင်ရပါ။

''ဟော ဆရာလေးတောင်ရောက်လာပြီ ဆရာလေးရေ ဟောဒီမှာ အငုံတစ်ယောက် ဘာတွေလျှောက်ပြောနေမှန်းမသိလို့''

ဒေါ်ဆယ်မိက ဆရာကိုသက်ပိုင်ကိုနှုတ်ဆက်ရင်းပြောလိုက်သည့်စကားသံကြောင့်သာ ဆရာကိုသက်ပိုင်ရောက်လာတာကို မြတ်လေးငုံသိလိုက်ခြင်းဖြစ်ပါသည်။

ထိုအချိန်၌ မြတ်လေးငုံမြင်နေရသောလူရွယ်သည် ပွင့်သွားသော တံခါးမှတစ်ဆင့် ခြံထဲသို့လှမ်းဝင်လာလေသည်။

''ဘာဖြစ်လို့လဲအငုံ''

ဆရာကိုသက်ပိုင်က မေးလိုက်သည်။

အသံကြောင့် ဆရာကိုသက်ပိုင် အနားရောက်လာပြီဆိုတာကို မြတ်လေးငုံသိလိုက်သည်။ ခြံဝင်းတံခါးမှဝင်လာသောလူရွယ်သည်လည်း မြတ်လေးငုံအနီးသို့ရောက်လာပါလေပြီ။

သူသည် ဆရာကိုသက်ပိုင်ဖွင့်ဝင်လာခဲ့သောတံခါးမှပင် ခြံထဲသို့ဝင်လာခြင်းဖြစ်လေသည်။

''ဆရာ ဆရာ့နောက်နားမှာ လူတစ်ယောက်ပါလာတယ်၊ လူတစ်ယောက်ကို အငုံမြင်နေရတယ်၊ ဆရာမြင်ရလားဟင်''

''ဘာ–''

ကိုသက်ပိုင်၏အာမေဋိတ်သံက ကျယ်လောင်စွာထွက်လာလေသည်။ ကိုသက်ပိုင်သည် မြတ်လေးငုံစကားကြောင့် နောက်ကိုယောင်၍ လှည့်ကြည့်လိုက်သည်။

''ဆရာ့နောက်မှာလူတစ်ယောက်၊ ဟုတ်လား၊ မရှိပါဘူးအငုံ၊ ဘယ်သူမှမရှိပါဘူး''

''ဆရာတို့မမြင်ရဘူးပေါ့နော်၊ အငုံ၊ အငုံလူတစ်ယောက်ကို မြင်နေရတယ်ဆရာရယ်၊ မြင်တာမှ ထင်ထင်ရှားရှားကိုမြင်နေရတာ''

ထိုစဉ် မြတ်လေးငုံနှင့် ဒေါ်ဆယ်မိ၊ ကိုသက်ပိုင်တို့ အခြေအတင်စကားပြောနေသံများကိုကြားကာ ဦးစံမြင့် အိမ်ထဲမှထွက်လာလေသည်။

''ဘာဖြစ်လို့လဲဆယ်မိ''

ဒေါ်ဆယ်မိကို ဦးစံမြင့်က မေးလိုက်သည်။

''ဒီမယ် မြတ်လေးငုံက လူတစ်ယောက် အိမ်ထဲထိရောက်နေတယ်ဆိုတာ မြင်ရတယ်ပြောလို့''

''ဘာ–''

ဦးစံမြင့်က အံ့သြစွာရေရွတ်လိုက်သည်။

''ဟုတ်ပါတယ်ဘဘ၊ အဲဒီလူကို သမီး အခုထိမြင်နေရတုံးပါ၊ သူက ဆရာနဲ့အတူ အိမ်ထဲကိုဝင်လိုက်လာတယ်ဘဘ၊ သူ သူ ဟောဒီနားမှာ ရပ်နေပါတယ်''

မြတ်လေးငုံက သူမ မြင်ရသည့်အတိုင်းပြောပြလိုက်လေသည်။ လူရွယ်ရပ်နေသည့်နေရာကိုလည်း လက်ညှိုးထိုးပြလိုက်သည်။

မြတ်လေးငုံမြင်နေရသောလူရွယ်မှာ ယခုအချိန်အထိပင် သူတို့အနီး၌ရပ်နေဆဲဖြစ်ပါသည်။

မြတ်လေးငုံ၏အမြင်တွင် ဒေါ်ဆယ်မိ၊ ဦးစံမြင့်နှင့် ဆရာကိုသက်ပိုင်တို့ကို မြင်မနေရပါ။ ထိုလူရွယ်တစ်ဦးတည်းကိုသာ ထင်ထင်ရှားရှားမြင်နေရခြင်းဖြစ်ပါသည်။ ထိုလူရွယ်သည် ဂျင်းဘောင်းဘီနှင့် တီရှပ်ကိုဝတ်ဆင်ထားကာ မြို့သားဆန်ဆန်ချောမောသောလူတစ်ယောက် ဖြစ်ပါ၏။ သူ့အသွင်မှာ ပင်ပန်းနွမ်းလျကာ ခြေကုန်လက်ပန်းကျနေသည့် အသွင်မျိုး ပေါ်နေသည်။

''သမီးကလည်းကွယ်၊ သမီးအမြင်မှားတာဖြစ်ပါလိမ့်မယ်၊ စိတ်စွဲလမ်းလို့ မျက်စိမြင်တုံးက မြင်ခဲ့ဖူးတဲ့သူတစ်ယောက်ယောက်ကို မြင်ယောင်မိတာဖြစ်ပါလိမ့်မယ်ကွဲ့''

''မဟုတ်ဘူးဘဘ၊ အဲဒီလူကို သမီးတစ်ခါမှမမြင်ဖူးပါဘူး၊ သမီး

မျက်မမြင်ဘဝရောက်ပြီးမှ အဲဒီလိုမြင်ရတာမျိုးလည်း တစ်ခါမျှ မဖြစ်ဘူးပါဘူးဘာဘရယ်၊ သမီး သူ့ကိုမြင်နေရတာ စိတ်ထဲက ထင်ယောင်ထင်မှားဖြစ်တာမဟုတ်ပါဘူး၊ တကယ်ကိုမြင်နေရတာပါ''

''သမီး. မြတ်လေးငုံ၊ ပုတီးစိတ်နေပါလားသမီးရယ်''

ဒေါ်ဆယ်မိက ဝင်ပြောလိုက်သည်။ ဒေါ်ဆယ်မိက မြတ်လေးငုံဘေးတွင်လည်း ဝင်ထိုင်လိုက်၏။

မြတ်လေးငုံလက်နှစ်ဖက်ကိုဆုပ်ကိုင်ရင်း .

''သမီးလေး မြတ်လေးငုံ၊ ဒေါ်ကြီးတို့စိတ်ရှုပ်အောင် ဘာတွေပြောနေတာလဲကွယ်၊ ဒါမျိုးတွေမပြောနဲ့တော့နော်''

''ဟုတ်ကဲ့ပါဒေါ်ကြီး၊ သမီးတွေးမိတွေးရာတွေးပြီး စိတ်တွေ ထွေလို့ပြောလိုက်မိတာပါ''

မြတ်လေးငုံအနေဖြင့် ဒီအကြောင်းကိုဆက်ပြောလို့မဖြစ်တော့ မှန်းနားလည်လိုက်သည်။ ထို့ကြောင့် အလိုက်သင့်ပြန်ပြောလိုက်ရခြင်းဖြစ်ပါသည်။

ထိုသူကိုတော့ မြတ်လေးငုံမြင်နေရဆဲ။

သူကလည်း မြတ်လေးငုံကိုအကူအညီတောင်းသလို မျက်နှာညှိုးငယ်စွာဖြင့်ကြည့်နေလေသည်။

ထိုသူသည် ပင်ပန်းနွမ်းလျဟန်ဖြင့် မြတ်လေးငုံထိုင်နေသည့်သစ်သားခုံပေါ်တွင် ဝင်ထိုင်လိုက်လေသည်။

ဒီလူကို တခြားလူတွေ မမြင်ရတာတော့ သေချာပြီ။ ငါကတော့ မျက်မမြင်ဖြစ်ရက်နဲ့ သူ့ကို ဘာလို့မြင်နေရတာပါလိမ့်။ သူဟာ တကယ်ပဲ ငါ့ရှေ့မှာရှိနေတာလား။ ငါ့စိတ်က ထင်နေတာလား။ စိတ်က ထင်တယ်လို့ပြောရအောင်လည်း ငါ သူ့ကို တစ်ခါမျှမမြင်ဖူးပဲ။ သူ ဘယ်သူပါ လိမ့်။

အလို ... ဘုရား ... ဘုရား ... သူဟာ ... သေပြီးတဲ့လူတစ်ယောက်ရဲ့ဝိညာဉ်များဖြစ်နေမလား၊ ငါ့ကိုခြောက်လှန့်နေတာလား။

မြတ်လေးငုံက သူမဘေးနားတွင် ထိုင်နေသောလူကို အကဲခတ်ကြည့်ရင်း တွေးနေသည်။

သူမသည် ဘေးပတ်ဝန်းကျင်ရှိ မည်သည့်အရာကိုမျှမမြင်ရပဲ ထိုသူတစ်ဦးတည်းကိုသာ ကွက်၍မြင်နေရခြင်းဖြစ်ပါသည်။ ထိုသူ ခြံတံခါးဝတွင်ရပ်နေစဉ်က သူနှင့်အတူ တံခါးကိုပါ တွဲ၍မြင်နေရသည်။ တံခါးဝမှ အိမ်ထဲကိုဝင်လာတော့ ခြံတံခါးသည် အမြင်ထဲမှပျောက်သွား သည်။

ထိုသူ ခုံတန်းလျားမှာ ဝင်ထိုင်လိုက်ချိန်၌ သူနှင့်အတူ သစ်သားတန်းလျားကိုပါ တွဲ၍မြင်လိုက်ရပြန်လေသည်။ မြင်နေရပုံမှာ ပဟေဠိဆန်လှပေတော့သည်။

သူမမျက်စိထဲမှာမြင်နေရတာတွေကိုတော့ ပြန်ပြောမပြတော့ပဲ ရေငုံနှုတ်ပိတ်နေလိုက်ပါတော့သည်။

''လာ– သမီး၊ ဘုရားခန်းထဲကို ဒေါ်ကြီးလိုက်ပို့ပေးမယ်၊ ပုတီးစိတ်နေနော်''

ဒေါ်ဆယ်မိက မြတ်လေးငုံလက်ကိုဆွဲကာ အိမ်ထဲသို့ခေါ်သွားလေသည်။

ဆရာကိုသက်ပိုင်က ငေးကြည့်ရင်း ကျန်ခဲ့လေသည်။

''ကလေးတွေကို စာမေးပွဲစစ်နေပြီလားဆရာလေး''

ဦးစံမြင့်က ဆရာကိုသက်ပိုင်ကို မေးလိုက်သည်။

''ဟုတ်ကဲ့ဦးလေး၊ ပထမအစမ်းစာမေးပွဲစစ်နေပါပြီ''

''အင်း. ဘာလိုလိုနဲ့ဝါတောင်ကျွတ်တော့မှာပဲ''

ဦးစံမြင့်နှင့်ကိုသက်ပိုင်တို့ပြောနေသောစကားများကို ဒေါ်ဆယ်မိ တွဲခေါ်ရာနောက် လိုက်သွားရင်းမှ မြတ်လေးငုံကြားနေရလေသည်။

♛♛♛♛♛

( ၂ )

ဒေါ်ဆယ်မိက မြတ်လေးငုံကို ဘုရားခန်းထဲခေါ်သွားသည်။

ဘုရားခန်းထဲအရောက်တွင် မြတ်လေးငုံလက်ထဲကို စိတ်ပုတီး ထည့်ပေးသည်။

မြတ်လေးငုံ ဘုရားကိုအာရုံပြုကာ ပုတီးစိတ်နေလိုက်ပါ၏။

ဒေါ်ဆယ်မိ ဘုရားခန်းထဲက ပြန်ထွက်သွားသည်။

မြတ်လေးငုံသည် သံဗုဒ္ဓေဂါထာကို စိတ်ပုတီးတစ်ဝက်ကျိုး သည်အထိ စိတ်တည်ငြိမ်စွာစိတ်နေနိုင်ခဲ့သည်။

ပုတီးတစ်ပတ်ကျော်ကျော်တွင် မြတ်လေးငုံစိတ်ထဲ၌ မိမိဘေး တွင် လူတစ်ယောက်ရှိနေသည်ဟု ထင်လာသည်။ ချထားသောမျက်လွှာ ကိုပင့်လိုက်သည်။ မြတ်လေးငုံသည် ရှေ့တည့်တည့်ရှိ ဘုရားစင်ကိုလည်း ကောင်း၊ ဘုရားဆင်းတုကိုလည်းကောင်း မမြင်ပါ။ ဘုရားခန်းထဲရှိ ဘာကိုမျှ မြတ်လေးငုံမမြင်ရပါ။

သို့သော် ..မလုံသောစိတ်ဖြင့် မိမိညာဖက်ဘေးကိုလှည့်ကြည့် လိုက်မိသည်တွင် ..

''အို ..''

သူမနှင့်ကပ်လျက် ကြမ်းတစ်ပြေးတည်းထိုင်နေသော ထိုသူ ကို မြတ်လေးငုံမြင်တွေ့လိုက်ရလေတော့သည်။

ထိုသူသည် သူမပုတီးစိတ်နေသည့်ဘေးတွင် ကပ်၍ထိုင်နေကာ သူမကို ငေးစိုက်ကြည့်လျက်ရှိလေသည်။

မြတ်လေးငုံလက်ထဲက စိတ်ပုတီးပြုတ်ကျသွားသည်။

နှုတ်မှလည်း စကားလုံးများထွက်ကျသွားလေ၏။

''ရှင်– ရှင်ဘယ်သူလဲ''

\+ + + + +

သူက မြတ်လေးငုံကိုရီဝေစွာငေးစိုက်ကြည့်နေလေသည်။

''ရှင် ဘယ်သူလဲဟင်၊ ရှင်ဟာ လူတစ်ယောက်လား''

ထိုသူက ခေါင်းညိတ်ပြလိုက်သည်။

''အို ..ရှင်ဟာ လူတစ်ယောက် ဟုတ်လား၊ ဒီမယ် .. ကျွန်မက မျက်မမြင်တစ်ယောက်ရှင့်၊ ကျွန်မဟာ ဘာကိုမျှမမြင်ရတာ သုံးနှစ်ကြာပြီ၊ ရှင့်ကို အခု ကျွန်မမြင်နေရတာ တကယ်မှ ဟုတ်ရဲ့လား''

သူက ခေါင်းညိတ်ပြပြန်သည်။

''ရှင် ရှင် စကားမပြောတတ်ဘူးလား၊ ရှင် ကျွန်မကို ဘာလို့ စကားပြန်မပြောတာလဲဟင်''

သူက သူ့ပါးစပ်ရှေ့တွင် လက်ဝါးကိုကာရင်း ခါယမ်းပြလေ သည်။

''ဪ ..ရှင်စကားမပြောတတ်ဘူးပေါ့နော်''

သူက ခေါင်းကိုခါးယမ်းပြပြန်လေသည်။

''ဘယ်လိုလဲ၊ ရှင် စကားပြောတတ်ရင် ပြောလေ''

သူသည် ပါးစပ်လှုပ်ကာ မြတ်လေးငုံကို စကားအနည်းငယ် ပြောဟန်ပြုလိုက်လေသည်။ သို့သော် သူ့စကားပြောသံကို မြတ်လေးငုံ မကြားရချေ။

''ဘုရားရေ .. ရှင်ဟာ လူစစ်စစ်တော့မဟုတ်နိုင်ပါဘူး၊ ရှင့်ကို ကျွန်မမြင်နေရတယ်ဆိုကတည်းက ရှင်ဟာ လူမဟုတ်နိုင်ဘူး၊ ရှင် ကျွန်မကိုခြောက်လှန့်နေတာလားဟင်''

သူက သက်ပြင်းကိုချလိုက်လေ၏။ စိတ်ပျက်လက်ပျက်လည်း ဖြစ်သွားပုံရလေသည်။

မြတ်လေးငုံက အရဲစွန့်ကာ လျှပ်တပြက်ပေါ်လာသောအကြံ အတိုင်း လုပ်လိုက်သည်။

''ဒီမယ်..ရှင့်ကို ကျွန်မကိုင်ကြည့်မယ်နော်၊ ရှင် ရှေ့ နည်းနည်း တိုးစမ်းပါ''

မြတ်လေငုံက သူတိုးလာသည်ကိုမစောင့်တော့ပဲ ကိုယ်ကို ကိုင်းကာ ထိုလူ့ကိုလှမ်းထိလိုက်သည်။

''အို ..အမလေး''

မြတ်လေးငုံအလန့်တကြားအော်လိုက်မိသည်။

သူ့ကို မြတ်လေးငုံလှမ်းထိလိုက်သည့်အခါ ..မြတ်လေးငုံ၏ လက်က သူ့ခန္ဓာကိုယ်ထဲကို ကျွံဝင်သွားသောကြောင့်ဖြစ်သည်။

သူသည် အကောင်အထည်မရှိသူပါလား။ ဒါဖြင့် ..သူဟာ ဘာလဲ။ လူလား ..နာနာဘာဝလား ..။

''ရှင် .. ရှင် .. လူမဟုတ်ဘူး''

သူက ခေါင်းကိုကုပ်လိုက်လေသည်။ စိတ်ပျက်လက်ပျက်လည်း ဖြစ်သွားပုံရသည်။

ထို့နောက် သူက သူ့ဘယ်ဖက်လက်ဖဝါးကိုဖြန့်ကာ ညာဖက်လက်ဖြင့် လက်ဖဝါးပေါ်မှာ စာရေးသကဲ့သို့အမူအရာလုပ်ပြလေသည်။

''ဘာလဲ . ရှင် စာရေးပြမလို့လား''

သူက ခေါင်းညိတ်ပြသည်။

''ရှင် စာရေးပြတာ အရေးမကြီးဘူး၊ စာရွက်နဲ့ဘောပင်ရှိတဲ့နေရာကို ကျွန်မမသွားတတ်ဘူး''

သူက အမူအရာဖြင့် ဘယ်နေရာမှာလဲဟု မေးလိုက်သည်။

''ဟုတ်သားပဲ၊ ကျွန်မမမြင်ရပေမယ့် ရှင်မြင်ရတယ်နော်၊ စာရင်းရေးတဲ့စာအုပ်နဲ့ဘောပင်က အိမ်ရှေ့ညှော်ခန်းက ဘီရိုပေါ်မှာရှိ တယ်၊ ရှင်ကျွန်မကို အိမ်ရှေ့ညှော်ခန်းရောက်အောင်ခေါ်သွားလေ၊ ကျွန်မ ရှင့်နောက်က လိုက်ခဲ့မှာပေါ့''

သူက ရှေ့မှလှမ်းထွက်သွားရာ မြတ်လေးငုံသည် သူ့နောက်မှ လိုက်ပါရင်း ညှော်ခန်းသို့အလွယ်တကူရောက်သွားလေသည်။ သူမချည်း ဆိုပါက နံရံများကိုလက်နှင့်စမ်းကာ စမ်းတဝါးဝါးဖြင့် ကြာရှည်သွားနေရဦးမည်ဖြစ်သည်။

ညှော်ခန်းထဲရောက်တော့ သူက ဟိုသည်လှည့်ပတ်ကြည့်လိုက် ရာ ခေါင်းရင်းဖက်မှဘီရိုကိုတွေ့သွားလေသည်။

''ဘီရိုကို ရှင်တွေ့လား''

သူက ဘီရိုကိုလက်ဖြင့်ကိုင်ပြလိုက်သည်။ သူ့လက်ဖြင့်ထိလိုက်သည်နှင့် ဘီရိုသည် မြတ်လေးငုံမြင်ကွင်းထဲ၌ပေါ်လာလေ၏။ ယခုတော့ သူနှင့်ထိတွေ့ဆက်သွယ်ရာတွင် ဖြစ်တတ်သောအရာများကို မြတ်လေး ငုံ ရိပ်မိလာပါပြီ။

မျက်စိမမြင်သောမြတ်လေးငုံသည် သူ့ကို ထူးထူးခြားခြားမြင်တွေ့နေရခြင်းနှင့်အတူ . သူ့ခန္ဓာကိုယ်နှင့်ထိတွေ့ကိုင်တွယ်လိုက်သော ပစ္စည်းပစ္စယများကိုလည်း မြင်တွေ့နေနိုင်ပါသည်။ သူက တစ်စုံ တစ်ခုဥပမာ . ကုလားထိုင်ကို လက်ဖြင့်ထိကိုင်လိုက်လျှင် သူထိလိုက်သောကုလားထိုင်က မြတ်လေးငုံမျက်စိထဲမှာပေါ်လာသည်။ ကုလားထိုင်ကို သူ့လက်မှလွှတ်လိုက်သည်နှင့် ကုလားထိုင်သည် မြတ်လေးငုံအမြင်မှပျောက်ကွယ်သွားလေသည်။ သူသည် ဘယ်လိုလူစား ဆိုတာ မသိရသေးသော်လည်း သူနှင့်ဆက်ဆံရာတွင် ကြုံတွေ့ရပုံများ ကိုတော့ မြတ်လေးငုံ နည်းနည်းချင်း ရိပ်စားမိလာလေပြီ။

သူ့လက်နှင့်ထိလိုက်သည့်အတွက် ဘီရိုကိုမြင်လိုက်ရသည်နှင့် အတူ ဘီရိုအမိုးပေါ်မှ စာရင်းစာအုပ်နှင့် ဘောပင်များထည့်ထားသော ဖူးကလေးကိုပါ မြတ်လေးငုံမြင်တွေ့လိုက်ရပါပြီ။

''အဲ . အဲဒီမှာလေ . စာအုပ်နဲ့ဘောပင်ကို ရှင်ယူလိုက်၊ ပြီးတော့ . ကျွန်မကိုစာရေးပြပေါ့''

သူက စာအုပ်ဆီသို့လက်လှမ်းကာ စာအုပ်ကို ကိုင်ပြလိုက်၏။

စာအုပ်ကိုကိုင်လိုက်သောသူ့လက်များသည် စာအုပ်ထဲသို့ ကျံ့ဝင်သွားလေ၏။ အို့ သူဟာ ကိုင်လို့တွယ်လို့ မရပါလား။ သူ့ကိုယ် ကို ထိလို့ကိုင်လို့မရသလို သူကလည်း . ဘာပစ္စည်းကိုမှ ကိုင်တွယ် ထိတွေ့လို့ မရပါကလား။ သူဟာ ဘယ်လိုသတ္တဝါများလဲနော် .။

သူက စာအုပ်နှင့်ဘောပင်ကို မြတ်လေးငုံယူဖို့ အမူအရာပြ သည်။ မြတ်လေးငုံက သူထိကိုင်ထား၍ မြင်နေရသော စာအုပ်နှင့် ဘောပင်ကို လှမ်းယူလိုက်လေသည်။

''ကဲ– ဒါဖြင့် လာ၊ ဘုရားခန်းထဲကို ပြန်သွားကြမယ်''

သူတို့နှစ်ယောက် ဘုရားခန်းထဲသို့ ပြန်လာကြလေသည်။

\+ + + + +

ဘုရားခန်းထဲပြန်အရောက်တွင် မြတ်လေးငုံက စာအုပ်နှင့် ဘောပင်ကို ကြမ်းပြင်ပေါ်ချလိုက်သည်။

''ကဲ– ရှင့်အကြောင်းကို စာနဲ့ရေးပြပေတော့''

သူက ခေါင်းကိုခါရမ်းပြသည်။ ဘောပင်ကိုလက်ညှိုးထိုးပြကာ လက်ဝါးပေါ်စာရေးသည့်ပုံစံလုပ်ပြသည်။ ပြီးတော့ မြတ်လေးငုံကို ကိုယ်တိုင်ရေးရန် အမူအရာပြလေသည်။

''ဟုတ်တော့ဟုတ်သားပဲ၊ ရှင်က ဒါတွေကို ကိုင်လို့မှမရတာ၊ အဲဒီတော့ . ဘယ်လိုလုပ်ပြီး စာရေးလို့ရမှာလဲနော်၊ ဒါဖြင့် . ရှင်က စကားလည်းမပြောတတ်ဘူး . အဲ . မပြောနိုင်ဘူးလေ၊ အဲဒီတော့ . ဘယ်လိုလုပ်ကြမလဲ''

သူက ကြမ်းပြင်ပေါ်တွင် လက်ဖြင့်စာရေးဟန်လုပ်ပြသည်။

စာလုံးများကိုရေးခြစ်သလို လက်ကိုလှုပ်ရှားပြ၏။

မြတ်လေးငုံသဘောပေါက်သွားလေသည်။

''သိပြီ၊ ကျွန်မက ရှင် ရှေ့ကနေ ရေးပြတဲ့အတိုင်း ဘောပင်နဲ့စာရွက်ပေါ်မှာ လိုက်ရေးရမယ်ပေါ့၊ ဟုတ်လား''

သူ အားရဝမ်းသာဖြစ်သွားလေသည်။ သူ့မျက်နှာကိုမြင်နေရသည့်တလျှောက်လုံးမှာ ကြည်လင်ရွှင်လန်းဆုံးအမူအရာပင်ဖြစ်လေတော့သည်။

သူက မြတ်လေးငုံလှန်ထားသော စာရင်းစာအုပ်ရှည်ကြီး၏ နောက်ကျောဖက်နောက်ဆုံးစာမျက်နှာပေါ်တွင် လက်ညှိုးဖြင့်ထောက် ကာ စာလုံးများကို ခပ်ဖြည်းဖြည်းရေးခြစ်လိုက်လေသည်။

မြတ်လေးငုံသည် သူရေးသလို ဘောပင်ဖြင့် စာအုပ်ပေါ်လိုက် ရေးကြည့်သည်။ အစပိုင်းတွင် ရေးရသည်မှာ သိပ်မတွင်ကျယ်။ သူက စာလုံးတစ်လုံးချင်းကို မြတ်လေးငုံလိုက်ရေးပြီးသည်အထိ စိတ်ရှည် လက်ရှည် အထပ်ထပ်အခါခါရေးပြနေသည်။

သူသည် ညာလက်ဖြင့် စာကိုရေးပြရင်းမှ ဘယ်လက်ဖြင့် စာအုပ်ကိုကိုင်ပေးထားရသည်။ ဒါမှသာ စာအုပ်ကို မြတ်လေးငုံမြင်နေ နိုင်ပြီး စာလိုက်ရေးလို့ရနိုင်မည်မဟုတ်ပါလား။

မြတ်လေးငုံသည် သူ့လက်လှုပ်ရှားသည့်အတိုင်း လိုက်လှုပ်ရှားရင်းမှ စာအုပ်ပေါ်တွင် ရေးခြစ်လိုက်ရာ စာလုံးများ တစ်ခုပြီးတစ်ခုပေါ်လာလေတော့၏။

ပေါ်လာသောစာလုံးများကို မြတ်လေးငုံ ဖတ်ကြည့်လိုက်သည်။

**ကျွန်တော်ဟာ ကိုယ်ပျောက်နေတဲ့ လူတစ်ယောက်ပါ**

''အို့ရှင်က ကိုယ်ပျောက်နေတဲ့လူ၊ ဟုတ်လား။ ကိုယ်ပျောက်လူသား . အို . ရှင် ဘယ်လိုကိုယ်ပျောက်သွားတာ လဲဟင်၊ ကိုယ်ပျောက်နေတဲ့လူကို မျက်စိမမြင်တဲ့ကျွန်မကတော့ မြင်နေ ရတယ်. ဆန်းလိုက်တာနော်''

မြတ်လေးငုံသည် အံ့သြတကြီးရေရွတ်ရင်း သိလိုသမျှကို အလျှင်စလို မေးလိုက်မိလေသည်။

မြတ်လေးငုံအသံကြောင့် မီးဖိုထဲမှ ဒေါ်ဆယ်မိက လှမ်းအော် မေးလိုက်လေသည်။

''သမီး အငုံ .ဘယ်သူနဲ့စကားပြောနေတာလဲ၊ သမီး စကားပြောသံကြားလိုက်ရသလားလို့''

''ဒေါ်ကြီး. သမီး ဘုရားစာတွေကို အသံထွက်ပြီးရွတ်နေ တာပါ''

နောက်ဖေးဖက်ကို အော်ပြောလိုက်ရလေ၏။

''ဩော် . အေး . အေး .''

သူက နှုတ်ခမ်းရှေ့တွင် လက်ညှိုးကိုကပ်ပြရင်း တိုးတိုးပြော ရန် အမူအရာပြလိုက်သည်။

သူလုပ်ပြပုံကြောင့် အငုံက ရယ်ချင်သွားမိ၏။ ပါးစပ်ကို လက်ဖြင့်အုပ်ရင်း ခပ်တိုးတိုးရယ်လိုက်သည်။

''ကဲပါ .ဆက်ရေးပြပါဦး၊ ကျွန်မ ရှင့်အကြောင်း သိချင် လှပြီ''

သူ ရှေ့မှရေးပြသွားသည့်အတိုင်း မြတ်လေးငုံလိုက်ရေးလိုက် ရာ .

**ကျွန်တော့်နာမည်က ရဲလင်းထွဋ်ပါ**

မြတ်လေးငုံက သူရေးလိုက်ပြီးသည့်စာကြောင်းကို ပြန်ဖတ် ကြည့်လိုက်၏။

ဩော် . သူ့နာမည် ကိုရဲလင်းထွဋ်ကိုး .

**စမ်းသပ်မှုတစ်ခုမှာ ကျွန်တော် ကိုယ်ပျောက် သွားတယ်။**

**ကိုယ်ပျောက်တာကို ပြန်ဖြည်ပေးနိုင်တဲ့ဆရာလည်း သေသွားတယ်။**

**ကျွန်တော် အသံထွက်ပြီးစကားပြောလို့လည်း မရ တော့ဘူး ၊**

**ဘာကိုမှလည်း ကိုင်လို့တွယ်လို့မရတော့ဘူး ။**

သူရေးပြတဲ့အတိုင်းလိုက်ရေးရင်းမှ ပေါ်လာသောစာလုံးများကို ပြန်ဖတ်ရင်း မြတ်လေးငုံ သူ့ကိုသနားသွားလေသည်။

''ဖြစ်မှဖြစ်ရလေ ကိုရဲလင်းထွဋ်ရယ် .''

သူက ဆက်ပြီးအသိပေးလိုဟန်ဖြင့် စာလုံးများကို ရေးပြပြန် သည်။ မြတ်လေးငုံလိုက်ရေးရပြန်လေ၏။

**ကျွန်တော့်အဖြစ်ကို ကုစားပေးနိုင်တဲ့ ရသေ့ကြီး တစ်ပါး ဒီနားမှာ ရှိတယ်ဆိုလို့ လိပ်စာအတိုင်း လိုက်လာ တာပါ။**

**ရသေ့ကြီး ဦးဂမ္ဘီဆိုတာ မင်း သိသလားဟင်–**

စာကိုငုံ့ဖတ်ပြီး မြတ်လေးငုံက သူ့ကိုပြန်ပြောလိုက်သည်။

“ရသေ့ကြီးဦးဂမ္ဘီဆိုတာ မဟာမြိုင်တောထဲမှာ ရှိပါတယ် ကိုရဲလင်းထွဋ်၊ ဒါပေမယ့် ရသေ့ကြီးကိုတွေ့ဖို့က မလွယ်ဘူး”

မြတ်လေးငုံစကားကြောင့် သူ့မျက်နှာ ညှိုးသွားပြန်လေသည်။

“ဒါပေမယ့် ‚ အားမလျှော့ပါနဲ့လေ၊ ရသေ့ကြီးဟာ တစ်နှစ် တစ်ခါ ဆွမ်းခံထွက်တယ်၊ သီတင်းကျွတ်လပြည့်ကျော်တစ်ရက်နေ့တိုင်း ရသေ့ကြီး ဒီရွာကို ရောက်လာတတ်ပါတယ်”

သူ့မျက်နှာ ပြန်ရွှင်လာပြန်သည်။

“ဒီနေ့ သီတင်းကျွတ်လဆန်း ၁၃ရက်နေ့လေ၊ သဘက်ခါ လပြည့်နေ့၊ ရှင် ရသေ့ကြီးကိုတွေ့ဖို့ နှစ်ရက်ပဲစောင့်ရတော့မှာပါ”

သူက သေချာရဲ့လားဆိုသည့်သဘောဖြင့် မေးဆတ်ပြလိုက်၏။

“ရသေ့ကြီးဦးဂမ္ဘီဟာ သီတင်းကျွတ်လပြည့်ကျော်တစ်ရက်နေ့ တိုင်း ရွာစဉ်လှည့်ပြီး ဆွမ်းခံထွက်တယ်၊ ကျွန်မမွေးကတည်းက နှစ်တိုင်း ရသေ့ကြီးကို အဲဒီရက်မှာဖူးရပါတယ်၊ ကျွန်မတို့ အဘိုးအဘွားတွေ လက်ထက်ကတည်းက ရှိလာတဲ့ ဓလေ့ထုံးစံတစ်ခုပါကိုရဲလင်းထွဋ်၊ ရသေ့ကြီးကို တွေ့ရမှာပါ၊ မပူပါနဲ့”

သူက သက်ပြင်းချလိုက်သည်။

“ရှင် သိပ်ကံကောင်းတာပဲ၊ တစ်နှစ်မှတစ်ခါကြွတဲ့ရသေ့ကြီး ရွာကိုကြွလာခါနီးမှာ ရောက်လာတာ သိပ်ကံကောင်းတယ်၊ ရသေ့ကြီး ဆွမ်းခံထွက်တဲ့ရက် မဟုတ်ရင် ရသေ့ကြီးကို ဖူးချင်တိုင်း မဖူးရဘူး၊ တောထဲမှာလိုက်ရှာရင်လည်း မတွေ့ဘူး၊ ဖူးသင့်မှဖူးခွင့်ရတာ၊ ရှင် ကံကောင်းပါတယ်”

မြတ်လေးငုံက သူ့ကိုစေ့စေ့စပ်စပ်ကြည့်လိုက်ပြန်သည်။

“ရှင်ဟာ ကိုယ်ပျောက်နေတာနော်၊ သိပ်ထူးဆန်းတာပဲ၊ ကိုယ်ပျောက်နေတဲ့ရှင့်ကို မျက်မမြင်ကျွန်မက မြင်နေရတယ်လို့”

ရဲလင်းထွဋ်က စာရွက်ပေါ်တွင် လက်ညှိုးကိုရွှေ့လျားကာ စာတချို့ရေးပြလိုက်ပြန်သည်။ သူ ဘာကိုပြောချင်လို့ပါလိမ့်။ မြတ်လေးငုံ သူ့လက်လှုပ်ရှားပုံအတိုင်း လိုက်ရေးရပြန်၏။

ရေးအပြီးတွင် သူကိုင်ပေးထားသောစာရွက်ပေါ်မှ သူမ ကိုယ်တိုင်ရေးခဲ့သောစာသားများကို ဖတ်ကြည့်လိုက်တော့ ‚

**မင်းနာမည်က အငုံ ၊ ဟုတ်လား**

**မင်း ဘာလို့ မျက်စိကွယ်နေတာလဲ၊ မွေးရာပါလား**

မြတ်လေးငုံက စာအဖတ်အပြီးတွင် ခေါင်းကိုပြန်မော့ရင်း သူ့ကိုဖြေလိုက်လေသည်။

“ကျွန်မနာမည်အပြည့်အစုံက မြတ်လေးငုံပါ၊ အငုံလို့ပဲ ကျွန်မ ကိုခေါ်ကြတယ်၊ ကျွန်မမျက်စိက မွေးရာပါမဟုတ်ပါဘူးကိုရဲလင်းထွဋ်၊ မျက်စိကွယ်တာ သုံးနှစ်ရှိသွားပါပြီ”

ရဲလင်းထွဋ်က မြတ်လေးငုံပြောစကားများကို နားထောင်ရင်း မြတ်လေးငုံကို စိတ်မကောင်းသလိုငေးကြည့်နေလေသည်။

“ကျွန်မဘယ်လိုမျက်စိကွယ်သွားတယ်ဆိုတာ ရှင်သိချင်မှာ ပေါ့၊ ကျွန်မပြောပြပါ့မယ်”

♛♛♛♛♛

( ၃ )

ရဲလင်းထွဋ်သည် မြတ်လေးငုံပြောပြနေသော မျက်စိကွယ်သွား သည့်အကြောင်းများကိုနားထောင်ရင်း မြတ်လေးငုံကို သနားနေမိသည်။

သူက ကိုယ်ပျောက်နေသူတစ်ဦးဖြစ်သော်လည်း ကမ္ဘာလောက ပေါ်ရှိ အရာများအားလုံးကို မြင်နိုင်၊ တွေ့နိုင်၊ ကြားနိုင်နေပါသေးသည်။ သူကိုယ်တိုင် ထိလို့ကိုင်လို့မရတာ၊ စကားပြောလို့မရတာပဲရှိသည်။

မြတ်လေးငုံကတော့ အရေးကြီးဆုံးအမြင်အာရုံချို့တဲ့နေပေ ရာ အမှောင်ထုထဲ၌နေနေရသောမိန်းကလေး။

တကယ်တော့ မထူးပါဘူးလေ။ သူရော မြတ်လေးငုံပါ နှစ် ယောက်စလုံး လူဖြစ်ရှုံးနေကြသူများ မဟုတ်ပါလား။

ရဲလင်းထွဋ်သည် ရသေ့ကြီးဦးဂမ္ဘီကိုရှာဖွေပြီး အကူအညီ တောင်းရန်ရည်ရွယ်ချက်ဖြင့် မဟာမြိုင်တောထဲက ဤနေရာအထိ ရောက် လာခဲ့ရခြင်းဖြစ်သည်။ တကယ်တော့ ရသေ့ကြီးနဲ့တွေ့ရင်ကော၊ ရသေ့ ကြီးသိအောင် သူ့အဖြစ်ကိုဘယ်လိုပြောမလဲ။ ရသေ့ကြီးမှာသာ သူ့ကို မြင်နိုင်သည့်တန်ခိုးမရှိလျှင် သူ့အဖြစ်ကိုလည်း မည်သို့မျှပြောပြနိုင်တော့ မည်မဟုတ်ပေ။

မြတ်လေးငုံကိုမြင်စကပင် ဤမိန်းကလေးတစ်ယောက်ကတော့ သူ့ကို မြင်နိုင်တွေ့နိုင်နေတယ်ဆိုတာ သူသတိပြုမိလိုက်သည်။ သူ့အာရုံ ထဲက အလိုလိုသိလိုက်သည်။ တစ်လောကလုံးက ရှိသမျှလူတွေမမြင်

နိုင်ပါပဲနှင့် သည်မိန်းကလေးက ဘာလို့သူ့ကို မြင်နေနိုင်တာလဲ။

အနားသို့သွားရောက်ကြည့်တော့မှပင် မိန်းကလေးသည် မျက်မမြင်တစ်ယောက်ဖြစ်ကြောင်းသိလိုက်ရလေသည်။ ဘယ်သူမျှမမြင်နိုင်သော ကိုယ်ပျောက်လူသားတစ်ယောက်ကို အမြင်အာရုံကွယ်ပျောက်နေသူက မြင်နေရသည့် ထူးဆန်းလှသောအဖြစ်ပါလား။

မြတ်လေးငုံသာလျှင် သူ့အတွက် အားကိုးရာဖြစ်ရပေတော့ မည်။ ရသေ့ကြီးကို မြတ်လေးငုံမှတစ်ဆင့်လျှောက်ထားလျှင်တော့ ရသေ့ကြီးလည်း သူ့အဖြစ်ဆိုးကို သိနိုင်ပါလိမ့်မည်။

မြတ်လေးငုံမျက်မမြင်တစ်ယောက်ဖြစ်နေတာဟာ သူ့အတွက် ကံကောင်းခြင်းတစ်မျိုးပါလားဟု ရဲလင်းထွဋ်က တွေးလိုက်မိလေသည်။

ရဲလင်းထွဋ်သည် မြတ်လေးငုံကို ကျေးဇူးတင်စွာကြည့်ရင်းမှ မြတ်လေးငုံပြောပြသမျှကို နားထောင်နေမိသည်။

မြတ်လေးငုံက သစ်ပင်ကြီးကို မီးသွေးဖုတ်ရာမှ သစ်ခေါင်းထဲတွင်ပါလာသောကျည်ဆံများပေါက်ကွဲပြီး သူမ မျက်မမြင်ဘဝရောက်ခဲ့ရပုံအကြောင်းကို အသံခပ်တိုးတိုးဖြင့်ပြောပြနေသည်။

''သုံးနှစ်ရှိခဲ့ပြီလေ၊ သုံးနှစ်အတွင်းမှာ ကျွန်မ ဘာကိုမှ မြင်နိုင်စွမ်းမရှိခဲ့ပါဘူး၊ အမှောင်ထဲမှာနေခဲ့ရတာပါ၊ ရှင်ဟာ သုံးနှစ်အတွင်းမှာ ကျွန်မ ပထမဆုံးမြင်ဖူးရတဲ့ လူတစ်ယောက်ပါပဲ ကိုရဲလင်းထွဋ် ရယ်''

ရဲလင်းထွဋ်က သူ့ရင်ထဲမှာပေါ်လာသောမေးခွန်းတစ်ခုကို စာရွက်ပေါ်ချရေးဟန်ပြုပြီး မေးလိုက်သည်။

မြတ်လေးငုံက ရဲလင်းထွဋ် လက်ညှိုးဖြင့်ရေးပြသည့်အတိုင်း ဘောပင်ဖြင့်လိုက်ရေးရင်းက စာသားများကိုဖတ်ကြည့်လိုက်သည်။

**ဆေးမကုဘူးလား။**

**ရသေ့ကြီးက ကုမပေးနိုင်ဘူးလား။**

''ရွာမှာပဲ ဆေးမြီးတိုလေးတွေနဲ့ကုတာ မထိရောက်ပါဘူး ကိုရဲလင်းထွဋ်၊ ဘဘနဲ့ဒေါ်ကြီးတို့ကလည်း မအားတော့ မြို့အထိသွားဖို့မဖြစ်နိုင်ဘူးလေ၊ ရသေ့ကြီးကြွလာချိန်မှာ ကျွန်မရဲ့ဒုက္ခကို လျှောက်ကြည့်ပါသေးတယ်၊ ရသေ့ကြီးက သူကုမပေးနိုင်ဘူးတဲ့၊ သူက လူပြုစားတာတွေ၊ ဝင်္ဂနာကံနာတွေကိုသာ ကုနိုင်တာတဲ့၊ ကျွန်မဝေဒနာက ပြင်ပပယောဂကြောင့်ဖြစ်ရတာမို့ တတ်ကျွမ်းတဲ့ဆေးဆရာနဲ့ကုမှသာ ပျောက်မယ်တဲ့၊ ပျောက်တော့ ပျောက်နိုင်တယ်လို့ ရသေ့ကြီးက မိန့်ပါတယ် ကိုရဲလင်းထွဋ်''

ရသေ့ကြီးဟာ သူ့ဒုက္ခကိုရော ကုစားပေးနိုင်ပါ့မလားလို့ ရဲလင်းထွဋ်က တွေးမိသည်။

''ရှင်ကရော . ရသေ့ကြီးကုပေးနိုင်မယ်လို့ ဘယ်လိုသိတာလဲ ကိုရဲလင်းထွဋ်၊ အို . ရှင်ဘယ်လိုလုပ်ပြီး ကိုယ်ပျောက်လူသားဘဝရောက်သွားရတာလဲဟင်၊ ရှင့်အဖြစ်ဟာ သိပ်ဆန်းတာပဲ၊ ကျွန်မကိုပြောပြပါလားဟင်''

သူ့အဖြစ်ကို မြတ်လေးငုံရလည်အောင် ဘယ်လိုပြောပြရပါ့ မလဲ။

စာဖြင့်ရေးပြရလျှင်လည်း . သူကရှေ့ကရေး မြတ်လေးငုံ က နောက်ကထပ်ပြီးလိုက်ရေးနှင့် ဆုံးနိုင်တော့မည်မဟုတ်ပေ။ မည်သို့ ဆိုစေ . သူ့အတွက်အားကိုးရာဖြစ်သော ဤမိန်းကလေးကို သူ့ အကြောင်းကိုတော့ ပြောပြရမည်ပင်။

''သမီးအငုံ . ဘာလုပ်နေတာလဲ၊ ဘုရားရှိခိုးလို့ပြီးပလား''

ဘုရားခန်းအပြင်မှမေးလိုက်သော ဒေါ်ဆယ်မိစကားသံကြောင့် မြတ်လေးငုံက ဣန္ဒြေမပျက် ဘုရားစင်ဆီသို့ လက်အုပ်ချီလိုက်ရသည်။

''ဟုတ် . ဟုတ်ကဲ့ ပြီးပါပြီဒေါ်ကြီး''

''ဘုရားရှိခိုးပြီးရင် ဒေါ်ကြီးကြော်ထားတဲ့ထမင်းကြော်လေး လာစားလိုက်လေ''

''ဟုတ်ကဲ့ပါဒေါ်ကြီး''

ဒေါ်ဆယ်မိက ဘုရားခန်းရှေ့မှ ပြန်လှည့်ထွက်သွားသည်။ တော်ပါသေးရဲ့ . ဗလာစာအုပ်ကို ကြမ်းပြင်ပေါ်ချထားသည်မှာ မြတ်လေးငုံနှင့်ကွယ်နေ၍ ဒေါ်ဆယ်မိမြင်မသွားပေ။

''ကိုရဲလင်းထွဋ် . ကျွန်မစာတွေရေးနေတာကို ဒေါ်ကြီး တို့ မြင်သွားလို့မဖြစ်ဘူး၊ ရေးပြီးသားစာရွက်ကိုဖြဲထားမှပဲ၊ ကျွန်မကို စာအုပ်မြင်ရအောင်ပြပါဦး''

ရဲလင်းထွဋ်က စာအုပ်ကိုသူ့လက်ဖြင့်ထိကာ မြင်အောင်ပြလိုက်သည်။

မြတ်လေးငုံက စာရေးထားသော နောက်ဆုံးစာမျက်နှာကို ဖြဲယူကာ လေးခေါက်ခေါက်ပြီး သူမရင်ဘတ်ထဲသို့ထည့်ထားလိုက်သည်။

“ကဲ– ရှင်နဲ့ကျွန်မ ပြီးတော့မှ ဆက်ပြီးစကားပြောရအောင်၊ လောလောဆယ် ဟောဒီစာအုပ်ကို ညော်ခန်းကဘီရိုပေါ်မှာ ပြန်ထားရ မယ်၊ ကျွန်မကိုလိုက်ပြီး လမ်းပြဦး၊ ပြီးတော့ . ရှင်လည်း ထမင်းကြော် လိုက်စားလှည့်လေ၊ ရှင် ဆာနေရောပေါ့”

\+ + + + +

ရဲလင်းထွဋ်က ထမင်းစားခန်းထဲအထိ မြတ်လေးငုံနှင့်အတူ ပါလာသည်။ ထမင်းစားခန်းမှာ မီးဖိုနှင့်တွဲထားသည့်အတွက် မီးဖိုထဲ တွင်ချက်ပြုတ်နေသော ဒေါ်ဆယ်မိရှိနေသည်။

ဒေါ်ဆယ်မိက .

“လာ– သမီး၊ ဟောဒီမှာထိုင်၊ ဒီမှာ ထမင်းကြော်ပန်းကန်၊ ဒီမှာဇွန်း၊ ရပြီလားသမီး”

ဒေါ်ဆယ်မိက စားပွဲခုံပုလေးပေါ်မှ ထမင်းကြော်ပန်းကန်ကို မြတ်လေးငုံလက်နှင့်ထိပေးပြီး ဇွန်းတစ်ချောင်းကို လက်ထဲထည့်ပေး သည်။

“ရပါပြီဒေါ်ကြီး”

ဒေါ်ဆယ်မိထမင်းစားပွဲဘေးမှထွက်အသွားတွင် မြတ်လေးငုံ က ရဲလင်းထွဋ်ကို သူ့မဘေးမှာထိုင်ဖို့ အမူအရာပြလိုက်သည်။

ရဲလင်းထွဋ် ဝင်ထိုင်လိုက်သည်။

မြတ်လေးငုံက ထမင်းကြော်စားဖို့ သူ့ကို အမူအရာပြလိုက် သည်။ ရဲလင်းထွဋ်က ခေါင်းခါပြသည်။ မြတ်လေးငုံက ဒေါ်ဆယ်မိ မီးဖိုထဲမှာရှိနေလျှင် ကြားသွားမှာစိုး၍ အသံထွက်ပြီးစကားမပြောရဲ၊ အမူအရာဖြင့်ပင် တိုက်တွန်းနေရသည်။

ရဲလင်းထွဋ်က ထမင်းကြော်ပန်းကန်ထဲသို့ သူ့လက်ကိုနှိုက်ပြ လိုက်သည်။ ရဲလင်းထွဋ်လက်သည် ထမင်းပန်းကန်ထဲကျွံဝင်သွားကာ အောက်ကစားပွဲကိုပင် ဖောက်ထွက်သွားလေ၏။

“အို .”

ဟုတ်သားပဲ။ သူဟာ ကိုင်လို့တွယ်လို့မှမရပဲ။ သူဘယ်လိုလုပ် ပြီး စားသောက်မလဲ။ သူဆာနေမှာပေါ့။

မြတ်လေးငုံက သူ့ကို ကရုဏာသက်စွာကြည့်နေသည်ကို ရဲလင်းထွဋ်က “စားသာစားပါ”ဆိုသည့်သဘောဖြင့် အမူအရာပြလိုက် သည်။

မြတ်လေးငုံသည် ထမင်းကြော်ကိုကုန်အောင်စားရင်းမှ သူ့ အကြောင်းကိုတွေးနေမိသည်။

ထမင်းစားအပြီးတွင် မြတ်လေးငုံက သူ့နောက်ကိုလိုက်ခဲ့ရန် အသံတိတ်အမူအရာပြရင်း ရဲလင်းထွဋ်ကို သူမအခန်းထဲသို့ခေါ်သွား လေသည်။

♛♛♛♛♛

( ၄ )

မြတ်လေးငုံက အခန်းထဲအရောက်တွင် ကိုယ့်အခန်းထဲမှာ တော့ အားလုံးကျွမ်းကျင်ပြီးဖြစ်လို့ အခန်းတံခါးကို ချက်ထိုး၍ပိတ် လိုက်သည်။

ရဲလင်းထွဋ်က သူမဘေးတွင် ရပ်နေသည်။

“ကိုရဲလင်းထွဋ်၊ ရှင့်ကို ကျွန်မအခန်းထဲခေါ်လာလို့ တစ်မျိုး မထင်နဲ့နော်၊ ရှင်နဲ့စကားပြောနေရင် ဘေးလူတွေရိပ်မိကုန်မှာစိုးလို့”

ရဲလင်းထွဋ်က သူနားလည်ပါကြောင်း ခေါင်းညိတ်ပြလေသည်။

“ရှင့်ကိုမြင်နေရပေမယ့် စကားပြောလို့က မရတော့ ခက်တာ ပဲ၊ ရှင့်ဆီကသိချင်တာတွေကို ကျွန်မက လိုက်ရေးမှဖြစ်တာနော်၊ ခုန ကလယ်ဂျာစာအုပ်ထဲမှာတော့ ရေးလို့မဖြစ်တော့ဘူး ကိုရဲလင်းထွဋ်၊ အဲဒီတော့ စာရေးလို့ရမယ့် ပစ္စည်းတစ်ခုခုကို ရှင်ပဲအိမ်ထဲမှာ လိုက်ရှာ ပေးပါလားဟင်”

ရဲလင်းထွဋ်က ခေါင်းညိတ်လိုက်သည်။

မြတ်လေးငုံက အခန်းတံခါးကိုပြန်ဖွင့်ပေးလိုက်၏။

ရဲလင်းထွဋ် အခန်းထဲမှထွက်သွားလေသည်။

ခဏအကြာတွင် ရဲလင်းထွဋ်ပြန်ဝင်လာသည်။

မြတ်လေးငုံကို လက်ယပ်ခေါ်သည်။

မြတ်လေးငုံက သူခေါ်သည့်နောက်သို့လိုက်လာခဲ့၏။ ရဲလင်း ထွဋ်က ညော်ခန်းဒေါင့်မှာခေါက်ထားသောစာရွက်တစ်ထပ်ကို လက်ဖြင့်ထိ ပြီး မြတ်လေးငုံမြင်အောင်ပြလိုက်သည်။

အို .ပြက္ခဒိန်အဟောင်းကြီးပဲ။ မနှစ်က ပြက္ခဒိန်အဟောင်း ကို ခေါက်သိမ်းထားခြင်းဖြစ်သည်။ ပြက္ခဒိန်မှာ အတော်အပြန့်ကျယ်ပြီး နောက်ကျောဖက်တစ်ခုလုံးမှာ ဗလာကျင်းနေသည့်အတွက် စာရေးရန် နေရာအတော်များများရပါသည်။

မြတ်လေးငုံက သူထိပြထား၍မြင်နေရသော ပြက္ခဒိန်ခေါက် ကို ကောက်ယူလိုက်သည်။

"အနားမှာ ဒေါ်ကြီးတို့ရှိသလား ကိုရဲလင်းထွန်း"

တိုးတိုးမေးလိုက်သည်။

ရဲလင်းထွန်းက ခေါင်းခါပြသည်။

"လာ– ကျွန်မအခန်းထဲပြန်သွားရအောင်၊ ကျွန်မကို ရှင့်အကြောင်းတွေအားလုံးပြောပြပေတော့"

\+ + + + +

ပြက္ခဒိန်အဟောင်းကြီးကို နောက်ကျောဖက်မှဖြန့်ခင်းကာ ရဲလင်းထွန်းရှေ့မှရေးပြသွားသောအတိုင်း လိုက်ရေးရင်းဖြင့် မြတ်လေးငုံ သည် ရဲလင်းထွန်း ကိုယ်ပျောက်ဘဝရောက်ခဲ့ရသောဖြစ်စဉ်အကျဉ်းကို သိခွင့်ရလိုက်လေသည်။

**ဆရာဇန္ဒကဆိုတဲ့ စိတ်ညှို့ပညာရှင်တစ်ယောက်က လူကို ကိုယ်ပျောက်အောင်စမ်းသပ်တာကို ကျွန်တော်က အစမ်းသပ်ခံခဲ့တယ်။**

**၃ကြိမ်တိတိစမ်းသပ်ပေမယ့် ကိုယ်မပျောက်ခဲ့ဘူး။**

**နောက်ဆုံးတစ်ခါစမ်းသပ်မှုအပြီးမှာ ဆရာဇန္ဒက ကျွန်တော့်အိမ်ကနေ ပြန်သွားတယ်။ ဆရာပြန်သွားတာနဲ့ ကျွန်တော်ဟာ ကိုယ်ပျောက်သွားခဲ့ပါတယ်။ ဆရာကလည်း အဲဒီအဖြစ်ကိုသိလိုက်လို့ ငှားစီးသွားတဲ့ ကားကိုပြန်အကွေ့ ခိုင်းတယ်။**

**ကားက လမ်းမကြီးပေါ်မှာ ဂငယ်ကွေ့ပြန်အကွေ့ နောက်ကလာတဲ့ကားကြီးနဲ့တိုက်မိပြီး ဆရာရော ဒရိုင်ဘာ ရော ပွဲချင်းပြီးသေသွားခဲ့တယ်။**

**ကျွန်တော့်ကိုယ်ပျောက်ဘဝကို ပြန်ဖြည်ပေးနိုင် တဲ့ဆရာ မရှိတော့လို့ ကျွန်တော်ဟာ ကိုယ်ပျောက်ဘဝနဲ့ ကျန်နေခဲ့တာပါ။**

မြတ်လေးငုံက ရေးပြီးသမျှစာကိုပြန်ဖတ်ကြည့်လိုက်သည်။

"တကယ်လို့ . အဲဒီ ဆရာဇန္ဒက ရှိသေးရင်ကော သူက ရှင့်ကိုယ်ပျောက်အဖြစ်ကို ပြန်ပြီးကုစားပေးနိုင်သလားဟင်"

**ဆရာ့မှာ စိတ်ညှို့ပညာကျမ်းကြီးတစ်စောင်ရှိပါတယ်။ အဲဒီကျမ်းထဲက လမ်းညွှန်အတိုင်း ဆရာက စမ်းသပ်ခဲ့တာပါ။ ကျမ်းထဲမှာ ကိုယ်ပျောက်အဖြစ်ကို ပြန်ဖြည်ပေး နိုင်တဲ့ နည်းလမ်းလည်း ပါမှာပေါ့။**

"ဒါနဲ့ မဟာမြိုင်တောထဲက ရသေ့ကြီးဦးဂမ္ဘီက ရှင့်ကိုကုသပေးနိုင်တယ်ဆိုတာကိုရော၊ ရှင်ဘယ်လိုသိနေတာလဲ"

**စိတ်ညှို့ကျမ်းကြီးကို ရသေ့ကြီးဦးဂမ္ဘီက ဆရာဇန္ဒကကို စွန့်လိုက်တာပါ။ ရသေ့ကြီးဟာ စိတ်ညှို့ကျမ်းရဲ့ မူရင်းပိုင်ရှင်မို့ ရသေ့ကြီးကို အားကိုးတကြီးနဲ့ လာခဲ့တာပါဗျာ။**

"အဲဒီစိတ်ညှို့ကျမ်းကြီးရော . အခုဘယ်မှာရှိသလဲ၊ ရှင် သိသလား"

**ဆရာဇန္ဒက,က နောက်တစ်ပတ်ဆက်စမ်းသပ်ဖို့ အတွက် ကျွန်တော့်အိမ်မှာ ထားပစ်ခဲ့ပါတယ်။ ကျွန်တော် ငှားနေတဲ့အိမ်ရဲ့ ဘုရားစင်ပေါ်မှာ ကျန်နေခဲ့ပါတယ်။**

**ရသေ့ကြီး မဟာမြိုင်တောထဲမှာရှိတယ်ဆိုတာလည်း စိတ်ညှို့ကျမ်းမျက်နှာဖုံးပေါ်မှာရေးထားလို့သိရတာပါ။**

မြတ်လေးငုံက လိုက်ရေးထားသောစာများကိုဖတ်ကြည့်ရင်း တဖြည်းဖြည်း ရဲလင်းထွန်းအဖြစ်ကိုနားလည်လာရသည်။

"ဒါဖြင့် . ရှင် ကိုယ်ပျောက်ဘဝရောက်တာ ဘယ်လောက်ကြာပြီလဲဟင်"

**၄– ရက်**

**ကိုယ်ပျောက်ပြီး နောက်တစ်နေ့ပဲ ရန်ကုန်က ထွက်ခဲ့တယ်။**

**ဒီကိုရောက်ဖို့ ၂– ရက်ကြာတယ်။**

"ဒီကိုရောက်အောင် ရှင်ဘယ်လိုလာသလဲ"

**မီးရထား ၊ ကား။ မြို့ပေါ်ရောက်တော့ သူများတွေ ပြောစကားကိုနားထောင်ပြီး စမ်းကြီးအိုင်ရွာကို ရောက်အောင် လာခဲ့တယ်။**

**ကားနဲ့ ရော၊ ခြေလျင်ရော၊ လှည်းကြုံနဲ့ရော။ ကြုံသလိုလာရင်းက ဒီအထိ ရောက်လာတာပဲ။**

**ရွာထိပ်မှာ ဆိုင်းဘုတ်ကြီးတွေ့လိုက်လို့ ဒီရွာကို စမ်းကြီးအိုင်ရွာဆိုတာ သိလိုက်တာပါ။**

“ဒါဖြင့် ‌. ကိုယ်ပျောက်ပြီး ငါးရက်လုံးလုံး ရှင်အစာမစား ရဘူးပေါ့၊ စားလို့လည်း မဖြစ်ဘူးပေါ့နော်၊ ရှင်မဆာဘူးလား၊ နေနိုင် သလား ဟင်”

**ကိုယ်ပျောက်ပြီးကတည်းက ကျွန်တော်ဟာ အကောင်အထည်မရှိတော့ဘူး။ ကျွန်တော့်ကိုယ်ဟာ “လေ”လိုဖြစ်နေပြီလေ၊ အဲဒီတော့ ခန္ဓာကိုယ်ထဲကို အစာထည့်စရာ လည်း မလိုတော့ဘူးပေါ့။**

**အခုထိတော့ ဘာမှမဖြစ်သေးဘူး။ ထမင်းအသက် (၇)ရက် မဟုတ်လား။ ၇-ရက်မပြည့်သေးလို့ ကျွန်တော် မသေသေးတာထင်ပါရဲ့ဗျာ။**

“ဖြစ်ရလေ . ကိုရဲလင်းထွဋ်ရယ်၊ ရှင့်အဖြစ်ကလည်း . လူကြားရင်တောင် ယုံစရာအကြောင်းမရှိဘူး”

ရဲလင်းထွဋ်က စာရေးဟန်လုပ်ပြပြန်၍ လိုက်ရေးရပြန်သည်။

**ဘယ်သူမှယုံမှာမဟုတ်ပါဘူး၊**

**ယုံအောင်ပြောခွင့်လည်း မရှိပါဘူး။**

**ရသေ့ကြီးနဲ့တွေ့ရင်တောင် ကျွန်တော်ဟာ ကိုယ်ပျောက်လူသားတစ်ယောက်ပါဆိုတာ ရသေ့ကြီးသိအောင် ဘယ်လိုပြောမလဲ။**

**မြတ်လေးငုံနဲ့တွေ့ရတာ ကျွန်တော့်ကို ဘုရား,မ တာပါ။**

**ကျွန်တော့်ကို ကူညီပါမြတ်လေးငုံ။**

**မြတ်လေးငုံကို ကျွန်တော် အရမ်းကျေးဇူးတင် ပါတယ်။**

“သြော် . ကိုရဲလင်းထွဋ်ရယ်”

မြတ်လေးငုံက စာကိုပြန်ဖတ်ပြီး ရဲလင်းထွဋ်မျက်နှာကိုမော်ကြည့်ကာ ရေရွတ်လိုက်သည်။

“ကိုရဲလင်းထွဋ်ရယ် . ကျွန်မကလည်း ရှင့်ကိုကျေးဇူးတင်ပါတယ်ရှင်၊ ကျွန်မဟာ အမြင်အာရုံကွယ်ပျောက်နေတာ သုံးနှစ်ရှိပါပြီကိုရဲလင်းထွဋ်၊ ရှင်နဲ့တွေ့ရမှ လူဆိုတာကို ကျွန်မပြန်ပြီးမြင်ဖူးတာပါ၊ ရှင်နဲ့တွဲပြီး ပတ်ဝန်းကျင်က တချို့အရာလေးတွေကို ပြန်ပြီး မြင်ခွင့် ရှိတာပါ၊ ကျွန်မကလည်း ရှင့်ကိုကျေးဇူးတင်ပါတယ်၊ ကျွန်မ ရှင့်ကို ကူညီပါ့မယ် ကိုရဲလင်းထွဋ်”

♛♛♛♛♛

( ၅ )

နောက်တစ်နေ့မနက်မှာ မြတ်လေးငုံက ကျေးငှက်များကို အစာကျွေးရင်းမှ ဆရာကိုသက်ပိုင်အလာကို စောင့်နေလိုက်ပါသည်။

ရဲလင်းထွဋ်က မြတ်လေးငုံ ငှက်ကလေးတွေအစာကျွေးတာ ကို ပိတောက်ပင်အောက်က ခုံပေါ်မှ ထိုင်ကြည့်နေသည်။

မနေ့ကတစ်နေ့လုံး ရဲလင်းထွဋ်သည် သူ့အကြောင်းများကို ပြောပြရင်းဖြင့် ညနေစောင်းသွားခဲ့လေသည်။ ရဲလင်းထွဋ်သည် မနေ့ကတစ်နေ့လုံး မြတ်လေးငုံအနီးတွင်ရှိနေခဲ့သည်။

ညပိုင်းကျတော့ . မြတ်လေးငုံက သူ့ကို တိုးတိုးတိတ်တိတ် နှင်လွှတ်ရပါတော့သည်။

“ကျွန်မအနားမှာချည်းနေမနေနဲ့လေ ကိုရဲလင်းထွဋ်၊ ကျွန်မမှာလည်း လုပ်စရာကိုင်စရာတွေရှိသေးတယ်ရှင့်”

“ဘာဖြစ်လို့လဲ” . ဆိုသည့်သဘောဖြင့် သူက မေးဆတ်ပြသည်။

“အို .ရှင်ကလည်း ကျွန်မက လူတစ်ယောက်ပဲ၊ အစားအသောက်စားသလို အညစ်အကြေးစွန့်တာမျိုးလည်း လုပ်ရဦးမှာပေါ့”

မြတ်လေးငုံပြောလိုက်တော့ သူ့မျက်နှာမှာ အားနာဟန်ဖြင့် ပျက်ယွင်းသွားလေသည်။ သူက မြတ်လေးငုံရှေ့မှလှည့်ထွက်သွားရန် ပြင်လိုက်၏။

“နေဦး . ကိုရဲလင်းထွဋ်”

သူက ပြန်လှည့်ကြည့်ပြီး ရပ်နေ၏။

“အညစ်အကြေးစွန့်ဖို့လိုတယ်ဆိုတာ အခုလောလောဆယ် အိမ်သာတက်မယ်လို့ပြောတာ မဟုတ်ပါဘူး၊ ရှင့်ကို မိန်းကလေးတစ်ယောက်အနားမှာ အချိန်ပြည့်ကပ်နေဖို့မဖြစ်ဘူးဆိုတာ သတိပေးတာ ပါ၊ အခု ညနေစောင်းပြီ၊ မိုးချုပ်တော့မယ်၊ ရှင် အိမ်ထဲက အဆင်ပြေတဲ့တစ်နေရာရာမှာ နေတော့နော်၊ ကျွန်မအနားကို မလာနဲ့တော့၊ ရှင် နဲ့ကျွန်မ မနက်ကျမှပြန်ဆုံကြတာပေါ့”

သူက မြတ်လေးငုံကို ခဏစိုက်ကြည့်နေပြီးမှ ခေါင်းကိုညိတ်ပြလေ၏။

ထို့နောက် ၊ သူသည် မြတ်လေးငုံရှေ့မှလှည့်ထွက်ကာ ဘုရားခန်းထဲသို့ဝင်သွားလေသည်။

ညပိုင်းတွင် ၊ မြတ်လေးငုံသည် ဘုရားခန်းရှေ့သို့ လက်ဖြင့်စမ်းသွားရင်းမှ သူ့အခြေအနေကိုကြည့်လိုက်သည်။

ကိုရဲလင်းထွဋ်တစ်ယောက် ဘုရားစင်ရှေ့ကြမ်းပြင်တွင် နှစ်နှစ်ခြိုက်ခြိုက်အိပ်ပျော်နေသည်ကို တွေ့ရပါ၏။

မြတ်လေးငုံသည် အခန်းထဲပြန်လာရင်း အခန်းတံခါးကို ချက်ထိုးပိတ်ကာ စာရေးထားသည့်ပြက္ခဒိန်စာရွက်များကိုခေါက်ကာ ဖျာအောက်သို့ထိုးသွင်းထားလိုက်သည်။

မြတ်လေးငုံကတော့ ညက ကောင်းကောင်းအိပ်မပျော်ခဲ့ပါ။ ကိုရဲလင်းထွဋ်အကြောင်းများကိုတွေးရင်း နိုးတစ်ဝက်ပျော်တစ်ဝက်ဖြစ်နေခဲ့သည်။ ဆန်းပြားလှသည့်အဖြစ်ကိုတွေးရင်းလည်း အံ့သြနေမိသည်။

ကိုရဲလင်းထွဋ်၏အဖြစ်ကို ဘဘနဲ့ဒေါ်ကြီးကို အသိပေးရပါ မည်။ ဒါမှသာ ၊ ရသေ့ကြီးကြွလာလျှင် ရသေ့ကြီးကို ရေရေလည် လည် လျှောက်ထားနိုင်မည်ဖြစ်သည်။ ဘဘနဲ့ဒေါ်ကြီးက ယုံပါ့မလားမသိ။ ဒေါ်ကြီးက အယူခပ်သီးသီးဖြင့် ကိုရဲလင်းထွဋ်ကို နာနာဘာဝသရဲတစ္ဆေ လို့ ထင်နေပေဦးမည်။

နောက်ဆုံးတော့ ၊ ဆရာကိုသက်ပိုင်ကိုအကူအညီတောင်း ရန် အကြံရလိုက်လေသည်။ ဆရာကတော့ ခေတ်ပညာတတ်ဆိုတော့ စဉ်းစားချင့်ချိန်နိုင်မှာပါ။ မြတ်လေးငုံပြောတာတွေကိုလည်း ယုံလောက်ပါသည်။

မနက်မိုးလင်းလို့အိပ်ရာကထပြီး အခန်းထဲက ထွက်လိုက်တော့ အခန်းရှေ့မှာရပ်စောင့်နေတဲ့ကိုရဲလင်းထွဋ်ကိုတွေ့လိုက်ရသည်။

''ကိုရဲလင်းထွဋ် ရှင်မျက်နှာတွေဘာတွေ သစ်ပြီးပလား''

မြတ်လေးငုံအမေးကို ရဲလင်းထွဋ်က ပြုံးလိုက်သည်။ လက်ခါ ပြသည်။ ဟုတ်သားပဲ ဘာကိုမျှ ကိုင်လို့တွယ်လို့လည်း မရ။ အစား အသောက်လည်း စားစရာမလိုသောသူသည် မျက်နှာသစ်သန့်ရှင်းရေး လုပ်ဖို့မလိုသလို၊ အညစ်အကြေးစွန့်စရာလည်း လိုတော့မည်မဟုတ်ပေ။ ကိုယ်ပျောက်နေတဲ့ဘဝမှာ ခန္ဓာဝန်ဆောင်ရတဲ့ဒုက္ခတွေကတော့ ငြိမ်း သားပဲ။ ဒါပေမယ့် ဒီလိုဘဝမျိုးမှာ လူတစ်ယောက်ဟာ ဘယ်လောက်



ကြာကြာနေနိုင်မှာလဲ။ ယနေ့ဆိုလျှင် သူ ကိုယ်ပျောက်ဘဝကိုရောက် သည်မှာ ၅–ရက်ရှိသွားပါလေပြီ။

မြတ်လေးငုံက ငှက်များကိုအစားကျွေးရန်ထွက်လာရင်း သူ့ ကိုပါခေါ်လာခဲ့လိုက်သည်။

ဆရာကိုသက်ပိုင်လာလျှင် ဆရာ့ကိုတိုင်တည်ပြီး ဘဘနှင့် ဒေါ်ကြီးကိုပါ ကိုရဲလင်းထွဋ်အကြောင်းတွေပြောပြဖို့ ဆုံးဖြတ်ထားပါ သည်။

မြတ်လေးငုံ ငှက်စာများချပေးအပြီးမှာပင် ဆရာကိုသက်ပိုင် ရောက်လာသံကြားရသည်။

''နေကောင်းရဲ့လားအငုံ''

ဆရာကိုသက်ပိုင်၏နှုတ်ဆက်သံ။

''ဟုတ်ကဲ့ဆရာ ၊ ဒီနေ့ အငုံ ဆရာ့ကိုပြောစရာရှိလို့၊ ထိုင်ပါဦးဆရာ''

အငုံက ပိတောက်ပင်အောက်ကိုလျှောက်လာရင်းမှ ပြောလိုက် သည်။

သည်နေ့တော့ ၊ အငုံသည် ပိတောက်ပင်အောက်ကို စမ်းတ ဝါးဝါးနှင့်လျှောက်လာစရာမလိုတော့ပါ။ ပိတောက်ပင်အောက်က ကွပ်ပျစ် ကလေးပေါ်တွင် ကိုရဲလင်းထွဋ်ထိုင်နေသည့်အတွက် ကိုရဲလင်းထွဋ်ကို မြင်နေရခြင်းနှင့်အတူ သူရှိရာကိုလျှောက်လာခြင်းဖြင့် ပိတောက်ပင် အောက်ကို အလွယ်တကူရောက်သွားလေသည်။

အငုံက ဆန်ဗန်းလေးကို ကိုရဲလင်းထွဋ်ဘေးနားတွင်မှန်း၍ ချထားလိုက်သည်။

ဆရာကိုသက်ပိုင်သည်လည်း ကွပ်ပျစ်ကလေးပေါ်ထိုင်လိုက် သံကို ကြားရ၏။

''ထူးထူးဆန်းဆန်းပါလားအငုံ၊ ဘာတွေများပြောစရာရှိလို့လဲ''

''အငုံ ဆရာ့ကို အကူအညီတောင်းချင်လို့ပါ''

''တောင်းပါဗျာ၊ တောင်းပါ၊ ဆရာကလည်း အငုံ့ကို အကူ အညီပေးချင်နေတာပါ၊ အငုံလိုအပ်သမျှ ဖြည့်ဆည်းပေးဖို့အသင့်ပါပဲ အငုံရယ်''

အရေးထဲ ဆရာက အငုံ့ကို သူ့မေတ္တာတွေဖွင့်ဟဖို့ နိဒါန်းပျိုး နေပြန်သည်။

ဆရာကိုသက်ပိုင်၏အနှောင့်အသွားမလွတ်သောစကားကြောင့် အငုံက ရဲလင်းထွဋ်ကို မျက်နှာပူသွားမိသည်။ ရှက်သွားမိသည်။

ရဲလင်းထွဋ်ကလည်း သူနဘေးကို ငဲ့စောင်းကြည့်နေရာ ဆရာကိုသက်ပိုင်ကိုကြည့်၍ အကဲခတ်နေဟန်တူပါသည်။

''အကူအညီတောင်းမှာက အငုံ့အတွက် မဟုတ်ပါဘူးဆရာ''

''ဘာများလဲ အငုံ''

မြတ်လေးငုံက ရဲလင်းထွဋ်ကိုကြည့်ရင်း ပြောလိုက်သည်။

''ကိုရဲလင်းထွဋ်၊ ကျွန်မ ရှင့်အကြောင်း ဆရာ့ကိုဖွင့်ပြောလိုက်တော့မယ်နော်၊ ဆရာကမှ နားလည်မှုပေးနိုင်မှာမို့ပါ''

မြတ်လေးငုံ၏အပြုအမူကြောင့် ဆရာကိုသက်ပိုင် အံ့သြကာ တုန်တုန်လှုပ်လှုပ်ဖြစ်သွားလေသည်။

''အငုံ ဘာပြောလိုက်တာလဲ၊ ဘယ်သူ့ကို စကားပြောလိုက်တာလဲဟင်၊ ဒီနားမှာ အငုံနဲ့ဆရာ နှစ်ယောက်တည်းရှိတာလေ''

''မဟုတ်ပါဘူးဆရာ၊ နောက်တစ်ယောက်ရှိပါသေးတယ်''

''ဘာ–''

''မနေ့က အငုံမြင်ရတယ်လို့ပြောခဲ့တဲ့လူဟာ တကယ်ရှိတဲ့ လူတစ်ယောက်ပါဆရာ၊ အခု သူ ဆရာ့ဘေးမှာ ထိုင်နေပါတယ်၊ သူ့နာမည်က ရဲလင်းထွဋ် . တဲ့''

''အငုံ .အငုံ .မင်းဘာတွေပြောနေတာလဲ''

ဆရာကိုသက်ပိုင်သည် ဘေးဘီကို ငဲ့စောင်းကြည့်ရင်းမှ နားမလည်နိုင်စွာ မေးလိုက်လေသည်။

''ခဏနေပါဦးဆရာ၊ ဘဘနဲ့ဒေါ်ကြီးကိုလည်း ခေါ်လိုက်ပါရ စေဦး၊ သက်သေပြစရာတွေလည်း အငုံယူလိုက်ပါဦးမယ်၊ ခဏနော် ဆရာ''

ဆရာကိုသက်ပိုင်သည် သူ့ဘေးတွင် လူတစ်ယောက်ထိုင်လျှက်ရှိသည်ဆိုသဖြင့် စိတ်မလုံလဲစွာ ဟိုသည်ကြည့်ရင်း ကျန်ရစ်ခဲ့လေ၏။

\+ + + + +

အငုံက သူမအခန်းထဲမှ ဗျာအောက်တွင်ထိုးထည့်ထားသော မနေ့က စာရေးထားသည့် ပြက္ခဒိန်ကြီးနှင့် လယ်ဂျာစာအုပ်မှဖြဲထား သော နောက်ဆုံးစာမျက်နှာကို ထုတ်ယူလိုက်သည်။

ပြီးတော့ ဘဘနှင့်ဒေါ်ကြီးကို အရေးကြီးတဲ့စကားပြောစရာ ရှိလို့ပါဟုပြောကာ ဆရာကိုသက်ပိုင်ထိုင်နေသောသည့် ပိတောက်ပင် အောက်သို့ခေါ်လာခဲ့လေသည်။

အငုံသည် မနေ့ကတစ်နေ့လုံး သူမကြုံတွေ့ခဲ့ရသောအတွေ့ အကြုံများကို တစ်ခုချင်း စီကာပတ်ကုံးပြောပြလိုက်လေသည်။

♛♛♛♛♛

( ၆ )

''အငုံ . အငုံ .ညီးပြောတာတွေကို ငါမယုံဘူး၊ ဘယ်လိုမှ မယုံနိုင်ဘူးအငုံ၊ ညီးဘာတွေလျှောက်ပြောနေတာလဲအေ''

အငုံ့စကားအဆုံးတွင် ဒေါ်ဆယ်မိက အော်လိုက်သည်။

ဦးစံမြင့်ကလည်း .

''သမီးရယ် . သမီးက အမှောင်ထဲမှာ သုံးနှစ်လုံးလုံးနေ လာရတော့ တစ်ယောက်တည်း စိတ်ကူးယဉ်ဖြေသိမ့်ရင်းနဲ့ ထင်ယောင် ထင်မှားတွေဖြစ်နေတာထင်ပါတယ်သမီးရယ်''

''မဟုတ်ပါဘူး ဘဘနဲ့ဒေါ်ကြီးရယ်၊ သမီးထင်ယောင်ထင်မှား ဖြစ်တာမဟုတ်ပါဘူး၊ သမီးစိတ်ကူးယဉ်နေတာမဟုတ်ပါဘူး၊ သမီး ကိုယ်တိုင်လည်း သူ့ကိုမြင်ခါစက စိတ်အထင်မှားတာလို့ ထင်နေမိသေး တာပါ၊ သူ့ကို မနေ့က ဒီလိုအချိန်မှာပဲ ခြံထဲဝင်လာတာမြင်ခဲ့တာလေ၊ သမီးမြင်တဲ့အတိုင်းပြောတာကို ဒေါ်ကြီးတို့မယုံလို့ သမီးကိုစိတ်ငြိမ် အောင် ပုတီးစိတ်ခိုင်းခဲ့သေးတာ မဟုတ်လား၊ သူက ဘုရားခန်းထဲ အထိလိုက်လာပြီး သူ့အကြောင်းတွေကို အငုံ့ကိုစာရေးပြပြီး ပြောပြ တာပါဒေါ်ကြီး၊ ဟောဒီမှာ သူရေ့ကရေးပြတဲ့အတိုင်း အငုံလိုက်ရေး ထားတဲ့စာတွေ''

''အို . ဒီစာတွေကလည်း ညီးသဘောနဲ့ညီး ပေါက်ကရ တွေ လျှောက်ရေးထားတာ ဖြစ်နိုင်တာပဲအငုံရယ်''

ဒေါ်ဆယ်မိက ယခုတိုင် မယုံနိုင်သေးပေ။

ဆရာကိုသက်ပိုင်တစ်ယောက်သာ အငုံ့စကားများကိုနားထောင် ရင်း တွေးနေလေ၏။ ဆရာကိုသက်ပိုင်က အငုံပြောပြသည့်တလျှောက် လုံး အငုံ့မျက်နှာကိုကြည့်ရင်း အကဲခတ်နေခဲ့လေသည်။

''ကဲ– ဒါဖြင့် အငုံလိုက်ရေးထားတယ်ဆိုတဲ့စာတွေ ဆရာ့ကို ပြပါဦး''

အငုံက စာရွက်များကို ဆရာကိုသက်ပိုင်ဆီသို့ ကမ်းပေးလိုက်သည်။

ဆရာကိုသက်ပိုင်က အငုံစာရေးထားသောစာရွက်များကို စိတ်ဝင်စားစွာဖြန့်ဖတ်နေသည်။

**ကျွန်တော်ဟာ ကိုယ်ပျောက်နေတဲ့ လူတစ်ယောက်ပါ**

**ကျွန်တော့်နာမည်က ရဲလင်းထွဋ်ပါ**

**ဆရာဇန္ဒကဆိုတဲ့ စိတ်ညှို့ပညာရှင်တစ်ယောက်က လူကို ကိုယ်ပျောက်အောင်စမ်းသပ်တာကို ကျွန်တော်က အစမ်းသပ်ခံခဲ့တယ်။**

**ကျွန်တော် အသံထွက်ပြီးစကားပြောလို့လည်း မရ တော့ဘူး ဘာကိုမှလည်း ကိုင်လို့တွယ်လို့မရတော့ဘူး ။**

**ကျွန်တော့်အဖြစ်ကို ကုစားပေးနိုင်တဲ့ ရသေ့ကြီး တစ်ပါး ဒီနားမှာ ရှိတယ်ဆိုလို့ လိပ်စာအတိုင်း လိုက်လာ တာပါ။**

**ရသေ့ကြီး ဦးဂမ္ဘီဆိုတာ မင်း သိသလားဟင်–**

''စာတွေကတော့ လူတစ်ယောက်အကြောင်းရေးထားတဲ့စာတွေပဲဦးလေး၊ ဒါပေမယ့် .''

ဆရာကိုသက်ပိုင်က အငုံရေးထားသောစာများကို ကုန်အောင်ဖတ်ကြည့်ရင်းမှ ပြောလိုက်သည်။ အငုံ့မျက်နှာကိုလည်း စူးစမ်းသလိုပြန်ကြည့်လိုက်သည်။

''ဘာဖြစ်လို့လဲဆရာ၊ အငုံ့စာတွေဖတ်ပြီးတာတောင် အငုံ့ကိုမယုံသေးဘူးလားဟင်''

''အငုံရယ် လူတစ်ယောက်ကိုယ်ပျောက်နေတယ်ဆိုတာ ဖြစ်မှမဖြစ်နိုင်ပဲအငုံ၊ ပြီးတော့ ဒီစာတွေအားလုံးက အငုံရေးထားတာတွေ ပဲလေ၊ အငုံ့လက်ရေးတွေပဲ''

''ဘာလဲ၊ ဆရာက အငုံရှုးပြီးရေးချင်ရာ ရေးထားတာလို့ဆိုချင်တာပေါ့လေ၊ ဒီမယ်ဆရာ .ကိုယ်ပျောက်နေတဲ့ကိုရဲလင်းထွဋ် ဆိုတာ ဟောဒီမှာထိုင်နေပါတယ်၊ ဆရာ့ဘေးမှာတွင် ထိုင်နေပါတယ်၊ ဟောဒီမှာပါဆရာရယ်''

အငုံက သူမ မြင်နေရသောရဲလင်းထွဋ်ကို လက်ညှိုးထိုးပြရင်းပြောလိုက်သည်။ ဆရာကိုသက်ပိုင်က မလုံသလို သူ့ဘေးသို့လှည့်ကြည့်လိုက်၏။

ထိုစဉ် . ရဲလင်းထွဋ်က စာရေးပြလိုကြောင်း အမူအရာပြလိုက်လေသည်။

''ဒီမယ်ဆရာ ကိုရဲလင်းထွဋ်က စာရေးပြမယ်တဲ့၊ သူဘာအကြောင်းရေးချင်သလဲမသိဘူး၊ အငုံ့ကို ဘောပင်ခဏငှားပါဆရာ''

''ဟင် .''

ကိုသက်ပိုင်က အင်္ကျီအိတ်ကပ်ထဲမှဘောပင်ကို ယောင်ယောင်မှားမှားဖြင့်ထုတ်ပေးလိုက်သည်။

''ကိုရဲလင်းထွဋ် စာရွက်တွေ ကျွန်မမြင်ရအောင် ထိပြပါဦး''

မြတ်လေးငုံပြောပုံဆိုပုံများမှာ သူပြောပြသည့်ဇာတ်လမ်းနှင့် အကုန်ကိုက်ညီနေသည်။ ကိုယ်ပျောက်သူက တစ်စုံတစ်ခုကိုထိကိုင် လိုက်လျှင် ထိုအရာကို သူမပါ မြင်လာရသည်ဟု ဆိုထားသည်မဟုတ် ပါလား။

ယခုလည်း ကိုသက်ပိုင်က စာရွက်များကိုဖတ်ပြီး သူ့ဘယ်ဖက်ဘေးတွင် အမှတ်မထင်ချထားခဲ့သည်။ စာရွက်များချထားသည့်နေရာ မှာ မြတ်လေးငုံနှင့်အလှမ်းဝေးပါသည်။ မြတ်လေးငုံ မသိလောက်ပါ။

သို့ရာတွင် .မြတ်လေးငုံက ထိုစာရွက်များရှိရာသို့လျှောက် သွားပြီး စာရွက်လွတ်တစ်ရွက်ပေါ်တွင် ဘောပင်ဖြင့် အကျအနစာရေးဖို့ ပြင်နေလေသည်။

မြတ်လေးငုံစာရေးရာမှာလည်း တစ်ခုခုကိုကြည့်ပြီး နောက်က လိုက်ရေးသည့်သဖွယ် ခပ်ဖြည်းဖြည်းချင်းသာ ရေးနေ၏။

ကိုသက်ပိုင်၊ ဦးစံမြင့်နှင့်ဒေါ်ဆယ်မိတို့က မြတ်လေးငုံ၏အမူအရာများကိုအကဲခတ်နေသည်။

ကိုသက်ပိုင်က မြတ်လေးငုံရေးနေသည့်စာများကို ကဲကြည့်လိုက်၏။

အင်္ဂလိပ်ဂဏာန်းများပါလား။

**၀၁ ၇၆၆၅– –**

**၀၁ ၂၁၀---**

အင်္ဂလိပ်ဂဏန်းများအောက်တွင် စာသားများဖြည်းဖြည်းချင်း ပေါ်လာသည်။

စာများရေးအပြီးတွင် မြတ်လေးငုံက ပြောလိုက်၏။

''ပြီးပါပြီဆရာ၊ ကိုရဲလင်းထွဋ်ပြောချင်တာ ဒါလောက်ပါပဲ၊ အငုံရေးထားတဲ့စာတွေကို ဖတ်ကြည့်ပါဦး''

ဦးစံမြင့်၊ ဒေါ်ဆယ်မိတို့နှင့်အတူ ခေါင်းသုံးလုံးဆိုင်ကာ မြတ်လေးငုံရေးထားသောစာများကို ဖတ်ကြည့်လိုက်ရာ ...

**၀၁ ၇၆၆၅--**

**၀၁ ၂၁၀--**

**အထက်က နံပါတ်များဟာ တယ်လီဖုန်းနံပါတ်များ ဖြစ်ပါတယ်။**

**ရန်ကုန်က ကျွန်တော့်ရဲ့အလုပ်ရှင် ‐သစ္စာ‐ ထုတ်ကုန်သွင်းကုန် ကုမ္ပဏီပိုင်ရှင် ဦးစောနောင်နဲ့ ဆက်သွယ်နိုင်တဲ့ ဖုန်းနံပါတ်တွေပါ။**

**အပေါ်က ရုံးဖုန်း။ အောက်က အိမ်ဖုန်းပါ။**

**အဲဒီနံပါတ်တွေကို ဆက်သွယ်ပြီး ကျွန်တော့် အကြောင်းကို စုံစမ်းလို့ရပါတယ် ဆရာ။**

**မြတ်လေးငုံ ညာနေတာမဟုတ်ပါ။**

**ကျွန်တော်ရေးပြတဲ့အတိုင်း နောက်ကလိုက်ရေးတာ ပါ။**

**ကျွန်တော့်ကို ကူညီပါဆရာ။**

ဦးစံမြင့်၊ ဒေါ်ဆယ်မိနှင့် ဆရာကိုသက်ပိုင်တို့ တစ်ယောက် မျက်နှာတစ်ယောက်ကြည့်လိုက်ကြသည်။

''ဘယ်လိုသဘောရသလဲဆရာ''

ဒေါ်ဆယ်မိက မေးလိုက်သည်။

''ဒီပုံအတိုင်းဆို ဟုတ်လောက်ပါတယ်၊ အငုံ့အနေနဲ့ ရန်ကုန် က တယ်လီဖုန်းနံပါတ်တွေကို မသိနိုင်ဘူးလေ၊ ဟုတ်မဟုတ်ဆိုတာလည်း ဒီနံပါတ်တွေအတိုင်း ရန်ကုန်ကိုဖုန်းခေါ်ကြည့်ရင် အဖြေပေါ်လာမှာပါ''

ကိုသက်ပိုင်၏ယုံကြည်မှုအဆင့်က တိုးလာပြီဟုဆိုရမည်ပင်။

''ဒါဖြင့်ရင် လုပ်ပါဦးဆရာရယ်၊ ဆရာပဲ ကြည့်ကြက်စုံစမ်း ပေးပါဦး''

ဦးစံမြင့်က အကူအညီတောင်းလိုက်၏။

''ဟုတ်ကဲ့ပါဦးလေး၊ ဒီနေ့ ကလေးတွေစာမေးပွဲနောက်ဆုံး နေ့လေ၊ မနက်ဖန် သီတင်းကျွတ်လပြည့်နေ့ဆိုတော့ ကျောင်းဆယ်ရက် ပိတ်ပါပြီဦးလေး၊ ကျွန်တော် သပြေအိုင်ရွာကိုသွားပြီး ဖုန်းဆက်စုံစမ်း ပေးပါ့မယ်''

ဤနေရာနှင့်အနီးဆုံးတယ်လီဖုန်းမှာ စံပြရွာကြီးဖြစ်သော သပြေအိုင်၌သာရှိပါသည်။ စမ်းကြီးအိုင်တွင် တယ်လီဖုန်းဆက်သွယ်မှု လုပ်မထား။ သပြေအိုင်မှာ စမ်းကြီးအိုင်နှင့် ၇‐မိုင်ဝေးပါသည်။

''စိတ်ချပါအငုံ၊ ဆရာလည်း အငုံပြောတဲ့ကိစ္စကိုစိတ်ဝင်စား လာပါပြီ၊ ဒီဖုန်းနံပါတ်တွေနဲ့ ရန်ကုန်ကိုဖုန်းခေါ်ကြည့်မယ်လေ''

ဆရာကိုသက်ပိုင်က မြတ်လေးငုံကိုတစ်ဆက်တည်းပြောလိုက် လေသည်။

''ဒါပေမယ့်‐ဒီအကြောင်းတွေကို ဘယ်သူ့ကိုမှတော့ ပြောမပြနဲ့အငုံ၊ အငုံ့ကို အရူးလို့ထင်ကြလိမ့်မယ်''

''အငုံသဘောပေါက်ပါတယ်၊ ဆရာတို့ကိုယ်တိုင် အငုံ့ကို မယုံ ကြတာမဟုတ်လား''

''အဖြစ်အပျက်က သိပ်ထူးဆန်းနေတာကိုး၊ ယုံတာမယုံတာ ထက် လူတွေသိသွားရင် စပ်စုလာကြလိမ့်မယ်၊ မီးသွေးဖိုက အလုပ် သမားတွေရော၊ ရွာထဲကလူတွေရော မသိအောင် ဖုံးဖိထားကြပါနော် ... ဦးလေးနဲ့ဒေါ်လေး''

''ဒါတော့စိတ်ချပါဆရာရယ်၊ အငုံမြင်နေရတယ်ဆိုတဲ့ဟာက လူလားမသိ၊ နာနာဘာဝလားမသိ၊ ကျွန်မတို့အိမ်မှာဒါမျိုးဖြစ်နေတယ် ဆိုတာ လူသိမခံဝံ့ပါဘူး''

''ဘာပဲဖြစ်ဖြစ် ဒီအဖြစ်အပျက်ဟာ အမှန်တကယ်ဆိုရင်တော့ ကျွန်တော်တို့ သူ့ကို ကူညီရမှာပေါ့ဒေါ်လေးရယ်၊ ဘရသေ့ကလည်း လပြည့်ကျော်တစ်ရက်နေ့ဆို ကြွလာတော့မှာမဟုတ်လား၊ သူပြောတာ တွေအမှန်ဆိုရင် သူလည်း ကံကောင်းတာပါပဲ၊ ဘရသေ့ကတော့ သူ့ ဒုက္ခကို ကယ်နိုင်မှာပါလေ''

\+ + + + +

''အငုံ၊ ငါတို့မမြင်ရတဲ့လူ ညီးဘေးမှာ ရှိနေသေးလား''

ညပိုင်းတွင် မြတ်လေးငုံကို ဒေါ်ဆယ်မိက မေးလိုက်သည်။

''ရှိပါတယ်ဒေါ်ကြီး၊ သူ ဟောဒီနေရာမှာ ထိုင်နေပါတယ်''

မြတ်လေးငုံက ရဲလင်းထွဋ်ထိုင်နေသည့်နေရာကို လက်ဖြင့် ပုတ်ပြရင်းပြောလိုက်သည်။

''အမလေး ..အငုံရယ် .. ဒီလူဟာ ဘာမှန်းညာမှန်း မသိပဲနဲ့ ညီးအကပ်ခံနေရသလား၊ မနေ့ကလည်း တစ်နေ့လုံး အဲဒီကောင် ညီးနားမှာရှိနေတယ်ပေါ့၊ အမလေးတော်.. ညအိပ် တော့ရော..ညီးတို့ ..''

''အို .. ဒေါ်ကြီးကလည်း ဘာတွေလျှောက်ပြောနေတာလဲ၊ သူကကိုယ်ပျောက်နေတဲ့လူဆိုတော့ ဘာကိုမှ ကိုင်လို့တွယ်လို့ထိလို့ မရပါဘူးဆို၊ ပြီးတော့ .. သူက ဘုရားခန်းထဲမှာအိပ်တာပါ၊ အငုံ ကလည်း အခန်းထဲမှာ ချက်ထိုးပြီးအိပ်တာပါ ဒေါ်ကြီးရယ်၊ သူဟာ ရည်ရည်မွန်မွန်လူတစ်ယောက်ပါ''

''သိနိုင်ဘူးအေ ..ငါတော့ ညီးမြင်နေရတဲ့လူဟာ လူ တစ်ယောက်ဆိုတာ ယုံကိုမယုံနိုင်သေးဘူး၊ အစိမ်းသရဲများဖြစ်နေမလား အေ၊ ငါ့အိမ်ပေါ်အထိ အစိမ်းသရဲရောက်နေရင်တော့ ငါဖြင့်ကြောက်တာ နဲ့ သေရချည်ရဲ့''

''ဒါဖြင့် ..အခုရောမကြောက်ဘူးလားဒေါ်ကြီးရဲ့၊ ဒေါ်ကြီး ပြောသမျှဆိုသမျှကို သူက ကြည့်နေတာ၊ နားထောင်နေတာနော်''

မြတ်လေးငုံက ဒေါ်ဆယ်မိကို အပျော်သဘောနောက်လိုက်ခြင်း ဖြစ်သည်။ မြတ်လေးငုံအပြောကို ရဲလင်းထွဋ်ကိုယ်တိုင်ပင် သဘောကျ ကာ ရယ်နေသေး၏။ သို့သော် ..ဒေါ်ဆယ်မိကတော့ အမှန်တကယ် ပင် ကြောက်လန့်သွားလေသည်။

''အမလေးတော် ..သူငါ့ကိုကြည့်နေသလား၊ အောင်မယ် လေး၊ လာ– လာ– မြတ်လေးငုံ၊ ငါတို့အိပ်ကြစို့၊ မဖြစ်ဘူး၊ မဖြစ်ဘူး၊ ဒီည ငါ ညီးအခန်းလိုက်အိပ်မှဖြစ်မယ်၊ ညီးအတွက်လည်းစိတ်မချဘူး၊ ငါလည်းကြောက်တယ်၊ လာပါအေ''

ဒေါ်ဆယ်မိက မြတ်လေးငုံကို အတင်းဆွဲခေါ်နေသည်။

မြတ်လေးငုံက ဒေါ်ဆယ်မိဆွဲခေါ်ရာနောက်သို့လိုက်ပါရင်း ရဲလင်းထွဋ်ကိုမှာခဲ့လေသည်။

''ကိုရဲလင်းထွဋ် ဘုရားခန်းထဲမှာပဲအိပ်နော်၊ ဘုရားရှိခိုးဖို့ လည်း မမေ့ပါနဲ့၊ ခုအချိန်မှာ ဘုရားပဲ အားကိုးရာရှိတော့တယ်''

ရဲလင်းထွဋ်က ခေါင်းညိတ်ပြသည်။

''အမလေးဟဲ့ ..သူ့ဥစ္စာကိုမှာနေသေးတယ်၊ လာပါဟဲ့၊ ကြောက်ပါတယ်ဆိုမှ''

ရဲလင်းထွဋ်က ဒေါ်ဆယ်မိအမူအရာများကိုကြည့်ကာ သဘော ကျစွာ ရယ်မောနေလေ၏။

♛♛♛♛♛

## ( ၇ )

နောက်တစ်နေ့သည် သီတင်းကျွတ်လပြည့်နေ့ဖြစ်သည်။

လပြည့်နေ့ အခါကြီးရက်ကြီးဖြစ်၍ မီးသွေးဖိုကိုပိတ်ထားပါ သည်။ အလုပ်သမားများရောက်မလာသည့်အတွက် တစ်ခြံလုံးတိတ်ဆိတ် နေသည်။

မြတ်လေးငုံသည် မနက်တိုင်းပြုနေကျအတိုင်း ကျေးငှက်က လေးများကိုအစာကျွေးနေသည်။

ရဲလင်းထွဋ်က မြတ်လေးငုံဘေးတွင်လိုက်ပါရင်း မြတ်လေးငုံ လှုပ်ရှားသမျှကိုကြည့်နေလေသည်။

မြတ်လေးငုံအစာကျွေးအပြီးတွင် ရဲလင်းထွဋ်က အမူအရာ လုပ်ပြလိုက်သည်။ ရဲလင်းထွဋ်အဖို့ အရာရာကိုမြင်နေတွေ့နေရသော် လည်း စကားပြောလို့အသံမထွက်ပေရာ အမူအရာဖြင့်ပြလိုပြ၊ စာဖြင့် ရေး၍ရေးပြလိုပြ၍သာ သူ့ဆန္ဒကိုဖော်ထုတ်နိုင်လေသည်။ ဒါလည်း .. ကမ္ဘာပေါ်တွင် မြတ်လေးငုံတစ်ယောက်တည်းကိုသာ ပြောနိုင်ခြင်းဖြစ် သည်။ သူ့ကိုမြင်တွေ့ရသူဆိုလို့ မြတ်လေးငုံတစ်ယောက်တည်းသာရှိ သည်မဟုတ်ပါလား။

မြတ်လေးငုံက လက်ကိုဘယ်ညာလွှဲ၍ လမ်းလျှောက်သည့် အမူအရာလုပ်ပြနေသောရဲလင်းထွဋ်ကို မေးလိုက်သည်။

''ဘာလဲကိုရဲလင်းထွဋ်၊ လမ်းလျှောက်မယ်လို့ပြောတာလား''

ရဲလင်းထွဋ်က ခေါင်းညိတ်ပြရင်း သူ့လက်များဖြင့် ပတ်ဝန်း ကျင်ဝဲယာအနှံ့ကို ဝှေ့ရမ်းပြလိုက်လေသည်။

''သြော် ‧ရှင်က အပြင်ထွက်ပြီးလမ်းလျှောက်ချင်တယ်လို့ ပြောတာကိုး၊ ဟုတ်လားကိုရဲလင်းထွဋ်''

ရဲလင်းထွဋ်က ခေါင်းညိတ်ပြသည်။

''ဘယ်ဖြစ်မှာလဲ ကိုရဲလင်းထွဋ်ရယ်၊ ရှင်နဲ့တွဲပြီးလမ်းလျှောက်ထွက်ရင် ရှင့်ကို လူတွေက မြင်မှာမဟုတ်ဘူး၊ ကျွန်မကိုပဲမြင်မှာ၊ ကျွန်မကမျက်မမြင်၊ ကျွန်မရှင့်ကိုကြည့်ပြီးလျှောက်ရင် လမ်းမမှားနိုင်ဘူးဆိုတာသိပါတယ်၊ ဒါပေမယ့် လူတွေသံသယဝင်ကုန်မှာပေါ့၊ သည်းခံလိုက်ပါဦးရှင်၊ မနက်ဖန်ဆိုရင်ပဲ ဘရသေ့ကြွလာတော့မှာလေ၊ ဘရသေ့ကုပေးနိုင်တယ်ဆိုရင် ရှင်ဘဝမှန်ပြန်ရောက်တော့မှာပါ''

မြတ်လေးငုံ စကားများကို နားထောင်ရင်း ရဲလင်းထွဋ်က သက်ပြင်းချလိုက်သည်။

''ဘရသေ့ကုပေးလို့ ရှင်ကိုယ်ပျောက်ဘဝက လွတ်သွားရင် ရှင့်ကို ကျွန်မ မြင်နိုင်မှာမဟုတ်တော့ဘူးနော်''

မြတ်လေးငုံက ဆွေးဆွေးမြေ့မြေ့လေး ပြောလိုက်လေသည်။

မြတ်လေးငုံပြောလိုက်မှပင် ရဲလင်းထွဋ်လည်း စဉ်းစားမိလေ ၏။ ဟုတ်သားပဲ၊ ကိုယ်ပျောက်ဘဝကလွတ်လျှင် သူ့အတွက်တော့ သာမန်လူဘဝကို ပြန်ရောက်ခြင်းဖြစ်မည်။

မြတ်လေးငုံအတွက်ကတော့ ‧

သြော်‧အငုံရယ် မင်းရဲ့အမြင်လွှာထဲက ကိုယ် ပျောက်ကွယ်သွားမှာကို မင်းစိုးရိမ်တယ်လားဟင်။

ရဲလင်းထွဋ်ရင်ထဲ၌လည်း အငုံ့ကိုပြောစရာစကားတွေ အများအပြားရှိနေပါသည်။ အမြဲတမ်းစာရေးပြပြီးပြောဖို့ကလည်း မဖြစ်နိုင် လို့ သူမြိုသိပ်ထားရခြင်းဖြစ်သည်။

အငုံရယ် ကိုယ်ပြောချင်တဲ့စကားတွေ ကိုယ့်နှုတ်ကထုတ်ပြီး တဝကြီးပြောချင်လို့ ကိုယ်လေ ကိုယ်ပျောက်လူသားဘဝက လွတ်မြောက်ချင်လှပါပြီ။

ဒါပေမယ့် ‧

မြတ်လေးငုံအတွက်တော့ ကိုယ်တစ်ယောက်တည်းကိုမြင်တွေ့နေရတဲ့ အခွင့်အရေးလေးတောင် ကွယ်ပျောက်သွားတော့မှာပါလားနော်။

တို့နှစ်ယောက်ရဲ့အဖြစ်ကလည်း ဆန့်ကျင်ဖက်ဆန်လှချေလားအငုံရယ် ‧

\+ + + + +

ရဲလင်းထွဋ်နှင့်မြတ်လေးငုံတို့ ခြံထဲတွင်ရှိနေသည့် သီတင်းကျွတ်လပြည့်နေ့၏ထိုနေ့မနက်ခင်းတွင် ‧ဆရာကိုသက်ပိုင်သည် (၇)မိုင်ဝေးသော သပြေအိုင်ရွာသို့ သူ၏စက်ဘီးကလေးဖြင့် သွားရောက်လျှက်ရှိပါသည်။

အိမ်မှမနက်စောစောထွက်လာခဲ့ရာ (၇)နာရီအချိန်တွင် သပြေအိုင်သို့ရောက်သွားလေ၏။

ကိုသက်ပိုင် သပြေအိုင်လာရသည့်ရည်ရွယ်ချက်မှာ ရန်ကုန်သို့ဖုန်းဆက်ရန်ပင်ဖြစ်ပါသည်။ မြတ်လေးငုံရေးပြသော ဖုန်းနံပါတ်နှစ်ခုသို့ဆက်သွယ်စုံစမ်းရန် လာရောက်ခဲ့ခြင်းဖြစ်သည်။

သပြေအိုင်ရွာ ကောင်စီဥက္ကဋ္ဌအိမ်၌ တယ်လီဖုန်းရှိပါသည်။ ဤအနီးတဝိုက် ရွာနီးချုပ်စပ်ရွာများအတွက် တစ်ခုတည်းသော တယ်လီဖုန်းဖြစ်ပါသည်။ မိမိဆက်သွယ်လိုသောတယ်လီဖုန်းသို့ တိုက်ရိုက်ဆက်သွယ်လို့မရပါ။ မြို့ရှိအိတ်ချိန်းရုံးသို့ မိမိဆက်လိုသောဖုန်းနံပါတ်ကို ပေးထား၍ စောင့်ဆိုင်းနေရသည်။ တစ်ဖက်ဖုန်းကိုခေါ်လို့ရပါမှ သပြေအိုင်ဖုန်းကို အိတ်ချိန်းက ပြန်ခေါ်ပေးခြင်းဖြစ်၏။

ဆရာကိုသက်ပိုင်အနေဖြင့် ရဲလင်းထွဋ်ဆိုသူ၏ပြဿနာမှာ မရေရာလှသော မဖြစ်နိုင်သောကိစ္စသာဖြစ်သည်။ သူ့ချည်းသာဆိုလျှင် အလေးထားလုပ်ပေးမိမည်မဟုတ်ပေ။ ဦးစံမြင့်ကလည်း အကူအညီတောင်းသည်။ အထူးသဖြင့် ‧မြတ်လေးငုံက ကူညီပါဆိုသဖြင့်သာ ဆောင်ရွက်ပေးနေခြင်းဖြစ်၏။ သူချစ်သောမိန်းကလေး အငုံ့ရဲ့ဆန္ဒကို ဖြည့်ဆည်းပေးနေခြင်းဖြစ်သည်။

သပြေအိုင်ရွာအရောက်တွင် ကိုသက်ပိုင်က ဥက္ကဋ္ဌအိမ်သို့ တန်းသွားကာ ရန်ကုန်သို့ဖုန်းဆက်ခွင့်တောင်းလိုက်သည်။ ကိုသက်ပိုင်အနေ ဖြင့် ကျောင်းကိစ္စများအတွက် မြို့နယ်ပညာရေးမှူးရုံးသို့ဖုန်းဆက်ရာ တွင်လည်း သပြေအိုင် ဥက္ကဋ္ဌအိမ်မှ တစ်ဆင့်ဆက်ရသည်သာဖြစ်သည်။ စကားပြောချိန်အပေါ်တွင်တွက်ချက်၍ ကျသင့်ငွေကိုပေးရပါသည်။

ကိုသက်ပိုင်က ဖုန်းနံပါတ်နှစ်ခုတွင် အောက်ကဖုန်းနံပါတ်ကို ဆက်သွယ်ရန်ဆုံးဖြတ်လိုက်သည်။ အပေါ်ဖုန်းက ရုံးဖုန်းဟုဆိုထားရာ ယနေ့ သီတင်းကျွတ်လပြည့်နေ့ဖြစ်၍ ရုံးပိတ်ထားမည်ဖြစ်သည်။

ကိုသက်ပိုင်က ဦးစောနောင်ဆိုသူ၏ ရန်ကုန်အိမ်ဖုန်းနံပါတ် ကို အိတ်ချိန်းသို့လှမ်းပြောပြီး ပြန်အခေါ်ကို စောင့်ဆိုင်းနေလိုက်သည်။

ရေနွေးကြမ်းသောက်ရင်း ဥက္ကဋ္ဌကြီးနှင့်စကားပြောနေလိုက်၏။

''ဆရာလေး သီတင်းကျွတ်ကျောင်းပိတ်ရက် မြို့ကိုမပြန်ဘူး လားဗျ''

''မပြန်ဖြစ်တော့ဘူးဥက္ကဋ္ဌကြီး၊ ကလေးတွေ စာမေးပွဲအဖြေ လွှာလေးတွေစစ်ရင်းနဲ့ စမ်းကြီးအိုင်မှာပဲ နေတော့မလို့''

''တန်တော့ . ဆရာလေး စမ်းကြီးအိုင်က မခွာနိုင်စရာရှိ နေပြီထင်တယ် ဟဲ . ဟဲ .''

''မဟုတ်ပါဘူးဥက္ကဋ္ဌကြီးရယ်၊ မြို့မှာလည်း ကျွန်တော်က တစ်ကောင်ကြွက်ဆိုတော့ ပြန်လည်း မထူးလို့ပါဗျာ''

''ဒါဆိုလည်း စမ်းကြီးအိုင်မှာပဲ အခြေချလိုက်ပါဆရာလေး ရယ်၊ ကျုပ်တို့ရွာတွေမှာ ကျောင်းဆရာတွေက မမြဲလို့ပါ''

''အခြေချချင်ပါတယ် ကျွန်တော့်ကိုလက်ခံမယ့်သူက မရှိလို့ ပါဗျာ''

''ဘယ်အိမ်ကများ ဆရာလေးကိုလက်ခံစေချင်လို့လဲ၊ အခက် အခဲရှိရင် ကျုပ်ကိုပြောဗျာ၊ ကျုပ်ကူညီမယ်၊ ဒီရွာဒီရွာတွေက ဆွေမျိုး သားချင်းတွေပါ၊ ကျုပ်တို့ဝိုင်းပြောပေးပါ့မယ်''

''အလကားနောက်တာပါဥက္ကဋ္ဌကြီးရယ်၊ ဘယ်သူမှမရှိပါဘူး၊ မြို့နယ်ရုံးက မပြောင်းခိုင်းသမျှ ကျွန်တော် စမ်းကြီးအိုင်မှာပဲ နေမှာပါ ဗျာ''

ကိုသက်ပိုင်က စကားကိုလျှော့ချလိုက်သည်။

ဥက္ကဋ္ဌကြီးနှင့်စကားလက်ဆုံကျနေပြီး နာရီဝက်ခန့်အကြာတွင် အိတ်ချိန်းရုံးမှ ဖုန်းပြန်ဝင်လာသည်။

''ရန်ကုန်ကိုရပါပြီ၊ ပြောနိုင်ပါပြီ''

''ဟယ်လို . ဟယ်လို .''

တစ်ဖက်ဖုန်းက ပြန်ထူးသံကြားရ၏။

''အဲ .အဲဒီ .အဲဒီမှာ .ဦးစောနောင် . ဦးစော နောင်ဆိုတာ ရှိပါသလားခင်ဗျာ''

ဖုန်းခေါ်နေသော်လည်း ကိုယ့်ဖက်က ရေရာမှုမရှိသဖြင့် ကို သက်ပိုင် မရှုံ့မရဲဖြစ်နေရ၏။

''ဦးစောနောင်''

''ဟုတ်ကဲ့ သစ္စာထုတ်ကုန်သွင်းကုန်ကုမ္ပဏီပိုင်ရှင် ဦးစောနောင် ပါတဲ့ခင်ဗျာ''

''အခုပြောနေတာ စောနောင်ပါပဲ၊ အမိန့်ရှိပါဗျာ''

ဦးစောနောင်ဆိုသူ တကယ်ရှိနေပြီး .ဦးစောနောင်နှင့်ပင် တိုက်ရိုက်တွေ့ဆုံလိုက်ရ၍ ကိုသက်ပိုင်မှာ အံ့လည်းအံ့သြ၊ ဘာဆက် ပြောရမှန်းမသိပဲလည်း ဖြစ်သွားရသည်။

''ဟယ်လို ပြောပါခင်ဗျာ ဘယ်ကဆက်နေတာလဲ''

တစ်ဖက်ကဦးစောနောင်က ထပ်မေးလိုက်သည်။

''ဟို ဟို ဦးစောနောင်မှာ ရဲလင်းထွန်းဆိုတဲ့တပည့်တစ်ယောက် များရှိပါသလားခင်ဗျာ''

''ဗျာ– ရဲလင်းထွန်း ဟုတ်လား၊ ရဲလင်းထွန်းပျောက်နေပါတယ်၊ ပျောက်နေတာ သုံးလေးရက်ရှိပါပြီ၊ အခုဆက်တာ ဘယ်ကလဲခင်ဗျ၊ ရဲလင်းထွန်းဘယ်မှာရှိနေလဲ၊ သူ့အကြောင်းသိရင်ပြောပါခင်ဗျာ''

သြော် .ရဲလင်းထွန်းဆိုတာ တကယ်ရှိတဲ့လူတစ်ယောက်ပဲ။ သူပြောတဲ့အချက်အလက်တွေကလည်း အကုန်မှန်နေပါကလား။ ဒါဖြင့် ဒီလူဟာ အင်္ဂဘေးမှာ တကယ်ရှိနေတာပေါ့။

''ဟယ်လို.ဟယ်လို.ပြောပါခင်ဗျာ၊ လိုင်းက သိပ် မကြည်ဘူး၊ ရဲလင်းထွန်းသတင်းကို ကျွန်တော်သိချင်ပါတယ်၊ သူ့အတွက် ကျွန်တော်တို့ စိတ်ပူနေတာပါ၊ သူဘယ်ရောက်နေလဲဗျာ၊ ဟယ်လို . ဟယ်လို .ပြောတာကြားရလား''

ကိုသက်ပိုင်အနေဖြင့် ဘာမျှဆက်ပြောစရာမရှိတော့ပေ။ ဦးစော နောင်ဆီဖုန်းဆက်ခြင်းမှာလည်း အငုံပြောသောအဖြစ်များ ဟုတ်–မဟုတ် စစ်ဆေးကြည့်ခြင်းသာဖြစ်ပါသည်။ ဦးစောနောင်ကို ရဲလင်းထွန်းဆိုသူ ၏ တကယ့်အခြေအနေကို ဖုန်းထဲက ပြောလို့မဖြစ်ပါ။

တစ်ဖက်မှအသံက ဆက်ထွက်နေဆဲဖြစ်သည်။

ကိုသက်ပိုင်က ဖုန်းကိုချလိုက်သည်။ သူ့အပြုအမူက ရိုင်းရာ

ကျနေမလားတော့မသိ။ လောလောဆယ် သူ့မှာ ဦးစောနောင်နားလည်အောင်ပြောစရာစကားမရှိပါ။

သိလိုက်ရသောသတင်းကို ပြန်ပြောပြလိုဇောဖြင့် ဆရာကိုသက်ပိုင်သည် ချက်ချင်းပင် သပြေအိုင်ရွာမှ ပြန်လာခဲ့လေ၏။

♛♛♛♛♛

# အပိုင်း – ၆

## ( ၁ )

ယနေ့သည် သီတင်းကျွတ်လပြည့်ကျော်တစ်ရက်နေ့ဖြစ်ပါ၏။

စမ်းကြီးအိုင်ရွာတစ်ရွာလုံးက ရသေ့ကြီးဦးဂမ္ဘီဆွမ်းခံကြွလာ မည်ကိုစောင့်ဆိုင်းနေကြသည်။

ရသေ့ကြီးသည် နှစ်စဉ် သီတင်းကျွတ်လပြည့်ကျော်တစ်ရက်နေ့တိုင်း စမ်းကြီးအိုင်ရွာသို့ ဆွမ်းခံကြွလာတတ်သည်မို့ လှူဖွယ်ပစ္စည်းများအသင့်ပြုလုပ်ထားကာ တစ်ရွာလုံး မိမိတို့အိမ်ရှေ့များမှထွက်ကြိုနေကြခြင်းဖြစ်ပါသည်။

ဘရသေ့သည် မည်သည့်အခါမျှ အိမ်ဝင်းထဲသို့ဝင်၍ဆွမ်းမခံ ပေ။ မည်သည့်နေရာမှာမှ ရပ်နားခြင်း၊ ထိုင်ခြင်းမရှိချေ။ ဆွမ်းဘုဉ်းပေးရန်ဘိတ်ကြားသော်လည်း ငြင်းပယ်လေ့ရှိပေသည်။ လှူဖွယ်ပစ္စည်းများကိုလည်း အားလုံးမယူ။ တစ်အိမ်စီမှ နည်းနည်းစီယူဆောင်ကာ သူထမ်းလာသောဆိုင်းထမ်းကြီးတွင်ပါသည့် တောင်းနှစ်လုံးထဲသို့ထည့်သည်။ ပိုလျှံသောပစ္စည်းများကို ပြန်လည်စွန့်ကြဲခဲ့မြဲဖြစ်၏။

လှူဖွယ်ပစ္စည်းများမှာလည်း ဆန်၊ ပဲ၊ ပုန်းရည်ကြီး၊ ဖယောင်းတိုင်၊ အမွှေးတိုင်၊ မီးခြစ် စသည်တို့သာဖြစ်သည်။ အသားငါးငါးခြောက်ငါးခြမ်းများကို အလှူမခံပါ။

ဦးစံမြင့်၊ ဒေါ်ဆယ်မိအိမ်ရှေ့တွင်လည်း အိမ်သားအားလုံးရသေ့ကြီးကြွအလာကို စောင့်ဆိုင်းလျှက်ရှိလေသည်။ မြတ်လေးငုံနှင့်ဆရာကိုသက်ပိုင်တို့ပါ စောင့်ဆိုင်းနေကြ၏။

အမှန်တော့ ရသေ့ကြီးကိုစောင့်ဆိုင်းနေသူများမှာ လေးဦးတည်းမဟုတ်။ ငါးဦးဖြစ်ကြောင်းကို အခြားသူများက သိကြမည်မဟုတ်ပေ။ သာမန်လူတို့မမြင်နိုင်သော ကိုယ်ပျောက်လူသားရဲလင်းထွဋ်သည် လည်း စိတ်လှုပ်ရှားစွာဖြင့် မြတ်လေးငုံတို့နှင့်အတူ စောင့်ဆိုင်းနေသည်မဟုတ်ပါလား။

မနေ့က ဆရာကိုသက်ပိုင် ရန်ကုန်ကိုဖုန်းဆက်ကြည့်ရာ ့

ဦးသက်နောင်နှင့်စကားပြောခဲ့ရသည်။ ကိုယ်ပျောက်လူသားရဲလင်းထွဋ်အသိပေးသည့် ဦးသက်နောင်မှာ သူပြောသောဖုန်းနံပါတ်တွင် တကယ်ရှိကြောင်းသိခဲ့ရသည်။

ဒါ့အပြင် ဦးသက်နောင်က ရဲလင်းထွဋ်နာမည်ကိုကြားရ သည်နှင့် ရဲလင်းထွဋ်ပျောက်ဆုံးနေကြောင်းပြောကာ၊ ရဲလင်းထွဋ်သတင်း ကို မေးမြန်းခဲ့ပုံများကို ဆရာကိုသက်ပိုင်ပြန်လည်ပြောပြ၍ အားလုံးသိကြပြီးဖြစ်ပါသည်။

ရဲလင်းထွဋ်ဆိုသည့်ကိုယ်ပျောက်လူသားမှာ အမှန်တကယ်ရှိနေကြောင်းကို ဆရာကိုသက်ပိုင်နှင့်တကွ ဦးစံမြင့်၊ ဒေါ်ဆယ်မိတို့က လည်း လက်ခံလိုက်ကြပေပြီ။

ထို့ကြောင့် ယနေ့တွင် မနက်စောစောထကာ ရသေ့ကြီးဦးဂမ္ဘီကြွအလာကို စိတ်လှုပ်ရှားစွာစောင့်မျှော်နေမိခြင်းဖြစ်ပါ၏။

ရသေ့ကြီးကြွလာပေပြီ။

ရသေ့ကြီးသည် ရွာဦးထိပ်မှစ၍ တစ်အိမ်ပြီးတစ်အိမ်ကြွလာ ရာ ရွာအစွန်တွင်ရှိသော ဦးစံမြင့်တို့ခြံသို့ နောက်ဆုံးမှရောက်ရှိလာလေ ၏။

ဦးစံမြင့်နှင့်ဒေါ်ဆယ်မိက လှူဖွယ်ပစ္စည်းများကို ရသေ့ကြီး အား ကပ်လှူသည်။ ဆန်နှင့်ပဲများဖြစ်ပါသည်။

ရသေ့ကြီးက ဦးစံမြင့်တို့ကပ်လှူသောဆန်နှင့်ပဲများကို တောင်း ထဲမှလက်တစ်ဆုပ်စီနှိုက်ယူကာ သူ၏တောင်းကြီးထဲတွင်ထည့်လိုက်သည်။ ကျန်ပစ္စည်းများအား ပြန်လည်စွန့်ကြဲလိုက်လေ၏။

တစ်ရွာလုံး အိမ်တိုင်းစေ့လောင်းလှူလိုက်သောပစ္စည်းများကို လက်တစ်ဆုပ်စီသာလက်ခံယူခဲ့သော်လည်း ရသေ့ကြီးထမ်းလာသောတံပိုးမှ တောင်းနှစ်လုံးတွင် လှူဖွယ်ပစ္စည်းများ အပြည့်ဖြစ်နေပေပြီ။

ဆွမ်းများလောင်းလှူအပြီးတွင် ဦးစံမြင့်က ရသေ့ကြီးကို လျှောက်ထားလိုက်၏။

''ဘုရသေ့ကို လျှောက်ထားစရာရှိပါတယ်၊ ခေတ္တသည်းခံပေး ပါဘုရား''

''အိမ်း– ဘယ်လိုအကြောင်းကိစ္စများပါလိမ့်''

''မှန်လှပါ၊ လူတစ်ယောက်ဟာ ကိုယ်ပျောက်ပြီး တပည့်တော် တို့အိမ်မှာရောက်နေပါတယ်ဘုရား''

ဦးစံမြင့်လျှောက်ထားမှုကို ရသေ့ကြီးက အံ့သြသွားပုံမရပါ။

''ကိုယ်ပျောက်သူရောက်နေကြောင်း ဘယ်လိုသိသလဲ''

''တပည့်တော်ရဲ့တူမလေး ဟောဒီက မျက်မမြင်မိန်းကလေး က မြင်ရလို့ပါဘုရား''

''အင်း. ကိုယ်ပျောက်လူသားကို မျက်မမြင်က မြင်ရတယ် ပေါ့၊ တန်တော့– ဒါဟာ ဗန္ဓကဆိုတဲ့ကောင်ရဲ့လက်ချက်ပဲဖြစ်ရမယ် ဒကာကြီး''

''မှန်ပါ့ဘုရား၊ ကိုယ်ပျောက်လူသားက အမူအရာနဲ့စာရေးပြ လို့ အကြောင်းစုံသိရပါတယ်၊ သူ့ကိုကိုယ်ပျောက်အောင် စီရင်လိုက်သူ ဟာ ဆရာဗန္ဓကဆိုသူလို့ ပါပါတယ်ဘုရား''

ဆရာကိုသက်ပိုင်က ဝင်၍လျှောက်ထားလိုက်ခြင်းဖြစ်သည်။

''ကိုယ်ပျောက်လူသားဟာ အခု ဒီအနားမှာရှိနေသလား၊ သူ့ကို ဗန္ဓက,က နဂိုအတိုင်းဖြစ်အောင် ပြန်လုပ်မပေးဘူးလား''

''သူ ဒီအနားမှာ ရှိနေပါတယ်၊ သူ ကိုယ်ပျောက်ပြီးမကြာခင်ပဲ ဆရာဗန္ဓက သေသွားခဲ့တယ်လို့ဆိုပါတယ်၊ အဖြစ်က ဒီလိုပါဘုရား''

ဆရာကိုသက်ပိုင်ကပင် ရဲလင်းထွဋ်ရေးမှုအမူအရာပြည့် အတိုင်း မြတ်လေးငုံ လိုက်ရေးထားသောစာရွက်များကို ဖြန့်ဖတ်ကာ အဖြစ်အပျက်ကိုလျှောက်ထားလိုက်သည်။

''အိမ်း– ဗန္ဓက ဗန္ဓက တကယ်တော့ ဗန္ဓကဟာ ငါ့ဆီမှာ ကပ္ပိယအဖြစ် တပည့်ခံနေထိုင်ရင်းက မျက်လှည့်နဲ့စိတ်ညှို့ပညာများ ကိုသင်ယူခဲ့တယ်၊ ကြာပါပြီ၊ နှစ်ပေါင်းနှစ်ဆယ်လောက် ရှိခဲ့ပြီ၊ နောက်တော့ သူဟာ ထွက်ရပ်ပေါက်ပုဂ္ဂိုလ်ရှစ်ဦးရေးသားတဲ့ ပညာရပ်တွေကို ပေါင်းချုပ်ထားတဲ့ စိတ်ပညာကျမ်းကြီးကို ငါ့ဆီက ခိုးယူပြီး ထွက်ပြေး သွားခဲ့တယ်''

''ဟင် .''

''အို .''

''တကယ်တော့ . စိတ်ပညာကျမ်းထဲက နည်းလမ်းတွေဟာ လူသာမန်တွေကို အခကြေးငွေနဲ့ အပျော်ပြစားဖို့ ရေးဖွဲ့ထားတာတွေ မဟုတ်ဘူး၊ ထွက်ရပ်ပေါက်ပုဂ္ဂိုလ်ထူးတို့ရဲ့ အကျင့်ထူးအကျင့်မြတ် ကြောင့် တွေ့ရှိထားတဲ့ လျှို့ဝှက်ဂမ္ဘီရပညာတွေပဲ၊ ဗန္ဓကဟာ သူနဲ့ မတန်မရာတဲ့ စိတ်ပညာကျမ်းကြီးကို ငါ့ဆီက ခိုးယူသွားခဲ့တယ်၊ သူဟာ

ဒီကျမ်းထဲကနည်းလမ်းတွေနဲ့ စီးပွားရှာခဲ့ပုံရတယ်၊ ခုတော့ ‌ မလုပ်သင့်မလုပ်အပ်ရာတွေလုပ်လို့ ကျမ်းစူးပြီပေါ့၊ သူကိုယ်တိုင် သေရရှာရုံမက အပြစ်မဲ့တဲ့လူသားတစ်ယောက်ပါ ကိုယ်ပျောက်သူအဖြစ်နဲ့ ကျန်ရစ်နေ ရပြီပေါ့၊ အင်း ဗန္ဓက ဗန္ဓက မိုက်ပါဘိတော့တယ်''

''မှန်လှပါ၊ ကိုယ်ပျောက်လူသားကို ကယ်တင်နိုင်ရင် ကယ်တင်ပေးပါဘရသေ့၊ ကိုယ်ပျောက်လူသားဟာ ကျမ်းပေါ်မှာရေးထားတဲ့ လိပ်စာအရ ဘရသေ့ဆီကို အကူသခံရန် ရောက်လာခြင်းဖြစ်ပါတယ်''

''ငါ ကုမပေးနိုင်၊ ဒီပညာတွေကို ငါလက်လှမ်းမမီပါ၊ ထွက်ရပ်ပေါက်ပုဂ္ဂိုလ်တို့ရဲ့ပညာတွေဟာ ခက်ခဲနက်နဲလှတယ်၊ တစ်ခုပဲရှိတယ်၊ စိတ်ပညာကျမ်းထဲမှာတော့ ကိုယ်ပျောက်ဖြစ်ရပ်ကို ပြန်ပေါ်အောင် ကုစားနိုင်တဲ့နည်းလမ်း ပါကောင်းပါမယ်၊ ဗန္ဓက ငါ့ဆီက ခိုးယူသွားတဲ့ စိတ်ပညာကျမ်းကြီးကို ပြန်ပြီးအရဆောင်ယူနိုင်မယ်ဆိုရင်တော့ ကျမ်းထဲကနည်းလမ်းအတိုင်း ငါကုစားပေးနိုင်ကောင်းပါရဲ့''

ဆရာကိုသက်ပိုင်က မြတ်လေးငုံကို ငဲ့ကြည့်လိုက်သည်။

''ဘဲ့နဲ့လဲအငုံ၊ ရဲလင်းထွဋ်က စိတ်ပညာကျမ်းဟာ သူ့အိမ်က ဘုရားစင်ပေါ်မှာကျန်နေခဲ့တယ်လို့ ပြောထားတာရှိတယ်၊ တကယ် ဟုတ်မဟုတ် မေးကြည့်ပါဦး''

မြတ်လေးငုံက ရဲလင်းထွဋ်ရှိရာဖက်သို့ လှည့်မေးလိုက်သည်။

''ဘရသေ့မိန့်ကြားသွားတာတွေကို ကြားရဲ့မဟုတ်လား ကိုရဲလင်းထွဋ်၊ စိတ်ပညာကျမ်းကြီးဟာ ရှင့်အိမ်က ဘုရားစင်ပေါ်မှာ ကျန်ခဲ့တယ်ဆိုတာ အမှန်ပဲလား ဟင်''

ရဲလင်းထွဋ်က ခေါင်းညိတ်ပြလိုက်သည်။

မြတ်လေးငုံက ဘရသေ့ရှိရာဖက်သို့ လက်အုပ်ချီကာ လျှောက်ထားလိုက်သည်။

''မှန်လှပါဘရသေ့၊ ကိုယ်ပျောက်လူသားက စိတ်ပညာကျမ်း ဟာ သူနေခဲ့တဲ့ရန်ကုန်မြို့အိမ်က ဘုရားစင်ပေါ်မှာရှိကြောင်း အမူအရာနဲ့ပြောပါတယ်ဘုရား''

''ကိုယ်ပျောက်လူသား ကိုယ်ပျောက်ဘဝရောက်တာ ဘယ်လောက်ကြာပြီတုန်း''

''မှန်ပါ့၊ တပည့်တော်မတို့အိမ်ကိုရောက်တဲ့အချိန်မှာ (၄)ရက်၊ ဒီနေ့နဲ့ဆို (၇)ရက် (၇)ရက်ရှိပါပြီဘုရား''

မြတ်လေးငုံက ရဲလင်းထွဋ်ရောက်နေသည့်ရက်ကို ပြန်လည်တွက်ချက်ကာ လျှောက်ထားလိုက်လေသည်။

''ကောင်းပြီ၊ စိတ်ပညာကျမ်းကို ငါ့ဆီအပါယူခဲ့ပါ၊ ဒီကနေ့သီတင်းကျွတ်လပြည့်ကျော်တစ်ရက်ဖြစ်တော့ လပြည့်ကျော်(၃)ရက်၊ (၄)ရက်နေ့များမှာ ရေတံခွန်ဘေးက ကျောက်ဆောင်ပေါ်က ငါစောင့်နေမယ်၊ စိတ်ပညာကျမ်းကိုယူပြီး အရောက်လာခဲ့ကြပေတော့၊ လပြည့်ကျော်(၄)ရက်ကျော်လျှင်တော့ ငါတာဝန်မယူ၊ ကိုယ်ပျောက်လူသားအတွက် လည်း ဆယ်ရက်ကျော်လျှင် အန္တရာယ်ရှိတယ်၊ သတ်မှတ်ပေးတဲ့ရက် အတွင်းမှာ စိတ်ပညာကျမ်းကိုယူပြီး လာခဲ့ကြပေတော့''

ဘရသေ့သည် မိန့်ကြားစရာရှိသည်များကို မိန့်ကြားပြီးသည် နှင့် သူ၏ဆိုင်းထမ်းကြီးထမ်းကာ တစိုက်စိုက်ဖြင့် ထွက်ခွာသွားလေ တော့သည်။

♛♛♛♛♛

( ၂ )

“ကူညီပါဦးဆရာရယ် ့ဆရာမှမကူညီရင် ကိုရဲလင်းထွဋ်အတွက် ကယ်မယ့်လူမရှိတော့ပါဘူး၊ ဆရာလည်း ကျောင်းပိတ်ရက် ဖြစ်နေတော့ ကူညီနိုင်မှာပါဆရာ”

ကိုသက်ပိုင်က ရဲလင်းထွဋ်အတွက်တောင်းပန်ပေးနေသော မြတ်လေးငုံကို ငေးကြည့်နေမိသည်။ အငုံဟာ ကိုယ်ပျောက်လူသား ရဲလင်းထွဋ်အပေါ်မှာ စေတနာပိုလှတာလား။ ဒုက္ခရောက်နေသူကို စာနာထောက်ထားတာလားကွယ်။

“ဟုတ်ပါတယ်ဆရာရယ်၊ ကိုယ်ပျောက်နေတဲ့သူငယ်ဟာ ဒီအိမ်ထဲမှာ အမှန်တကယ်ရှိနေတယ်ဆိုတာလည်း သိရပြီ၊ ဘရသေ့ကိုယ်တိုင်ကလည်း မိန်းသွားခဲ့ပြီ၊ သတ္တဝါတစ်ခုအသက်ကို ကယ်ကောင်းပါတယ် လေ”

ဒေါ်ဆယ်မိက ဝင်ပြောလိုက်သည်။ ဘရသေ့မိန့်ကြားသွား၍ ဒေါ်ဆယ်မိသည် ရဲလင်းထွဋ်၏ကိုယ်ပျောက်အဖြစ်ကို ယုံကြည်လိုက်ပါ ပြီ။ ရဲလင်းထွဋ်မှာ သူထင်သလို အစိမ်းသရဲမဟုတ်တာကိုလည်း လက်ခံ လိုက်ပြီ၊ ဘာမှန်းမသိခင်က ကြောက်လန့်ခဲ့မိသော်လည်း ရသေ့ကြီး ကိုယ်တိုင်မိန့်ကြားသွား၍ ထိုလူငယ်မှာ ကြားမှဓားစာခံဖြစ်ရသူတစ်ယောက်ဖြစ်ကြောင်းသိလိုက်ရသည့်တွင် မိန်းမသားပီပီ အသနားပိုရပြန်လေသည်။

“ကျုပ်တို့ကတော့ သိတဲ့အတိုင်း အသက်လည်းကြီးပြီ၊ ရန်ကုန်လိုအရပ်ကိုလည်း မရောက်ပေါက်ဖူးဘူး၊ သွားလည်း စမ်းတဝါးဝါးသွားရမှာ၊ ဘရသေ့သတ်မှတ်တဲ့ရက်ကို မှီဖို့လည်း ခဲယဉ်းသား၊ ဆရာလေးသာ လည်လည်ဝယ်ဝယ်နဲ့ ရန်ကုန်အရောက်သွားပြီး ဟိုကျမ်းကြီးကို ယူဖို့ကူညီမှဖြစ်တော့မှာပါဆရာလေးရယ်”

ဦးစံမြင့်ကလည်း ဝင်ပြောသည်။

“ဆရာ သွားပေးမယ်မဟုတ်လားဟင်၊ ဘရသေ့ပေးသွားတဲ့ ရက်က သုံးရက်ထဲရယ်၊ ဒီသုံးရက်အတွင်း စိတ်ပညာကျမ်းကြီးကို ဘရသေ့ဆီယူလာနိုင်မှ ကိုရဲလင်းထွဋ်ကို ကယ်တင်နိုင်မှာဆရာ”

မြတ်လေးငုံက ထပ်ပြောပြန်သည်။

“အငုံက သွားစေချင်သလား”

ကိုသက်ပိုင်က သွေးတိုးစမ်းသလိုမေးလိုက်သည်။

“ဆရာပဲ သွားပေးနိုင်တဲ့သူရှိတာပဲဆရာရယ်၊ သွားစေချင်တာပေါ့၊ ဒါမှလည်း ကိုရဲလင်းထွဋ် ကိုယ်ပျောက်ဘဝက လွတ်မှာမဟုတ်လား”

“အငုံသွားစေချင်ရင် ဆရာသွားပါ့မယ်လေ”

“ဝမ်းသာလိုက်တာဆရာရယ် ့ အို ့ ကိုရဲလင်းထွဋ် ကလည်း ဆရာ့ကိုသိပ်ကျေးဇူးတင်နေပါတယ်ဆရာ”

မြတ်လေးငုံက ရဲလင်းထွဋ်ဝမ်းသာရွှင်မြူးသွားသောပုံစံကို မြင်လိုက်ရ၍ ပြန်ပြောပြလိုက်ခြင်းဖြစ်သည်။

“ကဲ– သွားမယ်ဆိုရင် ဒီနေ့ပဲ ရွာကထွက်မှဖြစ်မယ်၊ မြို့ကိုရောက်ရင် မှီရာ ကား၊ရထားနဲ့ ပြေးမှ၊ ဒီတော့ သွားရမယ့် ရန်ကုန်အိမ်လိပ်စာက သိဖို့လိုသေးတယ်အငုံ၊ ရဲလင်းထွဋ်ကို မေးပါဦး”

“ဟုတ်ကဲ့ဆရာ၊ ကိုရဲလင်းထွဋ် ရှင့်အိမ်လိပ်စာကို ရေးပြပါ ဦး”

ဒေါ်ဆယ်မိက ဘီရိုပေါ်မှ လယ်ဂျာစာရင်းစာအုပ်ကြီးနှင့် ဘောပင်ကိုယူကာ အငုံ့လက်ထဲထည့်ပေးလိုက်၏။

ရဲလင်းထွဋ် စာအုပ်ကိုထိပေး၍ အငုံစာအုပ်ကိုမြင်လိုက်ရပုံ ကိုတော့ သာမန်လူသားသုံးဦးမှာ မမြင်နိုင်ပါ။ မျက်မမြင်မိန်းကလေး မြတ်လေးငုံတစ်ယောက် စာအုပ်ပေါ်တွင် စာလုံးများကိုဖြည်းညင်းစွာ ရေးသားနေပုံကိုသာ မြင်နိုင်လေ၏။

ရဲလင်းထွဋ်က စာအုပ်ပေါ်တွင် လက်ညှိုးဖြင့်ထောက်ကာ ့ ထောက်ကာ ့ရေးပြသွားသည့်အတိုင်း မြတ်လေးငုံလိုက်ရေးလိုက်၍ ပေါ်လာသည့်စာသားများက ့

**ဆရာကိုသက်ပိုင်–**

**ကျွန်တော်ငှားနေတဲ့အိမ်လိပ်စာကို ရေးမပေး တော့ဘူး။**

**ကျွန်တော့်ဆရာဦးစောနောင်အိမ်လိပ်စာကိုပဲ ရေးပေးလိုက်ပါတယ်။ ဦးစောနောင်ကို အကျိုးအကြောင်းပြောပြပြီး လိုက်ပို့ခိုင်းပါ။**

**ကျွန်တော်ငှားနေတဲ့အိမ်လေးထဲက ဘုရားစင်ပေါ်မှာ စိတ်ပညာကျမ်းစာအုပ်ရှိပါတယ်။**

**ဆရာဦးစောနောင်ကိုရှင်းပြရင် သူ အစစအရာရာ**

**ကူညီပါလိမ့်မယ်။**

**ကျွန်တော့်ကိစ္စတွေဆောင်ရွက်ပေးတဲ့အတွက် ဆရာ့ကိုလည်း ကျေးဇူးတင်ပါတယ် ဆရာကိုသက်ပိုင်**

အောက်တွင် သစ္စာကုမ္ပဏီပိုင်ရှင် ဦးစောနောင်၏လိပ်စာကို ရေးသားထားလေသည်။

♛♛♛♛♛

## ( ၃ )

ဆရာကိုသက်ပိုင်သည် မနက်ဆယ်နာရီလောက်တွင် စမ်းကြီးအိုင်ရွာမှထွက်ခဲ့ရာ မြို့ပေါ်သို့ နေ့လည်သုံးနာရီခန့်တွင်ရောက်ရှိသည်။

မန္တလေးသို့ အဝေပြေးကားဖြင့်စီးလာရာ ည(၈)နာရီလောက် တွင် မန္တလေးသို့ရောက်သွားလေသည်။ ဘူတာကြီးကိုသွား၍ ရထားလက်မှတ်စုံစမ်းရာ ညကိုးနာရီလေးဆယ့်ငါးမိနစ်ထွက်မည့် အထူးအမြန်ရထားအတွက် လက်မှတ်တစ်စောင်ရလိုက်၍ အဆင်ပြေသွားလေ၏။

ထိုရထားမှာ နောက်တစ်နေ့ နေ့လည် ၁၂နာရီလောက်တွင် ရန်ကုန်သို့ရောက်မည်ဟုသိရ၏။ ရဲလင်းထွဋ်အတွက် အချိန်မီတန်ကောင်းပါသည်။ မနက်ဖန်ဆိုလျှင် ရဲလင်းထွဋ်ကိုယ်ပျောက်သည်မှာ (၈)ရက်ရှိပေတော့မည်။ ဘရသေ့က ဆယ်ရက်ကျော်လျှင် အန္တရာယ်ရှိသည်ဟုဆိုထားသဖြင့် ရဲလင်းထွဋ်ကို ဆယ်ရက်မကျော်ခင် ကယ်တင်နိုင်မှဖြစ်ပေမည်။

ရန်ကုန်ကိုရောက်ရောက်ချင်း ဦးစောနောင်ကိုတွေ့၊ အကျိုးအကြောင်းပြောပြ၊ စိတ်ပညာကျမ်းကြီးကိုယူ၊ ချက်ချင်း ရွာကိုပြန်လျှင် ဆယ်ရက်ပြည့်မည့်နေ့မှာ ရွာကိုပြန်ရောက်ကောင်းပါရဲ့။ ကြားမှာ အဖုအထစ်အနှောက်အယှက်မတွေ့ပါစေနဲ့။

ကိုသက်ပိုင်အဖို့ ရဲလင်းထွဋ်ကိစ္စကို ကူညီနေရခြင်းအကြောင်းရင်းမှာ မြတ်လေးငုံစိတ်ချမ်းသာစေချင်လို့ဖြစ်ပါသည်။ ရဲလင်းထွဋ်ဆို တာကို ယခုထိမမြင်ဖူးသေး၍ သိပ်ပြီးခင်မင်ရင်းနှီးမှုမဖြစ်ပေါ်မိ။ ထူးဆန်းသောအဖြစ်မို့ စိတ်ဝင်စားခြင်းလောက်သာရှိသည်။

ကိုသက်ပိုင် ယခုလိုစိတ်ရောကိုယ်ပါဆောင်ရွက်ပေးနေခြင်းမှာ မြတ်လေးငုံတောင်းဆို၍ ‧ မြတ်လေးငုံဆန္ဒကိုဖြည့်ဆည်းစေချင်၍သာဖြစ်ပါလေသည်။

\+ + + + +

ရထားက သတ်မှတ်ထားသည့်အချိန်အတိုင်း ရန်ကုန်ဘူတာကြီးသို့ဝင်လာသည်။

ကိုသက်ပိုင်သည် အငှားကားတစ်စီးငှားကာ ရဲလင်းထွဋ်ပေးသည့်လိပ်စာအတိုင်း မောင်းခိုင်းလိုက်သည်။

ဦးစောနောင်အိမ်ကို ဆိုက်ဆိုက်မြိုက်မြိုက်ရောက်သွားပါသည်။

သို့သော် ‧ အိမ်တွင် ဦးစောနောင်မရှိ။

ဦးစောနောင်၏ဇနီးဒေါ်အေမီဆိုသူနှင့်သာတွေ့သည်။

''ဘာကိစ္စရှိပါသလဲ၊ အစ်ကိုကြီးက ရုံးသွားပါတယ်၊ အလုပ်ကိစ္စဆိုရင် ရုံးကိုလိုက်သွားပါ''

''ရဲလင်းထွဋ်က ကျွန်တော့်ကို အိမ်လိပ်စာပဲ ပေးလိုက်လို့ ပါဗျာ''

''ဘာ– ရဲလင်းထွဋ်၊ ဟုတ်လား၊ ရဲလင်းထွဋ်ဘယ်မှာလဲ၊ ဘယ်ရောက်နေသလဲ၊ ရဲလင်းထွဋ်ပျောက်နေလို့ ကျွန်မတို့မှာ သိပ်ပြီးစိတ်ပူနေရတယ်ရှင့်''

''ဟုတ်ကဲ့၊ ကျွန်တော်က မဟာမြိုင်တောအနီးက စမ်းကြီးအိုင်ဆိုတဲ့ရွာက မူလတန်းပြဆရာ သက်ပိုင်ပါခင်ဗျာ၊ ရဲလင်းထွဋ် ကျွန်တော်တို့ရွာကိုရောက်နေပါတယ်''

''ဟင် ‧''

''ဒါပေမယ့် ဒီအကြောင်းတွေကို ဦးစောနောင်ရှေ့မှာ တိုက်ရိုက်ရှင်းပြချင်ပါတယ်ဗျာ''

''ရဲလင်းထွဋ်က ဘာဖြစ်နေလို့လဲဟင်၊ သူဘာဖြစ်လို့ ပါမလာတာလဲ၊ အဲဒီရွာကို သူက ဘာလို့ရောက်နေရတာလဲ၊ သူ ဒုက္ခများရောက်နေသလားရှင်''

''ရဲလင်းထွဋ်ကို ကျွန်တော်တို့ ကောင်းကောင်းထိမ်းသိမ်းပေးထားပါတယ်အစ်မကြီးရယ်''

''ထိမ်းသိမ်းပေးထားတယ်ဆိုတော့ ‧''

''အစ်မကြီး၊ ဦးစောနောင်ရဲ့ရုံးလိပ်စာ ကျွန်တော့်ကို ပေးလိုက်ပါလားဗျာ၊ ကျွန်တော်ဦးစောနောင်နဲ့သွားတွေ့ပါ့မယ်၊ ဦးစောနောင်နဲ့

တွေ့မှုဖြစ်မှာမို့ပါ''

''အို ..ကျွန်မဖုန်းဆက်ပေးပါ့မယ်၊ ခဏနော်''

ဒေါ်အေမီက ဦးစောနောင်ရှီးကို ဖုန်းဆက်ပြောလိုက်သည်။ ရဲလင်းထွဋ်နှင့်ပတ်သက်ပြီး ဦးစောနောင်နှင့်တွေ့ချင်သည့်ဧည့်သည် တစ်ယောက်ရောက်နေကြောင်း၊ ရဲလင်းထွဋ်ကိစ္စဖြစ်ကြောင်း ..ပြောပြလိုက်သည်။

ဦးစောနောင်က ချက်ချင်းပြန်လာမည်၊ ဧည့်သည်ကိုစောင့်ခိုင်းပါဟု ပြန်ပြော၏။

မိနစ်နှစ်ဆယ်ခန့်အကြာတွင် ဦးစောနောင် အိမ်သို့ရောက်လာ ပါ၏။

''ကျွန်တော်စောနောင်ပါ''

''ဟုတ်ကဲ့အစ်ကိုကြီး၊ ကျွန်တော်က စမ်းကြီးအိုင်ရွာက ကျောင်းဆရာ သက်ပိုင်ပါ''

''စမ်းကြီးအိုင်ရွာ''

''ဟုတ်ကဲ့၊ သီတင်းကျွတ်လပြည့်နေ့က ကျွန်တော် အစ်ကိုကြီးဆီကို ဖုန်းဆက်ခဲ့ပါတယ်၊ မှတ်မိဦးမယ်ထင်ပါတယ်''

''ဟင်.. နယ်ကဖုန်းဝင်လာတယ်၊ ရဲလင်းထွဋ်အကြောင်း မေးတယ်၊ ပြီးတော့ ..ဂဃနဏမပြောပဲ ဖုန်းကိုပြန်ချသွားတယ်၊ အဲဒါ ..ခင်ဗျားလား''

''ဟုတ်ပါတယ်အစ်ကိုကြီး၊ စိတ်မရှိပါနဲ့ဗျာ၊ အဲဒီတုန်းက ရဲလင်းထွဋ်ဆိုတဲ့လူ တကယ်ရှိ–မရှိသိချင်လို့ သူပေးတဲ့ဖုန်းနံပါတ်အတိုင်း ဆက်ပြီး စုံစမ်းကြည့်မိတာပါ''

''ရဲလင်းထွဋ် တကယ်ရှိ–မရှိသိချင်လို့၊ နေပါဦး၊ ရဲလင်းထွဋ် က ဆရာတို့ရွာကိုရောက်နေတာဆို၊ ဖုန်းနံပါတ်ကိုလည်း သူပေးတာဆို၊ ဆရာတို့ဆီရောက်နေတဲ့ ရဲလင်းထွဋ်ကို အတုလို့ထင်လို့လား''

''ဟာ ..မဟုတ်ပါဘူးအစ်ကိုကြီး၊ ရဲလင်းထွဋ်ကို အခုထိ ကျွန်တော်မမြင်ဖူးသေးပါဘူး''

''ဟင် .''

''အဖြစ်က တော်တော်ရှုပ်ထွေးပါတယ်ဗျာ၊ ကျွန်တော်လည်း သိစက မယုံခဲ့ပါဘူး၊ ကျွန်တော်ပြောပြမယ့်အကြောင်းကိုသာ နားထောင်ပေးပါတော့ဗျာ၊ ဖြစ်ပုံက ဒီလိုပါ .''

\+ \+ \+ \+ \+







ကိုသက်ပိုင်၏စကားအဆုံးတွင် ဦးစောနောင်နှင့်ဒေါ်အေမီတို့ ပါးစပ်အဟောင်းသားဖြင့် ကျန်ရစ်လေသည်။ အံ့ဩလွန်းသောကြောင့် ဘာမှပင်ပြန်မပြော၊ ပြန်မမေးနိုင်တော့ပေ။

''ကျွန်တော်ပြောတာတွေက ထူးဆန်းလွန်းလို့ ယုံမှယုံကြရဲ့လားမသိဘူး၊ ဟောဒီမှာ ရဲလင်းထွဋ်ရှေ့ကကြောင်းပေးတဲ့အတိုင်း မြတ်လေးငုံဆိုတဲ့မျက်မမြင်မိန်းကလေးလိုက်ရေးထားတဲ့စာရွက်ပါပါတယ်၊ ကြည့်ပါဦး''

ကိုသက်ပိုင်က သူယူလာခဲ့သော မြတ်လေးငုံနောက်ဆုံးရေးပေးခဲ့သည့် ဦးစောနောင်လိပ်စာပါသောစာရွက်ကို ထုတ်ပြလိုက်သည်။

ဦးစောနောင်နှင့်ဒေါ်အေမီတို့က စာရွက်ကိုဖတ်ကြည့်ကြ၏။

စာရွက်ပေါ်မှလက်ရေးမှာ ရဲလင်းထွဋ်လက်ရေးမဟုတ်သော် ငြား ရဲလင်းထွဋ်ပြောပြမှသိနိုင်မည့်အကြောင်းအရာများဖြစ်တာတော့ ယုံမှားသံသယဖြစ်စရာမလို။ ဦးစောနောင်၏လိပ်စာနှင့်အတူ ကျမ်းစာအုပ်ကိုယူရမည့်မှာကြားချက်တွေက ပြည့်စုံခိုင်မာနေသည်။

''ယုံပါတယ်ကိုသက်ပိုင်၊ ခင်ဗျားပြောတာတွေကို ယုံပါတယ် ဗျာ၊ ခင်ဗျားအတွက် အကျိုးမရှိပဲ ကျွန်တော်တို့ကို ဘာလိမ်ပြောစရာ အကြောင်းရှိလို့လဲ၊ ကျွန်တော်က အံ့ဩလွန်းလို့ပါဗျာ''

''ဟုတ်ပါတယ်၊ အဖြစ်က သိပ်ဆန်းနေပါတယ်ဦးစောနောင်၊ တကယ်တော့ –မြတ်လေးငုံ ဆိုတဲ့မျက်မမြင်မိန်းကလေးရှိလို့သာ ရဲလင်းထွဋ်ဖြစ်ပုံကိုသိရတာပါ၊ မြတ်လေးငုံသာမရှိခဲ့ရင် ရဲလင်းထွဋ်ဟာ ကိုယ်ပျောက်လူသားဘဝနဲ့ ရေစုန်မျောရမယ့်အဖြစ်မျိုးပါဗျာ''

''ဟုတ်တာပေါ့၊ မှန်ပါတယ်၊ မျက်မမြင်က ကိုယ်ပျောက်နေတဲ့လူကိုမြင်ရတယ်တဲ့၊ လောကကြီးမှာ ဒါလောက်ဆန်းကြယ်တဲ့အဖြစ်မျိုးလည်း ရှိပါသေးလားဗျာ''

''ဟုတ်ပါရဲ့အစ်ကိုရယ်၊ ကိုယ်တွေ့ကြုံလို့သာ ယုံရတော့တယ် နော်''

''ဟုတ်ကဲ့ဦးစောနောင်၊ အဲဒီတော့ ရဲလင်းထွဋ်ကိုကယ်တင် နိုင်ဖို့ စိတ်ပညာကျမ်းကြီးကို ကျွန်တော်ယူသွားဖို့လိုပါတယ်၊ သူနေတဲ့ အိမ်မှာ သွားယူကြပါစို့ဗျာ၊ ဘရသေ့က ဆယ်ရက်ကျော်ရင် ရဲလင်းထွဋ် ကိုကုစားဖို့ မဖြစ်နိုင်တော့ဘူးလို့ပြောပါတယ်၊ ဒီနေ့ဆို ရဲလင်းထွဋ် ကိုယ်ပျောက်တာ (၈)ရက်ရှိသွားပြီခင်ဗျ၊ ဆယ်ရက်မပြည့်ခင် ကျမ်းစာအုပ် နဲ့အတူတူ

ကျွန်တော်ရှာပြန်ရောက်မှဖြစ်မယ်''

''အို့ ဟုတ်တာပေါ့၊ ကျွန်တော်တို့ ရဲလင်းထွဋ်နေတဲ့ အိမ်လေးကို အခုပဲသွားကြည့်ကြစို့ကိုသက်ပိုင်''

''ဟုတ်ကဲ့ဦးစောနောင်''

''သြော် ..ရဲလင်းထွဋ်ရဲ့အမေလည်း ရန်ကုန်ရောက်နေတယ်၊ အဲဒီအိမ်လေးမှာပဲနေနေတယ်၊ သူ့သားပျောက်နေတယ်ကြားလို့ ရန်ကုန်ကိုလိုက်လာတာလေ၊ ကဲ– ကျွန်တော်တို့သွားကြစို့''

''အေမီလည်း လိုက်ခဲ့မယ်အစ်ကို''

\+ + + + +

ရဲလင်းထွဋ်နေခဲ့သည့်အိမ်လေးကိုရောက်တော့ ရဲလင်းထွဋ်၏မိခင်ကြီးဒေါ်လှယဉ်ကိုတွေ့ရသည်။

''သားကိစ္စများ အကြောင်းထူးလို့လားဆရာ''

ဒေါ်လှယဉ်က လူစိမ်းကိုသက်ပိုင်ကို အကဲခတ်ရင်း မေးလိုက်သည်။

''ဟုတ်ပါတယ်အစ်မကြီး၊ ရဲလင်းထွဋ်သတင်းကိုရပါပြီ၊ ဟောဒီက ဆရာကိုသက်ပိုင်တို့ရွာကို ရောက်နေတယ်တဲ့၊ မဟာမြိုင်တောထဲက စမ်းကြီးအိုင်ရွာမှာပါ''

''ဟင် . အဝေးကြီး၊ သားက အဲဒီအထိဘယ်လိုရောက်သွားတာလဲဆရာရယ်''

''ပြီးတော့ . ကျွန်တော်ရှင်းပြပါ့မယ်၊ ဘုရားစင်ပေါ်ကို ကြည့်ပါရစေဦး အစ်မကြီး''

ဦးစောနောင်က ဘုရားခန်းလေးထဲသို့ လှမ်းဝင်လိုက်သည်။ ကိုသက်ပိုင်လည်း နောက်မှလိုက်သွားလိုက်၏။

တွေ့ပါပြီ။

ဘုရားဆင်းတုရှေ့တွင်ချထားသောစာအုပ်တစ်အုပ်။

ဦးစောနောင်က စာအုပ်ကိုကောက်ယူလိုက်သည်။

''ဒီစာအုပ်ပဲဖြစ်မယ်ထင်တယ် ကိုသက်ပိုင်၊ အင်း . ဟုတ်တာပေါ့၊ မျက်နှာဖုံးမှာ ရသေ့ကြီးနာမည်နဲ့လိပ်စာကိုရေးထားတယ် ကိုသက်ပိုင်''

''ဟုတ်ပါတယ်ဦးစောနောင်၊ ဒီစာအုပ်ပဲဖြစ်မှာပါ''

စာအုပ်ကိုယူပြီး ကိုသက်ပိုင်တို့ ဘုရားခန်းမှထွက်အလာတွင် အိမ်ရှင်ဦးတင်မောင်ရောက်လာလေသည်။

''ဦးစောနောင်၊ အကြောင်းများထူးလို့လား''

''ထူးတာပေါ့ဦးတင်မောင်၊ ကဲ– ဦးတင်မောင်ရော၊ အစ်မကြီးရော .ထိုင်ပါဦး၊ ဟောဒီက ဆရာကိုသက်ပိုင်က အကြောင်းစုံကို ရှင်းပြပါလိမ့်မယ်''

ဦးစောနောင်က အားလုံးကို ဧည့်ခန်းတွင်ထိုင်ခိုင်းလိုက်သည်။

''ဆရာကိုသက်ပိုင်၊ ရဲလင်းထွဋ်ဆိုတာ ဟောဟိုနံရံမှာချိတ်ထားတဲ့ဓာတ်ပုံထဲက သူငယ်လေးပါပဲ''

ဒေါ်အေမီက ရဲလင်းထွဋ်ဓာတ်ပုံကိုညွှန်ပြရင်း ကိုသက်ပိုင်ကို ပြောလိုက်သည်။

ကိုသက်ပိုင်က ဓာတ်ပုံကိုမော်ကြည့်လိုက်သည်။

ကမ္ဗဏီယူနီဖောင်းဖြင့်ရိုက်ထားသော ရဲလင်းထွဋ်၏တစ်ကိုယ်လုံးပေါ်ပုံကို တစ်ပေ–တစ်ပေခွဲဓာတ်ပုံကြီးအဖြစ် မှန်ဘောင်သွင်းထားသည်ကို တွေ့မြင်လိုက်ရလေ၏။

မျက်လုံးမျက်ဖန်ကောင်းကောင်း၊ နှာတံပေါ်ပေါ်၊ အရပ်မြင့် မြင့်နှင့် ရဲလင်းထွဋ်မှာ တော်တော်ချောသောလူငယ်လေးတစ်ယောက် ဖြစ်ပါသည်။ ဒီလိုချောတဲ့လူငယ်လေးဟာ အဝှံ့ဘေးမှာအချိန်ပြည့်ရှိနေ တယ်၊ အငုံကလည်း မျက်စိမမြင်ရဘူးဆိုပေမယ့် သူ့ကိုတော့ မြင်နေရ တယ်တဲ့၊ တွေးမိရင်း ကိုသက်ပိုင်ရင်ထဲမှာ သဝန်တိုချင်သလိုလို မနာလိုသလိုလိုဖြင့် လှုပ်ရှားသွားလေသည်။

''ကိုသက်ပိုင်၊ ရဲလင်းထွဋ်အကြောင်းကို ပြောပြလိုက်ပါဦးဗျာ''

ဦးစောနောင်က ပြောလိုက်သည်။

ကိုသက်ပိုင်သည် ရဲလင်းထွဋ်မိခင်ဒေါ်လှယဉ်ကိုဦးတည်ကာ ကိုယ်ပျောက်လူသားရဲလင်းထွဋ်နှင့် ဆက်သွယ်မိပုံအကြောင်းများကို နောက်တစ်ခေါက် ထပ်ပြောရပြန်လေ၏။

\+ + + + +

ကိုသက်ပိုင်စကားဆုံးသည်နှင့် ဒေါ်လှယဉ်က ရှိုက်ငိုလိုက်လေသည်။

ဦးတင်မောင်က စဉ်းစားရင်း ဝင်ပြော၏။

''ဟုတ်ပြီဦးစောနောင်ရေ .ကျွန်တော့်အိမ်နဲ့ခပ်လှမ်းလှမ်း မှာ

ရဲလင်းထွဋ်ပျောက်သွားတဲ့နေ့က ယာဉ်တိုက်မှုတစ်ခုဖြစ်ခဲ့တာ အမှန်ပဲ ဗျ။ ဒါကို ရဲလင်းထွဋ်နဲ့ပတ်သက်လိမ့်မယ်မထင်ဘူး၊ ကားတိုက်သေသွား တာ မျက်လှည့်ဆရာကြီးကိုး''

ဒေါ်လှယဉ်က ငိုရှိုက်ရင်း .

''ဒုက္ခပါပဲ၊ ဒီအတိုင်းဆိုရင် ကျွန်မသားလေးကို ကယ်နိုင်ပါဦးမလားဆရာရယ်''

''စိတ်မပူပါနဲ့အန်တီ၊ ဘရသေ့ယူခိုင်းတဲ့စိတ်ပညာကျမ်းကို အခုတွေ့နေရပြီပဲ၊ ဒီကျမ်းကို ဘရသေ့လက်ထဲအပ်လိုက်တာနဲ့ ကျမ်းထဲကနည်းလမ်းအတိုင်း ဘရသေ့က ကုစားပေးမှာပါ၊ ဆယ်ရက်မပြည့်ခင်သာ ကျွန်တော် ရွာကိုပြန်ရောက်ဖို့လိုပါတယ်''

''ဒီနေ့ ရဲလင်းထွဋ်ကိုယ်ပျောက်သွားတာ ၈ရက်ရှိပြီနော်''

''ဟုတ်ပါတယ်ဦးစောနောင်''

''သဘက်ခါ ဆယ်ရက်ပြည့်မယ်၊ ကိုသက်ပိုင် ရွာကိုအရောက်ပြန်နိုင်ပါ့မလား''

''အခုပဲ ကျွန်တော် ကားဂိတ်ဆင်းရတော့မှာပေါ့ဦးစောနောင်''

''ဒါဆို ဒီလိုလုပ်ဗျာ၊ ကျွန်တော့်တပည့်ကိစ္စ ကျွန်တော့်မှာ လည်း တာဝန်ရှိပါတယ်၊ ကျွန်တော်ကိုယ်တိုင်လိုက်ခဲ့မယ်၊ ကျွန်တော့် ကားနဲ့သွားတာပေါ့''

''ဆရာလိုက်မယ်ဆိုရင် ကျွန်မလည်း လိုက်ပါရစေဆရာ''

ဒေါ်လှယဉ်က ဝင်၍တောင်းဆိုလိုက်သည်။

''အင်းလေ .အစ်မကြီးလည်း သားအတွက်စိတ်ပူမှာပေါ့၊ လိုက်ချင်လိုက်ခဲ့ပါ၊ ဒါဖြင့် ကုမ္ပဏီမှာ မှာစရာရှိတာလေးတွေ ကျွန်တော် သွားလုပ်လိုက်ဦးမယ်၊ ညနေခင်းလောက် ကျွန်တော်တို့ထွက်ကြတာပေါ့၊ ဘဲ့နဲ့လဲကိုသက်ပိုင် ကိုယ်ပိုင်ကားနဲ့ တောက်လျှောက်မောင်းသွားရင် တော့ သဘက်ခါအမီ စမ်းကြီးအိုင်အထိ ရောက်နိုင်တယ်မဟုတ်လား''

''ရောက်ပါတယ်ဦးစောနောင်''

သို့ဖြင့် .ရဲလင်းထွဋ်ကိုယ်ပျောက်သည့် (၈)ရက်မြောက် ညနေတွင် ဆရာကိုသက်ပိုင်သည် ဦးစောနောင်၏ကိုယ်ပိုင်ဆာ့ဖ်ကားကြီး ဖြင့် ရွာသို့ပြန်လာခဲ့လေသည်။

ဦးစောနောင်က ကားကိုကိုယ်တိုင်မောင်းကာ ကိုသက်ပိုင်က ရှေ့ခန်းတွင်လိုက်ပါလာခဲ့သည်။ ဒေါ်လှယဉ်က နောက်ခန်းတွင်ပါလာ ခဲ့သည်။

မနေ့က တစ်ညလုံးရထားစီးလာခဲ့ရသောကိုသက်ပိုင်သည် ထိုအချိန်အထိ တစ်ရေးမှ မမှေးရသေးပါ။ ရန်ကုန်တွင် တစ်ညအိပ်ပင် မနားရပဲ လာရာလမ်းကို ပြန်ခဲ့ရခြင်းဖြစ်ပါ၏။

ကိုသက်ပိုင် ဤမျှအပင်ပန်းခံနေရခြင်းမှာ မြတ်လေးငုံ အတွက်ကြောင့်ပင်ဖြစ်ပါတော့သည်။

♛♛♛♛♛

## ( ၄ )

သီတင်းကျွတ်လပြည့်ကျော်(၂)ရက်နေ့။

ခြေခင်းလက်ခင်းသာယာသောရာသီတွင် စမ်းကြီးအိုင်ရွာလေး၏နံနက်ခင်းမှာ သာယာလှပနေပါသည်။

မြတ်လေးငုံသည် နံနက်တိုင်းလုပ်နေကျထုံးစံအတိုင်း ဆန်ဗန်းလေးကိုယူကာ ခြံထဲသို့ထွက်လာခဲ့သည်။ စိမ်းလန်းသောသစ်ပင်များ၏ စိုပြေပုံ၊ အရောင်စုံသောပန်းကလေးများ၏လှပပုံတို့ကို မြတ်လေးငုံ မခံစားနိုင်သော်လည်း သစ်ပင်များလေတိုး၍ ရွက်ချင်းခတ်မြည်သံနှင့် ပန်းကလေးတို့မွှေးရနံ့တို့ကိုမူ မြတ်လေးငုံခံစားလို့ရပါသည်။

မြတ်လေးငုံသည် အိမ်ထဲမှမထွက်ခင် ဘုရားခန်းရှိရာသို့ နံရံများကိုစမ်းသွားကာ အခန်းထဲသို့လှမ်းကြည့်လိုက်သည်။ ရဲလင်းထွဋ်ကိုမမြင်ရပါ။ ကိုရဲလင်းထွဋ် စောစောထပြီး ခြံထဲဆင်းနှင့်ပြီထင်ပါသည်။

မြတ်လေးငုံခြံထဲရောက်တော့လည်း ရဲလင်းထွဋ်ကို မမြင်မိပါ။ ခြံအနှံ့ကိုလှမ်းမျှော်ကြည့်သော်လည်း မမြင်။ မျက်မမြင်မြတ်လေးငုံအဖို့ အမြင်အာရုံထဲတွင် ဝင်လာစရာဆို၍ ရဲလင်းထွဋ်တစ်ယောက်သာ ရှိလေသည်။ ရဲလင်းထွဋ် ဘယ်ရောက်နေပါလိမ့်။

မြတ်လေးငုံက ငှက်ကလေးများကို အစာကျွေးနေလိုက်သည်။

ကျီးကန်းများအတွက်အစာကို ခြံစည်းရိုးအစပ်ကိုသွားချပေး ပြီး ပြန်လှည့်အထွက်တွင် ရုတ်တရက် .သူမနောက်၌ ကပ်၍ရပ်နေသောရဲလင်းထွဋ်ကိုမြင်လိုက်ရသည်။

''အို .ကိုရဲလင်းထွဋ်''

မြတ်လေးငုံက အနီးကပ်လွန်းနေသောရဲလင်းထွဋ်နှင့်တိုက်မိ

မည်စိုးကာ ကိုယ်ကိုရှို့လိုက်သည်။ သို့ရာတွင် . မြတ်လေးငုံ၏ကိုယ် သည် ရဲလင်းထွဋ်ရှုံ့ပုံရိပ်ထဲသို့ ဖောက်ဝင်သွားလေ၏။

မြတ်လေးငုံကိုယ်သည် ယိုင်သွားကာ လက်ထဲမှဆန်ဗန်းလေး သည် မြေပေါ်သို့လွတ်ကျသွားလေသည်။ ဆန်ဗန်းအဝိုင်းလေးမှာ ခပ်ဝေး ဝေးသို့ လိမ့်ထွက်သွားလေ၏။ မြတ်လေးငုံလည်း အားလွန်ကာ မြေပေါ်သို့ လက်ထောက်ရက်လဲကျသွားလေသည်။ ရဲလင်းထွဋ်ရှုံ့ရင်ခွင်ထဲမှ ကျော်လွန် ဖောက်ထွက်သွားရသည့်အတွက်လည်း မြတ်လေးငုံမှာရင်များဖိုသွားရ လေတော့သည်။

''ကိုရဲလင်းထွဋ်ကလည်းလေ . ရှင် ဘယ်သွားနေတာလဲ''

မြတ်လေးငုံက အရှက်ပြေပြောရင်း မြေပေါ်မှပြန်ထလိုက်သည်။

ရဲလင်းထွဋ်က လဲသွားသောမြတ်လေးငုံကိုဆွဲထူရန် လက်ကမ်း ပေးလိုက်သည်။ သို့သော် သူ့လက်ကို မြတ်လေးငုံလှမ်းကိုင်လို့မရသည် ကိုသတိရလိုက်၍ ဝမ်းနည်းသွားရသည်။ ကမ်းပေးထားသောလက်ကို မူ ပြန်မရုတ်မိ။

မြတ်လေးငုံက သူမဘာသာ ပြန်ထလိုက်သည်။

''ကျွန်မဆန်ဗန်းလေး ဘယ်ရောက်သွားပါလိမ့်''

ရဲလင်းထွဋ်က ဆန်ဗန်းလေးရှိရာသို့ပြေးသွားကာ လက်ဖြင့် ထိပြလိုက်သည်။

ရဲလင်းထွဋ်လက်နှင့်ထိပြ၍ မြင်လိုက်ရသောဆန်ဗန်းလေးကို မြတ်လေးငုံက ကောက်ယူလိုက်သည်။

ရဲလင်းထွဋ်ကိုကြည့်လိုက်တော့ ရဲလင်းထွဋ်က ပြောစရာစကား ရှိကြောင်းကို စာရေးသည့်အမူအရာလုပ်ပြ၍ အသိပေးလေသည်။

''ရှင့်ကို ဘုရားခန်းထဲမှာလည်း မတွေ့၊ ခြံထဲမှာလည်း မမြင် လို့ ကျွန်မလိုက်ရှာနေတာ၊ ရှင်က ဘယ်သွားနေတာလဲ၊ ကဲ– လာလေ၊ စာရေးပြောမယ်ဆိုလည်း အိမ်ထဲသွားကြစို့''

\+ + + + +

ရဲလင်းထွဋ်က စာအုပ်နှင့်ဘောပင်ရှိရာဧည့်ခန်းဘီရိုရှေ့သို့ ဦးဆောင်ခေါ်သွားသည်။

ဘီရိုပေါ်မှစာအုပ်ကိုလက်နှင့်ထိပြလိုက်သည့်အခါ မြတ်လေးငုံ က စာအုပ်ကိုယူလိုက်သည်။ စာရေးရန်အတွက်နှစ်ယောက်သား ဧည့်ခန်း ကုလားထိုင်တွင် ဝင်ထိုင်လိုက်ကြလေသည်။

ရဲလင်းထွဋ်ဆိုသောကိုယ်ပျောက်လူသား အမှန်တကယ်ရှိ ကြောင်း ဦးစံမြင့်နှင့်ဒေါ်ဆယ်မိတို့ ယုံကြည်မှုရှိသွားပြီးနောက်တွင် သူတို့ ပြောစရာဆိုစရာတွေကို ရဲလင်းထွဋ်အသိပေးသည့်အတိုင်း မြတ်လေးငုံ က စာဖြင့်လိုက်ရေးသည့်အလုပ်ကို လျှို့လျှို့ဝှက်ဝှက်လုပ်စရာမလိုတော့ ပါ။

မနေ့က နေ့လည်ပိုင်း .ဆရာကိုသက်ပိုင် ရန်ကုန်ထွက်သွား ပြီးနောက်ပိုင်းတွင် ဦးစံမြင့်နှင့်ဒေါ်ဆယ်မိတို့သည် မြတ်လေးငုံကို ဗဟို ထားကာ သူတို့သိလိုသမျှကို ရဲလင်းထွဋ်အား မေးမြန်းနေခဲ့ကြ၏။

သူတို့သိချင်တာမေးလိုက် .

ရဲလင်းထွဋ်က အဖြေကို စာရေးပြဟန်ပြု၍ပြန်ပြောလိုက် .

မြတ်လေးငုံက ရဲလင်းထွဋ်အမူအရာဖြင့်ရေးပြသည့်အတိုင်း နောက်မှလိုက်ရေးရင်း ဘာသာပြန်ပေးလိုက်ဖြင့် .အဆင်တွေပြေနေ ခဲ့ကြသည်။

ဦးစံမြင့်က ရဲလင်းထွဋ်ကိုယ်ပျောက်ဘဝရောက်ရပုံလောက်သာ မေးမြန်းသော်လည်း .ဒေါ်ဆယ်မိကတော့ မိဘမျိုးရိုး၊ ပညာဘယ် လောက်တတ်သလဲ၊ အလုပ်ထဲမှာ ဘာရာထူးလဲ၊ လခဘယ်လောက်ရ သလဲ .ကအစ စေ့စေ့ပေါက်ပေါက်မေးနေ၏။

ရဲလင်းထွဋ်က ဒေါ်ဆယ်မိမေးသမျှကို မြတ်လေးငုံမှတစ်ဆင့် ဖြေရင်း နောက်ဆုံးတွင် သူပြောလိုသောစကားကို စာဖြင့်ရေးပြလေသည်။

**ကျွန်တော် ဒေါ်ကြီးကို တွေ့ကတည်းက ဘယ်သူ နဲ့တူသလဲလို့ ကြည့်နေတာ။ ခုမှအဖြေပေါ်တော့တယ်ဗျာ**

မြတ်လေးငုံရေးလိုက်သောစာသားများကို ဒေါ်ဆယ်မိက ဖတ် ကြည့်လိုက်သည်။

''အမယ် .ငါ့ကို ဘယ်သူနဲ့တူတယ်လို့များ မင်းကထင် လို့တုံး''

ရဲလင်းထွဋ်ရှိမည့်နေရာကိုမှန်းဆကာ ဒေါ်ဆယ်မိက မေးလိုက် လေသည်။

ရဲလင်းထွဋ်ပြန်ရေးပြသည့်စာသားများကို မြတ်လေးငုံတစ်ဆင့် ရေးပြလိုက်တော့ .

**ဒေါ်ကြီးက ခင်သန်းနုနဲ့တူတာဗျ။**

'' ဟေ .ခင်သန်းနု၊ ဟုတ်လား၊ ရုပ်ရှင်မင်းသမီးခင်သန်းနု ကို

ပြောတာလားဟဲ့''

''ကိုရဲလင်းထွဋ်က ခေါင်းညိတ်ပြနေတယ်ဒေါ်ကြီး''

မြတ်လေးငုံက ကြားမှဝင်ပြောပေးလိုက်သည်။

''သြော် ...သိပေါင်ကွယ်၊ ငါ့ကိုယ်ငါ ခင်သန်းနုနဲ့တူမှန်း မင်းပြောမှသိတော့တယ်ဟေ့၊ ဟုတ်လားဟဲ့...ငါက ခင်သန်းနုနဲ့တူ တာလား''

ဒေါ်ဆယ်မိက တွန့်နေသောအင်္ကျီကိုဆွဲဆန့်ရင်း ခါးကိုခပ်မတ်မတ်ပြင်ထိုင်ကာ ပြုံးဖြီးဖြီးကြီးပြောလိုက်လေသည်။

ဒေါ်ဆယ်မိအမူအရာကိုကြည့်၍ ရဲလင်းထွဋ်ရယ်မောနေသည် ကို မြတ်လေးငုံမြင်နေရ၏။

ဒေါ်ဆယ်မိလုပ်ပုံကို အမြင်မတည့်သော ဦးစံမြင့်က ပြောလိုက်သည်၊

''ဆယ်မိ၊ ဟုတ်နိုင်ပါ့မလားဟဲ့၊ နင်က ရုပ်ရှင်မင်းသမီးနဲ့ တူတယ်ဆိုတာ ဘဲ့နှဲ့ဖြစ်နိုင်မှာတုံး၊ ဖြစ်သွားပုံကလည်းကွာ၊ နင်မရူးဘူးလား''

''အို ...ကိုစံမြင့်၊ ရှင်က တောသား၊ ရှင်ဘာသိလို့တုန်း၊ ရှင်ရုပ်ရှင်ဘယ်နှခါကြည့်ဖူးလို့တုန်း၊ သူက မြို့သားတော့၊ မြို့ကလာတာ၊ ရုပ်ရှင်တွေ ဒင်းကြမ်းကြည့်လာတဲ့မြို့သား၊ တူလို့တူတယ်ပြောတာပေါ့ တော်၊ ဟုတ်တယ်မဟုတ်လားကွဲ့ မောင်ရဲလင်းထွဋ်ရယ်''

ရဲလင်းထွဋ်ခွက်ထိုးခွက်လန်ရယ်နေသည်ကိုကြည့်၍ မြတ်လေးငုံပါ လိုက်ရယ်မိပါတော့သည်။

ထို့နောက်ပိုင်းကစ၍ ...

ကိုယ်ပျောက်လူသားရဲလင်းထွဋ်အပေါ်ထားရှိသော ဒေါ်ဆယ်မိ၏အမြင်မှာ ပြောင်းလဲသွားလေတော့သည်။ ယခင်က ရဲလင်းထွဋ်ကို အစိမ်းသရဲလိုလို နာနာဘာဝလိုလိုထင်ထားသောအထင်များ ပျောက်ကွယ်သွားသည်။

''သူငယ်လေးသနားစရာကွယ်၊ သူ့ရုပ်ကိုမမြင်ရပေမယ့် ရည်ရည်မွန်မွန်လေးပဲဖြစ်မှာပါ။ ဟုတ်တယ်မဟုတ်လားဟဲ့ အငုံ၊ သူ့ ခမျာ မစားရမသောက်ရနဲ့ ကိုယ်ပျောက်ဘဝကြီးနဲ့နေရတာ ဘယ်လောက်ကျဉ်းကျပ်ရှာမလဲ၊ ဆရာကိုသက်ပိုင် မြန်မြန်ပြန်ရောက်ပါစေ၊ ဘုရားသေ့က မောင်ရဲလင်းထွဋ်ကလေးဒုက္ခကို ကယ်တင်ပေးနိုင်ပါစေတော်''

ဆုများပင် တောင်းပေးနေရှာသေး၏။

ရဲလင်းထွဋ်ပြောလိုသောစကားကို သိနိုင်သောအရာမှာ ကြားခံအဖြစ် မြတ်လေးငုံရယ် စာရွက်နှင့်ဘောပင်ရယ်သာရှိသည်မို့ ရဲလင်းထွဋ်ပြောစကားများကို မြတ်လေးငုံက စာဖြင့်လိုက်ရေးသည်မှာ အဆန်းတကြယ်မဟုတ်တော့၊ လို့လို့ဂုက်ဂုက်လုပ်ရသည့်အလုပ်မဟုတ်တော့ ပါပေ။

ယခုလည်း ရဲလင်းထွဋ်ရေးလိုသောစာသားများကို သူရှေ့က ရေးပြသည့်အတိုင်း မြတ်လေးငုံက လိုက်ရေးလိုက်သည်။

**ကျွန်တော် မနက်အစောကြီးထပြီး တောထဲအထိ လမ်းလျှောက်ကြည့်တာပါ၊ ရေတံခွန်အထိ ကျွန်တော် ရောက်ခဲ့တယ်အငုံ၊ ရသေ့ကြီးချိန်းခဲ့တဲ့ ရေတံခွန်အောက ကျောက်ဆောင်ပေါ်ကိုလည်း ရောက်ခဲ့တယ်။**

''ကိုရဲလင်းထွဋ်ရယ် ကျွန်မဖြင့် ရှင်ပျောက်နေလို့ စိတ်ပူလိုက်ရတာ''

**အငုံက ကျွန်တော့်အတွက် စိတ်ပူသလား**

''အို ...ရှင်တစ်ခုခုဖြစ်မှာစိုးလို့ပေါ့''

**ဘုရသေ့ဆီသွားတဲ့အခါ လွယ်ကူအောင် လမ်းကို ကြိုကြည့်ထားတာပါ အငုံ**

''ဟုတ်ပါတယ်လေ ...ဆယ်ရက်မပြည့်ခင် ဆရာကိုသက်ပိုင် ပြန်လာမှဖြစ်မယ်၊ ဆရာ ပြန်ရောက်ကောင်းပါတယ်လေ၊ ရှင့်ကို ဒီဒုက္ခတွင်းကြီးထဲက လွတ်စေချင်ပါပြီကိုရဲလင်းထွဋ်ရယ်''

**ကျွန်တော် ဒီဒုက္ခထဲက လွတ်မြောက်သွားရင် အငုံ ကျွန်တော့်ကို ဘယ်မြင်ရတော့မလဲ**

''အို ...ဒါတော့ ဘယ်တတ်နိုင်မှာလဲရှင်''

**အငုံ ကျွန်တော့်ကို မမြင်ရပဲ နေနိုင်သလားဟင်၊ ကျွန်တော်တော့ အငုံ့အနားမှာ ဒီအတိုင်းပဲနေချင်တယ်**

''မဖြစ်နိုင်တာကိုရဲလင်းထွဋ်ရယ်၊ ရှင်ဒီဘဝကြီးနဲ့တစ်သက်လုံးနေသွားလို့ ဘယ်ဖြစ်မှာလဲ''

**ဟုတ်တော့ဟုတ်ပါတယ်၊ ဒါပေမယ့် အငုံနဲ့ခွဲရမှာ စိုးလို့ပါ။ ကျွန်တော် ဘဝမှန်ပြန်ရသွားရင် ရန်ကုန်ကို ပြန်ရတော့မှာလေ**

မြတ်လေးငုံ ဘာမှပြန်မပြောဖြစ်တော့ပါ။ ရဲလင်းထွဋ်နှင့်ခွဲရမည်ကိုတွေးကာ သူမကိုယ်တိုင်ပင် ကြေကွဲသွားမိလေသည်။ ရဲလင်းထွဋ်သာ ဘဝမှန်ကို ပြန်ရောက်သွားလျှင် ခွဲရရုံမဟုတ်သေးပါ။ သူမအတွက် တစ်ယောက်တည်းသော မြင်ခွင့်ရနေသည့်လူသားကိုလည်း မြင်နိုင်မည် မဟုတ်တော့ပေ။

ရဲလင်းထွဋ်က စာရေးရန်အမူအရာပြနေ၍ လိုက်ရေးရပြန် သည်။

**ကျွန်တော်နဲ့အတူ ရန်ကုန်ကိုလိုက်ခဲ့ပါလားအငုံ**

''ဘယ်ဖြစ်နိုင်မှာလဲကိုရဲလင်းထွဋ်ရယ် ကျွန်မက..''

ပြောရင်း မြတ်လေးငုံ့အသံများ တိမ်ဝင်သွားသည်။

**အငုံ့ရဲ့ရောဂါက ကုရင်ပျောက်နိုင်ပါတယ်၊ လိုက်ခဲ့ပါအငုံ၊ ကျွန်တော် အငုံနဲ့ မခွဲနိုင်တော့လို့ပါ။**

''အို''

မြတ်လေးငုံက ရဲလင်းထွဋ်ကိုပြန်ကြည့်လိုက်သည်။ ရဲလင်းထွဋ်က သူမကို ရီဝေသောမျက်လုံးများဖြင့် စိုက်ကြည့်နေပါသည်။ ကျွန်မ လည်း ရှင်နဲ့ခွဲရမှာကို စိုးမိပါတယ်ကိုရဲလင်းထွဋ်ရယ်၊ ဒါပေမယ့် .

ရဲလင်းထွဋ်က စာရေးရန် အမူအရာပြနေပြန်သည်။

မြတ်လေးငုံ လိုက်ရေးလိုက်တော့ .

**ကျွန်တော် အငုံ့ကို ချစ်**

နောက်ဆုံးစားလုံးများအထိ မြတ်လေးငုံလိုက်မရေးဖြစ်တော့ ပါ။ မိန်းကလေးဖြစ်ရက်နဲ့ ကိုယ့်ကိုပေးတဲ့ရည်းစားစာကို ကိုယ်ကိုယ်တိုင် ရေးသလိုဖြစ်နေသည်။

မြတ်လေးငုံခေါင်းကိုလည်း ပြန်မမော်မိပါလေတော့။ ရှက်စိတ် ဖြင့် ငုံ့ထားမိလေသည်။

ရဲလင်းထွဋ်၏လက်နှစ်ဖက်က မြတ်လေးငုံ လက်ဖမိုးပေါ်သို့ ကျရောက်လာသည်။ သို့သော် .လက်ချင်းမထိမိ။ မြတ်လေးငုံလက် ထဲသို့ ရဲလင်းထွဋ်လက်များ ကျံ့ဝင်သွားလေသည်။

''ဟဲ့ .မောင်ရဲလင်းထွဋ်က စာရေးပြီး ဘာတွေများပြောနေ တာတုန်း''

ဒေါ်ဆယ်မိအသံကြောင့် မြတ်လေးငုံ ဆတ်ကနဲတုန်သွားလေ သည်။ စာရွက်ပေါ်မှ နောက်ဆုံးရေးထားသောစာသားလေးကို လက်ဖြင့် ဖုံးထားလိုက်ရသည်။

''ဟို . ဟို .ကိုရဲလင်းထွဋ်က မနက်အစောကြီး တောထဲကို လမ်းလျှောက်သွားကြည့်တာတဲ့ဒေါ်ကြီး၊ ရေတံခွန်ဘေးလည်း ရောက်ခဲ့တယ်၊ ကျောက်ဆောင်ပေါ်လည်း ရောက်ခဲ့တယ်တဲ့၊ ရသေ့ကြီး ဆီသွားတဲ့အခါ အဆင်ပြေအောင် ကြိုကြည့်ထားတာတဲ့''

''သြော် .ဟုတ်လား၊ သူ့ခများလည်း ဒီဒုက္ခက လွတ်ချင်ပြီ ပေါ့လေ၊ ဘုရားသိကြားမလို့ ဆရာကိုသက်ပိုင် မနက်ဖန်ပြန်ရောက်လာ ပါစေ''

ဒေါ်ဆယ်မိက ဆုများတောင်းရင်း အနားမှထွက်ခွာသွားလေ သည်။

ရဲလင်းထွဋ်က စာရွက်ပေါ်တွင် မြတ်လေးငုံတစ်ပိုင်းတစ်စ ရေးထားသည့် **ကျွန်တော် အငုံ့ကို ချစ်** .ဆိုသော စာသားလေးကို လက်ဖြင့်ထောက်ပြလိုက်သည်။

''အို .''

ရဲလင်းထွဋ်က ထိုစာသားလေးကိုပင် လက်ဖြင့်ဝိုင်းကာ ဝိုက် ကာ လုပ်ပြနေသည်။ အငုံ့ကို ချစ်ပါတယ်လို့ အထပ်ထပ်အခါခါ ပြော နေတဲ့သဘောပေါ့လေ။

မြတ်လေးငုံက သူ့ကိုမျက်စောင်းထိုးလိုက်၏။

ရဲလင်းထွဋ်က မြတ်လေးငုံ၏ကိုယ်လုံးလေးကို သူ့လက်နှစ် ဖက်ဖြင့် ဖက်ဟန်လုပ်ပြလိုက်သည်။ တကယ်တော့ ထိတွေ့လို့မရသော ရဲလင်းထွဋ်မှာ ဟန်ပြအဖြစ်သာ လုပ်ပြရှာခြင်းဖြစ်ပါသည်။

သို့သော် မြတ်လေးငုံက

''သွားပါ၊ သူနဲ့အငုံနဲ့ ဘာဆိုင်သေးလို့လဲ၊ သူ့ကိုကူညီနေတဲ့ လူကိုတောင် သိပ်အခွင့်အရေးယူတာပဲ ဟွန်း''

မြတ်လေးငုံက ရန်တွေ့ရင်း သူ့ရင်ပတ်ကြီးကို လက်သီးဆုပ် ဖြင့် ထုလိုက်လေသည်။ သို့သော် မြတ်လေးငုံ၏လက်များက သူ့ရင်ပတ် ထဲသို့ ဖောက်ဝင်သွားလေ၏။

♛♛♛♛♛

( ၅ )

ဦးစောနောင်မောင်းနှင်လာသော ဆာ့ဖ်ကားကြီးသည် ရန်ကုန်မှ ည(၇)နာရီအချိန်တွင်ထွက်ခွာလာခဲ့၏။

ကားရှေ့ခန်းတွင် ကိုသက်ပိုင်က ဦးစောနောင်နှင့်အတူ ထိုင်၍ လိုက်ပါလာပြီး ‌ ဒေါ်လှယဉ်က နောက်ခန်းမှလိုက်ပါလာခဲ့သည်။

တောင်ငူမြို့ကိုလွန်သည်တွင် ညသန်းကောင်ကျော်သွား လေသည်။

ည(၁၂)နာရီကျော်ပြီမို့ နောက်တစ်နေ့သို့ ကူးသွားပါလေပြီ။

သီတင်းကျွတ်လဆန်း(၃)ရက်နေ့။

ဦးစောနောင်က ရှေးဟောင်းနှောင်းဖြစ်များကိုပြောရင်းမှ သူ့အယူအဆတစ်ခုကို တင်ပြလိုက်သည်။

''ကိုသက်ပိုင်ရေ ‌ ကျွန်တော်တို့ ခေတ်လူငယ်တွေဟာ အတန်းပညာလေးတတ်၊ ဘွဲ့ကလေးတစ်ခုလောက်ရပြီဆိုရင် ကိုယ့်ကို ကိုယ် အဟုတ်ကြီးထင်ပြီး ရိုးရာအစွဲအလမ်းတွေကိုယုံကြည်ရမှာ လက်ခံ ရမှာကို ရှက်သလို ရွံ့သလိုဖြစ်တတ်ကြတယ်နော်၊ ရှေးဟောင်းအယူအဆတွေကိုလက်ခံရင်ပဲ ခေတ်နောက်ကျသလိုလိုထင်တတ်ကြတယ်ဗျ''

ဦးစောနောင် ဘာဆိုလိုချင်မှန်းမသိသေး၍ ကိုသက်ပိုင်က ဘာမှထင်မြင်ချက်မပေးပဲ နားထောင်နေလိုက်သည်။

''တကယ်တော့ ‌ လောကကြီးမှာ သိပ္ပံပညာနဲ့လိုက်မမီ သေးတဲ့ ထူးဆန်းအံ့သြဖွယ်ရာတွေအများကြီးရှိတယ်ဆိုတာ အသက် ကြီးလာလေ၊ လက်တွေ့ကြုံရတာရော၊ ကြားဖူးနားဝရောနဲ့ သိလာရတာ အများကြီးပါဗျာ၊ အခု ‌ ရဲလင်းထွဋ်ရဲ့ကိစ္စလိုပေါ့''

''ဟုတ်ကဲ့ဦးစောနောင်၊ ကျွန်တော်လည်း ဒီလိုပါပဲ၊ ရဲလင်းထွဋ်အဖြစ်ကို မြတ်လေးငုံဆီကကြားစက မယုံမိပါဘူး၊ ခုလို သက်သေ သက္ကာယနဲ့ တကယ်အမှန်ဆိုတာ သိရမှ အံ့သြစိတ်နဲ့ယုံမိတာပါ၊ ရဲလင်း ထွဋ်အဖြစ်ဟာ သိပ္ပံပညာနဲ့လိုက်မမီနိုင်အောင် ထူးဆန်းတဲ့အဖြစ်မျိုး ပါပဲဦးစောနောင်''

''ကျွန်တော့်မှာ ထူးဆန်းတဲ့အတွေ့အကြုံတစ်ခုရှိခဲ့ပါတယ် ကိုသက်ပိုင်၊ ကျွန်တော်လူငယ်ဘဝကပါ၊ အဲဒီတုန်းက ကျွန်တော်အသက် သုံးဆယ်တောင်မပြည့်သေးပါဘူး၊ နှစ်ဆယ့်ခွန်၊ နှစ်ဆယ့်ရှစ်လောက်ပဲ ရှိဦးမယ်၊ လွန်ခဲ့တဲ့၁၅နှစ်ကပေါ့''

''ဩော် ‌''

ဦးစောနောင် နိဒါန်းပျိုးလိုက်သည့်စကားကို ကားနောက်ခန်းမှ ဒေါ်လှယဉ်ကပါ စိတ်ဝင်စားစွာနားထောင်နေလေသည်။

''အဲဒီအဖြစ်က အခုကျွန်တော်တို့သွားမယ့် စမ်းကြီးအိုင်ရွာ နဲ့လည်း ပတ်သက်နေပါတယ်''

''ဗျာ–''

''ဟုတ်ပါတယ်၊ မဟာမြိုင်တောထဲက စမ်းကြီးအိုင်ရွာကို ကျွန်တော်ငယ်ငယ်ကရောက်ဖူးပါတယ်ကိုသက်ပိုင်၊ အမဲပစ်ဖို့ရည်ရွယ် ချက်နဲ့သွားခဲ့တာပါ၊ အမဲလည်းပစ်ခဲ့ပါတယ်၊ အဲဒီတုန်းက စမ်းကြီးအိုင် ရွာက မုဆိုးကြီးတစ်ဦးကို လမ်းပြအဖြစ်ငှားပြီး မဟာမြိုင်တောထဲဝင် ကျားပစ်ကြတာပေါ့ဗျာ''

ဦးစောနောင်က ပြောရင်း အတိတ်ကြောင်းများကိုသတိရကာ သက်ပြင်းချလိုက်လေသည်။

''တောထဲကိုရောက်တော့ ရသေ့ကြီးတစ်ပါးနဲ့တွေ့တယ်၊ ရသေ့ကြီးက ကျွန်တော်တို့သွားမယ့်လမ်းမှာပိတ်ပြီး ရှေ့ဆက်မသွားဖို့၊ ရှေ့ဆက်သွားရင် အလာမှာ လေးယောက်လာတာ အပြန်မှာ သုံးယောက်ပဲပြန်လမ်းရှိကြောင်းပြောတယ်၊ ကျွန်တော်တို့ငှားလာတဲ့မုဆိုးကြီးက ရသေ့ကြီးစကားအတိုင်း ရှေ့ဆက်မသွားချင်ပေမယ့် ကျွန်တော်တို့ လူငယ်တွေက ရသေ့ကြီးစကားကိုမယုံဘူး၊ မုဆိုးကို ရှေ့ဆက်လမ်းပြပေးဖို့ တိုက်တွန်းခဲ့တယ်၊ မုဆိုးကြီးလည်း ကျွန်တော်တို့က အခပေးပြီးငှား ထားတာဆိုတော့ မလွန်ဆန်သာပဲ တောထဲမှာ ကျားပစ်လို့ရတဲ့နေရာ အထိ လိုက်ပို့ပေးရှာတယ်လေ''

''တောထဲရောက်တော့ရော ရသေ့ကြီးပြောတဲ့အတိုင်း ဖြစ် သလား ဦးစောနောင်''

''တကယ်တန်း အန္တရာယ်နဲ့ရင်ဆိုင်တွေ့တာက ကျွန်တော်ပါ၊ ကျွန်တော်က ကျားကိုပစ်ချင်ဇောပဲရှိတယ်၊ တောအထာ မုဆိုးအထာကို နားမလည်ဘူး၊ ကျားက ကျွန်တော့်ကိုရန်မူဖို့လှည့်လာတော့ မုဆိုးကြီး က ကျွန်တော့်အသက်ကို ဝင်ပြီးကာကွယ်ပေးတယ်လေ''

''အို ‌''

ဒေါ်လှယဉ်က စုတ်သပ်လိုက်သည်။

''ကျွန်တော်သေဘေးကလွတ်ခဲ့ပါတယ်၊ မုဆိုးကြီးကတော့ ကျွန်တော့်အတွက် သူ့အသက်ကိုစတေးလိုက်ရတယ်ဗျာ''

''ဖြစ်ရလေဗျာ .''

''ဒါဟာ ရသေ့ကြီးသတိပေးစကားကို မလိုက်နာမိလို့ဖြစ်ရတာပါပဲကိုသက်ပိုင်၊ ရသေ့ကြီးကိုမယုံကြည်မိတဲ့အကျိုးဆက်ပေါ့ဗျာ၊ ရသေ့ကြီးက အန္တရာယ်ကိုကြိုသိလို့ တားပါရက်နဲ့ ကျွန်တော်တို့က ရှေ့ဆက်တိုးမိတာကိုး၊ ရဲလင်းထွဋ်အဖြစ်မှာလည်း မဟာမြိုင်တောထဲက ရသေ့ကြီးပါနေတယ်၊ စမ်းကြီးအိုင်ရွာကို တစ်နှစ်တစ်ခါဆွမ်းခံကြွနေကျရသေ့ကြီးဆိုတော့ လွန်ခဲ့တဲ့၁၅နှစ်က ကျွန်တော်တို့ဆုံခဲ့တဲ့ ရသေ့ကြီးပဲဖြစ်နေမလားမသိပါဘူးဗျာ''

''ဖြစ်နိုင်ပါတယ်ဦးစောနောင်၊ မဟာမြိုင်တောထဲမှာ သီတင်းသုံးနေတဲ့ရသေ့ကြီးဆိုတာ ဦးဂမ္ဘီတစ်ပါးပဲရှိပါတယ်၊ ရသေ့ကြီးဦးဂမ္ဘီအသက်ကို တစ်ရာကျော်ပြီလို့တောင် လူကြီးသူမတွေကပြောကြပါတယ်၊ ဟိုးဘိုးစဉ်ဘောင်ဆက်ကတည်းက ရသေ့ကြီးကိုမြင်တွေ့နေရတာ ရသေ့ကြီးကိုဖူးတွေ့ဖူးတဲ့သူတွေတောင် သေကုန်ကြပြီ၊ ရသေ့ကြီးကတော့ အရွယ်လည်းမရင့်၊ အသက်လည်းကြီးလာပုံမရပဲ ဒီအတိုင်းရှိနေတယ် လို့ ပြောကြပါတယ်ဦးစောနောင်''

''ဒါနဲ့ကိုသက်ပိုင်၊ ကျွန်တော်မဟာမြိုင်ကိုတောပစ်ထွက်တုံးက လွန်ခဲ့တဲ့၁၅နှစ်ဆိုတော့ ကိုသက်ပိုင်အသက် ဆယ်နှစ်ကျော် ဆယ့်နှစ်နှစ်လောက်ရှိရောပေါ့၊ ကျွန်တော်ပြောပြတဲ့ စမ်းကြီးအိုင်ရွာက မုဆိုးကြီးကို ကိုသက်ပိုင်မသိဘူးလား၊ မုဆိုးကြီးဦးအောင်မောင်းဆိုတာလေ''

''မသိပါဘူးဦးစောနောင်၊ ကျွန်တော် စမ်းကြီးအိုင်မှာ ကျောင်းဆရာလုပ်နေတယ်ဆိုပေမယ့် စမ်းကြီးအိုင်ကိုရောက်တာ (၂)နှစ်ပဲရှိပါသေးတယ်၊ ကျွန်တော်က မြို့ပေါ်ကနေ အလုပ်လာလုပ်တာပါ''

''ဩော် .ဒါကြောင့်ကိုး၊ စမ်းကြီးအိုင်ရောက်ရင်တော့ ဦးအောင်မောင်းရဲ့ကျန်ရစ်တဲ့အဆက်အနွယ်တွေကို မေးမြန်းပြီး ထောက်ပံ့သင့်သလောက် ထောက်ပံ့ခဲ့ပါဦးမယ်လေ၊ ကျွန်တော့်ရဲ့အသက်သခင် ကျေးဇူးရှင်မုဆိုးကြီးဦးအောင်မောင်းရဲ့ကျေးဇူးကို ကျွန်တော် တစ်ရက် မှ မမေ့ပါဘူး''

ဦးစောနောင်ပြောသည့်အကြောင်းများကို နားထောင်ရင်း . အတွေးကိုယ်စီဖြင့် တိတ်ဆိတ်သွားကြလေသည်။

တကယ်တော့ .ကိုသက်ပိုင်သည် စမ်းကြီးအိုင်ကိုရောက် သည်မှာ နှစ်နှစ်သာရှိသေး၍ မြတ်လေးငုံ၏နောက်ကြောင်းရာဇဝင်ကို စေ့စေ့စုံစုံမသိပါ။ မီးသွေးဖိုထဲတွင် ဂျပန်ခေတ်ကကျည်ဆံပါသောသစ်ပင် ကို မီးထည့်မြှိုက်မိ၍ ပေါက်ကွဲကာ မြတ်လေးငုံမျက်မမြင်ဘဝရောက် ရကြောင်းကိုသာ သိထားသည်။ မြတ်လေးငုံ၏ဖခင်သည် တစ်ချိန်က နာမည်ကျော် မုဆိုးကြီးဦးအောင်မောင်းဖြစ်ကြောင်းသိမထားပါ။

ထို့ကြောင့် .ဦးစောနောင်ပြောပြစဉ်က မုဆိုးကြီးဦးအောင်မောင်းနှင့်မြတ်လေးငုံတို့ကို ဆက်စပ်မတွေးတောခဲ့မိပါပေ။

\+ + + + +

ဦးစောနောင်မောင်းနှင်လာသောကားလေးသည် မနက်(၇)နာရီအချိန်တွင်လောက်တွင် မန္တလေးသို့ရောက်ရှိလေသည်။ ကိုယ်ပိုင် ကားဖြင့် အမြန်မောင်းလာ၍သာ ဤမျှအချိန်စောစွာရောက်ရှိခြင်းဖြစ် ၏။

ဦးစောနောင်က ခရီးပန်းနေပြီဖြစ်၍ တည်းခိုခန်းတစ်ခုတွင် ခေတ္တဝင်နားရန်ဆုံးဖြတ်လိုက်လေသည်။ ညအိပ်တည်းခိုမည်မဟုတ်ပဲ အနားယူအပန်းဖြေရုံနှင့် ရေမိုးချိုးရုံလောက်သာ ရည်ရွယ်ပါသည်။

ထို့ကြောင့် .မန္တလေးမြို့တွင်းအထိ ရောက်အောင်မဝင် တော့ပါ။ ကျွဲဆည်ကန် အဝေးပြေးကားကြီးကွင်းအနီးမှ တည်းခိုခန်း သန့်သန့်တစ်လုံးတွင် ဝင်နားလိုက်ကြသည်။

ခေတ္တအိပ်စက် ရေမိုးချိုးပြီးနောက် မနက်(၁၀)နာရီလောက် တွင် ခရီးဆက်ခဲ့ကြပါသည်။

ကားကိုတောက်လျှောက်မောင်းလာခဲ့ရာ မဟာမြိုင်တောအနီး ရောက်ချိန်တွင် ညနေစောင်းပေပြီ။

''လမ်းတွေကကောင်းနေပြီနော်၊ ကျွန်တော်တောပစ်လာတုံးက ဒီလမ်းတွေ မြေလမ်းကြမ်းပဲရှိသေးတယ်''

''ဟုတ်ပါတယ်ဦးစောနောင်၊ သပြေအိုင်ဆိုတဲ့ရွာကြီးအထိ ကတ္တရာလမ်းခင်းပြီးပါပြီ၊ မကြာခင် စမ်းကြီးအိုင်အထိ ကတ္တရာလမ်း ပေါက်တော့မှာပါ''

စမ်းကြီးအိုင်ရွာအဝင်တွင် ည(၈)နာရီထိုးပေပြီ။

"ရွာအဆုံးအထိသာမောင်းပါဦးစောနောင်၊ ရွာအစွန်က မီးသွေး ဖုတ်တဲ့အိမ်မှာ ရဲလင်းထွဋ်ရှိနေပါတယ်"

♛♛♛♛♛

## ( ၆ )

အိမ်ရှေ့မှာကားရပ်သံကြားလိုက်၍ ဒေါ်ဆယ်မိက အိမ်ရှေ့ကို မျှော်ကြည့်လိုက်သည်။

"ကားသံပါလား၊ ဟော . အိမ်ရှေ့မှာ ရပ်သွားပြီ"

စမ်းကြီးအိုင်လို မဟာမြိုင်တောအဝင်က အစွန်ဆုံးရွာလေး အထိ မော်တော်ကားတစ်စီးရောက်လာခြင်းမှာ အတော်ပင်ဖြစ်တောင့် ဖြစ်ခဲကိစ္စဖြစ်ပါသည်။

ခြံရှေ့မှ အော်ခေါ်သံထွက်လာသည်။

"ဗျို့ . ဦးလေးဦးစံမြင့်၊ ဒေါ်လေး၊ ခြံတံခါးဖွင့်ပါဦး၊ ကျွန်တော်ပါ၊ သက်ပိုင်ပါ"

"ဟော့. ဆရာပြန်လာပြီ၊ ကိုစံမြင့်ရေ . ခြံတံခါးဖွင့် ပေးလိုက်ပါဦး၊ ဆရာက ကားနဲ့ပြန်လာတာပဲ"

ဦးစံမြင့်က သော့ကိုကိုင်ရင်း ခြံရှေ့သို့ထွက်သွားလေသည်။

မြတ်လေးငုံသည် အိမ်ရှေ့မှအသံကြား၍ အခန်းထဲမှထွက်လာ ၏။ သူမနှင့်မရှေးမနှောင်းပင် ရဲလင်းထွဋ်လည်း ဘုရားခန်းထဲက ထွက် လာလေသည်။

"ဆရာကိုသက်ပိုင်ပြန်လာပြီကိုရဲလင်းထွဋ်၊ အချိန်မီပြန်ရောက် လာတာ ဘုရားမတာပဲ"

အိမ်ရှေ့သို့ထွက်လာရာ ရဲလင်းထွဋ်သည် မြတ်လေးငုံနောက် မှ ကပ်ပါလာလေ၏။

ဦးစံမြင့် တံခါးကိုခတ်ထားသောသော့ကိုဖွင့်၍ ခြံဝင်းတံခါးကို ကားဝင်သာသည်အထိ ဖွင့်ပေးလိုက်သည်။ မီးသွေးတင်လှည်းများဝင် နေကျမို့ ကားတစ်စီးလည်း ချောင်ချိစွာဝင်သာပါသည်။

ဦးစောနောင်က ကားကို ခြံထဲမောင်းဝင်ပြီး သစ်ပင်တစ်ပင် အောက်မှာ ရပ်ထားလိုက်သည်။

"အဆင်ပြေခဲ့ရဲ့လားဆရာ"

"ပြေခဲ့ပါတယ်၊ ဘရသေ့ယူခိုင်းတဲ့ကျမ်းကြီး ပါလာခဲ့ပါပြီ"

"တော်ပါသေးရဲ့ဗျာ"

"ရဲလင်းထွဋ်ရဲ့ဆရာ ဦးစောနောင်ကိုယ်တိုင် လိုက်လာပါတယ် ဦးလေး၊ ရဲလင်းထွဋ်အမေလည်း နယ်ကနေရောက်နေလို့ တစ်ခါတည်း ပါလာပါတယ်"

"သြော် . ဟုတ်လား၊ ဝင်ကြပါ၊ ဧည့်သည်တွေကို အထဲ ခေါ်ပါဆရာ"

အိမ်အဝင်ဝအရောက်တွင် ဦးစောနောင်က ဦးစံမြင့်နှင့်ဒေါ် ဆယ်မိကိုကြည့်ရင်း ပြောလိုက်လေသည်။

"အစ်ကိုကြီးနဲ့အစ်မကြီးက မုဆိုးကြီးဦးအောင်မောင်းရဲ့ အစ်ကို အစ်မတွေမဟုတ်လားဗျာ"

"ဗျာ-"

"ရှင်-"

ဧည့်သည်၏မေးပုံအဆန်းကြောင့် ဦးစံမြင့်တို့ အံ့အားသင့် သွားလေသည်။

"ကျွန်တော့်ကို မမှတ်မိဘူးလား၊ ကျွန်တော်စောနောင်လေ၊ လွန်ခဲ့တဲ့၁၅နှစ်က ဦးအောင်မောင်းအသက်ကယ်ခဲ့တဲ့ စောနောင်ပါ"

"အို . အမလေး၊ မောင်စောနောင်"

"သြော် . မောင်စောနောင်ကိုး"

"ကျွန်တော် အစ်ကိုကြီးနဲ့အစ်မကြီးနာမည်တွေကိုတော့ မမှတ် မိဘူး၊ ဒါပေမယ့် မြင်မြင်ချင်း လူတွေကိုတော့ မှတ်မိလိုက်တယ်"

"အစ်မကြီးနာမည်က မဆယ်မိလေ၊ အစ်ကိုကြီးနာမည်က ကိုစံမြင့်၊ အစ်မကြီးက မောင်အောင်မောင်းမိန်းမ မယဉ်ကြည်ရဲ့အစ်မ လေကွယ်"

"သြော်. ဟုတ်ကဲ့၊ မှတ်မိပါပြီ"

"တို့လည်း ပြောမပြရင် မောင်စောနောင်ကို ဘယ်မှတ်မိမှာလဲ၊ မောင်စောနောင်က တကယ့်လူကြီးကြီးဖြစ်နေပြီပဲ၊ ဟိုတုန်းက လူငယ် လေးကိုး၊ အေးကွယ် . အစ်မကြီးက မောင်စောနောင်အကြောင်း တော့ မကြာမကြာပြောဖြစ်ပါတယ်၊ မောင်အောင်မောင်းကိစ္စဖြစ်တုန်းက မောင်စောနောင်က စိတ်မကောင်းလွန်းလို့ လျော်ကြေးတွေအများကြီး

ပေးသွားတာလို့ . ''

''မဆယ်မိ၊ ညော့်သည်တွေကို ထိုင်ပါစေဦးကွယ်''

''ထိုင်ကြပါဦး၊ ထိုင်ကြပါဦး၊ ဒီကညော့်သည်လည်း ဝင်ထိုင်ပါ ရှင်''

''အဲဒါ ရဲလင်းထွဋ်ရဲ့အမေ ဒေါ်လှယဉ်ပါဒေါ်လေး''

ဆရာကိုသက်ပိုင်က ဒေါ်လှယဉ်နှင့်မိတ်ဆက်ပေးလိုက်သည်။

''ဒါနဲ့ .ဦးအောင်မောင်းဇနီးဒေါ်ယဉ်ကြည်ရော၊ ကလေး တစ်ယောက်ရှိတယ်နော်၊ မိန်းကလေးထင်ပါရဲ့''

ဦးစောနောင်က ညော့်ခန်းတွင်ထိုင်ရင်း မေးလိုက်သည်တွင် ဒေါ်ဆယ်မိက မျက်ရည်များကျလာလေသည်။

''မောင်အောင်မောင်းဆုံးပြီး ဘာကြာလို့တုံးကွယ်၊ ခမျာ သုံးနှစ်ပဲနေလိုက်ရရှာတယ်၊ မယဉ်ကြည် ငှက်ဖျားမိပြီး ဆုံးရှာတယ်ကွဲ့''

''ဟင် .ဒါဖြင့် ကလေးကရော''

''ဟောဒီမှာပါကွယ် .သူပဲကွဲ့၊ နာမည်က မြတ်လေးငုံတဲ့၊ သားအမိသားအဖတွေ ကံဆိုးရှာပါတယ်မောင်စောနောင်၊ ဟောဒီ သမီးလေးကလည်း မျက်မမြင်လေး ဖြစ်နေရှာသကွဲ့''

''ဗျာ– ဩော် .ဒါဖြင့် ရဲလင်းထွဋ်နဲ့ဆက်သွယ်လို့ရတယ် ဆိုတာ သူပေါ့၊ ဘယ်လိုဖြစ်ပြီး မျက်စိကွယ်ရတာလဲဗျာ၊ မွေးရာပါမဟုတ် ပါဘူး၊ သူ့အဖေဆုံးတုံးက ငယ်ငယ်လေးရှိသေးတာ၊ ဂါဝန်လေးနဲ့ကျန်ခဲ့ တာ ကျွန်တော်မှတ်မိနေသေးတယ်''

''မွေးရာပါမဟုတ်ပါဘူးကွယ်၊ မျက်စိကွယ်တာ သုံးနှစ်ရှိပါ သေးတယ်၊ ဖြစ်ပုံက .''

ဒေါ်ဆယ်မိက .ကျည်ဆံများဝှက်ထားသော သစ်ခေါင်းကို မီးသွေးဖုတ်ရန်မီးမြှိုက်ရာမှ ပေါက်ကွဲမှုဖြစ်ပြီး ထိမှန်ကာ မျက်စိကွယ် သွားရပုံကိုပြောပြလိုက်သည်။

ဦးစောနောင်က မြတ်လေးငုံကိုကြည့်ရင်း စုတ်တသပ်သပ်ဖြင့် နားထောင်နေ၏။

''အသက်မသေတာပဲကံကောင်းလို့ပြောရမယ်ကွယ်၊ မီးသွေးဖို အနားမှာရှိတဲ့ လူဆယ်ယောက်သေသွားခဲ့တယ်၊ သူက ကိုက်ငါးဆယ် လောက်အဝေးမှာရောက်နေလို့ ဒါလောက်ခံသာတာပေါ့''

''မကုဘူးလားအစ်မကြီးရယ်''

''ရွာမှာပဲ ဆေးမြီးတိုနဲ့ကုဖြစ်တယ်၊ မထိရောက်ပါဘူး၊ မြို့ တက်ကုဖို့ရာကလည်း အစ်မကြီးတို့မှာ ငွေကြေးမရှားပါးပေမယ့် ကိုယ်ခွဲက မရှိဘူးလေ၊ လင်မယားနှစ်ယောက်လုံး မီးသွေးဖိုကိုဦးစီးနေရတာကလား၊ မျက်နှာလွှဲစရာလူမရှိတော့ မြို့အရပ်အထိ ရောက်အောင်လည်း မသွား ဖြစ်ပါဘူး''

''ဘယ်ဟုတ်မလဲအစ်မကြီးရယ်၊ မြတ်လေးငုံရဲ့ဝေဒနာက ကုရင်ပျောက်နိုင်ပါတယ်၊ မျက်ကြည်လွှာအစားထိုးလိုက်ရင် ရမှာပါ၊ ခုခေတ်မှာ ကုသပုံတွေလည်း တိုးတက်နေတာပဲ၊ ကျွန်တော်ရန်ကုန်ပြန် ရင် ကျွန်တော်နဲ့လိုက်ခဲ့ကြပေတော့၊ ကျွန်တော်တာဝန်ယူပြီး ကုပေးပါ ရစေ''

''ဒါတော့ . တိုင်ပင်ကြသေးတာပေါ့ကွယ်၊ မောင်စော နောင်ဆီက ဒီလိုစကားကြားရတာနဲ့တင် အစ်မကြီးဖြင့် ဝမ်းသာလှပါပြီ''

''ကျွန်တော့်အသက်သခင်ရဲ့သမီးလေးဆိုတော့ ကျွန်တော့် မှာလည်း တာဝန်ရှိလို့ပါ''

ရှေးဟောင်းနှောင်းဖြစ်များပြောဆိုနေကြစဉ် ဒေါ်လှယဉ်မှာ နေမထိထိုင်မသာဖြစ်နေရရှာလေသည်။ မိခင်တစ်ဦးဖြစ်သည့်အားလျော်စွာ သူ့သားသတင်းကိုသိချင်ရှာသည်။ ဤအိမ်ကြီးထဲတွင် ရဲလင်းထွဋ် ရှိနေကြောင်း သိထားရသော်လည်း မမြင်မတွေ့ရ၍ မချင့်မရဲဖြစ်နေ ရှာလေသည်။

ဦးစောနောင်စကားစအပြတ်တွင် ဒေါ်လှယဉ်က မေးလိုက် လေသည်၊

''ဒါနဲ့ . ကျွန်မသား . ကျွန်မသားလေး .''

ဒေါ်လှယဉ်စကားမဆုံးမီ မြတ်လေးငုံက ဖြေလိုက်၏။

''အန်တီ့သား အန်တီ့ဘေးမှာ ရှိနေပါတယ်အန်တီ၊ သူ အန်တီ့ လေးမှာထိုင်ပြီး အန်တီ့ကိုဖက်ထားပါတယ်''

''ဟင် . အို .''

ဒေါ်လှယဉ်မှာ မြတ်လေးငုံပြောလိုက်သောစကားကြောင့် မျက်ရည်များကျလာလေသည်။

''ဟုတ်လား .သားလေးရှိနေတယ်ပေါ့နော်''

မယုံမရဲဖြင့် ပြန်မေးလိုက်သည်။

''ဟုတ်ပါတယ်အန်တီ၊ ကျွန်မလည်း အန်တီ့ကိုမြင်နေရပါ တယ်''

''ဟင် .''

''အို .''

မြတ်လေးငုံစကားကြောင့် အားလုံးက အံ့အားသင့်သွားကြလေသည်။

''အန်တီက မျက်နှာသုတ်ပဝါအပြာရောင်လေးကို ခြုံထားတယ်လေ၊ အန်တီ့ညာဖက်ပါးမှာမှဲ့ကြီးနဲ့၊ အန်တီ့ရုပ်က ကိုရဲလင်းထွဋ်ရုပ်နဲ့ဆင်တူတယ်''

''ဟဲ့ . မြတ်လေးငုံ''

''သမီး အန်တီ့ကိုမြင်ရတာ ဘာမှမဆန်းပါဘူးဒေါ်ကြီးရယ်၊ ကိုယ်ပျောက်နေတဲ့ကိုရဲလင်းထွဋ်ကို သမီးမြင်နိုင်နေတာပဲ၊ ကိုရဲလင်းထွဋ်လက်နဲ့ထိတဲ့ပစ္စည်းတွေကိုလည်း သမီးမြင်ရတယ်လေ၊ အဲဒီနည်း နဲ့ သူပြောစရာစကားတွေကို သမီးစာလိုက်ရေးနိုင်နေတာပဲ၊ အခုလည်း ကိုရဲလင်းထွဋ်က သူ့အမေကိုဖက်ထားတော့ အန်တီ့ပုံရိပ်ကို သမီးမြင်နေရတာပေါ့''

မြတ်လေးငုံရှင်းပြလိုက်၍ အားလုံးသဘောပေါက်သွားကြသည်။

''ဆန်းပဲဆန်းလှချည်လား၊ ကိုသက်ပိုင်ရေ .ကျွန်တော်တို့ရှေ့ဆက်ပြီး ဘယ်လိုဆန်းပြားတာတွေကြုံရဦးမယ်မသိဘူးဗျာ''

ဦးစောနောင်က ကိုသက်ပိုင်နှင့်လမ်းတွင်ဆွေးနွေးခဲ့သည့်စကာစကိုဖော်၍ပြောလိုက်သည်။

''မနက်ဖန် .ဘရသေ့ဆီရောက်ရင် မကြုံဖူးတာတွေ ကြုံရတွေ့ရဦးမှာပေါ့မောင်စောနောင်၊ ကဲ–ကဲ– မနက်လည်း စောစောထပြီးသွားကြရဦးမှာ၊ မောင်စောနောင်တို့လည်း ခရီးပန်းလာရော့ပေါ့၊ နားကြပါတော့''

ဦးစံမြင့်က ပြောလိုက်လေသည်။

♛♛♛♛♛



# အပိုင်း – ၇

## ( ၁ )

နောက်တစ်နေ့မနက်။ သီတင်းကျွတ်လပြည့်ကျော်(၄)ရက်နေ့ဖြစ်သည်။

အိမ်မှမနက်စောစောထကာ ထွက်ခဲ့ကြသည်။

ဦးစံမြင့်၊ ဦးစောနောင်၊ ဆရာကိုသက်ပိုင်။

မြတ်လေးငုံနှင့်ဒေါ်လှယဉ်။

ဒေါ်ဆယ်မိကတော့ မီးသွေးဖိုလုပ်ငန်းရှိနေ၍ လိုက်မလာနိုင် ပေ။

ဘရသေ့ချိန်းဆိုထားရာ ရေတံခွန်ဘေးမှ ကျောက်ဆောင်ပေါ် သို့ ဦးတည်ထွက်ခွာလာသူများမှာ အားလုံးပေါင်းခြောက်ယောက်ဖြစ်ပါ သည်။ သို့ရာတွင် လူသာမန်များအဖို့တော့ တစ်ဦးသောသူ ရဲလင်းထွဋ်ကိုမမြင်ရနိုင်ပါပေ။

ရဲလင်းထွဋ်မှာ ဒုက္ခမှလွတ်မြောက်ရတော့မည်မို့ ရွှင်မြူးနေ ပေသည်။ လူအုပ်စုရှေ့ဆုံးမှသွက်လက်စွာလှမ်းနေသောရဲလင်းထွဋ်ကို မြတ်လေးငုံမြင်နေရသည်။

ဩော် သူ ကိုယ်ပျောက်ဘဝကလွတ်ရင် သူ့ကို ငါ ဒီလိုမြင်နိုင်တော့မှာမဟုတ်ဘူး။ တွေးမိရင်း မြတ်လေးငုံဝမ်းနည်းသွားမိလေ၏။

မြတ်လေးငုံနှင့်ရဲလင်းထွဋ်မှာ ဤရက်ပိုင်းအတွင်း၌ သံယောဇဉ်ချည်နှောင်မိခဲ့ကြပြီးဖြစ်သည်။

မဟာမြိုင်တောအတွင်းသို့ တစ်နာရီခန့်လျှောက်ဝင်လိုက်သည့် အခါ ရေတံခွန်ရှိရာသို့ ရောက်သွားကြလေသည်။

ရေတံခွန်ဘေးမှကျောက်ဆောင်ပေါ်တွင် ရသေ့ကြီးကို ရပ်လျှက်တွေ့လိုက်ရလေသည်။

အားလုံးပင် ဘရသေ့ရှိရာကျောက်ဆောင်ပေါ်သို့တက်သွားကာ ဘရသေ့ကို ဦးချကန်တော့လိုက်ကြ၏။ မြတ်လေးငုံသည်လည်း ရဲလင်းထွဋ်ကန်တော့နေသည်ကိုတွေ့ရ၍ သူကန်တော့သည့်ဖက်သို့ဦးတည်ကာ ထိုင်ကန်တော့လိုက်လေသည်။

"စိတ်ပညာကျမ်း ပါခဲ့ပြီလား"

"မှန်လှပါ၊ ပါခဲ့ပါပြီဘုရား"

"ဒါဖြင့် ကျုပ်နောက်လိုက်ခဲ့ကြ"

ရသေ့ကြီးက လိုအပ်သမျှသာမိန့်လိုက်ပြီး ကျောက်ဆောင်အောက်သို့ ဆင်းသွားလေသည်။

သူတို့လည်း နောက်မှလိုက်လာခဲ့ကြလေ၏။

"ကျွန်တော်တို့ကို သတိပေးခဲ့တာ ဒီရသေ့ကြီးပဲ"

ဦးစောနောင်က တိုးတိုးပြောလိုက်သည်။

"ဟုတ်တယ်မောင်စောနောင်၊ မဟာမြိုင်တောထဲမှာ ဘရသေ့ဦးဂမ္ဘီတစ်ပါးပဲ သီတင်းသုံးနေပါတယ်"

"ထူးဆန်းတာက လွန်ခဲ့တဲ့ဆယ့်ငါးနှစ်တုန်းကလည်း ဘရသေ့ဟာ ဒီအရွယ်ပဲ၊ အခုလည်း ဒီအရွယ်ပဲဗျာ"

"အစ်ကိုကြီးတို့ အဘိုးအဘွားတွေလက်ထက်ကတည်းက ရသေ့ကြီးဦးဂမ္ဘီကိုဖူးနေရတာတဲ့၊ ရသေ့ကြီးရဲ့အသက်ဟာ အနည်းဆုံး အနှစ်၁၅၀ရှိပြီလို့ တွက်ကြတယ်မောင်စောနောင်"

ရသေ့ကြီးအကြောင်းကို ခပ်တိုးတိုးပြောကြားရင်း နောက်မှလိုက်လာကြသူများသည် ရသေ့ကြီးက တောင်စောင်းတစ်ခုကို ပတ်၍ကွေ့ချိုးလိုက်သည့်အခါ လိုက်ချိုးဝင်လိုက်ကြ၏။

ထိုအခါ အေးချမ်းတိတ်ဆိတ်သော ကျောင်းသင်္ခမ်းလေး တစ်ခုကို ဘွားကနဲတွေ့မြင်လိုက်ရလေတော့သည်။

ကျောင်းသင်္ခမ်းလေးမှာ တစ်ဖက်ရပ်တဲကလေးဖြစ်ကာ ဝါးရွက်များကိုလက်ဖြင့်ယက်ထားသောထရံဖြင့်ကာထားလေသည်။ အမိုး မှာ သက်ကယ်များမိုးဖြစ်သည်။ ကျောင်းဝန်းကျင်မြေပြင်မှာ ပြောင်ရှင်း နေပြီး ရေတွင်းလေးတစ်တွင်းကို ကျောင်းဘေး၌ တွေ့ရလေသည်။ အေးချမ်းတိတ်ဆိတ်ငြိမ်သက်သောနေရာလေးပါပေ။

"လာကြ"

ရသေ့ကြီးက ကျောင်းထဲသို့ဝင်သွားရင်း ဖိတ်ခေါ်လိုက်သည်။

ရသေ့ကြီးက ဘုရားစင်ရှေ့တွင် ဝင်ထိုင်လိုက်၏။

သူတို့လည်း ရသေ့ကြီးရှေ့တွင် ထိုင်ကြကာ ဘုရားကိုဦးချလိုက်ကြလေသည်။



"ကိုယ်ပျောက်သူငယ်လေးကို ရှေ့ဆုံးမှာ ထိုင်ပစေ၊ ကျုပ်ရှေ့မှာရှိပစေ၊ လာဟေ့– သူငယ်၊ ဒီနားမှာထိုင်ကွဲ့"

ရသေ့ကြီးက သူ့ရှေ့ကြမ်းပြင်ကို ပုတ်ပြရင်း မမြင်ရသော ရဲလင်းထွဋ်ကို ပြောလိုက်လေသည်။

"စိတ်ပညာကျမ်း ကျုပ်ကိုအပ်ပေတော့"

ဦးစောနောင်က အိတ်ထဲတွင်ထည့်လာသောကျမ်းစာအုပ်ကို ထုတ်ကာ ရသေ့ကြီးဆီသို့အပ်လိုက်လေသည်။

ရသေ့ကြီးက ကျမ်းစာအုပ်တစ်ခုလုံးကို တဖြတ်ဖြတ်လှန်လှော ကြည့်ရင်း

"အင်း ဒီကျမ်းကြီး ကျုပ်ဆီကပျောက်သွားတာ နှစ်ပေါင်း နှစ်ဆယ်ကျော်ပြီ၊ ဗန္ဓက ဗန္ဓက တော်တော်လည်း အကြံကြီး ပေတာပဲ၊ အလိုလောဘကြီးပေတာပဲ၊ ဗန္ဓကဟာ ကျုပ်ဆီမှာ ကပ္ပိယ အနေနဲ့ ဆယ်နှစ်ကျော်ကျော်နေထိုင်ခဲ့တယ်၊ ကျုပ်က သူ့ကို မျက်လှည့် ပညာရိုးရိုးပဲ သင်ပေးခဲ့တယ်၊ သူက ဒါနဲ့မတင်းတိမ်နိုင်ဘူး၊ စိတ်ပညာ ကျမ်းထဲက ပညာတွေကိုတတ်ကျွမ်းကျင်တော့ ဒီကျမ်းစာအုပ်ကို ကျုပ်ဆီက ခိုးယူပြီးထွက်ပြေးသလေ၊

"တကယ်တော့ ဒီကျမ်းစာအုပ်ဟာ ထွက်ရပ်ပေါက်ပုဂ္ဂိုလ် (၈)ဦးရေးခဲ့တဲ့ ပညာရပ်တွေကို ပေါင်းချုပ်ထားတာပဲ၊ စုပေါင်းပြီး ရေးကြတာမဟုတ်ဘူး၊ သူ့နည်းသူ့ဟန်နဲ့ ပုဂ္ဂိုလ်ကြီးတွေ တစ်ဦးချင်းရေးသားထားတာကို ကျုပ်ကရှာဖွေပြီး သိမ်းဆည်းပေါင်းချုပ်ထားတာ

"ထွက်ရပ်ပေါက်ပုဂ္ဂိုလ်တွေရဲ့ကျင့်စဉ်တွေမို့ သာမန်လူတွေနဲ့ မတော်ပေဘူး၊ ဗန္ဓကဟာ သမားဂုဏ်ပြချင်ဇောနဲ့ ဒီကျမ်းထဲကနည်းတွေကိုထုတ်သုံးခဲ့တော့ ဆရာဂိုဏ်းသင့်တာပေါ့လေ၊ ကြားထဲက မဆိုင်တဲ့ပုဂ္ဂိုလ်က ဒုက္ခရောက်ရရှာတယ်၊ ကိုင်း ခုတော့ ကျမ်းလည်း ကျုပ်ဆီပြန်ရောက်ပြီ၊ ကိုယ်ပျောက်နေတဲ့သူငယ်လည်း ကျုပ်ရှေ့ရောက်နေပြီဆိုတော့ စိတ်ပူစရာမလိုတော့ပါဘူး၊ သို့သော် ခေတ္တတော့ သည်းခံစောင့်ဆိုင်းကြဦး၊ သူငယ့်ရဲ့ဒုက္ခကိုကုစားနိုင်မယ့်နည်းလမ်းကို ကျုပ်ဖတ်လိုက်ဦးမယ်"

ရသေ့ကြီးက ရှည်လျားစွာရှင်းပြပြီးနောက် ကျမ်းစာအုပ်စာမျက်နှာတစ်နေရာကို စိတ်ဝင်စားစွာဖတ်ရှုနေလေသည်။

အားလုံးတိတ်ဆိတ်စွာစောင့်ဆိုင်းနေကြသောကြောင့် ကျောင်းသင်္ခန်းတစ်ခုလုံး တိတ်ဆိတ်ငြိမ်သက်မှုလွှမ်းမိုးသွားလေသည်။

+ + + + +

''အိမ်း– နည်းလမ်းတော့ပါဝင်ပေတယ်၊ ကျုပ်တို့ ကြိုးစားကြည့်ကြတာပေါ့''

စိတ်တိုင်းကျဖတ်ရှုအပြီးတွင် ရသေ့ကြီးက မိန့်ကြားလိုက်လေသည်။

ထို့နောက် . ကျောင်းသင်္ခန်းလေးအတွင်းဖက်သို့လှည့်၍ အော်ခေါ်လိုက်လေသည်။

''ကပ္ပိယကြီး . ကပ္ပိယကြီး .''

ရသေ့ကြီးအော်ခေါ်လိုက်မှပင် ကျောင်းထဲ၌ ကပ္ပိယတစ်ဦးရှိနေမှန်းသိလိုက်ကြရလေသည်။ ကပ္ပိယကြီးကို အရိပ်အယောင်မျှပင်မမြင်ကြရပေ။

အတွင်းဖက်မှ ပြန်ထူးသံမကြားရပဲ အပြင်သို့လျှောက်လာသောခြေသံကိုသာကြားရလေသည်။

ကပ္ပိယကြီးဆိုသူ ကျောင်းသင်္ခန်းအတွင်း ဝင်ရောက်လာသည်တွင်တော့ အားလုံးမှာ ကြက်သေသေ အံ့အားသင့်ကာ ကြက်သီးမွေးညင်းဖြန်းဖြန်းထသွားကြလေတော့သည်။

ကပ္ပိယကြီးဆိုသူကား လူသားမဟုတ်။ လူဝံကြီးတစ်ကောင်ဖြစ်နေသောကြောင့်ပင်။ အရပ်ခြောက်ပေကျော်မြင့်ပြီး၊ မျက်ကွင်းညို ညို၊ နာခေါင်းတိုတို၊ ချွန်ထက်သောသွားကြီးများပြည့်နေသည့်ပါးစပ်ကြီး နှင့် ရင်အုပ်မောက်မောက်၊ လက်ပြင်ကိုင်းကိုင်း ကြောက်စရာ့လူဝံကြီးဖြစ်ပါပေသည်။

လူဝံကြီးက ကွတကွတဖြင့် တရွေ့ရွေ့လှမ်းလာကာ ရသေ့ကြီးရှေ့တွင်ဒူးတုပ်ထိုင်လိုက်လေသည်။

''ကပ္ပိယကြီး၊ ချည်စောင်ပါးပါးလေးတစ်ထည် ယူလာခဲ့စမ်း''

လူဝံကြီးသည် ခေါင်းငုံ့၍ ထိုင်ရာမှပြန်ထကာ အတွင်းဖက်သို့ ပြန်ဝင်သွားလေသည်။

လူအားလုံးမှာ လူဝံကြီးကို အံ့သြစွာကြည့်နေမိကြ၏။ လူဝံ ကြီးက ရသေ့ကြီးစကားကို ရိုကျိုးစွာနာခံနေသည်ကိုကြည့်၍ အံ့သြနေကြခြင်းဖြစ်သည်။

လူဝံကြီးမှာ အထီးဖြစ်သည်။ ရှေ့ဖက်တွင် အရှက်လုံအောင် အဝတ်တစ်ခုဖြင့် ခါးကိုပတ်ပေးထားလေ၏။

''လူတွေကို ကျုပ်မယုံကြည်တော့ဘူး။ ဗန္ဓကအဖြစ်က သာဓကပဲ၊ ဒါ့ကြောင့် လူဝံသတ္တဝါကိုပဲ ကပ္ပိယအဖြစ်မွေးမြူထားတာ၊ လေ့ကျင့်ပေးထားတာပါ''

ရသေ့ကြီးက လူများ၏သိလိုစိတ်ကို နားလည်သည့်အားလျော်စွာ ရှင်းပြလိုက်လေသည်။

ခဏအကြာတွင် လူဝံကြီးပြန်ရောက်လာသည်။ လက်ထဲတွင် ချည်စောင်တစ်ထည်ပါလာ၏။

လူဝံကြီးက ကြမ်းပြင်တွင် ဒူးတုပ်ထိုင်လိုက်ပြီးမှ စောင်ကို ရသေ့ကြီးဆီသို့ လက်နှစ်ဖက်ဖြင့်ကမ်းပေး၏။

''ကောင်းပြီကပ္ပိယကြီး၊ လတ်တလောစားနိုင်တဲ့ သစ်သီးဝလံများကိုလည်း အဆင်သင့်ပြင်ဆင်ပြီး ဒီရှေ့မှာချထားပေးပါ''

လူဝံကြီးက ခေါင်းညိတ်အရိုအသေပြုကာ အတွင်းခန်းထဲသို့ ဝင်သွားပြန်လေသည်။

ခဏအကြာတွင် အသီးအနှံမျိုးစုံထည့်ထားသော သစ်သားလင်ပန်းကြီးကိုကိုင်ကာ ပြန်ရောက်လာလေသည်။ လင်ပန်းထဲတွင်တော့ ငှက်ပျောသီး၊ မာလကာသီး၊ ပန်းသီး၊ လိမ္မော်သီး၊ မင်းဂွတ်သီး စသည့် အသီးအနှံမျိုးစုံ အပြည့်အမောက်ပါလာလေသည်။

''ကောင်းပြီ၊ သစ်သီးဗန်းကို ဘေးမှာပဲချထား၊ ကပ္ပိယကြီး လည်း တော်ရာမှာထိုင်နေ''

ရသေ့ကြီးအမိန့်အတိုင်း လူဝံကြီးက သစ်သီးလင်ပန်းကိုချ ကာ အပေါက်ဝတွင် ကြုံ့ကြုံ့လေးသွားထိုင်နေလေသည်။

''ကိုင်း– ကျမ်းစာထဲမှာ ပါတဲ့နည်းအတိုင်း ကျုပ်တို့ စမ်းသပ်ကြည့်ကြစို့''

ရသေ့ကြီးက မိန့်လိုက်သည်။

''မျက်မမြင်မိန်းကလေး၊ ကိုယ်ပျောက်လူသားကို မင်းမြင်နေရတယ်မဟုတ်လား''

''မှန်ပါ့ဘုရား၊ မြင်ရပါတယ်''

မြတ်လေးငုံက လျှောက်ထားလိုက်သည်။

“ကောင်းပြီ၊ ချည်စောင်ကိုယူ၊ မင်းမြင်နေရတဲ့ ကိုယ်ပျောက် သူငယ်အပေါ်မှာ စောင်ကို လွှားခြုံလိုက်ပါကွယ်၊ လုံအောင်ခြုံရမယ်၊ မိန်းကလေးလက်ထဲကို ချည်စောင်ထည့်ပေးလိုက်ပါ”

မြတ်လေးငုံက ထိုင်ရာမှထလိုက်သည်။

ကိုသက်ပိုင်က လူဝံကြီးယူလာသောချည်စောင်ကိုကောက်ယူ ကာ ဖြန့်လျှက်အနေအထားဖြင့် မြတ်လေးငုံလက်ထဲထည့်ပေးလိုက်လေ သည်။

မြတ်လေးငုံသည် ရဲလင်းထွဋ်ကိုယ်ပေါ်သို့ ချည်စောင်ကို လွှား ခြုံလိုက်လေသည်။

ထိုင်နေသောရဲလင်းထွဋ်ကိုယ်ပေါ်ကိုလွှားခြုံလိုက်ခြင်းဖြစ်သော် လည်း ရဲလင်းထွဋ်မှာ အကောင်အထည်မရှိသည်မို့ ချည်စောင်လေးသည် မြေပေါ်သို့ ပြားဝပ်၍ ကျသွားလေသည်။

လူအများ၏အမြင်၌ ချည်စောင်လေး ကြမ်းပြင်ပေါ်ပုံကျနေ သည်ကိုသာ မြင်ရ၏။

မြတ်လေးငုံအမြင်၌မူ ထိုင်နေသောရဲလင်းထွဋ်နှင့် ကြမ်းပြင် ပေါ်ပုံကျနေသော ချည်စောင်လေးကို ပုံရိပ်နှစ်ခုထပ်လျက်မြင်နေရသည်။

“ကဲ– မိန်းကလေးပြန်ထိုင်နေပါ”

ရသေ့ကြီးက ဘုရားစင်ပေါ်မှပုလင်းတစ်လုံးကိုယူလိုက်သည်။ ပုလင်းထဲမှရေများဖြင့် ချည်စောင်ပေါ်သို့ဖြန်းလိုက်လေသည်။ ပရိတ် ရေများဖြစ်ပုံရပါသည်။

ရသေ့ကြီးက နဂိုနေရာတွင်ပြန်ထိုင်ကာ ကျမ်းစာအုပ်ကိုကြည့် ၍ သူတို့နားမလည်သောအသံထွက်များဖြင့် ဂါထာများရွတ်ဖတ်လေ သည်။

“ ♈ ♉ ♋ ♎ ♒ & ♍ ⌘ ☸ ”

ရသေ့ကြီးက ဂါထာကိုအဆက်မပြတ်ရွတ်ဖတ်နေသည်။

“ ♈ ♉ ♋ ♎ ♒ & ♍ ⌘ ☸ ”

ရသေ့ကြီး၏ရွတ်ဖတ်သံက တဖြည်းဖြည်း ကျယ်လောင်လာ သည်။

“♈ ♉ ♋ ♎ ♒ & ♍ ⌘ ☸ ”

ထို့နောက် ရွတ်ဖတ်သံမှာ တဖြည်းဖြည်း တိုးသွားပြန်လေသည်။

“ ♒ ♒ ♒ ♒ ♒ ♒ -- -- ”

ဂါထာရွတ်သံသည် တဖြည်းဖြည်းနှင့် ပျောက်ကွယ်သွားပြန်၏။

လူအားလုံးမှာ တိတ်ဆိတ်ငြိမ်သက်စွာပင် စောင့်ကြည့်နေကြ လေသည်။

ရဲလင်းထွဋ် ကိုယ်ပျောက်ရာမှ ပေါ်လာနိုးဖြင့် ရင်တထိတ် ထိတ်စောင့်မျှော်နေမိကြလေ၏။

“ ♈ ♉ ♋ ♎ ♒ & ♍ ⌘ ☸ ”

ဂါထာရွတ်ဖတ်သံက တဖြည်းဖြည်းကျယ်လောင်လာပြန်၏။

“ ♈ ♉ ♋ ♎ ♒ & ♍ ⌘ ☸ ”

ပို၍ ပို၍ ကျယ်လောင်လာသည်။

ရသေ့ကြီးအဆက်မပြတ်ရွတ်ဖတ်နေသည်မှာ နာရီဝက်ခန့်ပင် ကြာသွားလေပြီ။

ရသေ့ကြီးက ဂါထာရွတ်ဖတ်ခြင်းကို တိကနဲရပ်နားပစ်လိုက် သည်။

“ ”

ထို့နောက် ..

ကြမ်းပြင်ပေါ်တွင်ကျနေသော ချည်စောင်ပါးပါးလေးသည် တဖြည်းဖြည်းမြင့်တက်လာလေတော့၏။

\+ + + + +

အစပိုင်းတွင် .. ချည်စောင်အောက်၌ မည်သည့်ပစ္စည်းမျှ ရှိမနေသည့်သဖွယ် ချည်စောင်လေးသည် ကြမ်းပြင်တွင် ပြားပြားဝပ် ပုံကျနေခြင်းဖြစ်၏။

ရသေ့ကြီး ဂါထာရွတ်ဖတ်သံဆုံးသည်နှင့် ချည်စောင်အောက် တွင် တစ်စုံတစ်ခုရောက်လာသကဲ့သို့ ချည်စောင်မှာ ကြမ်းပြင်ပေါ်မှ တဖြည်းဖြည်းဖောင်းတက်လာခြင်းဖြစ်လေသည်။

မမြင်ရသောရဲလင်းထွဋ်ခန္ဓာကိုယ်ကို စောင်ဖြင့်ဖုံးအုပ်ထားရာ မှ ရဲလင်းထွဋ်ကိုယ်သည် တဖြည်းဖြည်းပေါ်ထင်လာပြီး သူ့ကိုအုပ်ထား

သောစောင်မှာ ဖောင်းကြွတက်လာခြင်းပင်ဖြစ်တော့သည်။

လူအားလုံးတို့သည် ချည်စောင်ကလေး တစတစဖောင်းတက်လာခြင်းကို မျက်ခြည်မပြတ် မမှိတ်မသုန်ကြည့်နေမိကြ၏။

မြတ်လေးငုံ၏အမြင်၌မူ .

မြတ်လေးငုံသည် ရဲလင်းထွဋ်ကို မြင်နေရရာမှ ရဲလင်းထွဋ်ပုံရိပ်သည် သူမအမြင်အာရုံတွင် တစတစ ဝေဝါးလာလေသည်။

ထို့နောက် .မြတ်လေးငုံအမြင်တွင် ရဲလင်းထွဋ်သည် လုံးဝပျောက်ကွယ်သွားလေတော့၏။ သူမအမြင်အာရုံအတွင်း၌ ဘာမှမရှိသော ဟင်းလင်းအမှောင်ထုသာ ကျန်ရစ်ပေတော့သည်။

မြတ်လေးငုံတွင် အမြင်ပြောင်းသွားသည်နှင့်အမျှ စောင့်ကြည့်နေသောပရိသတ်၏အမြင်တွင်မူ ချည်စောင်လေးသည် လူတစ်ကိုယ်စာ အထိ ကြမ်းပြင်ပေါ်မှကြွတက်လာကာ ချည်စောင်အောက်တွင် လူတစ်ယောက်၏အကောင်အထည် ထင်ရှားလာသည်ကို မြင်တွေ့လိုက်ရလေ သည်။ ချည်စောင်အောက်မှလူသည် သူ့ကိုဖုံးအုပ်ထားသောချည်စောင် ကို ဖယ်ရှားလိုက်လေ၏။

ထိုအခါ၊ ချည်စောင်အောက်မှ ထွက်ပေါ်လာသော ရဲလင်းထွဋ်ကို ပကတိအရှိအတိုင်း လူသားတစ်ယောက်အဖြစ် မြင်တွေ့လိုက်ကြရလေတော့သည်။

အဖြစ်အပျက်များကိုမြင်နေရသောကပ္ပိယလူဝံကြီးသည် သူ့ရင်ပတ်ကြီးကို လက်သီးဖြင့် တဗုံးဗုံးထုကာ "အူး ." ကနဲ အော်မြည်လိုက်လေတော့သတည်း။

"သား . သား . ကိုရဲ . အမလေး . သားရယ် ."

ဒေါ်လှယဉ်သည် ထိုင်ရာမှထကာ ရဲလင်းထွဋ်ကို ပြေးဖက်လိုက်သည်။

"အမေ ... အမေ ... သားဘာမျှမဖြစ်တော့ဘူး၊ သားပြန်ကောင်းသွားပြီအမေ"

ရဲလင်းထွဋ်က ဒေါ်လှယဉ်ကိုပြန်လည်ဖက်တွယ်ထားရင်း ပြောလိုက်လေ၏။

"ကျွန်တော့်ကို ဝိုင်းပြီးကူညီကြတဲ့လူတွေကို ကျေးဇူးတင်ပါ တယ်၊ ဆရာကိုသက်ပိုင်ကိုလည်း အများကြီးကျေးဇူးတင်ပါတယ်ဆရာ၊ ဦးကြီးကိုလည်း ကျေးဇူးတင်ပါတယ်"

ဦးစံမြင့်အဖို့ ရဲလင်းထွဋ်ကို ပထမဆုံးအကြိမ်မြင်ဖူးရခြင်းဖြစ် ပြီး၊ သူ့အသံကိုလည်း ယခုမှကြားဖူးရခြင်းဖြစ်သည်။ ဆရာကိုသက်ပိုင် ကတော့ ရန်ကုန်တွင် ရဲလင်းထွဋ်ဓာတ်ပုံကိုမြင်ဖူးခဲ့ပြီ၊ အသံကိုတော့ ခုမှကြားရပေသည်။

ထိုစဉ် .ငိုရှိုက်သံတစ်ခု ထွက်ပေါ်လာသောကြောင့် အားလုံးအကြည့်က ရှိုက်သံထွက်လာရာဆီသို့ ရောက်သွားကြလေသည်။

ကြေကွဲစွာတသိမ့်သိမ့်ရှိုက်ငိုနေသော မြတ်လေးငုံ။

"အငုံ .အငုံ .ကျွန်တော် ကိုယ်ပျောက်ဘဝက လွတ်ပြီလေ၊ ဝမ်းမသာဘူးလား"

"ကိုရဲလင်းထွဋ်အတွက် ဝမ်းသာပါတယ်"

"ဒါနဲ့များ . ဘာလို့ငိုနေရတာလဲ အငုံရယ် ."

"ကျွန်မ .ကျွန်မ .ကိုရဲလင်းထွဋ်ကို မမြင်ရတော့ဘူးလေ၊ ကျွန်မအတွက် တစ်ခုတည်းသောအမြင်အာရုံဟာ ပျောက်သွားပါပြီရှင်၊ ကျွန်မ မျက်မမြင်ဘဝကို လုံးလုံးပြန်ရောက်သွားပါပြီကိုရဲလင်းထွဋ်ရယ်"

"အို ."

အားလုံးက မြတ်လေးငုံအဖြစ်ကို ကရုဏာသက်သွားကြလေ သည်။

မျက်မမြင်မြတ်လေးငုံအတွက် ကိုယ်ပျောက်လူသားရဲလင်းထွဋ်သည် တစ်ခုတည်းသော အလင်းရောင်မဟုတ်ပါလား။ ရဲလင်းထွဋ်ကိုယ်ပျောက်ဘဝမှလွတ်သည့်အခါ မြတ်လေးငုံအတွက် အလင်းရောင်သည်လည်း ပျောက်ကွယ်ရလေပြီ။

ရဲလင်းထွဋ်သည် မြတ်လေးငုံကိုကြည့်ရင်း မိုက်ကနဲဖြစ်သွား သည်။ သတိလစ်တော့မလို အမြင်အာရုံများဝေဝါးသွားလေသည်။ ရင်ထဲ ကလည်း တလှပ်လှပ်တုန်ယင်လာလေ၏။

"ကျွန်တော် .ကျွန်တော် .ဘာဖြစ်သွားပါလိမ့်၊ မူးလိုက်တာ၊ ရင်တွေတုန်လိုက်တာ"

ရဲလင်းထွဋ်က မိခင်ဖြစ်သူကိုယ်ကို မှီတွယ်ထားရင်းမှ ငြီးငြူလိုက်လေ၏။

"အဲဒါဟာ မောင်ရင် ကိုယ်ပျောက်ဘဝနဲ့ ဆယ်ရက်လုံးလုံး အစာမစားပဲနေခဲ့လို့ပဲ၊ သာမန်ခန္ဓာကိုယ်ကို ပြန်ရချိန်မှာ ခန္ဓာက အစာ

ကိုတောင်းဆိုလာပြီလေ''

ရသေ့ကြီးက မိန့်လိုက်ခြင်းဖြစ်သည်။

''ဟုတ်တယ်၊ ဆာတယ် . ဆာတယ် . ဆာလိုက်တာ၊ ကျွန်တော် ဆာလိုက်တာဗျာ''

''မောင်ရင်စားဖို့အတွက် သစ်သီးဝလံတွေအဆင်သင့်လုပ်ထားပါတယ်မောင်ရင်၊ ကပ္ပိယကြီး စားစရာတွေ ပေးလိုက်ပါဦး''

လူဝံကြီးက ထိုင်နေရာမှထကာ သစ်သီးဗန်းကို ရဲလင်းထွဋ်ရှေ့သို့ချပေးလိုက်သည်။

ရဲလင်းထွဋ်သည် ဣန္ဒြေပင်မဆောင်နိုင်တော့ပဲ သစ်သီးများကိုတစ်လုံးပြီးတစ်လုံးယူကာ ပလုတ်ပလောင်း အားရပါးရစားလိုက် လေ၏။

လူဝံကြီးက ရဲလင်းထွဋ်စားသောက်နေသည်ကိုကြည့်ကာ အားရပါးရလက်ခုပ်လက်ဝါးတီးလိုက်လေတော့၏။

♛♛♛♛♛



# အပိုင်း – ၈

## ( ၁ )

ဆရာကိုသက်ပိုင်သည် ကျောင်းသို့လမ်းလျှောက်လာရင်း မြတ်လေးငုံတို့ခြံကြီးရှေ့သို့ရောက်လာလေသည်။ ခြံထဲသို့မျှော်ကြည့်လိုက်သည်။ ယခင်ကဆိုလျှင် ကျေးငှက်ကလေးများကိုအစာကျွေးနေသည့်မြတ်လေး ငုံကို မြင်တွေ့ရစမြဲ။

ယခုတော့ .မြတ်လေးငုံထိုင်နေကျ ပိတောက်ပင်အောက်မှ သစ်သားခုံလေးသည် ထိုင်သူမရှိပဲလွတ်နေလေသည်။

ငှက်ကလေးများကတော့ မြတ်လေးငုံတာဝန်ပေးခဲ့သည့်အတိုင်း မီးသွေးဖိုမှအလုပ်သမားအမျိုးသမီးတစ်ဦး ချကျွေးထား၍ အစာများ နေ့စဉ်စားနေရရှာပါသည်။ ငှက်ကလေးတွေရေ . မင်းတို့ကို အစာ ကျွေးနေကျ သခင်မလေးကို သတိမရဘူးလားကွယ်။

ကိုသက်ပိုင်သည် ခြံတံခါးကိုတွန်းဖွင့်ကာ ခြံထဲသို့ဝင်ခဲ့သည်။ လွယ်အိတ်ထဲကိုလက်နှိုက်ကာ ပါလာသောစံပယ်ပန်းကုံးလေးကို ထုတ်ယူကြည့်လိုက်သည်။ ခုတော့ စံပယ်ကုံးလေးကို ပေးစရာလူလည်း မရှိတော့ပါ။

''ဆရာပေးတဲ့ပန်းကုံးလေးကို အငုံ ဘုရားမှာတင်မယ်နော်''

မြတ်လေးငုံပြောခဲ့ဖူးသောစကားလေးများကို ပြန်ကြားယောင်လာသည်။

အငုံရယ် မြန်မြန်မျက်စိပြန်မြင်ပြီး အငုံပြန်လာမယ့်ရက်ကို ဆရာစောင့်နေပါတယ်ကွယ်။

''ဟော .ဆရာ၊ ကျောင်းသွားတော့မလို့လား''

အိမ်ထဲမှထွက်လာသောဦးစံမြင့်က နှုတ်ဆက်လိုက်သည်။

''ဟုတ်ကဲ့ဦးလေး၊ ကျွန်တော်ဘာလုပ်ပေးရဦးမလဲ''

''စာရင်းဇယားတွေ ဆရာလုပ်ပေးနေတာ ကျေးဇူးတင်ပါတယ် ဆရာရေ၊ ခုတလော မီးသွေးအပို့နည်းလို့ စာရင်းလုပ်စရာမရှိသေးပါ ဘူး''

''ဦးလေးလည်း ဒေါ်လေးနဲ့အငုံမရှိတော့ ပျင်းနေပြီထင်တယ်''

''ပျင်းတာထက် သတိရမိတာပါကွယ်၊ ရန်ကုန်မှာ အနေရ အထိုင်ရအဆင်မပြေမှာ စိတ်ပူမိတယ်၊ မောင်စောနောင်က သဘော ကောင်းပေမယ့် ဒီခေတ်မှာ ကုန်ကျစရိတ်က မသေးဘူးမဟုတ်လား၊ အင့်ကိုဆေးကုပေးနေတာ အားနာစရာပဲ''

''ဟုတ်တာပေါ့ဦးလေးရယ်''

''ဆရာအပန်းမကြီးရင် ညနေပိုင်း သပြေအိုင်ကိုပြေးပြီး ဖုန်း လေးတစ်ချက်ဆက်ပေးပါလားဆရာ၊ အငုံတို့သတင်းမကြားရတာကြာ တော့ ဘာထူးလဲ သိချင်လို့ပါ''

''ဟုတ်ကဲ့၊ ကျွန်တော်သွားလိုက်ပါမယ်ဦးလေး''

ရဲလင်းထွဋ်မှုပြဿနာများပြေငြိမ်းပြီးနောက်ပိုင်း ရန်ကုန်အပြန် တွင် အင့်ကိုဆေးကုသရန်လိုက်ခဲ့ဖို့ ဦးစောနောင်က ခေါ်သွားခဲ့ခြင်းဖြစ် ပါသည်။ အငုံနှင့်အတူ ဒေါ်ဆယ်မိပါ ပါသွားခဲ့သည်။

ယခုဆိုလျှင် အငုံတို့ ရန်ကုန်လိုက်သွားတာ တစ်လနီးပါးပင် ရှိပါပြီ။

''ကျွန်တော်သွားလိုက်ဦးမယ်ဦးလေး၊ ညနေကျ ကျွန်တော် သပြေအိုင်ကို သွားလိုက်ပါ့မယ်''

''ဟုတ်ကဲ့ဆရာ''

ကိုသက်ပိုင်က ဦးစံမြင့်ကို နှုတ်ဆက်ပြီး ကျောင်းသို့ထွက်လာ ခဲ့သည်။

အငုံ မျက်စိပြန်ကောင်းပြီး စမ်းကြီးအိုင်ကို မြန်မြန်ပြန်လာ နိုင်ပါစေတော့ကွယ်။

\+ + + + +

ညနေပိုင်းတွင် ကိုသက်ပိုင် သပြေအိုင်ရွာသို့ စက်ဘီးဖြင့် ထွက်လာခဲ့သည်။

ဥက္ကဌအိမ်မှဖုန်းဖြင့် ရန်ကုန်သို့ဖုန်းခေါ်လိုက်သည်။

ဦးစောနောင်နဲ့စကားပြောရပါသည်။

''အင့်ကိုမျက်ကြည်လွှာအစားထိုးကုဖို့ ဆုံးဖြတ်လိုက်ပြီ ကို သက်ပိုင်၊ မျက်ကြည်လွှာရဖို့စောင့်နေတာပါ၊ ဦးစံမြင့်ကိုလည်း ဘာမှ စိတ်မပူဖို့ပြောပြပါ၊ မျက်ကြည်လွှာအစားထိုးဖို့က စာရင်းပေးထားရတာ၊ သင့်တော်တဲ့မျက်ကြည်လွှာရတာနဲ့ ဆေးရုံကချက်ချင်းလာခေါ်ပြီး အစား ထိုးပေးတာလို့၊ ဒီတော့ အားလုံးကုသပြီးတဲ့အထိ ရန်ကုန်မှာနေမှဖြစ် မယ်၊ အစစအရာရာစိတ်ချပါလို့ပြောလိုက်ပါ ကိုသက်ပိုင်''

အင့်မျက်စိပြန်မြင်တော့မယ်ဆို၍ ကိုသက်ပိုင်ဝမ်းသာပါသည်။ သူနှင့်အငုံသည် အငုံမျက်စိကွယ်ပြီးမှ ဆုံရသည့်အတွက် အင့်အနေဖြင့် သူ့ကို မမြင်ဖူးသေးပါ။

ရန်ကုန်သွားခါနီးအချိန်က ခရီးသွားရန် ရှုတ်ရှုတ်သည်းသည်း ဖြစ်နေချိန်မှာပင် ကိုသက်ပိုင်သည် မြတ်လေးငုံအနားသို့ကပ်ကာ သူ ပြောလိုသည့်စကားများကို ပြောကြားလိုက်ပါသေးသည်။

''ရန်ကုန်မှာဆေးသွားကုလို့ အငုံမျက်စိပြန်မြင်သည်ဖြစ်စေ၊ ပြန်မမြင်သည်ဖြစ်စေ ဆရာတောင်းထားတဲ့အဖြေကိုတော့ ရန်ကုန်က ပြန်လာရင် ပေးပါတော့အငုံရယ်၊ ဆရာဟာ အင့်ကို ဘယ်လိုဘဝမျိုး နဲ့ပဲဖြစ်ဖြစ် ထာဝရတာဝန်ယူသွားနိုင်တယ်ဆိုတာ အင့်ရင်ထဲမှာ မှတ် ထားပါနော်၊ ဆရာ အင့်ကိုမျှော်နေမယ်နော်''

ဆရာ အင့်ကိုမျှော်နေပါတယ်အငုံ၊ ဘယ်လိုဘဝမျိုးနဲ့ဖြစ်ဖြစ် ဆရာ့ရင်ခွင်ဟာ အင့်အတွက် ထာဝရအဆင်သင့်ပါပဲကွယ်။

( ၂ )

ဒီနေ့ အငံ့ပတ်တီးဖြည်ရပါတော့မည်။

အငံ့မျက်လုံးအိမ်အတွင်းဝယ် အခြားသူတစ်ဦး၏မျက်ကြည်လွှာကို အစားထိုးတပ်ဆင်ပြီးဖြစ်ပါသည်။ မျက်ကြည်လွှာလှူဒါန်းခဲ့သူကွယ်လွန်သွားချိန်တွင် မျက်ကြည်လွှာကိုထုတ်ယူပြီး အငံ့မျက်လုံးအိမ်အတွင်းမှာ တပ်ဆင်ပေးခဲ့ခြင်းဖြစ်သည်။

ယနေ့သည် ပတ်တီးဖြည်ရမည့်နေ့ဖြစ်ပါ၏။

သူနာပြုဆရာမက အငံ့ကို ခွဲခန်းထဲသို့ခေါ်သွားလေသည်။

''ပတ်တီးဖြည်တော့မယ်သမီး၊ စိတ်ကိုအေးအေးထားပါ''

ဆရာဝန်ကြီးကပြောသည်။

စိတ်အေးအေးထားပါဆိုသော်လည်း ဘဝတစ်ခုလုံးအပြောင်းအလဲဖြစ်တော့မည့်ကာလအပိုင်းအခြားလေးတွင် အင့်စိတ်ကို တည်ငြိမ်အောင်မထားနိုင်ပါ။ လူကဣန္ဒြေမပျက်သော်လည်း စိတ်ကလှုပ်ရှား နေ၏။

ဆရာဝန်ကြီးက အင့်မျက်စေ့တဝိုက်ကို ပိတ်ကာထားသည့်ဂွမ်းစများကို အသာအယာဖယ်ရှားသည်။

ပတ်တီးစများကွာသွားပါပြီ။

''မျက်လုံးကို ဖြည်းဖြည်းဖွင့်ကြည့်မယ်သမီး၊ ဖြည်းဖြည်းလေး၊ ဖြည်းဖြည်းလေးချင်းဖွင့်မယ်''

အငံ့က မျက်ခွံကိုဖွင့်ရန်ကြိုးစားသော်လည်း ပွင့်မလာ။ မျက်ခွံကိုပင့်တင်လိုက်ရမှာကို ကြောက်နေမိခြင်းဖြစ်သည်။ ကြောက်စိတ်ဖြင့် မျက်ခွံက တဆတ်ဆတ်တုန်ကာ ပွင့်မလာပဲရှိနေသည်။

''စိတ်ငြိမ်ငြိမ်ထားသမီး၊ ဆရာကြီးကူပြီးဖွင့်ပေးမယ်နော်''

ဆရာဝန်ကြီးက သူ့လက်ဖြင့် မြတ်လေးငုံ၏မျက်ခွံတစ်ဖက်စီကို ပင့်တင်ပေးသည်။

အငံ့မျက်လုံးများပွင့်သွားပါပြီ။

ဘုရားသခင် ..အငံ့ ဘာမှမမြင်ရပါလား။ ခွဲစိတ်ကုသမှု မအောင်မြင်ဘူးလား။

''ဖြည်းဖြည်းလေးအာရုံစိုက်ကြည့်၊ မျက်တောင်ခတ်ကြည့်လိုက်သမီး''

အငံ့မျက်တောင်ခတ်လိုက်သည်။

အငံ့အမြင်အာရုံထဲမှာ ဝေဝေဝါးဝါးအရိပ်များထင်ဟပ်လာ၏။

''အရင်မလိုနဲ့၊ ဖြည်းဖြည်းလေးအာရုံစိုက်ကြည့်၊ ကြည့်၊ ရှေ့တည့်တည့်ကိုကြည့်''

အငံ့မျက်နှာမူထားရာဆီမှာ ပိန်းပိတ်သောအမှောင်ထုကြီးမဟုတ်တော့ပါ။ မတူသောအရောင်နှစ်ခုကို ဝေဝါးစွာမြင်ရသည်။ ဘာရယ်လို့သဲသဲကွဲကွဲမဟုတ်ပဲ ရောယှက်နေသောအရာများ လှုပ်ရှားယိမ်းရွေ့နေသည်ကို မြင်လာရသည်။

''မြင်ရလားသမီး၊ မြင်ရပြီလား''

ဆရာကြီး၏အမေးအဆုံးတွင် မျက်စိရှေ့မှ လုံးဝန်းဝန်းအရာ က အနည်းငယ်ရွေ့လျားသွားလေသည်။ အသံသည် ထိုအရာဆီမှ ထွက်ပေါ်လာခြင်းဖြစ်၏။ လူတစ်ယောက်၏ဦးခေါင်းပုံသဏ္ဌာန်ကို အငံ့ မှတ်မိလိုက်သည်။

''အို ..ဆရာကြီး၊ အဲဒါဆရာကြီးလားဟင်၊ ကျွန်မရှေ့ကလူ ဟာ ဆရာကြီးပေါ့နော်''

''သမီးမြင်ရပြီနော်၊ ဒီမှာကြည့်ပါဦးကွဲ့၊ ဆရာကြီးလက်ထောင်ပြထားတယ်၊ ဆရာကြီးလက်ကိုမြင်လား''

ဆရာဝန်ကြီးက သူ့လက်ကို အငံ့မျက်နှာရှေ့တွင် ထောင်ပြကာမေးလိုက်သည်။ လက်ဝါးဖြန့်၍ထောင်ထားခြင်းဖြစ်သည်။

''မြင်–မြင်ရပါတယ်ဆရာကြီး၊ ဒါ–ဒါပေမယ့် ..အင်း .. သဲသဲကွဲကွဲကြီးမဟုတ်ဘူးဆရာကြီး''

''ကိစ္စမရှိဘူးသမီး၊ ဒါလောက်မြင်ရတဲ့အဆင့်ဟာ သိပ်အခြေအနေကောင်းလို့ပဲ၊ သမီး ခဏနေရင် အားလုံးကို သဲသဲကွဲကွဲမြင်လာရလိမ့်မယ်၊ ဆရာကြီးလက်ထောင်ပြထားတာ ဘယ်နှချောင်းလဲ၊ သေချာကြည့်ပါဦးကွယ်''

''အားလုံး၊ အားလုံးပါဆရာကြီး၊ လက်ငါးချောင်းလုံးပါ''

''သမီးအခြေအနေသိပ်ကောင်းတယ်ကွယ်၊ တချို့လူတွေ ဒါလောက်မမြန်ဘူး၊ ငါ့သမီးကံကောင်းတယ်ဟေ့''

''တကယ်လား ဆရာကြီးရယ်''

မြတ်လေးငုံမေးလိုက်စဉ်မှာပင် ဆရာကြီးဦးခေါင်းဆီ၌ မျက်လုံး၊

နှာတံ၊ ပါးစပ်ပေါက်များကို တဖြည်းဖြည်းမြင်လာရလေ၏။

“ကျွန်မ၊ ကျွန်မ ဝမ်းသာလိုက်တာဆရာကြီး၊ ကျွန်မမြင်ရပြီ၊ တဖြည်းဖြည်းနဲ့ ပိုပိုပြီးမြင်ရပြီ၊ ဆရာကြီးရယ် . ကျွန်မလေ .”

ပြောရင်း အငုံ့အသံများက တုန်ခိုက်ကာ ငိုသံပါလာ၏။

“သိပ်စိတ်မလှုပ်ရှားနဲ့သမီး၊ ငိုလည်းမငိုလိုက်နဲ့၊ အားလုံးပြီး ပြီ၊ အောင်မြင်ပြီ၊ သမီးကို ဆရာမက အခန်းလိုက်ပို့လိမ့်မယ်နော်၊ ညနေကျ ဆရာကြီးတစ်ခေါက်ထပ်လာကြည့်မယ်”

အငုံက ခွဲစိတ်ခန်းပတ်ပတ်လည်ကို မျက်စိဝဲ၍ကြည့်လိုက် လေသည်။

ဆရာမက ဘီးတပ်ကုလားထိုင်ပေါ်တက်စေပြီး အခန်းဝဆီသို့ တွန်းလာသည်။

ဆရာမသည် အခန်းတခါးကိုတွန်းဖွင့်ကာ အခန်းအပြင်သို့ ထွက်လိုက်လေသည်။

+ + + + +

“အငုံ . တူမလေး”

အခန်းအပြင်ရောက်သည်နှင့် ဒေါ်ဆယ်မိအသံကြားလိုက်ရ လေသည်။ အငုံက အသံထွက်လာရာဆီသို့လှည့်ကြည့်လိုက်၏။

သူမကို စိုးရိမ်ကြောင့်ကျသောမျက်လုံးများဖြင့်ကြည့်နေသည့် ဒေါ်ကြီးဒေါ်ဆယ်မိ။

“ဒေါ်ကြီး၊ ဒေါ်ကြီး၊ သမီးဒေါ်ကြီးကိုမြင်ရပြီဒေါ်ကြီး”

“အမလေး၊ အငုံရယ် .”

ဒေါ်ဆယ်မိက အငုံ့ကိုပြေးဖက်လိုက်လေသည်။

+ + + + +

“ဟောဒီလူတွေကရော . ဘယ်သူတွေလဲ၊ ကြည့်ပါဦး သမီးရယ်”

ညနေပိုင်းလူနာကြည့်ချိန်တွင် အငုံ့အခန်းထဲသို့ လူတွေတဖွဲဖွဲ ရောက်လာလေသည်။

ပထမဆုံးရောက်လာသည်က မိန်းမကြီးနှစ်ယောက်နဲ့ ကောင် လေးတစ်ယောက်။

“ဟောဒါက . အန်တီဒေါ်အေးမိပါ၊ ဟောဒါက . အန်တီ ဒေါ်လှယဉ် ပါ၊ သူကတော့ . မောင်လေး ဖေယျာနောင် လေ”

“အို . ကြည့်စမ်းပါဦးကွယ်၊ အန်တီတို့ စကားတစ်လုံးမ မပြောရသေးပဲနဲ့ ဘယ်သူဟာ ဘယ်သူဆိုတာ အငုံက ခွဲသိတယ်နော်”

ဦးစောနောင်၏ဇနီး ဒေါ်အေးမိက ပြောလိုက်ခြင်းဖြစ်သည်။

“မဆန်းပါဘူးအန်တီ၊ အန်တီတို့ကို သမီးခုမှမြင်ဖူးပေမယ့်၊ အန်တီဒေါ်လှယဉ်ကိုက မြင်ဖူးပြီးသားလေ”

“ဘာကွဲ့”

“စမ်းကြီးအိုင်ကို အန်တီဒေါ်လှယဉ်လိုက်လာတုံးက ကိုရဲလင်း ထွဋ်က သူ့အမေကိုဖက်ထားတော့ အန်တီ့ပုံရိပ်ကို သမီးမြင်ခဲ့ရပါတယ် အန်တီ၊ အဲဒါကြောင့်ပါ”

“သြော် . ဟုတ်သားပဲ”

“သားကိုရော . မငုံက ဘယ်လိုလုပ်ပြီးသိတာလဲ”

ဖေယျာနောင်က မေးလိုက်သည်။

“အို ကွယ် . ဦးလေးဦးစောနောင်နဲ့ အန်တီဒေါ်အေးမိ့မှာ သားတစ်ယောက်ပဲရှိတာ၊ အန်တီနဲ့အတူပါလာတဲ့ မင်းဟာ ဖေယျာနောင် ဆိုတာ မငုံက ခန့်မှန်းလို့ရတာပေါ့ကွဲ့”

“မငုံက တော်တယ်ဗျာ”

ထိုစဉ် အခန်းထဲသို့ လူနှစ်ယောက်ဝင်လာလေသည်။

ထိုနှစ်ယောက်မှာ တစ်ယောက်က ဦးစောနောင်၊ တစ်ယောက် ကတော့ ကိုရဲလင်းထွဋ်ဆိုတာကို အငုံသိလိုက်ပါသည်။ အဘယ်ကြောင့် ဆိုသော် ကိုရဲလင်းထွဋ်ကို မျက်မမြင်ဘဝကတည်းကပင် မြင်တွေ့ထား ပြီးဖြစ်သောကြောင့်ပင်။

“အငုံ . အငုံ . အခြေအနေကောင်းရဲ့လားဟင်”

ရဲလင်းထွဋ်က ကုတင်နားအထိလျှောက်လာကာ မေးလိုက်လေ သည်။

“ကောင်းပါတယ်ကိုရဲလင်းထွဋ်”

“ဝမ်းသာလိုက်တာသမီးရယ်၊ ဝမ်းသာလိုက်တာ”

ထိုသို့ပြောလိုက်သူမှာ ဦးစောနောင်ဖြစ်ကြောင်း အငုံက သိ လိုက်ပါသည်။

“ဦးလေး . ဦးလေးကုပေးလို့ အငုံမျက်စိပြန်မြင်ရပါပြီ ဦးလေးရယ် . ဦးလေးဟာ အငုံ့ရဲ့ကျေးဇူးရှင်ပါ၊ အငုံ ကန်တော့ပါ ရစေဦးလေး”

မြတ်လေးငုံက ခေါင်းအုံးပေါ်မှီထိုင်နေရာမှ ထရန်ပြင်ကာ ပြောလိုက်သည်။

''သမီး အငုံ ဆရာဝန်ကြီးက လှုပ်လှုပ်ရှားရှား မလုပ်နဲ့ဦး လို့ မှာထားတယ်လေကွယ်''

''ဟုတ်ပါတယ်အငုံ၊ အချိန်တွေအများကြီးရှိပါသေးတယ်ကွယ်၊ နောက်တော့ကန်တော့တာပေါ့၊ တကယ်တော့ . သမီးမျက်စိပြန်မြင် တာဟာ သမီးရဲ့အဖေက ဦးအသက်ကိုကယ်ခဲ့တဲ့ကျေးဇူးက ရောင်ပြန် ဟပ်တာပါသမီး၊ မေတ္တာရောင်ပြန်ဟပ်တာပါကွယ်''

♛♛♛♛♛

( ၃ )

အငုံ့အတွက် မျက်စိကုသမှုပြီးစီးသွားသော်လည်း ဆေးရုံကို တစ်ပတ်တစ်ခါ ပြသရဦးမည်ဖြစ်ပါသည်။ တစ်ပတ်တစ်ကြိမ် - တစ်လတိတိပြသရဦးမည်မို့ အငုံတို့ ရွာကိုမပြန်ဖြစ်သေးပါ။

အငုံလည်း ငြိမ်သက်စွာဖြင့် အိမ်ထဲမှာ နှစ်ပတ်တိတိနားနေ ရပါသည်။

ရဲလင်းထွဋ်သည် အငုံတည်းခိုနေသော ဦးစောနောင်အိမ်သို့ ညနေတိုင်းရောက်လာခဲ့သည်။ ရဲလင်းထွဋ်အမေဒေါ်လှယဉ်လည်း သူ့ မြို့သူ မပြန်ဖြစ်သေးပါ။

ဒေါ်လှယဉ်က သူ့သားရဲလင်းထွဋ် ကိုယ်ပျောက်ဘဝကလွတ် မြောက်ပြီး လူသာမန်ဘဝပြန်ရောက်ရခြင်းမှာ ကြားခံ မြတ်လေးငုံ ရှိနေ၍ဟု ယူဆသည်။ မြတ်လေးငုံကို ရဲလင်းထွဋ်၏အသက်သခင် ကျေးဇူး ရှင်ဟု မှတ်ယူထားပါသည်။ ထို့ကြောင့် မြို့ကိုမပြန်သေးပဲ မြတ်လေးငုံ ဆေးကုသပြီးသည်အထိ အခြေအနေသိရအောင် စောင့်ဆိုင်းနေခြင်း ဖြစ်ပါ၏။

''အငုံ . ရွာကိုမပြန်ပါနဲ့တော့ကွယ်''

''အို . ဘာဖြစ်လို့လဲ ကိုရဲလင်းထွဋ်''

''ကိုယ့်ကို ခုထိ ကိုရဲလင်းထွဋ်ပဲ ခေါ်နေတုံးပဲလားအငုံရယ်၊ ကိုရဲလို့ခေါ်ပါ''

''အို .''

''စမ်းကြီးအိုင်ကို မပြန်နဲ့တော့နော်၊ ကိုယ်နဲ့ပဲ ရန်ကုန်မှာ နေတော့''

''ဘယ်ဖြစ်မှာလဲ၊ ဦးကြီးနဲ့ဒေါ်ကြီးအလုပ်တွေကို အငုံကူလုပ် ပေးရမှာကိုရဲရဲ့''

''အငုံမျက်မမြင်ဘဝကလည်း ဒေါ်ကြီးတို့အလုပ်တွေက သူ့ ဟာသူ ပြီးနေတာပါအငုံရယ်၊ အငုံမရှိလည်း ဖြစ်ပါတယ်''

''ဒါပေမယ့် ကိုရဲရယ်၊ ဒေါ်ကြီးတို့က အငုံ့ကို လူမမယ်ဘဝ ကတည်းက တာဝန်ယူထားကြတာပါ၊ ဒေါ်ကြီးတို့ကျေးဇူးကို ပြန်ဆပ်

ရဦးမှာပေါ့''

''ကျေးဇူးဆပ်စရာနည်းလမ်းတွေအများကြီးပါအငုံရယ်၊ အငုံနဲ့ကိုယ်နဲ့လက်ထပ်ပြီးရင် ဦးကြီးနဲ့ဒေါ်ကြီးကို ရန်ကုန်မှာခေါ်ထားပြီး အိမ်ဦးခန်းမှာ တင်ထားလိုက်မှာပေါ့''

''အို ဘာတွေပြောနေတာလဲ၊ ဘာလို့လက်ထပ်ရမှာလဲ၊ အငုံ ရန်ကုန်မှာမနေချင်ပါဘူး''

''ဘာလို့လက်ထပ်ရမှာလဲဆိုတော့ ချစ်လို့ပေါ့အငုံရယ်၊ ဘာလဲ အငုံ့မှာ ရွာမှာလွမ်းစရာကျန်နေလို့လား''

''အငုံ့အတွက်ရွာမှာလွမ်းစရာရှိပါတယ်''

''ဟင် .''

''အငုံမနက်တိုင်းအစာကျွေးနေကျ ငှက်ကလေးတွေလေ၊ အငုံမရှိတော့ .ငှက်ကလေးတွေ အစာမှ စားရရဲ့လား မသိပါဘူး''

''ဩော် .အငုံရယ် .ငှက်တွေကိုတောင်သနားတတ် တာ၊ ဟောဒီက အငုံ့ကိုသိပ်ချစ်နေတဲ့ လူကြီးတစ်ယောက်လုံးကိုလည်း သနားပါဦးအငုံရယ်''

''တော်ပါ .ပိုကိုပိုတယ်''

''ရန်ကုန်မှာ ကိုယ်နဲ့နေခဲ့မယ်မဟုတ်လားအငုံ''

''အငုံမပြောတတ်ပါဘူးကိုရဲရယ်၊ ဒေါ်ကြီးတို့ကိုလွန်ဆန်ပြီး အငုံမဆုံးဖြတ်ရဲပါဘူး၊ ဆုံးဖြတ်ဖို့လည်း မသင့်ဘူး၊ ကိုရဲသဘောထား ကို ဒေါ်ကြီးကိုပဲဖွင့်ပြောပါ၊ ဒေါ်ကြီးဆုံးဖြတ်ပေးသလို အငုံနာခံပါ့မယ် ကိုရဲ''

''တကယ်လားအငုံ၊ ဝမ်းသာလိုက်တာ၊ ဒေါ်ကြီးက ကိုယ့်ဖက်မှာရှိပါတယ်''

''ဟွန်း .ဒေါ်ကြီးကိုမြှောက်ပြီး ပေါင်းထားတာကိုး၊ နောက်မှ ဟောဒီက အငုံတောသူမကို ပစ်သွားမှာပဲစိုးမိတယ်၊ သိလား''

''ဟောဒီ .သဘောဖြူတဲ့တောသူလေးကို ဘယ်တော့မှ မပစ်ဘူး၊ စိတ်ချ၊ ဆရာနဲ့ဒေါ်ကြီးနဲ့ကိုဖွင့်ပြောပြီး စီစဉ်လိုက်တော့မယ် နော်''

♛♛♛♛♛



( ၄ )

အငုံမျက်စိပြန်မြင်ပြီဆိုသည့်သတင်းက စမ်းကြီးအိုင်တစ်ရွာ လုံးကို ပျံ့နှံ့သွားလေသည်။

ရန်ကုန်မှ သပြေအိုင်ရွာရှိ ဥက္ကဋ္ဌအိမ်သို့ တယ်လီဖုန်းဆက် သတင်းပို့ခဲ့ရာ ဥက္ကဋ္ဌက လူကြုံဖြင့် သတင်းစကားပါးလိုက်ခြင်းပင်ဖြစ် ပါသည်။

ကုသပြီးလို့ မျက်စိပြန်မြင်ပြီဆိုတဲ့သတင်းရောက်လာပြီးနောက် ပိုင်း .နောက်ထပ် သတင်းမကြားရပြန်ပေ။ ရန်ကုန်နှင့်ဆက်သွယ်ဖို့က လည်း တယ်လီဖုန်းရှိသည့်သပြေအိုင်ရွာသို့ သွားမှပင်ဖြစ်သည်။

ဦးစံမြင့်အဖို့ တစ်လကျော်ခွဲခွာနေရသောဇနီးနှင့်တူမကို လွမ်း လှပြီ၊ မြတ်လေးငုံရဲ့မျက်စိအခြေအနေကိုလည်း သေသေချာချာသိချင် သည်။

သို့ဖြင့် .ဆရာကိုသက်ပိုင်ကိုပင် အပူကပ်ရပြန်လေ၏။

''ရန်ကုန်လိုက်ပေးပါဦး ဆရာ၊ အငုံ့အခြေအနေကလည်း ဘယ်လိုဆက်ဖြစ်မှန်းမသိဘူး၊ ရှေ့အပတ်ထဲ ကျောင်းသုံးရက်ဆက်တိုက် ပိတ်မှာမဟုတ်လား၊ ဖြစ်မလားဆရာ''

ကိုသက်ပိုင်အဖို့ ရေငတ်တုံး ရေတွင်းထဲကျရခြင်းဖြစ်ပါသည်။

''ဖြစ်ပါတယ်ဦးလေး၊ ကျွန်တော်သွားပေးပါ့မယ်၊ ဦးလေး မှာစရာရှိတာသာ စာနဲ့ရေးထားပါ၊ ကျွန်တော် သောကြာနေ့ညနေ ဒီက ထွက်ပြီး အင်္ဂါနေ့မနက် အရောက်ပြန်လာပါမယ်၊ တနင်္လာနေ့က အခါကြီးရက်ကြီးကျောင်းပိတ်ရက်လေ''

''ကျေးဇူးတင်ပါတယ်ဆရာရယ်၊ ဦးတို့မိသားစုကိစ္စလည်း ဆရာပဲအစစကူညီနေရတော့တာပဲ''

''ရပါတယ်ဦးလေးရယ်''

အငုံမျက်စိပြန်မြင်နေပြီ။ သူ့ကိုတွေ့ရင် အငုံဘယ်လိုဆက်ဆံမှာပါလိမ့်။ မျက်စိပြန်မြင်ချိန်မှာ သူ့အပေါ်မှာ သဘောထားတွေပြောင်းလဲသွားလေမလား။

စိုးရိမ်ကြောင့်ကြစိတ်များဖြင့် ကိုသက်ပိုင်သည် ကျောင်းသုံးရက်ဆက်တိုက်ပိတ်မည့် သောကြာနေ့ညနေတွင် ရန်ကုန်သို့ထွက်ခွာခဲ့လေသည်။

♛♛♛♛♛

( ၅ )

အင်္ငံမျက်စိအခြေအနေမှာ အတော်ပင်ကောင်းမွန်လာခဲ့လေပြီ။ နောက်တစ်ပတ်ရက်ချိန်းမှာ ဆေးရုံသွားပြပြီးလျှင် ရွာပြန်မည်ဆိုက ပြန်လို့ရပေပြီ။

သို့သော်ငြားအင်္ငံ ရွာကိုပြန်ဖြစ်ဦးမည်မဟုတ်ပါ။

ယခုဆိုလျှင် အင်္ငံသည် ရဲလင်းထွန်းလိုက်ပို့၍ ရန်ကုန်မြို့အနှံ့ကိုရောက်ဖူးပြီးဖြစ်ပါသည်။ ရွှေတိဂုံဘုရားကြီးကိုလည်း မျက်မြင်ကိုယ် တွေ့ကြည်ညိုဖူးမြင်ရပြီးဖြစ်ပါသည်။

ဦးစောနောင်အိမ်တွင်လည်း မျက်မမြင်တစ်ယောက်လို တစ်နေရာတည်းမှာ တစ်နေကုန်ထိုင်ရင်း အချိန်ကုန်စရာမလိုတော့။ အန်တီအေးမီချက်ပြုတ်ကြော်လှော်ရာမှာ အင်္ငံကူညီနိုင်ပြီ။ အင်္ငံချက်ကျွေးသော အညာဟင်းများကိုလည်း တစ်အိမ်လုံးက ခံတွင်းတွေ့နေကြလေပြီ။

ယနေ့စနေနေ့ညနေမှာ ရဲလင်းထွန်းက အင်္ငံ့ကို စွယ်တော်ဘုရားသို့ လိုက်ပို့မည်ဖြစ်သည်။

အင်္ငံသည် ရဲလင်းထွန်းအလာကိုစောင့်ရင်း ‑ကြက်မွေးတစ်ချောင်းဖြင့် ညော့ခန်းထဲမှ စားပွဲ၊ ကုလားထိုင်နှင့် မှန်ဘီရိုများကို ဖုံသုတ်လှဲကျင်းနေလေသည်။

အင်္ငံအလုပ်လုပ်နေစဉ်မှာ အိမ်ရှေ့သံပန်းတံခါးရှေ့၌လာရပ်သောလူရိပ်တစ်ခုကိုမြင်လိုက်ရ၍ လှည့်ကြည့်လိုက်သည်။

ဧည့်သည်တစ်ယောက်ပါလား။

အင်္ငံသည် တစ်ကြိမ်မျှမမြင်ဖူးသောလူစိမ်းမျက်နှာကိုကြည့်၍ ဧည့်သည်ဖြစ်ကြောင်းသိလိုက်သည်။

အန်တီအေးမီသိအောင် အတွင်းဖက်ဆီ လှည့်အော်ပြောလိုက် ၏။

''အန်တီ၊ အိမ်ရှေ့မှာ ဧည့်သည်တစ်ယောက်ရောက်နေပါတယ်''

ဒေါ်အေးမီ့ကိုအသိပေးပြီးနောက် အင်္ငံက ဧည့်သည်ကိုတံခါးဖွင့်ပေးလိုက်သည်။

''ခဏထိုင်စောင့်ပါဦးရှင်၊ ဆရာဦးစောနောင်ကတော့ အပြင်သွားပါတယ်၊ ဒေါ်အေးမီရှိပါတယ်''

''ကိုယ် ဧည့်သည်မဟုတ်ပါဘူးအင်္ငံရယ်၊ ဧည့်သည်မဟုတ်ပါဘူးဗျာ''

ဧည့်သည်ဆီမှထွက်လာသောစကားသံကြောင့် အင်္ငံအံ့အားသင့်သွားလေသည်။

''အို ‑ဆရာ ‑ဆရာ ‑ဆရာပါလား၊ ဒေါ်ကြီးရေ ဒေါ်ကြီး၊ ဟောဒီမှာ ‑ဆရာကိုသက်ပိုင်လာတယ်''

အင်္ငံက ဒေါ်ဆယ်မိကို လှမ်းအော်ပြောလိုက်သည်။

''လာပါဆရာ၊ ဝင်ပါဆရာ၊ အင်္ငံ ဆရာ့ကို ဆရာမှန်းမသိဘူး၊ အင်္ငံ့ကိုခွင့်လွှတ်ပါဆရာ၊ အို ‑ဆရာရောက်လာတာ အင်္ငံသိပ်ဝမ်းသာ တာပဲ''

မြတ်လေးငံ့က ဆရာကိုသက်ပိုင်ကို အားရဝမ်းသာကြိုဆိုရှာပေသည်။

ကိုသက်ပိုင်သည် အင်္ငံ၏ကြိုဆိုမှုကြောင့် ကြေနပ်အားရသွားလေ၏။

''ဟော ‑ဆရာ၊ ကိုစံမြင့်က လွှတ်လိုက်လို့ ဒေါ်လေးတို့ဆီ လိုက်လာတာလား''

ဒေါ်ဆယ်မိ အိမ်အတွင်းထဲမှထွက်လာကာ နှုတ်ဆက်လိုက် သည်။

''ဟုတ်ပါတယ်၊ ဦးလေးကလည်းလွှတ်တယ်၊ ကျွန်တော်လည်း အင်္ငံ့အခြေအနေသိချင်လို့ပါ''

ကိုသက်ပိုင်က အင်္ငံ့ကို အဓိပ္ပါယ်ပါသောမျက်လုံးဖြင့်ကြည့်ရင်း ပြောလိုက်သည်။

''ဆရာလာတာအတော်ပဲ၊ အင်္ငံ ဦးကြီးဆီကို စာရေးထားတာရှိတယ်၊ စာတိုက်ကနေထည့်မလို့၊ ဆရာနဲ့ပဲ ပေးလိုက်တော့မယ်နော်''

''ဆရာ့အတွက် ကော်ဖီဖျော်ပါဦးအင်္ငံ''

''ဟုတ်ကဲ့ဒေါ်ကြီး''

အင်္ငံကော်ဖီဖျော်ရန် အတွင်းထဲဝင်အသွားတွင် ဒေါ်ဆယ်မိနှင့်ဆရာကိုသက်ပိုင်တို့ စကားပြောကျန်ရစ်ခဲ့၏။ ခဏနေတော့ ဒေါ်အေးမီထွက်လာကာ ကိုသက်ပိုင်ကို နှုတ်ဆက်ရင်း စကားပြောသည်။

အင်္ငံကော်ဖီဖျော်ပြီးချိန်တွင် ဒေါ်ဆယ်မိ မီးဖိုခန်းထဲဝင်လာလေသည်။

''ဟဲ့ ..အငုံ၊ ဟိုကိစ္စ ဆရာ့ကို ဘယ်လိုအသိပေးမလဲ၊ ငါတော့ မျက်နှာပူတယ်အေ''

''ဘာဖြစ်လို့လဲဒေါ်ကြီးရဲ့''

''ဘာဖြစ်ရမှာလဲအေ့၊ ဆရာက ညီးကိုမေတ္တာရှိနေတာ၊ ငါတို့ လူကြီးတွေကိုလည်း ဖွင့်ပြောပြီး တောင်းရမ်းထားတာ၊ အခုလည်း စကား အသွားအလာက အဲဒီအကြောင်းကိုပြောချင်ပုံပဲ၊ ညီးလည်းမျက်စိပြန် မြင်ပြီဆိုတော့ သူလည်းမျှော်လင့်မှာပေါ့အေ၊ ငါတော့မျက်နှာပူတယ်၊ ညီးဟာညီးကြည့်ရှင်းပေတော့''

ဒေါ်ကြီးပြောမှပင် အငုံ့စိတ်ထဲ လေးသွားရလေသည်။

ကော်ဖီလင်ပန်းကိုကိုင်၍ အိမ်ရှေ့ထွက်လာရင်းမှ ဆရာမေး လာရင် ဘယ်လိုဖြေရမှာပါလိမ့်ဟု ရင်မောစွာတွေးနေမိသည်။

''ကော်ဖီသောက်ပါဦးဆရာ''

အငုံရောက်လာသည်နှင့် ဒေါ်အေမီက အခန်းထဲပြန်ဝင်သွား လေသည်။

''ဘဲ့နဲ့လဲအငုံ၊ မျက်စိပြန်မြင်ရပြီဆိုတော့ အငုံသိပ်ပျော်နေမှာ ပေါ့''

''ဟုတ်ကဲ့ဆရာ၊ လူသာမန်တစ်ယောက်လိုနေခွင့်ရပြီဆိုတော့ အငုံလွတ်လပ်သွားသလိုခံစားရပါတယ်''

''အငုံတို့ ရွာကိုဘယ်တော့ပြန်လာမလဲဟင်''

''နောက်တစ်ပတ် ဆေးရုံမှာသွားပြပြီးရင် ဆေးရုံကိစ္စပြီးပါပြီ ဆရာ၊ ပြန်မယ်ဆိုပြန်လို့ရပါပြီ''

''ရွာပြန်ရောက်ရင်တော့ ဆရာပြောထားတဲ့ကိစ္စကို စဉ်းစား ပေးပါတော့၊ ဆရာ့ကိုအဖြေပေးပါတော့အငုံ''

''ဆရာရယ်''

အငုံမျက်လွှာချ၍ခေါင်းငုံ့သွားလေသည်။

ဆရာ့ကိုဘယ်လိုပြောရပါ့မလဲ။ အငုံ ဆရာ့ကို လေးစားပါ သည်။ ခင်မင်ပါသည်။ ဆရာအကူအညီပေးခဲ့တာတွေအတွက်လည်း ကျေးဇူးတင်ပါသည်။ သို့သော်ဆရာတောင်းဆိုထားသလို အငုံ့မေတ္တာ က ဆရာ့အပေါ် ရောင်ပြန်ဟပ်နိုင်တော့မည်မဟုတ်ပေ။

အငုံ့ကိုခွင့်လွှတ်ပါဆရာ၊ ဆရာဟာ အငုံ့ဘေး မှာ

အမြဲရှိနေပေမယ့် အငုံ ဆရာ့ကိုမမြင်ဖူးခဲ့ဘူး လေ၊

ကိုယ်မမြင်ဖူးတဲ့လူတစ်ယောက်အပေါ်မှာ

အငုံရဲ့အချစ်ဟာ ဘယ်လိုပေါ်ပေါက်နိုင်မှာလဲ ဆရာ

ရယ် .

ဆရာ့ထက် တွေ့တာနောက်ကျပေမယ့် ကိုရဲ

လင်းထွဋ်ကိုတော့ မျက်မမြင်ဘဝကတည်းက အငုံ

မြင်ဖူးခဲ့တယ်။ အငုံ့မေတ္တာကို ကိုရဲဆီမှာ တုံ့ပြန်မိပြီး

ပါပြီဆရာရယ်။ အငုံ့ကိုခွင့်လွှတ်ပါ။

''အငုံ့သဘောထားကို အခုရော သိရနိုင်မလားအငုံ''

ဆရာကိုသက်ပိုင်က မျှော်လင့်ချက်မျက်ဝန်းဖြင့် မေးလိုက် သည်။

''ဆရာရယ် ..ဟို့.ဟို ..အငုံ ..အငုံလေ၊ ရွာကို လောလောဆယ် ပြန်ဖြစ်ဦးမှာမဟုတ်ဘူး''

''ဟင် .''

''အဲဒီအကြောင်းကို ဦးကြီးဆီရေးတဲ့စာထဲမှာ ထည့်ရေးထား ပါတယ်ဆရာ၊ စာကိုဆရာနဲ့ပေးလိုက်မှာပါ၊ ခဏနော်ဆရာ''

အငုံက အခန်းထဲဝင်ကာ ဦးစံမြင့်ထံ စာတိုက်မှပေးပို့ရန် ရေးထားသောစာအိတ်လေးကို ယူလိုက်သည်။

ဧည့်ခန်းထဲသို့ပြန်လာပြီး စာအိတ်လေးကို ကိုသက်ပိုင်ထံ ကမ်းပေးလိုက်၏။

''အငုံပြောစရာရှိတဲ့စကားတွေကို ဒီစာထဲမှာထည့်ရေးထား ပါတယ်ဆရာ၊ ဖတ်ကြည့်ပါဦး''

''ဒီစာက ဦးလေးဦးစံမြင့်ကိုပေးရမယ့်စာဆို''

''ဟုတ်ပါတယ်၊ ဒါပေမယ့် ဆရာဖတ်နိုင်ပါတယ်၊ အငုံ့နှုတ်က ဖွင့်ပြောရမှာမရဲလို့ အဲဒီစာလေးကိုပဲ ဖတ်ကြည့်ပါတော့ဆရာရယ်''

ဆရာကိုသက်ပိုင်က အငုံ့ကို ဇဝေဇဝါမျက်လုံးများဖြင့်ကြည့် ကာ စာအိတ်ထဲမှစာလေးကိုထုတ်ယူလိုက်သည်။

\+ + + + +

ဦးကြီးရှင့်–

ဦးကြီးပို့သသောမေတ္တာကြောင့် တူမလေးအငုံ

ကျန်းမာပါသည်ရှင့်၊ ယခုဆို အငုံဟာ မျက်စိလုံးလုံး

ပြန်မြင်ပါပြီ။

ဦးလေးဦးစောနောင်၊ အန်တီဒေါ်အေးမီ၊ ဆရာကိုသက်ပိုင်နဲ့တကွ ကိုရဲလင်းထွဋ်တို့ဟာ အငုံမျက်စိပြန်မြင်အောင် ကူညီပေးသူတွေ၊ အငုံ့ရဲ့ကျေးဇူးရှင်တွေဖြစ်ပါသည်ဦးကြီးရှင့်။

ဦးကြီးအား လေးစားစွာဖြင့် အငုံ အသိပေးခွင့်တောင်းအပ်ပါသည်။ အကြောင်းမှာ ကိုရဲလင်းထွဋ်နှင့် အငုံသည် သူ ကိုယ်ပျောက်ဘဝ၊ အငုံမျက်မမြင်ဘဝကပင် တစ်ဦးနှင့်တစ်ဦး မေတ္တာမျှခဲ့ကြပါသည်ရှင့်၊

ယခု အငုံမျက်စိနှစ်ကွင်းအလင်းရသည်တွင် ဦးလေးဦးစောနောင်နှင့် ကိုရဲလင်းထွဋ်မိခင် ဒေါ်လှယဉ်တို့က ဒေါ်ကြီးထံတွင် အငုံ့အား ကိုရဲလင်းထွဋ်နှင့် လက်ဆက်ပေးရန် မိသားဖသားပီပီ တောင်းရမ်းလာပါသည် ဦးကြီးရှင့်။

အငုံနှင့် ကိုရဲလင်းထွဋ်မှာလည်း မေတ္တာမျှပြီးသားမို့ အငုံ့ဖက်မှ ခေါင်းညိတ်လိုက်ပါသည်။ ဒေါ်ကြီးကလည်း သဘောတူပါသည်။

အငုံတို့ကို လက်ထပ်ပေးစားရန် လူကြီးများ က စီစဉ်နေပါသည်။ အဲဒါကြောင့် ဦးကြီးအား ရန်ကုန်လိုက်ခဲ့စေချင်ပါသည်။ အရေးကြီးသောကိစ္စဖြစ်၍ အခြားသူမှတစ်ဆင့် တယ်လီဖုန်းနှင့် မပြောလိုသောကြောင့် ဤစာကိုရေးလိုက်ပါသည်။

နတ်တော်လပြည့်မတိုင်မီ ဦးကြီးရန်ကုန်ကို လိုက်လာစေချင်ပါသည်။

ချစ်သောတူမလေး

မြတ်လေးငုံ(ခေါ်)အငုံ

''အငုံရယ် ..''

စာကိုဖတ်ပြီးခေါင်းမော်ကြည့်လိုက်သောကိုသက်ပိုင်၏မျက်ဝန်း တွင် မျက်ရည်စများရစ်ဝဲနေသည်ကို တွေ့လိုက်ရလေသည်။

''အငုံ့ကိုခွင့်လွှတ်ပါဆရာ .. အငုံ့ကိုခွင့်လွှတ်ပါဆရာရယ်''



''အင်းလေ..ဘယ်တတ်နိုင်မှာလဲအငုံ၊ ဆရာ့ကံတရား ပေါ့ကွယ်''

''ဆရာရယ် .. ဆရာ့ကျေးဇူးတွေကို အငုံ မမေ့ပါဘူး၊ ကိုရဲလင်းထွဋ်ကိစ္စမှာလည်း ဆရာဟာ အများကြီးအကူအညီပေးခဲ့ပါ တယ်၊ ဆရာ့စေတနာတွေကို အငုံခံစားနားလည်ခဲ့ရပေမယ့် အငုံ့ဘဝ မှာ ဆရာ့ကိုမမြင်ဖူးခဲ့ဘူးလေ၊ အဲဒီအတွက် အငုံ့မေတ္တာဟာ ဆရာ အပေါ်မယိမ်းယိုင်မိတာကို နားလည်ပေးပါတော့ဆရာရယ်၊ အငုံ့ကို ခွင့်လွှတ်ပါတော့ရှင်''

''ရပါတယ်အငုံ၊ ရပါတယ်၊ ဆရာနားလည်ပါတယ်ကွယ်၊ ဆရာက လူကြီးပါ၊ အငုံ့ကိုနားလည်နိုင်ပါတယ်၊ ခွင့်လွှတ်နိုင်ပါတယ်မိန်းကလေးရယ် ..''

ဆရာကိုသက်ပိုင်အသံများက တုန်နေသည်။

''ဟော .. ဘယ်သူများလဲလို့၊ ဆရာ .. ဆရာကိုသက်ပိုင် ရောက်နေတာကိုး၊ ဘယ်တုံးက ရောက်တာလဲဆရာ''

နှုတ်ဆက်သံနှင့်အတူ ဝင်လာသူက ရဲလင်းထွဋ်။

ကိုသက်ပိုင်နှင့်မြတ်လေးငုံသည် အမူအရာမပျက်အောင် ကြန့်ကြာဆည်လိုက်ကြ၏။

''အခုပဲရောက်ပါတယ် မောင်ရဲလင်းထွဋ်''

''ရွာမှာတုန်းက အရေးတကြီးနဲ့မို့ ဆရာ့ကို မကန်တော့ခဲ့ရ ဘူး၊ ဆရာဟာ ကျွန်တော့်ဘဝအတွက် ကျေးဇူးရှင်တစ်ယောက်ပါဆရာ၊ ဆရာကူညီခဲ့လို့ ကျွန်တော့်ဘဝကို အချိန်မီကယ်တင်နိုင်တာပါ၊ ဆရာ့ကိုကန်တော့ပါရစေဆရာ''

ရဲလင်းထွဋ်က ပြောပြောဆိုဆို ဆရာကိုသက်ပိုင်ထိုင်နေသော ကုလားထိုင်ရှေ့တွင်ထိုင်ကာ ကန်တော့ရန်ပြင်လိုက်သည်။

''အငုံလည်း ဆရာ့ကိုကန်တော့ပါရစေ''

မြတ်လေးငုံသည်လည်း ရဲလင်းထွဋ်နှင့်ယှဉ်ထိုင်လိုက်ကာ နှစ်ယောက်သားအတူ ကိုသက်ပိုင်ကို ကန်တော့လိုက်ကြလေ၏။

''သာဓုပါဗျာ .. သာဓု .. သာဓု .. အစစအရာရာ တိုးတက်အောင်မြင်ကြပါစေ၊ ချစ်သူချင်း အိုအောင်မင်းအောင်ပေါင်း သင်းနိုင်ကြပါစေ''

''ဟင် .. ဆရာက ကျွန်တော်တို့ကိစ္စကို သိပြီးနေပြီကိုး၊

အငုံပြောလိုက်တာလား''

''ဟုတ်ပါတယ်ကိုရဲ၊ အငုံပြောပြလိုက်တာပါ၊ ဦးကြီးကို အသိပေးတဲ့စာကိုလည်း ဆရာနဲ့ပဲ ပေးလိုက်တယ်လေ''

''ဆရာ ့ကျွန်တော်တို့မင်္ဂလာဆောင်ကျရင် လာခဲ့ပါဦးနော် ဆရာ''

''ဆရာလာနိုင်မှာမဟုတ်ပါဘူးကွယ်၊ ဘာဖြစ်လို့လဲဆိုတော့ ဦးစံမြင့်ဒီကိုလာရင် ဆရာပဲ အိမ်ကိုစောင့်ပေးရဦးမှာကိုးကွဲ့''

ဆရာကိုသက်ပိုင်စကားက အဖြည့်ခံသူ့ဘဝကို လှစ်ဟပြလိုက်သလိုရှိလေ၏။ မြတ်လေးငုံ၏ကရုဏာအကြည့်များက ကိုသက်ပိုင်အပေါ် ကျရောက်သွားလေသည်။

''ရန်ကုန်မှာနေတဲ့ကျွန်တော်နဲ့ မဟာမြိုင်တောထဲကရွာကလေး က အငုံတို့ ကြုံကြုံဖန်ဖန်ဖူးစာဆုံရတာ အံ့သြစရာမကောင်းဘူးလား ဆရာ''

''ဖူးစာရွာလည်တာပေါ့လေ''

''ကျွန်တော့်ဆရာဦးစောနောင်ကတော့ မင်းတို့ဖူးစာက ဆန်းဆန်းပြားပြားပွေပွေလီလီ ဆုံရတဲ့ဖူးစာတဲ့၊ ပွေလီဖူးစာ–ဖူးစာပွေလီ တဲ့ဆရာရေ''

ရဲလင်းထွဋ်ရယ်ရယ်မောမောပြောနေသောစကားများကို ကိုသက်ပိုင်က မချိပြုံးဖြင့်နားထောင်နေလေသည်။

''ကဲ– ဆရာ့ကိုခွင့်ပြုပါဦး၊ ဆရာပြန်တော့မယ်''

''ဟင်– ဆရာ၊ ဒီမှာတည်းမှာမဟုတ်ဘူးလား၊ ဆရာ ဒီနေ့ ပဲ ရန်ကုန်ရောက်လာတာကို''

''ဆရာ့မှာ ရန်ကုန်မှာသူငယ်ချင်းတွေရှိပါသေးတယ်၊ တက္ကသိုလ်တက်တုန်းက သူငယ်ချင်းတွေလေ၊ သူတို့နဲ့လည်း မတွေ့တာကြာလို့ သွားတွေ့လိုက်ဦးမယ်''

တကယ်တော့ ဆရာသည် ကျန်ရစ်သူဖြစ်ရခြင်းဝေဒနာကို မခံစားနိုင်တော့၍ ရှောင်ထွက်သွားခြင်းဖြစ်ကြောင်းကို အငုံနားလည်လိုက်ပါသည်။

''ဦးစောနောင်တို့မိသားစုနဲ့ ဒေါ်လေးကိုလည်း နှုတ်ဆက်ခဲ့ကြောင်းပြောလိုက်ပါ၊ ဆရာသွားပြီနော်''

ရဲလင်းထွဋ်နှင့်မြတ်လေးငုံက ဆရာကိုသက်ပိုင်ကို ခြံတံခါးဝအထိလိုက်ပို့လိုက်ကြသည်။



မြတ်လေးငုံသည် သူတို့ကိုနောက်ကျောခိုင်း၍ထွက်ခွာသွားသူ အချစ်ရှုံးသမားကြီးဆရာကိုသက်ပိုင်၏ တရွေ့ရွေ့ဝေးသွားသောသဏ္ဍာန်ကို ငေးကြည့်ရင်း

''အငုံ့ကိုခွင့်လွှတ်ပါတော့ဆရာရယ်''

့ဟု ရင်ထဲမှ အထပ်ထပ်အခါခါ ပြောကြားနေမိပါ တော့သည်။

♛♛♛♛♛♛♛♛♛

**နေ့တမာန်**

၁၇–၄–၂၀၀၉

၁၅–၇–၂၀၀၉